
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ▸ ၅၀၀၇၇၂၀၇၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၅၀၁၀၁၆၀၉၁၀

ပုံနှိပ်ခြင်း

ပထမအကြိမ် ▸ (၂၀၁၀၊ အောက်တိုဘာလ)
အုပ်ရေ ▸ (၅၀၀)

မျက်နှာဖုံး ▸ ချမ်းမိုင်းအောင်
ကွန်ပျူတာစာစီ ▸ *Quality*
အတွင်းဖလင် ▸ *Quality*

ပုံနှိပ်သူ

နော်ဆဲနေမူး(ချာလီပုံနှိပ်တိုက်)၊ (၀၈၂၇၇)၊
အမှတ် ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

မခင်မာရွှေ (၀၃၉၀၅) (မြဲ)၊
အမှတ် ၅၀၈/၅၁၂ (ပထမထပ်)၊
ကုန်သည်လမ်းနှင့်ဆိပ်ကမ်းသာလမ်းထောင့်၊
ရန်ကုန်မြို့။

တန်ဖိုး ▸ ၁၅၀၀ - ကျပ်

ဆောင်းလှလင် ၈၉၅.၈၃

နေတစ်ခြမ်းပုံ
ဆောင်းလှလင် - ရန်ကုန်၊
ရှုပြည့်စုံထွန်းစာပေ၊ ၂၀၀၈။
၂၀၅ - စာ၊ ၁၃ x ၂၀.၅ စင်တီ
(၁) နေတစ်ခြမ်းပုံ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁ )

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

''နောက်ဆုံးအချိန်အထိ အမေတားချင်သေးတယ် သားရယ် မသွားပါနဲ့လားကွယ်''

**ဒေါ်ခြူးပွင့်က ... အာကာဟိန်း၏** မြင့်မားသောအရပ်ကြီးကို မော်ကြည့်ကာ မျက်ရည်စမ်းစမ်းဖြင့်ပြောလိုက်လေသည်။

''ဟုတ်သားပဲ အာကာရယ်၊ ဘာမှ ဟုတ်တိပတ်တိ ရေရေရာရာ မရှိဘဲနဲ့ မသွားပါနဲ့လားဟာ၊ ဒေါ်လေးလည်း စိတ်မကောင်းဖြစ်နေရပြီ၊ ပြီးတော့ ဒေါ်လေးမှာ အားကိုးမရှိဘူး၊ တစ်ယောက်တည်းရယ်''

**မကြာဖြူ**ကလည်း ပြော၍ရလိုရငြား အာကာဟိန်းကို တားမြစ်စကားဆိုလိုက်မိပြန်သည်။ တကယ်တော့ ရန်ကုန်ကိုသွားတော့မယ်ရယ်လို့ ရွာကနေ မြို့ပေါ်ကကားဂိတ်အထိပင် သူတို့ ရောက်လာကြပြီ၊ အာကာဟိန်းကို လိုက်ပို့ဖို့ ဒေါ်လေးဒေါ်ခြူးပွင့်နှင့်မကြာဖြူတို့ ကားဂိတ်အထိ လိုက်လာကြခြင်းဖြစ်သည်။

အာကာဟိန်းစိတ်က ဆုံးဖြတ်ပြီးကိစ္စအတွက် ဘယ်တော့မှ နောက်မဆုတ်တတ်တာကို မကြာဖြူသိပြီးဖြစ်၍ တားလို့သည်း ထူးခြားမှာ

www.burmeseclassic.com



မဟုတ်တာကို သိနေသည်။ သို့သော် အမေကိုသနားစိတ်ဖြင့် စိတ်ပြန်ထည့်လိုလည်ငြား မကြာဖြူက ဒေါ်လေးမခြူးပွင့်စကားကိုနင်းကာ ဝင်ပြောလိုက်ခြင်းပင်ဖြစ်ပါသည်။

"သားကို မတားပါနဲ့တော့အမေ၊ သားစိတ်ကို အမေသိပါတယ်၊ သား သူ့ကိုတွေ့အောင်ရှာမယ်၊ သူနဲ့တွေ့ရမှဖြစ်မယ်၊ သူ့မျက်နှာကို သားမြင်ရရင် ကျေနပ်ပါပြီအမေ၊ သား သူ့ဆီက ဘာအခွင့်အရေးမျှတောင်းဖို့ မဟုတ်ပါဘူး၊ မြင်ဖူးရုံ တွေ့ဖူးရုံ သက်သက်ပါ"

တကယ်တော့ အာကာဟိန်းနှုတ်မှ ထိုသို့သောစကားများကို အကြိမ်များစွာပင် ကြားခဲ့ရပြီးဖြစ်ပါသည်။

"ကြာဖြူ နင်လည်း ငါ့ကိုတားမနေပါနဲ့၊ ငါ နင့်ကို ပြောခဲ့ပြီးသားပဲ၊ အဖေအရင်းဆိုတဲ့လူကို တွေ့အောင်ရှာမယ်ဆိုတာ ငါ့ရဲ့နိုင်မာတဲ့သန္နိဋ္ဌာန်ပဲ၊ ဒါကို ဘယ်သူမျှဖျက်လို့ မရဘူးဟာ"

အာကာဟိန်းက မကြာဖြူကို တစ်ဆက်တည်း ပြောလိုက်သည်။

"ဒါပေမဲ့ အမေရော ကြာဖြူရော ယုံကြပါ၊ ကျွန်တော့်ဖခင်ကို တွေ့အောင်ရှာတာဟာ အမေ့လောင်းရိပ်အောက်က ထွက်ပြေးဖို့ မဟုတ်ပါဘူး၊ သူ့ကို မှီခိုချင်လို့လည်း မဟုတ်ပါဘူး၊ အဖေ အရင်းဆိုတဲ့လူကို တွေ့ချင်ရုံ သက်သက်ပါ၊ ကြာဖြူ ငါ့အဖေအရင်းကို တွေ့ပြီးတာနဲ့ ငါရွာကိုပြန်လာမှာပါ၊ ယုံပါနော် . . ."

"သား . . .ဟိုရောက်ရင် မောင်ချစ်မောင်စကားကို နားထောင်နော်၊ ရန်ကုန်မှာ မသွားတတ်ဘဲနဲ့ လျှောက်လဲသွားမနေနဲ့ဦး"

တားမရနိုင်တော့မှန်းသိ၍ ဒေါ်ခြူးပွင့်က ရေ့ခရီးအတွက် မှာကြားစရာရှိသည်ကိုသာ စကားပြောင်းပစ်လိုက်တော့သည်။

**ကိုချစ်မောင်**ဆိုသည်မှာ ရန်ကုန်တွင်နေထိုင်နေသည့် သူတို့ရွာမှ ရွာသားတစ်ယောက်ဖြစ်သည်။ ကိုချစ်မောင်က အာကာဟိန်းအတွက် အနေအထိုင်နှင့်အလုပ်အကိုင်ကိုစီစဉ်ပေးမည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**"ဒေါက်တာသစ်လွင်ဟိန်းကိုတွေ့ထားပြီ"** ဟူသော သတင်းစကားကို ပေးပို့လိုက်သူမှာလည်း ကိုချစ်မောင်ပင်ဖြစ်ပါသည်။

စကားပြောနေကြစဉ်မှာပင် သူတို့မြို့ကနေ ရန်ကုန်အထိ ပြေးဆွဲသည့် အဝေးပြေးကားကြီးက ဟွန်းကိုရှည်လျားစွာတီးကာ ရောက်လာလေသည်။ အာကာဟိန်း ရန်ကုန်သို့ စီးနင်းလိုက်ပါသွားမည့်ကားပင်ဖြစ်ပါသည်။ အာကာဟိန်းက ကားလက်မှတ်ကြိုဝယ်ထားပြီး လမ်းမှဖြတ်စီးခြင်းဖြစ်သည်။ ရွာထိပ်က အဝေးပြေးလမ်းမကြီးဘေးမှာ ရန်ကုန်သွားမည့်ကားကြီးကို စောင့်နေခြင်းဖြစ်ပါ၏။

ကားထိုးဆိုက်လိုက်သည်နှင့် စပယ်ယာက "အာကာဟိန်း အာကာဟိန်း ရန်ကုန်လိုက်မယ့် အာကာဟိန်းရှိလား" ဟု အော်လာသည်။

အာကာဟိန်းက တစ်ခုတည်းသော လက်ဆွဲအိတ်ကလေးကို ကြာဖြူ့လက်ထဲမှလှမ်းယူရင်း –

"ကဲ သားသွားတော့မယ် အမေ၊ အမေတို့လည်း ပြန်ကြတော့၊ ကြာဖြူ အမေ့ကို ကောင်းကောင်းခေါ်သွားနော်"

"အေးပါ . . ."

"ငါမကြာဘူး၊ ပြန်လာမှာ၊ သိလား"

အာကာဟိန်းက နောက်ဆုံးနှုတ်ဆက်ကာ အဝေးပြေးကားပေါ်သို့ တက်သွားလေသည်။

ပြန်ပါတော့ဆိုသော်လည်း ဒေါ်ခြူးပွင့်က မပြန်သေးပါ။ အဝေးပြေးကားကြီးထွက်ခွာသွားသည်အထိ ရပ်ကြည့်နေသေးသည်။

ကားသည်လည်း လမ်းကြိုခရီးသည်ကို ခေါ်ရုံမျှသာရပ်သည်မို့ အာကာဟိန်းကားပေါ်ရောက်သည်နှင့် ထွက်ခွာခဲ့လေသည်။

အာကာဟိန်းသည် ကားလမ်းမကြီးဘေးတွင် ကားကိုမျှော်ကြည့်ကာ ကျန်နေရစ်ခဲ့သော မိခင်ကြီးကို လည်ပြန်ကြည့်ကာ သက်ပြင်းချလိုက်သည်။ ခွင့်လွှတ်ပါ အမေ၊ အမေ့ကို မချစ်လို့မဟုတ်ပါဘူး။ သား သူ့မျက်နှာကို မြင်ချင်လွန်းလို့ပါ အမေရယ်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခြူးပွင့်နှင့် မကြာဖြူတို့ပုံရိပ်များက တဖြည်းဖြည်းဝေးကွာကျန်ရစ်ခဲ့လေပြီ။

ဖခင်ရင်းဆိုသည့် ဒေါက်တာသစ်လွင်ဟိန်းကို ရှာဖွေမည့် ခရီးစဉ်သည် စတင်ခဲ့ပေပြီ။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၂ )

အိမ်ကိုပြန်ရောက်တော့ သားအမိနှစ်ယောက်အတူနေခဲ့သည့် အိမ်ကလေးက အိမ်တံခါးသော့ခတ်ကာ ဒေါ်ခြူးပွင့်ကို ဆီးကြိုနေလေသည်။

ဪ . . . သားလေးမရှိဘဲ တစ်ယောက်တည်း ဘယ်လောက် ကြာကြာနေရဦးမယ် မသိ။

ကြာဖြူက ဒေါ်ခြူးပွင့်ဆီက သော့ကိုတောင်းကာ အိမ်တံခါးကို ဖွင့်ပေးသည်။ ဒေါ်ခြူးပွင့်ကိုလည်း တွဲခေါ်ကာ အိမ်ကလေးပေါ်သို့ ပို့ပေးလေသည်။

လှေကားသုံးထစ်ဖြင့်တက်ရသော ခြေတံရှည်အိမ်လေးပေါ် အရောက်တွင် ဒေါ်ခြူးပွင့်က ကြမ်းပြင်ပေါ်မှဖျာကလေးပေါ် ထိုင်ချလိုက်၏။

"သမီး ကြာဖြူ ပြန်ချင်ပြန်တော့လေ သမီးအိမ်က စိတ်ပူနေမယ်"

"ရပါတယ် ဒေါ်လေး၊ သမီးအိမ်ကို ပြောလာခဲ့ပါတယ်"

"အေးကွယ် သမီးသူငယ်ချင်း အာကာမရှိတော့ ဒေါ်လေးလည်း တစ်ယောက်တည်းအားငယ်မိတယ်၊ ဪ . . . သား . . . သား . . . လူငယ်ဆိုတော့လည်း လုပ်ချင်တာကို တားမရဘူးပေါ့လေ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ ဒေါ်လေးရယ် အာကာကလည်း အစိပ္ပာယ်မရှိတဲ့ အလုပ်ကို သိပ်လုပ်ချင်တယ်၊ ဒီမှာပဲ ကားမောင်းနေရင် အဆင်ပြေရဲ့သားနဲ့ ရန်ကုန်များ သွားချင်ရတယ်လို့"

ကြာဖြူကပြောရင်း အိမ်နံရံမှ ဓာတ်ပုံများဆီ လှမ်းကြည့်လိုက်သည်။

"ဒေါ်လေး ... ဦးကြီးဖိုးထိန်သာရှိရင် အာကာ့ကို ရန်ကုန်လွှတ်မှာ မဟုတ်ဘူးနော်"

"ဟင် ..."

ကြာဖြူ့စကားကြောင့် ဒေါ်ခြူးပွင့်အကြည့်များက အိမ်နံရံပေါ်သို့ ရောက်သွားလေသည်။

နံရံတွင် အဖေနှင့်အမေ့ဓာတ်ပုံ၊ အစ်ကိုကြီး ကိုဖိုးထိန်ဓာတ်ပုံများ ချိတ်ထားသည်။ ဒေါ်ခြူးပွင့်နှင့်အာကာတို့ဓာတ်ပုံများလည်း မှန်ပေါင်သွင်း၍ ချိတ်ဆွဲထားပါ၏။ အာကာ့ပုံက အများဆုံး။ ကလေးဘဝအရွယ်မှ ယခုအရွယ်အထိ ကလေးဘဝ၊ ကျောင်းသားဘဝ၊ လူပျိုပေါက်အရွယ် မှသည် ဘွဲ့ရသည်အထိဓာတ်ပုံများ တန်းစီနေသည်။

"ဟုတ်တယ်နော် ဒေါ်လေး၊ ဦးကြီးဖိုးထိန်သာရှိရင် အာကာ့ကို ရန်ကုန်ဘယ်လွှတ်လိမ့်မလဲ"

နံရံပေါ်မှ ဒေါ်ခြူးပွင့်၏ အစ်ကိုကြီးဦးဖိုးထိန်ဓာတ်ပုံက အသက်ဝင်လာသလို ဒေါ်ခြူးပွင့်အာရုံထဲမှာ ပေါ်လာသည်။

**"ဟင်း ... သွားချင်လိုက်ရတဲ့ ရန်ကုန်၊ ရောက်မူးချင်လိုက်ရတဲ့ ရန်ကုန်၊ နေချင်လှချည်ရဲ့ဆိုတဲ့ ရန်ကုန်၊ ခုတော့ ...ရန်ကုန်သားက ဇော်ကားလွှတ်လိုက်လို့ ... နင်မိုက်တစ်လုံးနဲ့ ပြန်လာရပြီမဟုတ်လား။ဟဲ့ အမိုက်မရဲ့၊ မိခြူးပွင့် ...အထင်ကြီးချင်ဦးလေ ...ရန်ကုန်ကို တောက်"**



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခြူးပွင့်နားထဲမှာ အစ်ကိုကြီးကိုဖိုးထိန်ပြောခဲ့သော စကားများကို ပဲ့တင်ထပ်ကာကြားယောင်မိရင်း မိုက်ခနဲဖြစ်သွားလေသည်။

"အို ... ဒေါ်လေး၊ သမီးပြောလိုက်လို့ ဒေါ်လေးစိတ်မကောင်းဖြစ်သွားပြီလား ဟင်၊ ကန်တော့ ကန်တော့ပါ ဒေါ်လေးရယ်"

"ကိစ္စမရှိပါဘူး သမီးရယ် သားလေးကို သတိရသွားတာပါ၊ အေးပေါ့ လေ ... သူ့ဦးကြီးက သူ့ကိုသိပ်ချစ်တာကို၊ အစ်ကိုကြီးကိုဖိုးထိန်သာရှိရင် အာကာ့ကို ရန်ကုန်လွှတ်မှာ မဟုတ်ဘူးကွယ့်၊ ဟုတ်တယ် ... ဟုတ်တယ်"

"အာကာကလည်း အကြာကြီးမနေပါဘူးလို့ ပြောသွားပါတယ် ဒေါ်လေးရယ် ... သူ ပြန်လာမှာပါ"

"ဟုတ်ပါတယ် ... သားလေးပြန်လာမှာပါ"

ဒေါက်တာသစ်လွင်ဟိန်းမျက်နှာကို မြင်ရရုံပါပဲတဲ့၊ သူ့အဖေမျက်နှာကိုမြင်ရုံမြင်ရရင် ကျေနပ်ပါပြီတဲ့။ သားလေးအာကာဟိန်းက တဖွဖွပြောသွားခဲ့သည်။

**ဒေါက်တာသစ်လွင်ဟိန်း.. ကိုကိုလေး... ကိုကိုလေး**
**ကရော သားအာကာဟိန်းရဲ့အဖေ အစစ်အမှန်**
**ဟုတ်ရဲ့လား။ ငါကိုယ်တိုင် သေချာအောင် မဝေခွဲနိုင်ဘဲနဲ့**
**သားလေးကို စိတ်ဒုက္ခပေးလိုက်သလိုများ ဖြစ်သွား**
**ပြီလား။ ဘုရား ... ဘုရား...။**

ဒေါ်ခြူးပွင့် ဘယ်လောက်ထိ စိတ်တွေလွင့်မျောသွားသည် မသိ။ ကြာဖြူက ပြန်ဖို့နှုတ်ဆက်လိုက်မှပင် သတိဝင်လာရလေသည်။

"သမီးပြန်မယ်နော် ဒေါ်လေး၊ မိုးမချုပ်ခင် သမီးတစ်ခေါက်လာခဲ့ပါဦးမယ်"

ဒေါ်ခြူးပွင့်သည် အိမ်ပေါ်မှဆင်းသွားသော ကြာဖြူကိုကြည့်ရင်း စဉ်းစားကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူလေးက သားအာကာဟိန်းကို ခင်လှပေသည်။ သူတို့နှစ်ယောက်က ငယ်ငယ်ကတည်းက ကစားဖော်များဖြစ်သည်။ မြို့မှာကျောင်းသွားတက်တော့လည်း အတူတူ။ ကြီးလာတော့လည်း သံယောဇဉ်တွေ ပိုတွယ်လာခဲ့ကြပေသည်။ သူတို့ချင်း ချစ်သူတွေ ဖြစ်နေကြပြီလားဆိုတာတော့ ဒေါ်ခြူးပွင့်မသိပါ။

အာကာက ကြာဖြူအပေါ်မှာ ထားတဲ့သံယောဇဉ်ထက် ကြာဖြူ့သံယောဇဉ်က အာကာ့အပေါ်မှာ ပိုပြီးကြီးမားကြောင်းကို ဒေါ်ခြူးပွင့် ရိပ်မိပါသည်။ မိန်းမချင်းမို့လည်း ကြာဖြူလေးကို ကိုယ်ချင်းစာနားလည်နေမိသည်။

သားလေး ပြန်လာရမယ်၊ သားလေးအတွက်ဖူးစာရှင်ဟာ ကြာဖြူလေးပဲ ဖြစ်စေရမယ်။

ဒေါ်ခြူးပွင့်အတွေးများက မီးခိုးမျှင် မီးခိုးတန်းလို ရှည်လျားစွာ မျှောလွင့်နေလေသည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၃ )

ဒေါ်ခြူးပွင့်က ထိုင်ရာမှထခဲ့ကာ နံရံတွင်ကပ်ချိတ်ထားသော ဓာတ်ပုံများဆီ မော်ကြည့်လိုက်သည်။

အဖေနှင့်အမေတို့၏ မှန်ပေါင်သွင်းဓာတ်ပုံကြီးက အမြင့်ဆုံးနေရာတွင်ရှိနေသည်။ အဲသည်အောက်မှာ အစ်ကိုကြီးဦးဖိုးထိန်ဓာတ်ပုံ။ အစ်ကိုကြီးက သေသည်အထိ အိမ်ထောင်မပြုခဲ့။ ကွယ်လွန်ချိန်အထိ လူပျို ကြီးဘဝဖြင့်သာ ရှိခဲ့သည်။ အစ်ကိုကြီးကိုဖိုးထိန်သည် မိခင်မုဆိုးမကြီးနှင့် ညီမ မခြူးပွင့်တို့ကို ကားမောင်း၍ တစ်သက်လုံးလုပ်ကျွေးခဲ့၏။

တစ်ဦးတည်းသောတူလေး အာကာဟိန်းကို သိပ်ချစ်ခဲ့သည့် ဦးဖိုးထိန်။

အာကာဟိန်းတစ်ယောက် ရန်ကုန်မှာ သူ့ဖခင်ရင်းကိုရှာဖို့သွားတယ်ဆိုတာသာ တမလွန်ကအစ်ကိုကြီးသိခဲ့ရင် ဒေါ်ခြူးပွင့်ကို အပြစ်ပြော လိမ့်ဦးမည်ထင်သည်။

''ခွင့်လွှတ်ပါ အစ်ကိုကြီးရယ် ... ညီမလေးကို ခွင့်လွှတ်ပါ။ မဖြစ်သာလို့ ညီမလေးရဲ့အဖြစ်မှန်တွေ သားကိုဖွင့်ပြောလိုက်ရတယ် အစ်ကိုကြီး ရယ်၊ အမေနဲ့အစ်ကိုကြီးကိုတောင် ဖွင့်မပြောပဲ



www.burmeseclassic.com

www.burmeseclassic.com



အစ်သက်လုံးမျိုသိပ်ထားခဲ့တဲ့ အဖြစ်တွေကို ခြူးပွင့်လေ သားလေးက မေးလွန်းလို့ ဖွင့်ပြောလိုက်မိ တယ်အစ်ကိုကြီး ...

"ခုတော့ သားလေးက သူ့အဖေအရင်းကိုရှာဖို့တဲ့ ရန်ကုန်ကို သွားပြီ အစ်ကိုကြီး။ အစ်ကိုကြီးသာရှိရင် အာကာရန်ကုန်သွားမှာကို ခွင့်ပြုမှာ မဟုတ်ဘူး။ ရန်ကုန်ရောက်ပြီး မျက်နှာမဖော်နိုင်အောင် အရှက်ရခဲ့တဲ့ ညီမလေးကိုလည်း အပြစ်ပြောဦးမှာပဲ၊ ဒါပေမဲ့ အစ်ကိုကြီးရေ .. သားလေး ဟာ အရွယ်ရောက်လာပြီ၊ ဘွဲ့တောင်ရပြီးလို့ ခြူးပွင့်တို့ထက်အများကြီး ပညာတတ်နေပြီ၊ အရွယ်ရောက်ဘွဲ့ရ ခေတ်လူငယ်တစ်ယောက်ကို တားမြစ်နိုင်တဲ့အင်အား ညီမလေးမှာမရှိတာကို ... ခွင့်လွှတ်ပါတော့ အစ်ကို ကြီးရယ် ..."

ဟိုရှေးယခင် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်က အစ်ကိုကြီး ကိုဖိုးထိန်သည် မခြူးပွင့်ရန်ကုန်သွားပြီး အလုပ်လုပ်မယ်ဆိုတုန်းကပင် တားမြစ်ခဲ့ပါသည်။

"ရန်ကုန်ကိုများ ဘာမှတ်လို့တုံး၊ ရန်ကုန်က သူများအိမ်မှာ အိမ်ဖော်အလုပ်သွားလုပ်ရမှာများ အဟုတ်ကြီး မှတ်နေသလား၊ မသွားနဲ့"

အစ်ကိုကြီးကိုဖိုးထိန်က ထိုသို့ပင် တားမြစ်ခဲ့ပါသည်။

"အမေ .. အမေ့သမီးကို ရန်ကုန်မလွှတ်နဲ့နော်၊ ကျုပ်ကားမောင်း ပြီး အမေနဲ့ခြူးပွင့်ကို ဝအောင်ရှာကျွေးနိုင်တယ်၊ သူများအိမ်မှာ ကျွန်သွား လုပ်စရာမလိုဘူး"

မခြူးပွင့်က တားလို့မရခဲ့။

အစ်ကိုကြီးက ခြိမ်းခြောက်တားမြစ်သည်၊ အမေက ချော့မော့ တားမြစ်သည်။ မခြူးပွင့် နားမဝင်ခဲ့ပါ။

ရွာကမိန်းကလေးတချို့ ရန်ကုန်တက်ကာ အိမ်ဖော်အလုပ်လုပ် ကြသည်။ လခတစ်ထောင်၊ တစ်ထောင့် ငါးရာ ရကြသည်။ ထိုခေတ်က တစ်ထောင်ကျော်ဆိုသောငွေမှာ အစိုးရအရာရှိငယ်တစ်ယောက်ရသည့် လစာငွေနှင့် ညီမျှပါသည်။ ပြီးတော့ အိမ်ဖော်ဆိုတော့ စားသောက်နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



စရိတ်မကုန်၊ ရသမျှလစာက အသားတင်ကျန်သည်။ ရွာကနေ အိမ်ဖော် သွားလုပ်သည့်မိန်းကလေးတွေ အိမ်ကိုငွေပြန်ပို့တာတွေ့ရတော့ မခြူးပွင့် လည်း အမေ့ကို လုပ်ကျွေးချင်ပါသည်။

တစ်နှစ်တစ်ခါ အိမ်ပြန်ခွင့်ရလို့ ရန်ကုန်ကပြန်လာတဲ့ မိန်းကလေး တွေကို လှလှပပဝတ်စားပြင်ဆင်လျက် ရန်ကုန်သူစတိုင်မျိုးဖြင့်တွေ့ရတော့ ငယ်ရွယ်သူမခြူးပွင့် အားကျမိတာ မဆန်းပါ။

သူတို့လို ငွေလည်း ရချင်သည်။ အမေ့ကိုလည်း ပေးချင်သည်။ ရန်ကုန်ကိုလည်း ရောက်ဖူးချင်သည်။

ရွာကိုမကြာမကြာရောက်လာကာ မိန်းကလေးတွေကို အိမ်ဖော်လုပ် ဖို့ ခေါ်ခေါ်သွားသည့် အိမ်ဖော်ပွဲစားမကြီးဒေါ်ချောကလည်း မခြူးပွင့်ကို အားကျအောင် ပြောပြခဲ့သည်။

''အိမ်ဖော်ဆိုပြီး နာမည်ဆိုးပေမဲ့အေ ... ခုခေတ်မှာ ကျွန်လို ခိုင်းတာ မဟုတ်ပါဘူး။ အလုပ်ကလည်း ဘာရှိတာမှတ်လို့၊ အိမ်မှုကိစ္စ ချက်ပြုတ် လျှော်ဖွပ်ပဲဟာကို၊ ဒီအလုပ်မျိုးက ကိုယ့်အိမ်မှာလည်း လုပ်နေရတာပဲ မဟုတ်လား။ ညည်းစဉ်းစားကြည့်စမ်း၊ တိုက်ကြီးတာကြီးထဲမှာ လေအေးစက် နဲ့ပန်ကာနဲ့ အရိပ်အာဝါသအောက်မှာ နေရတာအေ့၊ ဘယ်လောက် ဇိမ်ကျတုံး။ ကိုယ့်အိမ်မှာလည်း နေ့စဉ်လျှော်ဖွပ်ချက်ပြုတ် နေရတာ၊ အဲဒီ အလုပ်မျိုးကို လျှပ်စစ်နဲ့စက်နဲ့လုပ်ရမှာလေ၊ လျှော်ဖွပ်ရင်လည်း အဝတ် လျှော်စက်နဲ့အေ၊ ချက်ပြုတ်ရင်လည်း လျှပ်စစ်မီးဖိုတို့ ဂက်စ်မီးဖိုတို့နဲ့ ချက်တာ၊ ဟော ... ညတိုင်ဆိုရင် တီဗီကို ညည်းတို့ရွာမှာလို ဗီဒီယိုရုံသွားကြည့်စရာမလိုဘူး။ ကိုယ်နေတဲ့အိမ်ထဲမှာ ဇိမ်ကျကျထိုင်ကြည့်ရုံပဲ၊ ညည်းတို့လို တောသူတွေအတွက် ဒါ့ထက်ကောင်းတဲ့အလုပ် ဘာရှိဦးမလဲ၊ တောမှာ လယ်ထဲယာထဲ ဆင်းရတာထက်တော့ သာလိုက်တာမှအပုံ၊ စိတ်ထား ကောင်းပြီး ကိုယ်ချင်းစာတတ်တဲ့အိမ်ရှင်များဆို ကိုယ့်သားသမီးလိုထားတာ၊ ဘမျှလည်း ကုန်ကျစရာမရှိပေါင်အေ၊ ရသမျှလခ အိမ်ပြန်ပို့ရုံပဲ၊ အချို့ မိန်းကလေးတွေများဆို ပြန်ဟောင်မပြန်ချင်ကြတော့ဘူး''

အိမ်ဖော်ပွဲစားမကြီးပြောတာတွေကို အားကျမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်တစ်ခေါက်လာတော့ အိမ်ဖော်ပွဲစားမကြီးဒေါ်ချောက မခြူးပွင့်ကို အားကျအောင်ပြောပြန်သည်။

"ညည်းလိုက်မလား။ ခုတစ်ခါ အိမ်ဖော်လိုတယ်ဆိုပြီး ငါ့ကို ခေါ်ခိုင်းလိုက်တဲ့အိမ်က ဆရာဝန်အိမ်အေ့၊ လင်မယားနှစ်ယောက်စလုံးက ဆရာဝန်၊ သူတို့သားလေးကလည်း ဆေးကျောင်းတက်နေတာ၊ ဆရာဝန်လောင်းလေး၊ ရုပ်ရည်သန့်သန့်ပြန့်ပြန့်လေး ရှာပေးစမ်းပါလို့ ဆရာဝန်မကြီးက ငါ့ကို ပြောထားတာ၊ ညည်းနဲ့တော့ အံကိုက်ပဲ၊ ခြူးပွင့် ညည်းလိုက်မယ်ဆိုရင် ဆရာဝန်အိမ်ကို ငါပို့ပေးမယ်အေ"

ဒေါ်ချောပြောတာတွေကို သဘောကျကာ မခြူးပွင့်က ချက်ချင်းပင် ဆုံးဖြတ်ချက် ချလိုက်သည်။

အိမ်ပြန်ကာ အမေ့ကို ဒေါ်ချောနှင့်ရန်ကုန်လိုက်သွားတော့မည့် အကြောင်း ပြောပြလိုက်သည်။

အမေက တားသည်။

"ခြူးပွင့် ... ညည်းအစ်ကိုက ထည့်မှာမဟုတ်ဘူးနော်၊ အဲဒီ အလုပ်မျိုးကို သူကသဘောကျတာ မဟုတ်ဘူး၊ ညည်းအလုပ်လုပ်ချင်ရင် အိမ်ဆိုင်လေးဖွင့်ပေးမယ်လို့ ညည်းအစ်ကိုက ပြောထားတာ"

"အစ်ကိုကြီးကတော့ စိုးရိမ်ပြီး တားနေမှာပဲ၊ ကျွန်မက အမေ့ကို လုပ်ကျွေးချင်လို့ပါ အမေရယ်၊ ရန်ကုန်ကိုလည်း ရောက်ဖူးချင်လို့ပါ၊ သွားပါရစေနော် အမေ၊ တစ်နှစ်လောက်ပဲ နေမယ်လေ၊ ကျွန်မ ဗဟုသုတလည်း ရချင်လို့ပါ အမေရယ်၊ အစ်ကိုကြီးကားထွက်သွားတာ ဒီညပြန်လာမှာ မဟုတ်ဘူး၊ ဒေါ်ချောက မနက်ပြန်မှာတဲ့၊ အစ်ကိုကြီးပြန်မလာခင် ဒေါ်ချောနဲ့ လိုက်သွားမယ်နော် အမေ၊ အစ်ကိုကြီးကို အမေပဲ ကြည့်ပြောပေးပါ အမေရယ်၊ ကျွန်မကတော့ လိုက်သွားမှာပဲ"

မခြူးပွင့်သည် အစ်ကိုကြီးကိုဖိုးထိန်ကို ကြောက်ရသော်လည်း ... အမေ့ကိုတော့ နွဲ့ဆိုးဆိုးကာ နိုင်နေကျဖြစ်သည်။ အမေ့ကိုတော့ မကြောက်လှချေ။

www.burmeseclassic.com

www.burmeseclassic.com



မခြူးပွင့်က ထိုညမှာပင် လက်ဆွဲအိတ်ကလေးထဲ အဝတ်သုံးလေးစုံထည့် ပြင်ဆင်ထားပြီး ... ဒေါ်ချောတည်းနေသည့်အိမ်ကိုသွားကာ မနက်တွင် ရန်ကုန်ကိုတစ်ပါတည်း လိုက်မည့်အကြောင်း သွားပြောထားလိုက်၏။

မနက်ကျတော့ ဒေါ်ချောက အိမ်ကိုဝင်ခေါ်သည်။ မခြူးပွင့်နှင့်အတူ အိမ်ဖော်လုပ်ရန် ရန်ကုန်ကိုလိုက်မည့် မအေးကြည်ဆိုသော မိန်းကလေးတစ်ယောက်လည်း ပါလာသည်။

မခြူးပွင့်က အမေ့ကိုကန်တော့တော့ အမေမျက်ရည်ကျသည်။

"ဒုက္ခပါပဲကွယ် ... ခြူးပွင့်ဆိုတဲ့မိန်းကလေးဟာ၊ တားလို့လည်း မရပါလား၊ ငါ့ကိုတော့ ညည်းအစ်ကိုက သတ်တော့မှာပဲ ခြူးပွင့်ရယ်"

"အစ်မကြီးရယ် ... ဘာမှုမစိုးရိမ်ပါနဲ့၊ ကျွန်မက ခြူးပွင့်ကို ဆရာဝန်တွေအိမ်ကို ပို့ပေးမှာပါ၊ ဟိုမှာ ဘာမှုမပင်ပန်းပါဘူး၊ ဆရာဝန်မကြီးကလည်း ခြူးပွင့်ကိုမြင်ရင် သဘောကျမှာပဲ၊ စိတ်ချနော်၊ ကျွန်မ ရွာကိုလာတိုင်းလည်း ခြူးပွင့်သတင်းကို ကြားနေရမှာပဲလေ၊ ကျွန်မတာဝန်ယူပါတယ် အစ်မကြီးရယ်"

စကားနည်းရှာသောအမေက ဘာမှုပြန်မပြောတော့။ ငိုလို့သာနေသည်။

မခြူးပွင့်ကတော့ ရန်ကုန်ကို သွားရတော့မယ်၊ ရန်ကုန်ကို ရောက်ဖူးတော့မယ်ဆိုတဲ့အတွေးနဲ့ ပျော်နေခဲ့ပါသည်။ အမေ့ဝေဒနာကို ထိုစဉ်က ကိုယ်ချင်းမစာတတ်ခဲ့ပါ။ အစ်ကိုကြီးဒေါပွကျန်ရစ်ခဲ့မှာ တွေးမိသော်လည်း အစ်ကိုကြီးကိုဖိုးထိန်မရှိခင် လိုက်သွားခွင့်ရသည့်အတွက် ကံကောင်းတယ်လို့လည်း တွေးနေမိသေးသည်။

မခြူးပွင့်ကား ... ငယ်ရွယ်စဉ်က ကိုယ့်ဆန္ဒအတိုင်းလုပ်ရမှ ကျေနပ်ခဲ့သော မိန်းကလေးတစ်ယောက်ဖြစ်သည်။ လုပ်ချင်တာကိုလုပ်လိုက်ရမှ ကျေနပ်သူဖြစ်ပါသည်။

ထိုစဉ်က မခြူးပွင့်အသက်သည် ၁၇နှစ်ပဲရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မခြူးပွင့်မျှော်လင့်ခဲ့သလိုပင်.. ရန်ကုန်သည် ပျော်စရာကောင်းလှပေသည်။ မမြင်ဖူးတာတွေ မြင်ရ၊ မသိဖူးတာတွေ သိရ၊ မစားဖူးတာတွေ စားရတော့.. မခြူးပွင့် ရွာကိုပင်သတိမရတော့။ အမေနဲ့အစ်ကိုကြီးကို လွမ်းဖို့တောင် သတိမရခဲ့ပါချေ။

ဒေါ်ချောက သူ့ကတိအတိုင်း ဆရာဝန်လင်မယားအိမ်ကိုပို့ပေးသည်။ ဆရာဝန်လင်မယားကလည်း သဘောကောင်းပါသည်။ သူတို့သားဆေးကျောင်းသား သိစ်လွင်ဟိန်းကလည်း သဘောကောင်းသည်။

မခြူးပွင့်သည် ကျေနပ်ပျော်ရွှင်စွာနှင့်ပင်.. ဒေါက်တာဦးအောင်ဟိန်း၊ ဒေါက်တာသက်သက်ခင်တို့အိမ်မှာ တစ်နှစ်တိတိနေထိုင်ခဲ့ပါသည်။

✠ ✠ ✠

မခြူးပွင့် အလုပ်ဝင်ပြီး သုံးလခန့်အကြာတွင် ဒေါ်ချောရောက်လာသည်။ မခြူးပွင့်တို့ရွာကိုသွားဦးမည်ဖြစ်၍ မှာစရာရှိတာ မှာရန် လာမေးခြင်းဖြစ်ပါသည်။

ဒေါ်ချောက ဒီအိမ်မှာပျော်ရဲ့လား... အိမ်ပြောင်းပေးရမလားလို့ မေးသေးသည်။

"ဘာလို့အိမ်ပြောင်းရမှာလဲ ဒေါ်ချောရဲ့၊ ဒီအိမ်မှာ ဆရာကြီးရော ဆရာမကြီးရော သဘောကောင်းတယ်၊ ကိုကိုလေးကဆို ခြူးပွင့်ကိုသိပ်ချစ်တာ၊ ခြူးပွင့်ချက်တဲ့ဟင်းမှ စားလို့ကောင်းတာတဲ့၊ ဒီအိမ်ကနေ ဘယ်မှမပြောင်းပေါင်"

"အဆင်ပြေရင်လည်း ပြီးတာပါပဲအေ ငါခေါ်လာတဲ့လူတွေ ငါ့တာဝန်မို့ မေးရတာပါ၊ ငါ ညည်းတို့ရွာကိုရောက်ဦးမယ်၊ ဘာမှာမလဲ ခြူးပွင့်၊ စာတွေဘာတွေ ပေးရင်ပေးလိုက်လေ"

မခြူးပွင့်က အမေ့ကိုစာတစ်စောင် ရေးပေးလိုက်သည်။ နှစ်လစာအတွက်ရထားသောလစာထဲက ငွေနှစ်ထောင်ကိုလည်း ပေးလိုက်လေသည်။

နောက်တစ်ပတ်အကြာတွင် ဒေါ်ချောရောက်လာကာ ရွာက သတင်းကို ပြန်ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းအစ်ကိုကြီးကတော့ ခုထိ စိတ်ဆိုးနေတုန်းပဲ ခြူးပွင့်၊ ညည်း ပေးလိုက်တဲ့ စာနဲ့ပိုက်ဆံကိုသွားပေးတော့ အိမ်မှာ ညည်းအစ်ကိုဖိုးထိန်ရှိ နေတယ်လေ၊ ငါ့ကိုလည်း ခြူးပွင့်ကို ရန်ကုန်ခေါ်သွားရမလားဆိုပြီး ရန်တွေ့ လိုက်တာအေ၊ ပြောလိုက်ဆိုလိုက်တာ ရစရာမရှိဘူး"

"ဟင် . . . ဟုတ်လား၊ အစ်ကိုကြီးက ဒီလိုပဲ၊ အပြောဆိုးတယ်၊ စိတ်မဆိုးပါနဲ့ဒေါ်ချောရယ် ခြူးပွင့်တောင်းပန်ပါတယ်၊ အမေကရော ဟင် အမေကရော ဘာပြောသေးလဲ"

"ဖိုးထိန်က ငါ့ကိုရန်လုပ်နေတော့ သူလည်း မျက်နှာမထားတတ် အောင်ဖြစ်နေတာပေါ့အေ၊ ညည်းအမေကတော့ မိန်းမအေးကြီး မဟုတ်လား ညည်းစာလေးဖတ်၊ ညည်းပေးတဲ့ပိုက်ဆံလေးရင်ထဲပိုက်ပြီး ငိုနေတာပါပဲ"

"အမေရယ် . . ."

"ညည်အမေက သူ့သားသူလည်း ချော့ပြောရှာပါတယ်၊ မင်း ညီမလေးက အမေကိုလုပ်ကျွေးချင်လို့ ရန်ကုန်ကို အလုပ်သွားလုပ်တာပါတဲ့၊ သူ့လုပ်ခလေးတွေပေးလိုက်တာ ကြည့်ပါလားတဲ့၊ လိမ္မာတဲ့မိန်းကလေးပါ၊ တစ်နှစ်ပြည့်ရင် အမေပြန်ခေါ်ပေးပါ့မယ် သားရယ်တဲ့၊ ပြောရှာတယ်အေ"

တစ်နှစ်ပြည့်ရင် . . .

ခြူးပွင့်က အမေ့ကို ရန်ကုန်မှာ တစ်နှစ်ပဲအလုပ်လုပ်ပါရစေလို့ ခွင့်ပန်ခဲ့ခြင်းဖြစ်သည်။

အမေကလည်း ဒါကိုရည်ရွယ်ပြီး အစ်ကိုကြီးကို နှစ်သိမ့်ခြင်း ဖြစ်ပါလိမ့်မည်။

တစ်နှစ်ပြည့်ရင်တဲ့ . . .။

တစ်နှစ်ပြည့်ရင်ကော . . . ခြူးပွင့်ရွာကို ပြန်ဖြစ်ပါ့မလား။

လောလောဆယ်တော့ . . . ခြူးပွင့်ရန်ကုန်မှာပျော်နေသည်။ ရွာနှင့် အနေအထိုင်လုံးလုံးခြားနားသောရန်ကုန်မှာ ခြူးပွင့်ပျော်နေပါသည်။ ခြူးပွင့် ရွာကိုမပြန်ချင်သေးပါ။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၄ )

ရန်ကုန်မြို့အနေအထိုင်တွင် ကျေနပ်ပျော်မွေ့ခဲ့သည့်မခြူးပွင့်သည် တစ်နှစ်ကြာချိန်တွင် ရွာသို့ပြန်လာခဲ့ရပါသည်။

မခြူးပွင့် အကြောင်းမကြား ကြိုမပြောဘဲ ရုတ်တရက်ပြန်ရောက်လာတော့ ... အမေက ဝမ်းသာနေရှာသည်။

အစ်ကိုကြီးကိုဖိုးထိန်ကလည်း ညီမဖြစ်သူရွာပြန်လာ၍ စိတ်ကျေနပ်သွားသည်။ လူဖြောင့်စိတ်တိုကြီးပီပီ ဘာမျှမပြောသော်လည်း ညီမလေးအိမ်ပြန်လာ၍ ဝမ်းသာနေသည့်အရိပ်အယောင်က မျက်နှာမှာထင်းထင်းကြီးပေါ်နေသည်။

"နင် နောက်တစ်ခေါက် ရန်ကုန်ပြန်မသွားနဲ့တော့နော် ခြူးပွင့်၊ ရွာမှာပဲနေ၊ ငါ နင့်ကိုအိမ်ဆိုင်လေးဖွင့်ပေးမယ်"

ကိုဖိုးထိန်ကပြောသည်။

မခြူးပွင့်သည်လည်း ရန်ကုန်ကိုနောက်တစ်ခေါက်ပြန်သွားဖို့ မစဉ်းစားတော့ပါ။

တကယ်တော့ မခြူးပွင့်သည် ရန်ကုန်ကနေ အရှုံးနဲ့ပြန်လာခြင်းဖြစ်ပါသည်။ ဒါကို မခြူးပွင့်တစ်ယောက်ပဲသိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေနဲ့အစ်ကိုကြီးက မခြူးပွင့်ဘာလို့ ပြန်လာသလဲဆိုတာကို မမေးကြ။ တစ်နှစ်ပဲနေမယ်ဆိုတဲ့အတိုင်း တစ်နှစ်ပြည့်ချိန်တွင် အိမ်ကို လွမ်းပြီးပြန်လာတယ်လို့ပဲ ရိုးရိုးသားသား ထင်နေကြရှာပေသည်။

မခြူးပွင့်ရင်ထဲက ဝေဒနာကိုတော့ ... မခြူးပွင့်တစ်ယောက်ပဲ သိပါသည်။

ဒါပေမဲ့ ... ဒါတွေကို မခြူးပွင့်ရင်ထဲမှာပဲ မျိုသိပ်ထားလိုက်သည်။

ခြူးပွင့်ရဲ့အရှုံးတွေ ... ခြူးပွင့်ရဲ့ဝေဒနာတွေကို ခြူးပွင့် တစ်ယောက်ပဲ ကြိတ်မှိတ်ခံစားပါတော့မယ် ကိုကိုလေးရယ် ... ဖြစ်သမျှ အကြောင်းအတွက် ဘယ်သူ့ကိုမျှ ခြူးပွင့် အပြစ်မတင်တော့ပါဘူး။

ခြူးပွင့်ဝေဒနာကို ခြူးပွင့်တစ်ယောက်တည်းပဲ ကြိတ်ခံစား ပါတော့မယ် ကိုကိုလေးရယ် ...

✠ ✠ ✠

ဒေါ်ခြူးပွင့်သည် နံရံမှဓာတ်ပုံများကိုမော်ကြည့်ရင်း နောက်ကြောင်း များကို ပြန်စဉ်းစားနေရာမှ မျက်ရည်များစို့လာလေသည်။

ဒေါ်ခြူးပွင့်က နံရံကိုမျက်နှာချင်းဆိုင်မော်ကြည့်နေရာမှ လှည့် ထွက်ခဲ့ကာ ကြမ်းပြင်ပေါ် ပြန်ထိုင်ချလိုက်သည်။ အတိတ်ကြောင်းများ ကိုပြန်တွေးမိကာ ဒေါ်ခြူးပွင့်ရင်အစုံက မောဟိုက်ခြင်းနှင့်အတူ နိမ့်တုံ မြင့်တုံ ဖြစ်နေလေသည်။

လွန်ခဲ့သောနှစ်နှစ်ဆယ်က ဒေါ်ခြူးပွင့်သည် အရှုံးနှင့်ဝေဒနာကို ရင်မှာပိုက်ကာ ရန်ကုန်ကို ကျောခိုင်းပြန်လာခဲ့ရသည်။

ရန်ကုန်မှာကြုံတွေ့ခံစားခဲ့ရသည့် ခံစားချက်များကို မိမိတစ်ယောက် တည်းပဲ ကြိတ်မှိတ်မျိုသိပ်ခံစားတော့မယ်လို့ ဆုံးဖြတ်ထားခဲ့ပါသည်။

သို့သော် ...

ဝေဒနာကိုဖုံးဖိထားလို့ မရစေတဲ့ပြောင်းလဲမှုတွေက ဖြစ်ပေါ်လာ ခဲ့လေရာ ...

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၅ )

ရန်ကုန်ကပြန်ရောက်ပြီး နှစ်လအကြာ... မခြူးပွင့်အသွားအလာများလေးလံလာသည်။ မူးဝေချင်သလိုလို... အော့အန်ချင်သလိုလိုဖြစ်လာသည်။

တစ်နေ့တော့... အိမ်ရှေ့ရေကန်မှာအဝတ်ဖွတ်နေရင်းမှ အထတွင် ရင်ထဲမှပျို့တက်လာပြီး အန်ချလိုက်မိသည်။ အန်လိုက်သော်လည်း ဝမ်းထဲက ဘာမျှပါမလာ။ လေတွေကိုသာ ပျို့အန်နေမိခြင်းဖြစ်ပါသည်။

အမေက မခြူးပွင့်အဖြစ်ကို မြင်သွားကာ အိမ်ပေါ်မှပြေးဆင်းလာသည်။

"ခြူးပွင့် ... ညည်းဘာဖြစ်တာလဲ၊ အစာမကြေဘူးထင်တယ်၊ အောက်ပိုင်းအစိုခံပြီး အဝတ်တွေကို အကြာကြီးဖွပ်နေတာကိုးအေ့"

အမေက အစပိုင်းတွင် ရိုးရိုးပဲထင်နေခဲ့သည်။

အမေအနားရောက်လာတော့ မခြူးပွင့်ဆက်ရပ်မနေနိုင်တော့ဘဲ တရိပ်ရိပ်မူးလာသည့်အတွက် ပြန်ထိုင်ချလိုက်ရသည်။

အမေက မခြူးပွင့်ကို တွဲထူရန် ဟန်ပြင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခြူးပွင့် ... ညည်း ဆံစတွေလည်းခြောက်လို့ပါလား၊ ညည်း ကြည့်ရတာ ..."

အမေက စကားကိုဆုံးအောင် ဆက်မပြော။ မခြူးပွင့်သည် အမေ့ကိုမော့ကြည့်ကာ ငေးငိုင်နေမိသည်။ အမေ့ပုံရိပ်သည် မခြူးပွင့်အမြင်တွင် ဝေဝါးနေ၏။

မခြူးပွင့် ကိုယ့်ကိုယ်ကိုယ် နားလည်လိုက်ပါသည်။

မခြူးပွင့် မိန်းမဓမ္မတာလာမယ့်ရက်ကို ကျော်လွန်ခဲ့တာ ကြာပြီ။ နှစ်လပင်ရှိခဲ့ပါပြီ။

"လာ ... လာ ... ခြူးပွင့်၊ အိမ်ပေါ်တက်၊ အဝတ်အစား လဲစမ်း"

အမေက မခြူးပွင့်ကို အဝတ်အစားအခြောက်များလဲပေးပြီး ... အိပ်ရာပေါ်လှဲခိုင်းခဲ့ကာ အိမ်ပေါ်မှ ဆင်းသွားလေသည်။

အမေပြန်လာတော့ ... အရပ်လက်သည် ဒေါ်ဆွဲမိပါလာသည်။

အမေက ဒေါ်ဆွဲမိကို မခြူးပွင့်အား စမ်းသပ်စေသည်။

"တော်သမီး ကိုယ်ဝန်ရှိနေတယ် မအုံးတင်၊ နှစ်လလောက်တောင် ရှိနေပြီ"

"ကိုယ်ကျိုးနည်းပါပေါ့၊ ခြူးပွင့် ... ခြူးပွင့် ... မိုက်လှချည်လား အေ ညည်း ... ညည်း ... ဘယ်သူနဲ့"

"မအုံးတင် ကိုယ်ဝန်ရှိစမှာ ကလေးမကိုစိတ်ဆင်းရဲအောင် မလုပ်ပါနဲ့၊ တိုးတိုးတိတ်တိတ်မေးပါ၊ ဖြစ်လာပြီးမှ မတတ်နိုင်တော့ဘူးလေ၊ ကျုပ်ပြန်ဦးမယ်၊ အကြောင်းရှိ ကျုပ်ကို လာခေါ်လိုက်"

✠ ✠ ✠

"ဟင် ... အမိုက်မ၊ ပြောစမ်း၊ ဘယ်သူနဲ့ဖြစ်ခဲ့တုံး၊ ရန်ကုန်မှာဖြစ်လာတာမဟုတ်လား၊ ပြောစမ်းဟဲ့၊ ပြောစမ်း ခုမှ မထုံ့ကြော်သေး လုပ်မနေနဲ့၊ ဟဲ့ ခြူးပွင့်၊ ပြောစမ်းဆို"



www.burmeseclassic.com

www.burmeseclassic.com



အမေက မခြူးပွင့်ဆံပင်များကိုဆောင့်ဆွဲကာ မေးသည်။ အမြဲ ဘမ်းအေးတိအေးစက်နေတတ်သောအမေ အသားတွေတဆတ်ဆတ်တုန် အောင်ဒေါသထွက်နေတာကြည့်၍ အမေ့သောကကို မခြူးပွင့်နားလည် ပါသည်။

"ပြောစမ်းဆို ... ညည်းဘယ်သူနဲ့ဖြစ်ခဲ့တာလဲ၊ ညည်းကို စော်ကားလွှတ်လိုက်တာလား ... ညည်းအလိုတူအလိုပါလား... ပြောစမ်း"

အမေက အထပ်ထပ်မေးသော်လည်း မခြူးပွင့် တစ်ခွန်းမှပြန်မဖြေ ခဲ့ပါ။ အံကိုကြိတ်ကာ ရေငုံနှုတ်ပိတ်နေနေသည်။

နောက်ဆုံးတော့ ... အမေသည် ရင်ဘတ်ကိုစုံထုကာ ငိုပွဲဆင်ပါ လေတော့၏။

"ခက်တယ် ... ခက်တယ် ... မိခြူးပွင့် အမိုက်မရယ်၊ ဒီအကြောင်း ညည်းအစ်ကိုသိရင် သတ်တော့မှာပဲ၊ အောင်မယ်လေး ဖိုးထိန် မသိအောင် ဒီကိစ္စဘယ်လိုဖုံးဖိရပါမလဲအေ၊ ဒုက္ခပါပဲ"

"အမေမငိုပါနဲ့ အမေ၊ အစ်ကိုကြီး ကျွန်မကိုသတ်ချင်လည်း သတ်ပါစေတော့၊ ကျွန်မကို အိမ်ပေါ်ကနှင်ချရင်လည်း ဆင်းသွားပါ့မယ်၊ ကျွန်မအတွက် အမေမငိုပါနဲ့ အမေ"

"ဟဲ့ ... ငါကအမေဟဲ့ ခြူးပွင့်ရဲ့၊ ညည်းဒီလိုဖြစ်လာမှ ငါက ဥပေက္ခာ ပြုနေနိုင်မှာတဲ့လား၊ ပြောစမ်းပါ၊ ငါ့ကို၊ ညည်း ဒီဗိုက် ဘယ်သူနဲ့ ရခဲ့တာတုံး"

"မပြောဘူး အမေ၊ ကျွန်မ မပြောဘူး၊ အသက်သာ အသေခံ သွားမယ်၊ ကျွန်မ မပြောဘူး"

"ခေါင်းမာလိုက်တာအေ"

✠ ✠ ✠

ရက်ပိုင်းအတွင်းမှာပင် ထိုသတင်းက အစ်ကိုကြီးဖိုးထိန်နားကို ပေါက်ကြားသွားခဲ့ပါသည်။

ကိုဖိုးထိန်သိသွားတဲ့နေ့က အိမ်ပြန်နေကျအချိန်ထက်စောကာ ဒေါသတကြီး အိမ်ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးထိန်မောင်းသော ဒေါ့ဂျစ်ကားပိုင်ရှင်အိမ်က မြို့ပေါ်မှာ ရှိပါသည်။ ကိုဖိုးထိန်သည် မိုင်လေးဆယ်ဝေးသောမြို့နှစ်မြို့ကို ပြေးဆွဲသည့် လိုင်းကားကို မောင်းနေခြင်းဖြစ်၏။ နှစ်ရက်ခြားတစ်ခါ မြို့မှာအိပ်ရသည်။

မနက်စောစော စက်ဘီးဖြင့် မြို့ကိုသွားကာ ကားမောင်းသည်။ ညနေပိုင်းကားသိမ်းပြီးလျှင် စက်ဘီးလေးနင်းကာ အိမ်ပြန်လာနေကျဖြစ်၏။ ရွာရောက်မှ ရွာထိပ်ကဆိုင်တွင် အရက်ဝင်သောက်သည်။ မိုးချုပ်မှအိမ်ကို ပြန်ရောက်တတ်သည်။

ထိုနေ့ကတော့ မခြူးပွင့်သတင်းကို ဘယ်ကဘယ်လိုကြားလာသည်မသိ။ အိမ်ကိုအစောကြီးပြန်ရောက်လာကာ ပွဲကြမ်းလေတော့သည်။

ကိုဖိုးထိန်စောစောပြန်လာကာ ရှူးရှူးရှားရှားဖြစ်လာကတည်းက အမေကသဘောပေါက်ကာ မခြူးပွင့်ကို အိမ်ခန်းထဲဝင်ပြီး ပုန်းခိုင်းထားသည်။ အခန်းတံခါးဝတွင် အမေက ဝိတ်ထိုင်နေသည်။

"အမေ ... ဘယ်မှာလဲ ... ဟိုကောင်မ ..."

"ဘာဖြစ်လာတာလဲ သား၊ ဒီနေ့အစောကြီးပါလား၊ ထမင်းစားတော့မလားကွယ့်"

အမေကိုယ်တိုင် မခြူးပွင့်ကို သတ်ချင်လောက်အောင် စိတ်ဆိုးနေသော်လည်း သူ့ထက်ဒေါသကြီးသည့်သားက ညီမဖြစ်သူကို ဆုံမှာ ပြောမှာကိုတော့ စိုးရိမ်မိလေသည်။ မိခင်ပီပီ သားနှင့်သမီးကြားတွင် ရန်မီးမပွားရလေအောင် ထိန်းပေးရှာပါ၏။

"မသိချင်ယောင် ဆောင်မနေပါနဲ့ အမေ၊ ကျုပ် ဟိုကောင်မသတင်းကို ကြားခဲ့ပြီးပြီ၊ မိခြူးပွင့်ဗိုက်ကြီးနေတယ်ဆို၊ အဲဒါအမှန်ပဲလား၊ အမေ"

"တိုးတိုးပြောပါသားရယ် ... ပတ်ဝန်းကျင် ကြားပါ့မယ်"

"ဘာဗျ ... ပတ်ဝန်းကျင်၊ ဟုတ်လား၊ ပတ်ဝန်းကျင်က ဒီရွာပတ်ဝန်းကျင်တွင် မဟုတ်ဘူး၊ ဟိုဘက်ရွာတွေပါ သတင်းပျံ့နေလို့ နားနဲ့မဆံ့တော့ဘူး၊ လူတကာသိပြီးမှ ကျုပ်သိလာရတာ"

"သားရယ် ... စိတ်ကိုအေးအေးထားပြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"အမေဒီလိုရှေ့က ကားဆီးကာဆီးလုပ်နေရင် ကျုပ်ကြားလာတဲ့သတင်း ဟုတ်လို့ပဲပေါ့၊ ဘယ်မှာလဲ ဒီကောင်မ၊ အခန်းထဲမှာ မဟုတ်လား"

"ဖိုးထိန် ... အမေ့စကားနားထောင်စမ်း"

မခြူးပွင့်မနေသာတော့။ အခန်းဝကိုထွက်လာခဲ့သည်။

"အစ်ကိုကြီး ..."

"ခွေးမ ... ပြောစမ်း၊ နင်ဗိုက်ကြီးနေတယ်ဆို၊ ရန်ကုန်ကပြန်လာတာ ဗိုက်တစ်လုံးပါလာတယ်ပေါ့လေ၊ ထွက်ခဲ့စမ်း၊ နင့်ကို ငါသတ်မယ်"

အမေက ထိုင်ရာမှထကာ အခန်းရှေ့တွင် ရပ်လိုက်သည်။

"မိခြူးပွင့် ... အခန်းထဲ ပြန်ဝင်နေစမ်း၊ ဖိုးထိန် ... ဖြစ်လာပြီးမှ ဒီကိစ္စကို အော်ကြီးဟစ်ကျယ် ရှင်းနေလို့မထူးဘူး၊ မင်းစိတ်ကို ထိန်းစမ်း"

"ကျုပ် ဒီကောင်မကို သတ်ရမှကျေနပ်မယ်၊ မိခြူးပွင့် ငါ့ကို ပြောစမ်း၊ နင့်ကို ရန်ကုန်က နင့်အိမ်ရှင်က စော်ကားလွှတ်လိုက်ပြီ မဟုတ်လား"

"မဟုတ်ဘူး၊ မဟုတ်ပါဘူး အစ်ကိုကြီးရယ်၊ အဲဒီလို မဟုတ်ပါဘူး"

"ဘာ မဟုတ်ပါဘူးလဲ၊ နင့်ကို သူများစော်ကားလွှတ်လိုက်လို့သာ လင်ကောင်မပေါ်ဘဲ ဗိုက်ကြီးတာပေါ့၊ ခွေးတိရစ္ဆာန်မရဲ့၊ သွားချင်ဦးလေ ရန်ကုန်၊ ရောက်ဖူးချင်ဦးလေ ရန်ကုန်၊ နင်အလုပ်လုပ်တဲ့အိမ်က အိမ်ရှင်က နင့်ကို စော်ကားလိုက်တာ မဟုတ်လား၊ နင့်ကိုလည်း သတ်မယ်၊ ရန်ကုန်က နင့်အိမ်ရှင်ကောင်ကိုလည်း ငါသွားသတ်မယ်"

"အို ... အစ်ကိုကြီး၊ မဟုတ်ဘူး၊ မဟုတ်ဘူး၊ သူတို့နဲ့ ဘာမှ မဆိုင်ဘူး၊ ကျွန်မကို သတ်ချင်သတ်ပါ၊ ကျွန်မကိုပဲ သတ်လိုက်ပါအစ်ကိုကြီးရယ်၊ သူတို့နဲ့မဆိုင်ပါဘူး၊ ကျွန်မမိုက်ပြစ်တွေပါ"

"ဒါဖြင့် ... ဘယ်သူနဲ့ဖြစ်ခဲ့တာလဲ၊ ငါ့ပြောစမ်း"

"မပြောဘူး၊ ကျွန်မ မပြောဘူးအစ်ကိုကြီး၊ ကျွန်မကို သတ်ပစ်ချင်သတ်ပစ်လိုက် ကျွန်မ မပြောဘူး"

"ဟင်း ... သွားချင်လိုက်ရတဲ့ ရန်ကုန်၊ ရောက်ဖူးချင်လိုက်ရတဲ့ ရန်ကုန်၊ နေချင်လှချည်ရဲ့ဆိုတဲ့ ရန်ကုန်၊ ခုတော့ ရန်ကုန်သားက စော်ကား



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်လို့ နင် ဗိုက်တစ်လုံးနဲ့ ပြန်လာရပြီမဟုတ်လားဟဲ့ အမိုက်မရဲ့ မိခြူးပွင့် အထင်ကြီးချင်ဦးလေ ရန်ကုန်ကို … တောက် ဒီကိစ္စ ဒေါ်ချောဆိုတဲ့ မိန်းမကြီး ကြိုဟ်မွှေတာလည်း ပါတယ်၊ ဒီမိန်းမကြီး လာပေစေဦး … တောက်''

''အစ်ကိုကြီး … ဒေါ်ချောနဲ့ ဘာမျှမဆိုင်ပါဘူး၊ ကျွန်မိုက်ပြစ်နဲ့ ကျွန်မပါ၊ အစ်ကိုကြီးမကျေနပ်ရင် ကျွန်မကိုသာသတ်ပါ၊ မဆိုင်တဲ့သူတွေကို အပြစ်မတင်ပါနဲ့ အစ်ကိုကြီးရယ်၊ ကျွန်မကြောင့် အရှက်ရတယ်ဆိုရင်လည်း ကျွန်မ ဒီအိမ်ကဆင်းသွားဆို ဆင်းသွားပါ့မယ် အစ်ကိုကြီးရယ်''

''နင်ဘယ်သူနဲ့ ဖြစ်ခဲ့တယ်ဆိုတာသာ ငါ့ကိုပြောစမ်းပါ''

''ဟင့်အင်း … ဟင့်အင်း … မပြောဘူး အစ်ကိုကြီး၊ ကျွန်မ မပြောနိုင်ဘူး''

''တယ် တော်တော်ခေါင်းမာတဲ့ ကောင်မ၊ နင်တော့လား''

''ဖိုးထိန် … နေစမ်း၊ မဝင်နဲ့၊ မိခြူးပွင့် … အခန်းထဲ ဝင်နေစမ်း''

ဒေါသထွက်နေသောဖိုးထိန်က မခြူးပွင့်ကိုရိုက်နှက်ရန် အခန်းထဲဝင်မည်ပြုသည်ကို ဒေါ်အုံးတင်က အတင်းဆွဲထားသည်။ မခြူးပွင့်က တော့ အပြစ်ရှိသူမို့ အစ်ကိုကြီးလုပ်ချင်ရာလုပ်စေတော့ဟု စိတ်ကိုလျှော့ကာ လုပ်သမျှလည်စင်းခံရန် ပြင်ထားလေသည်။

သူတို့အိမ်ထဲက ရှန်းရင်းဆန်ခတ်အသံများကိုကြားကာ တစ်ဖက် အိမ်ကလင်မယားရောက်လာပြီး ကိုဖိုးထိန်ကို ချော့မော့ဆွဲခေါ်သွားသည့် အတွက် ရန်ပွဲငြိမ်းသွားရခြင်းဖြစ်ပါသည်။

ကိုဖိုးထိန်လည်း ထိုညမှစ၍ အိမ်ကိုပြန်မလာတော့ပေ။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၆ )

မခြူးပွင့်အတွက်ရှက်ရှာသော ကိုဖိုးထိန်သည် ထိုနေ့မှစ၍ ရွာကို ပြန်မလာတော့။ မြို့က ကားအုံနာအိမ်မှာပင် နေတော့သည်။ အမေ့ကိုတော့ အပတ်စဉ် လူကြုံဖြင့် ငွေပို့ပေးရှာပါ၏။

အမေက အမျိုးမျိုးချော့မော့မေးခဲ့သော်လည်း မခြူးပွင့်သည် ကလေးအဖေအမည်ကို ဖွင့်မပြောခဲ့ပါ။ သည်အကြောင်းကို တစ်သက်လုံး မျိုသိပ်ထားတော့မယ်လို့ မခြူးပွင့်က ဆုံးဖြတ်ထားခဲ့ပြီး ဖြစ်ပါသည်။

ကိုဖိုးထိန်၏ ကြိမ်းဝါးစကားကို တစ်နည်းနည်းဖြင့် ကြားသွားလို့ လား၊ တိုက်ဆိုင်လို့ပဲလားတော့ မသိ။ အိမ်ဖော်ပွဲစားဒေါ်ချော ရွာကိုလာသည် ကို မတွေ့ရတော့ပါ။

မခြူးပွင့်ကတော့ ပတ်ဝန်းကျင်က မေးငေါ့သည့်ဒဏ်ကို ကြိတ်မှိတ် ခံခဲ့ပါသည်။ ကိုယ်မိုက်ပြစ်နှင့်ကိုယ်မို့ မခြူးပွင့်ခံနိုင်ရည်ရှိသော်လည်း အသက်ကြီးမှ သမီးအတွက်မျက်နှာပျက်ရရှာသည့် အမေ့ကိုရော၊ အစ်ကိုကြီး ကိုဖိုးထိန်ကိုပါ မခြူးပွင့်သနားလှပါသည်။

မည်သို့ပင်ဆိုစေ မခြူးပွင့်လွယ်ထားသောကိုယ်ဝန်သည် ဖြည်း ဖြည်း လရင့်လာကာ အချိန်တန်တော့ မွေးဖွားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သားလေးအာကာဟိန်းကို မခြူးပွင့်မွေးဖွားခဲ့သည်။

ကလေးတစ်ယောက် မွေးဖွားပြီဆိုတော့ ကလေးအဖေနာမည်ကို ပေးဖို့လိုလာသည်။

မခြူးပွင့်က ကလေး၏အဖအမည်နေရာတွင် ထည့်သွင်းရန် "**ကိုသစ်ဦး**"ဆိုသောနာမည်ကို ပေးခဲ့လေ၏။

သည်လိုနှင့် သားလေးအာကာဟိန်း၏ ကျောင်းစာရင်း၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများတွင် အဖအမည်နေရာ၌ "**ဦးသစ်ဦး**"ဆိုသည့် အမည်က ယခုထိတိုင် တရားဝင်တည်ရှိနေခဲ့လေတော့သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၇ )

အချိန်ကာလတွေ တရွေ့ရွေ့ကုန်ဆုံးလာတော့လည်း ... အစစ အရာရာသည် အေးဆေးငြိမ်သက်သွားပါသည်။

ချီးမွမ်းခုနစ်ရက် ... ကဲ့ရဲ့ခုနစ်ရက်.. ဆိုသည့်အတိုင်း ပတ်ဝန်းကျင် ဇါစကားတင်းများလည်း ပျောက်ကွယ်သွားခဲ့ပြီ။

အစ်ကိုကြီးကိုဖိုးထိန်လည်း အိမ်ကိုပြန်ရောက်လာခဲ့ပါသည်။ အမေ အကြိမ်ကြိမ်သွားခေါ်၍.. အာကာဟိန်းခြောက်လသားအရွယ်ရောက်မှပင် ကိုဖိုးထိန်အိမ်ပြန်လာခဲ့သည်။

အိမ်ကိုပြန်ရောက်တော့လည်း ... ထိုင်ခါစ အာကာဟိန်းလေးကို အတွေ့တွင် ပြေးပွေ့ချီလိုက်သည်။

"ဒါ ... ဒါ ... ခြူးပွင့်မွေးထားတဲ့ ကလေးလေးပေါ့၊ ဟုတ်လား အမေ"

"ဟုတ်တယ်လေကွယ် ... မင်းတူလေးပဲ"

"ကျုပ်တူလေး၊ အမေ ... ကျုပ်တို့ ဒီကလေးကို ရှင်ပြုပေးရမယ်နော် အမေ"

"ဒါပေါ့ငါ့သားရဲ့... တို့ဗုဒ္ဓဘာသာဝင်တွေဟာ သားယောက်ျားလေးဆို သာသနာ့ဘောင်သွင်းရမှာပဲပေါ့ဖိုးထိန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူလေးရှင်ပြုနိုင်အောင် ကျုပ်ငွေစုမယ်ဗျာ၊ ကျုပ်တို့လူလေးကို နာမည်ဘယ်လိုမှည့်ထားလဲဟင် အမေ"

"အာကာဟိန်း. . တဲ့"

မခြူးပွင့်သည် အစ်ကိုကြီးကိုကြောက်ရွံ့စိတ်ဖြင့် အိမ်ထရံကိုကွယ်ပြီးပုန်းကြည့်နေရာမှ မျက်ရည်ကျမိသည်။

သားလေးအာကာဟိန်းသည် ကိုဖိုးထိန်နှင့်မခြူးပွင့်တို့မောင်နှမကြားမှာ ငြိမ်းချမ်းရေးတမန် ဖြစ်ခဲ့ပါပြီကော။

✠ ✠ ✠

ကိုဖိုးထိန်က သူ့တူလေးအာကာဟိန်းကို သိပ်ချစ်ရှာသည်။ ခေါ်တာတောင် "လူလေး"လို့ပဲခေါ်သည်။ နာမည်ကိုမခေါ်။

တကယ်တော့. . ကိုဖိုးထိန်သည် ပညာကို သုံးတန်းလောက်သာသင်ဖူးပြီး. . ကားသမားဖြစ်နေ၍ အပြင်ပန်းရုန့်ရင်းကြမ်းတမ်းသော်လည်း စိတ်ထားဖြောင့်မတ်သူဖြစ်ပါသည်။ ရိုးသားသူဖြစ်ပါသည်။ အသက်၁၆နှစ်အရွယ်လောက်ကတည်းကပင် မိခင်မုဆိုးမကြီးနှင့် ညီမခြူးပွင့်တို့ကိုကားလိုက်မောင်း၍ ရုပ်ကျွေးလာခဲ့ခြင်းဖြစ်သည်။

မခြူးပွင့်အဖြစ်အတွက် အစ်ကိုပီပီ မခံချင်စိတ်ဖြင့်ဆဲဆိုကြိမ်းမောင်းခဲ့သော်လည်း တကယ်တမ်း မိမိတို့မျိုးဆက်ရင်သွေးလေးကို မြင်လိုက်ရသည့်အခါ ကိုဖိုးထိန်မနေနိုင်တော့။ သူ့ရင်ထဲက ကရုဏာစိတ်များက တူလေး အာကာဟိန်းအပေါ် ယိုဖိတ်စီးကျသွားလေပြီ။

အစ်ကိုကြီးသည် အာကာဟိန်းအပေါ်မှာ အများကြီးမျှော်လင့်ချက်ထားခဲ့သည်။

"လူလေးကို ပညာတတ်အောင်သင်ပေးရမယ် အမေ၊ ကျုပ်တို့လိုပင်ပင်ပန်းပန်းရှာစားရတဲ့ဘဝမျိုး မရောက်စေရဘူး"

"ငါ့မြေးလေးက ဉာဏ်ကောင်းတယ်၊ ဒီအရွယ်လေးနဲ့မျက်နှာရိပ်မျက်နှာကဲသိတတ်တယ် ဖိုးထိန်၊ နင့်တူကို ပညာသင်ပေးချင်ရင် နင်အရက်သောက်တာလျှော့၊ နင့်မှာ ပြောစရာဆိုလို့ ဒီတစ်ခုပဲရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေကလည်းဗျာ ... ကျုပ်တစ်နေကုန်ပင်ပန်းလို့ ညပိုင်းလေး သောက်တာပါ။ ကျုပ်ဘယ်မှာမူးဖူးလို့လဲ၊ ကျုပ်မိန်းမမယူဘူးလေ၊ ကျုပ် ကြိုက်တဲ့မိန်းမလည်း မရှိဘူး၊ ကျုပ်မိန်းမမယူတော့ ရသမျှငွေ အမေ့ကို ပေးနိုင်တယ် မဟုတ်လား၊ ကျုပ်မိန်းမမယူတာကိုပဲ ငြိုးခြိမ်းတာတယ်လို့ မှတ်လိုက်ပါ အမေ၊ ခုဆို ... ကျုပ်အတည်ဆုံးဖြတ်လိုက်ပြီ၊ ဘယ်တော့မှ မိန်းမ မယူတော့ဘူး၊ ကျုပ်ရှာသမျှ လူလေးအတွက်ပဲ ဖြစ်စေရမယ်၊ အဲဒါ ကြောင့် ကျုပ် မိန်းမ မယူတော့ဘူး"

"နင်ပြောတဲ့ပုံစံက မိန်းမတော့ မယူဘဲနေနိုင်တယ်၊ အရက်တော့ မသောက်ဘဲ မနေနိုင်ဘူးလို့ ပြောတာပေါ့၊ ဟုတ်လား ဖိုးထိန်"

"ဟုတ်တယ်ပဲထားပါတော့ဗျာ ... အရက်သောက်တာက ကျုပ်တစ်ယောက်တည်း တစ်မူးသောက်ဦး၊ တစ်ယောက်စာပဲ ကုန်မှာဗျ၊ မိန်းမယူလိုက်ရင် ကျုပ်လုပ်စာကို အမေတို့တယ်ပေးလို့ရတော့မလဲ၊ မိန်းမက ငြူစူမှာပေါ့၊ အမေ့ကိုလည်း ပေးလို့မရတော့ဘူး၊ လူလေးကိုလည်း ပညာ သင်ပေးလို့မရတော့ဘဲ နေမှာပေါ့ဗျ"

"ဖိုးထိန်ရယ် ... နင်မှအပြောကောင်းဟဲ့"

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၈ )

အစ်ကိုကြီးဖိုးထိန်က သူ့စကားအတိုင်းပင် မိန်းမမယူခဲ့။ ရှာလို့ရသမျှငွေကို အမေ့အပ်သည်။ အရက်ကို သောက်ဆဲ သောက်မြဲ ဖြစ်သော်လည်း အိမ်ကိုတော့ အချိန်မှန်ပြန်လာပါသည်။

အိမ်ရောက်လျှင်လည်း တူလေးနှင့်အတူ ဆော့ကစားကာ ရောနှောရယ်မောကာ ပြောဆိုနေတတ်သည်။

အာကာဟိန်းကျောင်းနေဖို့ အရွယ်ရောက်လာတော့လည်း သူကိုယ်တိုင် ကျောင်းသွားအပ်သည်။ အာကာဟိန်း အသက်ရှစ်နှစ်အရွယ်တွင် ရှင်ပြုပေးခဲ့သည်။

အစ်ကိုကြီးဖိုးထိန်ကား သားလေးအာကာဟိန်းအတွက် တာဝန်ကျေရုံမက ကျေးဇူးကြီးမားလှပေတော့သည်။

''ဩော် ... အစ်ကိုကြီးရေ ... အစ်ကိုကြီးရဲ့ လူလေးက အစ်ကိုကြီး မရှိတော့ ခြူးပွင့်ကို ခြေစုံကန်ပြီး ထွက်သွားပြီ အစ်ကိုကြီးရေ သူ့အဖေအရင်းကို ရှာဖို့တဲ့လေ၊ အစ်ကိုကြီး ရိုက်နှက်မေးတာတောင် ခြူးပွင့်



www.burmeseclassic.com

www.burmeseclassic.com



မပြောခဲ့တဲ့စကား တွေကို သားလေးကအတင်းမေးလို့
ခြူးပွင့် ဖွင့်ပြော လိုက်ရပြီ အစ်ကိုကြီးရဲ့၊ ခုတော့
သူ့အဖေကို တွေ့အောင်ရှာဖို့တဲ့၊ ရန်ကုန်ကို ထွက်သွားပြီ
အစ်ကိုကြီးရယ် ခြူးပွင့်ကိုထားခဲ့ပြီး ထွက်သွားပြီ
အစ်ကိုကြီးရေ ..''

ဒေါ်ခြူးပွင့်က ကွယ်လွန်သူအစ်ကိုကြီးဦးဖိုးထိန်ပုံကို မော်ကြည့်ကာ ... ရေရွတ်တမ်းတလိုက်လေသည်။

ဒေါ်ခြူးပွင့်အတွေးထဲ၌ အတိတ်ဘဝဖြစ်ရပ်များက ထင်ဟပ်ပေါ်လွင်လာပြန်လေ၏။

✠ ✠ ✠

အာကာဟိန်းခြောက်တန်းနှစ်မှာ အမေဆုံးပါးခဲ့၏။

အစ်ကိုကြီးကိုဖိုးထိန်သည်လည်း အရက်ကြောင့် ကျန်းမာရေး တစ်စတစ်စ ချို့ယွင်းလာခဲ့သည်။

အာကာဟိန်းရှစ်တန်းရောက်သည့်နှစ်တွင် ကိုဖိုးထိန်၏ကျန်းမာရေးက အတော်ဆိုးဝါးသော အခြေအနေသို့ ရောက်ခဲ့ရလေသည်။ ဆရာဝန်က အရက်ဖြတ်ဖို့ တိုက်တွန်းသည်။ ကိုဖိုးထိန်ကလည်း ကြိုးစားဖြတ်ခဲ့ပါသည်။

သို့သော် ကားသမားဖြစ်ကတည်းက တစ်ရက်မပြတ်သောက်သုံးလာခဲ့သောအရက်ကို အစိမ်းဖြတ်ဖြတ်လို့မရခဲ့။ အရက်မသောက်ရလျှင် အလုပ်လည်း လုပ်လို့မရတော့ပေ။

''အစ်ကိုကြီးရယ် ... အစ်ကိုကြီးကျန်းမာရေးနဲ့ ကားမောင်းနေလို့ မသင့်တော့ပါဘူး၊ ခြူးပွင့်ကို အိမ်ဆိုင်လေးဖွင့်ပေးပါ၊ ခြူးပွင့်ဈေးရောင်းပါ့မယ်၊ အစ်ကိုကြီးနားပါတော့''

''ရွာမှာ ဆိုင်ဖွင့်ရောင်းစားတော့ ဘယ်လောက်မြတ်မှာမို့လဲ ခြူးပွင့်ရယ် ... ငါကားမမောင်းရင် ဝင်ငွေလျော့သွားမှာပေါ့၊ လူလေးက ဖြည်းဖြည်း အတန်းကြီးလာပြီ၊ လူလေးဘွဲ့ရတဲ့အထိ ငါအလုပ်လုပ်မယ်၊ ငါလုပ်နိုင်ပါသေးတယ်ဟ''



www.burmeseclassic.com

www.burmeseclassic.com



"သား ဘွဲ့ရတဲ့အထိ ကျောင်းမနေပါဘူး ဦးကြီး၊ သားကို ကားမောင်းသင်ပေးပါ၊ ဦးကြီးအစား သား ကားမောင်းပါ့မယ်"

အာကာဟိန်းက ဝင်ပြောသည့်အခါ ... မျက်ထောင့်နီကြီးဖြင့် ဦးဖိုးထိန်က ကြည့်လိုက်လေသည်။

"ဘာပြောတယ် လူလေး ... မင်းဘာစကားပြောတာလဲ၊ ဘာ ကားမောင်းရမှာလဲ၊ မင်းကိုပညာတတ်ကြီး ဖြစ်စေချင်လို့ ဦးကြီးကြိုးစားပြီး ငွေရှာနေတာ၊ မင်းကို ပညာသင်ပေးနေတာ ကားမောင်းဖို့ မဟုတ်ဘူး၊ မင်း ဘွဲ့ရအောင်ကြိုးစားရမယ်၊ ဘွဲ့ရတဲ့အထိ စာသင်ရမယ်"

"သားက ဘွဲ့ရတဲ့အထိ စာမသင်ဘူးလို့ ပြောတာမဟုတ်ပါ ဘူးဦးကြီး၊ သား ဘွဲ့တစ်ခုရအောင်ယူမှာပါ၊ ဘွဲ့ရပြီးမှ ကားမောင်းတော့ရော ဘာဖြစ်လဲ၊ ခုခေတ်မှာ ဘွဲ့ရဒရိုင်ဘာတွေအများကြီး ရှိတာပဲ၊ ဘာဆန်းလို့လဲ ဦးကြီးရဲ့"

"မသိဘူးကွာ၊ ကားမောင်းမယ်ဆိုတဲ့စကား ငါ့ကိုနောက်တစ်ခါ ထပ်မပြောနဲ့ ... ဒါပဲ"

"ဦးကြီး အတွေးမှားနေပြီ၊ သားက ဦးကြီးအလုပ်ကို ဝင်ကူချင် လို့ ပြောတာပါ၊ သားဆယ်တန်းအောင်ပြီးရင်တော့ ဦးကြီးနားတော့၊ သား ပဲ ကားမောင်းကျွေးတော့မယ်"

"ဘာကွ လာပြန်ပြီလား၊ ဒီကားမောင်းမယ်ဆိုတဲ့ စကား"

"ဦးကြီးရယ် ... သားက ဆယ်တန်းအောင်ပြီးမှ ကားမောင်းမှာပါ"

"မင်း တက္ကသိုလ်ဆက်တက်ရဦးမယ်လေ"

"ခုခေတ်မှာ တက္ကသိုလ်မတက်ဘဲ ဘွဲ့ရနိုင်တဲ့နည်းလမ်းတွေ အများ ကြီးရှိနေပါပြီ ဦးကြီး၊ တက္ကသိုလ်တက်ပြီး ငွေနဲ့အချိန်ကို ဘာလို့ ဖြုန်းမှာလဲ၊ အဝေးသင်တက်ပြီး ဘွဲ့ရအောင်ယူမှာပေါ့"

"မလိုဘူးကွာ၊ ငါ မင်းကို တက္ကသိုလ်ကျောင်းသားအဖြစ်နဲ့ကို မြင်ချင်သေးတယ်"

"ကဲ ... ကဲ ... ဒီတူဝရီး ... ငြင်းခုံမနေကြနဲ့တော့၊ သားက လည်း ခုမှ ရှစ်တန်းပဲ ရှိသေးတယ်၊ ဆယ်တန်းအောင်ပြီးတဲ့အချိန်ရောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ဒီ စကားကို ဆက်ပြောကြပါတော့၊ အရည်မရအဖတ်မရတွေ ငြင်းခုံမနေကြပါနဲ့တော့''

ဒေါ်ခြူးပွင့်က ကြားကဝင်ပြီး ဖြန်ဖြေရသည်။

''ဟော့ ... ငါကတော့ လူလေးကို ကားသမားဖြစ်တာ မမြင်ချင်ဘူးဟော့ ... ဒါပဲ၊ အဲဒါကို ကြပ်ကြပ်မှတ်ထားကြ''

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၄ )

အာကာဟိန်းပြောတဲ့စကားတွေက နိမိတ်ဖတ်သလိုဖြစ်ခဲ့လေသည်။

အာကာဟိန်း ဆယ်တန်းအောင်ပြီးတဲ့ နွေရာသီကျောင်းပိတ်ရက်မှာ အစ်ကိုကြီးကိုဖိုးထိန် လေဖြတ်သွားခဲ့သည်။ ဝင်ငွေရတဲ့အလုပ်ကို သူချည်းဒိုင်ခံလုပ်ပြီး မိသားစုကိုရှာကျွေးချင်တဲ့အစ်ကိုကြီး ဘာမှမတတ်နိုင်တော့။ အိပ်ရာထဲမှာ ပက်လက်လှဲပြီး အံကြိတ်တင်းခံခဲ့ရသည်။

အာကာဟိန်းသည် သူ့စကားအတိုင်း ဦးကြီးဖိုးထိန်၏ကားအုံနာဆီ အကျိုးအကြောင်းသွားပြောပြီး ကားမောင်းသင်သည်။ ဦးဖိုးထိန်မောင်းသည့်ကားကို သူကိုယ်တိုင်ဝင်မောင်းသည်။

ဒါတွေကိုမြင်နေရသောဦးဖိုးထိန်သည် အိပ်ရာထဲမှနေ၍ မျက်ရည်ကျရှာပေ၏။

"စိတ်မကောင်းမဖြစ်ပါနဲ့ ဦးကြီးရယ် ဦးကြီးလည်း ပြန်နေကောင်းလာမှာပါ၊ ဦးကြီးနေကောင်းတဲ့အခါကျ ဦးကြီးကားကို ဦးကြီးပဲ ပြန်မောင်းနော်၊ သားလည်း ဆယ်တန်းအောင်ဖို့ သေချာပါတယ် ဦးကြီးရဲ့၊ ဦးကြီးမြင်ချင်သလို သားကို ဘွဲ့ဝတ်စုံလေးနဲ့ ဦးကြီးမြင်ရပါစေမယ် ဦးကြီး၊ ခု



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် သား ကားမောင်းတာကိုတော့ ခွင့်ပြုပါဦးကြီးရယ် အိမ်အတွက်ဝင်ငွေက ဒီနည်းနဲ့ပဲရှာရတော့မှာမို့ပါ၊ သားကိုနားလည်ပါနော်၊ သားကားမောင်းတာကို ခွင့်ပြုပါနော် ဦးကြီး''

အာကာဟိန်းက သူ့ဦးကြီးစိတ်ချမ်းသာအောင် ချော့မော့နှစ်သိမ့်ခဲ့ပါ၏။ လေဖြတ်၍ ကိုယ်တစ်ခြမ်းသေကာ စကားမပြောနိုင်တော့သော ဦးဖိုးထိန်က မျက်ရည်ဝဲသောမျက်လုံးများဖြင့် အာကာဟိန်းကိုပြန်ကြည့်နေခဲ့သည်။

ဆယ်တန်းအောင်စာရင်းတွေ ထွက်လာတော့ အာကာဟိန်း ဂုဏ်ထူး နှစ်ခုဖြင့် အောင်မြင်ခဲ့လေ၏။

အောင်စာရင်းထွက်တဲ့နေ့က အာကာဟိန်းနှင့်ကြာဖြူတို့ မနက်စောစော ဝေလီဝေလင်းကြီး စက်ဘီးကိုယ်စီဖြင့် မြို့ကိုသွားကာ အောင်စာရင်းကြည့်ကြသည်။

ဒေါ်ခြူးပွင့်နှင့်ဦးဖိုးထိန်က ရင်တထိတ်ထိတ်ဖြင့် စောင့်မျှော်နေကြသည်။

၊မနက်စနာရီလောက်တွင် အာကာဟိန်းနှင့် ကြာဖြူတို့ပြန်ရောက်လာကြ၏။

''အမေ ... ဦးကြီး ... သား စာမေးပွဲအောင်တယ်ဗျ၊ ဂုဏ်ထူး နှစ်ခုပါတယ်၊ ကြာဖြူလည်း အောင်တယ်၊ ကြာဖြူက ဂုဏ်ထူးတစ်ခုပါတယ်''

အာကာဟိန်းက ဦးဖိုးထိန်ရှိသည့် ခုတင်နားအထိပြေးလာကာ ပြောလိုက်ခြင်းဖြစ်သည်။

ဝမ်းနည်းတုန်းက မျက်ရည်ကျရှာသောဦးဖိုးထိန်သည် ဝမ်းသာတော့လည်း မျက်ရည်ပင်ကျရှာပါ၏။

✠ ✠ ✠

ဆယ်တန်းအောင်အပြီးတွင် ... အာကာဟိန်းက အငှားသင်္ဘောသိုလ်ဆက်တက်ရင်း ကားဆက်မောင်းနေသော်လည်း ကြာဖြူလေးကတော့ ဆရာအတတ်သင်သိပ္ပံကို ဆက်တက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အာကာဟိန်းဘွဲ့ရချိန်တွင် ကြာဖြူက တစ်နှစ်နောက်ကျနေခဲ့သည်။

ဆရာအတတ်သင် သိပ္ပံမှဆင်းအပြီးတွင် ကြာဖြူသည် တောင်ညိုဆိုသော ရွာကလေးတစ်ရွာတွင် မူလတန်းပြဆရာမအဖြစ် တာဝန်ချထားခံရသည်။

သူငယ်ချင်းနှစ်ယောက် ဘဝတစ်ခုစီအဖြစ်နှင့် ရုန်းကန်လှုပ်ရှားခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်ပါသည်။

အာကာဟိန်းနှင့်ကြာဖြူတို့ သူငယ်တန်းအရွယ်ကတည်းက တွဲခဲ့ကြပြီး ... မြို့ကအလယ်တန်းကျောင်းမှာ ကျောင်းသွားတက်ကြရတော့လည်း ရွာကနေ စက်ဘီးနဲ့မြို့ကိုသွားကြတော့ အတူတူ။ နှစ်ယောက်လုံးတစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့ကြသည်။ ရွာမှာ သူတို့အရွယ်ထဲကအထက်တန်းရောက်တဲ့အထိ ကျောင်းနေကြသူဆိုလို့ သူတို့နှစ်ယောက်ပဲရှိပါသည်။

အမြဲတတွဲတွဲသွားလာနေကြသော သူငယ်ချင်းနှစ်ယောက်ကို ... အရွယ်ရောက်လာတော့ ချစ်သူတွေဖြစ်နေကြပြီဟု ... တစ်ရွာလုံးကပင်ထင်မြင်ကြလေ၏။

✠ ✠ ✠

သည်လိုနှင့် အာကာဟိန်း နောက်ဆုံးနှစ်အောင်မြင်ကာ ဘွဲ့ယူရမည့်အချိန်သို့ ရောက်လာခဲ့လေသည်။

သူတို့မြို့တွင် တက္ကသိုလ်ရှိသည်မို့ မြို့ကတက္ကသိုလ်မှာပင်ဘွဲ့တက်ယူရပါသည်။

ဘွဲ့ယူသည့်နေ့က ဒေါ်ခြူးပွင့်သည် ပဝါနှစ်စကို စုံချကာတက္ကသိုလ်ကျောင်းတော်ကြီး၏ ဘွဲ့နှင်းသဘင်ခန်းမသို့ ဂုဏ်ယူစွာလိုက်ပါသွားခဲ့ပါသည်။

ဘွဲ့ယူပြီးအပြန်တွင် အာကာဟိန်းက ဘွဲ့ဝတ်စုံကိုမချွတ်ဘဲငှားထားသည့်ကားကို ရွာအထိမောင်းစေခဲ့သည်။ ဓာတ်ပုံဆရာကိုပါ ကားနှင့်ခေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲတွင်လဲနေသောဦးဖိုးထိန်ရှေ့အထိ အရောက်သွားပြီး ...

"ဦးကြီး သား ဘွဲ့ရလာပြီလေ ဦးကြီး၊ ဦးကြီးမြင်ချင်တာ ဒီလို မဟုတ်လား ဦးကြီး၊ ဟောဒီမှာ သားရဲ့ဘွဲ့လက်မှတ်"

ဘွဲ့လက်မှတ်ကို ဦးဖိုးထိန်လက်ထဲ ထည့်လိုက်သည့်အခါ ဦးဖိုးထိန်သည် ရှုံ့နေသောနှုတ်ခမ်းများကို အတတ်နိုင်ဆုံးပြုံးကာ မျက်ရည်များ ဝဲလာလေ၏။

အာကာဟိန်းက ဦးဖိုးထိန်ကို အိပ်ရာပေါ်မှဆွဲထူ၍ ထိုင်စေကာ ဓာတ်ပုံအတူရိုက်သည်။ ဒေါ်ခြူးပွင့်ကိုပါ ခုတင်ပေါ်တွင်ထိုင်စေပြီး သားအမိ တူအရီးသုံးယောက်တွဲ၍ ဓာတ်ပုံရိုက်သည်။

ဦးဖိုးထိန်သည် အာကာဟိန်းကို သူမြင်ချင်သော ဘွဲ့ရပညာတတ် တစ်ယောက်အဖြစ် မြင်လိုက်ရ၍ ကျေနပ်ပျော်ရွှင်ကာ ပြုံးနေလေသည်။ နှုတ်မှစကားမပြောနိုင်သော်လည်း ... ဦးဖိုးထိန်မျက်လုံးများက စကားလုံး များစွာကို ပြောကြားနေလေသည်။

"သားရယ် ... မင်းဦးကြီး ပင်ပန်းနေပါပြီ၊ နားပါစေတော့"

ဦးဖိုးထိန်ကို အိပ်ရာပေါ်ပြန်လှဲပေးကာ နားစေလိုက်သည်။

ခဏအကြာတွင် ... ဦးဖိုးထိန်အိပ်ပျော်သွားလေသည်။

တူလေးအတွက် ရည်ရွယ်ချက်ကြီးခဲ့သော ဦးဖိုးထိန်သည် အာကာ ဟိန်းကို ဘွဲ့ဝတ်စုံဖြင့် မြင်လိုက်ရအပြီးတွင် သူ့ဆန္ဒများပြည့်ဝသွား၍ စိတ်ကိုလျှော့ချလိုက်ဟန် တူပါသည်။ အိပ်ရာမှပြန်၍ နိုးထမလာပါလေတော့။

လေးနှစ်တာမျှခံစားနေခဲ့ရသော ... လေဖြတ်ကိုယ်တစ်ပိုင်း သေ ဝေဒနာကြီးကိုကျော်ခိုင်းကာ တမလွန်သို့ ထွက်ခွာသွားခဲ့လေတော့ သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂ )

www.burmeseclassic.com

www.burmeseclassic.com

## ( ၁ )

ဒေါ်ခြူးပွင့်သည် အာကာဟိန်းပညာစုံပြီးနောက်တွင် သူမဘဝ အေးချမ်းသွားပြီဟု ထင်ခဲ့ပါသည်။ သားလေးကိုအိမ်ထောင်ရက်သားချ ပေးပြီးပါက ဒေါ်ခြူးပွင့်ကိုယ်တိုင်လည်း သေပျော်ပါပြီ။

ဘဝတစ်သက်တာမှာ ကြုံခဲ့လေသမျှ ပျော်ရွှင်ဖွယ်၊ ကျေနပ်ဖွယ်များ၊ နာကြည်းဖွယ်၊ ဝမ်းနည်းဖွယ်များအပေါ်တွင်လည်း ဥပေက္ခာ ပြုနိုင်ခဲ့ပြီ။ ဗုဒ္ဓတရား၏ အဆုံးအမအောက်တွင် ငြိမ်းချမ်းစွာဖြင့်တရားရှာ နေခဲ့ပါပြီ။

စိတ်ပုတီးတစ်ကုံးဖြင့် ဘုရားစင်ရှေ့တွင် အချိန်ကုန်နေခဲ့သော ဒေါ်ခြူးပွင့်။

သူမဘဝကို ငြိမ်းချမ်းပြီဟုပင် ဒေါ်ခြူးပွင့်က ထင်မြင်ခဲ့ပါ၏။

သို့သော် ဒေါ်ခြူးပွင့်အထင်အမြင်များက မှားယွင်းခဲ့လေသည်။

ပညာစုံ အရွယ်ရောက်လာသော အာကာဟိန်းသည် သူ၏ ဘဝ အရင်းခံကို စုံစမ်းမေးမြန်းလာခဲ့သည်။ ဦးကြီးဦးဖိုးထိန်ရှိစဉ်က ဦးကြီး ဆန္ဒအတိုင်း ဖခင်ရင်းဆိုသူအကြောင်းကို စိတ်မဝင်စားသယောင်ပြုထားခဲ့ သော အာကာဟိန်း။ တကယ်တော့ အာကာဟိန်းရင်ထဲမှာ ဖခင်ရင်းဆိုသူ ကို သိချင်မြင်ချင်စိတ်များ ငယ်စဉ်ကတည်းကပင် ရှိနေခဲ့ပါသည်။ ဦးကြီးကို

www.burmeseclassic.com



ကြောက်လို့သာ မျိုသိပ်ထားခဲ့ခြင်းဖြစ်သည်။ ဦးကြီးဦးဖိုးထိန် မရှိတော့သည့် အချိန်တွင် ... သူစိတ်ဝင်စားသော ဖခင်ရင်းအကြောင်းကို အာကာဟိန်း မေးလေတော့သည်။

"ကျွန်တော့်အဖေအရင်းက ဘယ်မှာလဲ အမေ၊ အခု ရှိသေးသလား"

ပထမဆုံးအကြိမ် ဖွင့်မေးစဉ်က ဒေါ်ခြူးပွင့်သည် ဘာစကားမျှ ပြန်မပြောနိုင်ဘဲ ... အာကာဟိန်းကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေခဲ့မိသည်။ သားနှုတ်က ဒီမေးခွန်းမျိုး ထွက်လာလိမ့်မည်ဟု ဒေါ်ခြူးပွင့် လုံးဝမျှော်လင့်မထားခဲ့ပါ။

"ကျွန်တော့်အဖေအရင်းကို ကျွန်တော်တွေ့ချင်တယ် အမေ၊ သူ ဘယ်မှာရှိသလဲ၊ ကျွန်တော့်ကိုပြောပါ အမေ"

"အာကာဟိန်း မင်းဘာဖြစ်လာတာလဲ၊ မင်း ဒီအရွယ်ရောက်မှ ဘာတွေစိတ်ကူးပေါက်ပြီး လျှောက်မေးနေတာလဲ ဟင်"

"ခုမှ စိတ်ကူးပေါက်တာမဟုတ်ပါဘူး အမေ၊ ကျွန်တော့်အဖေ တစ်နေရာမှာရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ကျွန်တော့်အဖေက သေသွားတာမှ မဟုတ်တာ၊ ဦးကြီးမကြိုက်လို့သာ ကျွန်တော်မမေးပဲ တစ်သက်လုံးမျိုသိပ်ထားခဲ့တာပါ အမေ၊ ကျွန်တော့်အဖေဟာ အခုထိ ရှိသေးသလား၊ ကျွန်တော် သူ့ကို တွေ့ချင်တယ်၊ မြင်ဖူးချင်တယ် အမေ"

"မင်းအဖေနာမည်က ကိုသစ်ဦးတဲ့၊ မင်းမှတ်ပုံတင်ထဲမှာ ပါသားပဲ၊ မင်းကျောင်းအပ်တော့လည်း အဖေနာမည် ဦးသစ်ဦး ဆိုပြီးအပ်ပေးခဲ့တာပဲလေ မင်းအဖေဟာ ဦးသစ်ဦးပေါ့သားရယ် ..."

"ဟုတ်ပါပြီ အမေ ... ဒါက နာမည်ပဲ၊ ဦးသစ်ဦးဆိုတာ ကျွန်တော့် အဖေနာမည်ပဲ အမေ၊ နာမည်သိရရုံနဲ့ ကျွန်တော် မကျေနပ်နိုင်ဘူး အမေ၊ အဖေ့ကို ကျွန်တော်မြင်ချင်တယ်၊ အဖေ အသက်ရှင်လျက် ရှိနေနိုင်ပါသေးတယ် အမေရယ် ... သူဘယ်မှာရှိတယ်သာ ကျွန်တော့်ကို ပြောပါ အမေ"

"ဘာ ... မင်းက သူ့ကိုသွားတွေ့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သွားတွေ့ဖို့မဟုတ်ပါဘူး အမေ၊ သွားကြည့်မှာပါ၊ အဖေဆိုတဲ့ လူရဲ့မျက်နှာကိုမြင်ရရုံ သွားကြည့်မှာပါ အမေ"

"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ အမေရဲ့၊ ကျွန်တော့်အဖေအသက်ရှင် လျက်ရှိသေးရင် ကျွန်တော် မြင်ခွင့်ရရမှာပေါ့၊ ပြောပါ အမေရယ် ... သူဘယ်မှာ ရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပါ"

"အာကာဟိန်း မင်း ငါ့ကို သတ်နေတာလား ဟင်၊ အမေ့ကို သေအောင်လုပ်နေတာလား၊ ဒီအကြောင်းတွေ ငါဖွင့်ပြောလို့မဖြစ်ဘူး ဘယ်နည်းနဲ့မှ မဖြစ်ဘူး"

"ကျွန်တော် အဆုံးစွန်ထိ တွေးထားပြီးသားပါ အမေ၊ သူဟာ ဘယ်လိုလူမျိုးပဲ ဖြစ်ဖြစ်ပါ၊ ကျွန်တော့်အဖေဟာ ဘယ်လိုလူမျိုးပဲ ဖြစ်ဖြစ်၊ လူဆိုးသူခိုးပဲဖြစ်ဖြစ်၊ အနူအဝဲပဲဖြစ်ဖြစ်၊ အဖေဟာ အဖေပါပဲ၊ အဖေ ရယ်လို့မရှိဘဲ ကျွန်တော် လူဖြစ်လာနိုင်တာမှမဟုတ်ပဲ အမေရယ် ကျွန်တော် နားလည်မှုရှိပါတယ်၊ ကျွန်တော့်အဖေအရင်းအကြောင်းကိုသာ ပြောပြပါ အမေ"

"အဖေအရင်း မင်းရဲ့အဖေအရင်း ဟုတ်လား အမလေး တော်ပါ တော့၊ တော်ပါတော့ အာကာဟိန်းရယ်၊ ငါ့ကို ရင်ကွဲအောင်မလုပ်ချင်ပါနဲ့ တော်ပါတော့၊ ဒီအကြောင်းကို ဆက်မမေးပါနဲ့တော့၊ အမေတောင်းပန်ပါ တယ်ကွယ်"

"အမေရယ် ..."

✠ ✠ ✠

ဒေါ်ချိုးပွင့်က မျက်ရည်လည်ရွှဲဖြင့် တောင်းပန်လိုက်သောကြောင့် သာ အာကာဟိန်း နှုတ်ဆိတ်သွားခြင်းဖြစ်ပါသည်။ လက်လျှော့သွားတာ တော့ မဟုတ်ခဲ့ပါ။

မကြာလှသည့်အချိန်တွင် နောက်တစ်ကြိမ်ထပ်မေးခဲ့ပြန်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အဖေ ဘယ်မှာလဲ၊ သူ ဘယ်မှာရှိနိုင်သလဲ၊ သူဟာ ဘယ်လိုလူစားလဲဆိုတာ ပြောပြပါအမေ"

"မပြောနိုင်ဘူး အာကာဟိန်း။ ငါမပြောနိုင်ဘူး။ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ ငါမပြောခဲ့ဘူး။ ပြောလို့လည်း မဖြစ်လို့ပါ သားရယ်၊ အမေ့ကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ငါ့သားရယ် အမေ့ကိုချစ်ရင် နောက် ဒီအကြောင်း မမေးနဲ့တော့နော် သား"

"အမေ မှားနေပြီ၊ ကျွန်တော့်အဖေအကြောင်း မေးတာ အမေ့ကို ချစ်လို့ပေါ့ အမေ၊ လူဆိုတာ အမေရှိသလို အဖေလည်း ရှိရတာပဲ၊ အဖေ မရှိဘဲနဲ့ လူဖြစ်လာလို့ ရတာမှမဟုတ်တာ အမေ၊ ကျွန်တော် ကျွန်တော့် အဖေအကြောင်းသိချင်တာ ဆန်းသလားအမေရယ်"

"ဒီမယ် အာကာဟိန်း မင်းဘဝဟာ တခြားလူတွေဘဝနဲ့ မတူဘူးကွယ့်၊ ဒီလိုပဲ အမေ့ဘဝဟာလည်း တခြားအမေတွေရဲ့ဘဝနဲ့ မတူခဲ့ပါဘူးကွယ်၊ မင်းဟာ အမေ့မိုက်ပြစ်ကြောင့် အဖေမပေါ်ဘဲမွေးလာ ရတဲ့ကလေးတစ်ယောက်ပါ၊ မင်းကို အဖေမပေါ်ဘဲ မွေးခဲ့ရတဲ့အတွက် အမေ မင်းကိုတောင်းပန်ပါတယ် ငါ့သား၊ ဒါတွေဟာ အမေ့မိုက်မဲမှုတွေကြောင့် ဖြစ်လာရတာပါ၊ အမေ့အမှားတွေပါ၊ ဒါပေမဲ့ အဖြစ်မှန်တွေကိုတော့ မသိချင်ပါနဲ့ သားရယ်"

"ကျွန်တော့်ကို အဖေမပေါ်ဘဲ မွေးခဲ့တယ်ဆိုတာ ကျွန်တော်သိပါ တယ် အမေ၊ ဒီအတွက် အမေ့ကို ကျွန်တော်အပြစ်မဆိုပါဘူး၊ အမေ့မှာ မဖြစ်သာတဲ့ အကြောင်းအရာတစ်ခုခုရှိမယ်ဆိုတာ ကျွန်တော်နားလည်လို့ ရပါတယ် အမေ၊ ကျွန်တော့်ကို အဖေမပေါ်ဘဲ မွေးခဲ့တဲ့အတွက် အမေ့ အပေါ်မှာ ကျွန်တော် စိတ်မခုပါဘူး၊ နားလည်လို့ရပါတယ် အမေရယ်"

"ဒါပေမဲ့ အမေဟာ မင်းအပေါ်မှာ မိခင်မေတ္တာအပြည့် ပေးခဲ့ ပါတယ်ကွယ်၊ အမေသာမကပါဘူး၊ မင်းရဲ့အဘွား၊ မင်းရဲ့ဦးကြီးတို့ကပါ မင်းအပေါ်မှာ မေတ္တာအပြည့်ပေးခဲ့တာ မင်းအသိပါငါ့သား၊ မင်းဦးကြီးဆို ဆိုရင် အမေ မင်းကိုကိုယ်ဝန်ရှိနေတာသိရတော့ အမေ့ကို သတ်မယ်ဖြတ်မယ် တောင် လုပ်ခဲ့တာပါ၊ ဒါပေမဲ့ မင်းမျက်နှာကို မြင်လိုက်ရတဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



မင်းဦးကြီး ဦးဖိုးထိန်ရဲ့ဒေါသတွေဟာ ပြေပျောက်သွားခဲ့ရတယ် ငါ့သား ဦးကြီး မင်းကို ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ မင်း အသိဆုံးပါလေ မင်းမှာ အဖေမရှိပေမယ့် အမေရယ်၊ အဘွားရယ်၊ ဦးကြီးရယ် သုံးယောက်ထားတဲ့ မေတ္တာတွေနဲ့ မင်းရှင်သန်ခဲ့ရတာပါ၊ အဖေဆိုတာကို မင်းတမ်းတနေစရာ မလိုပါဘူး အာကာဟိန်းရယ် ...''

"အမေရယ် ... အမေ့သားဟာ လူတစ်ယောက်ပါ အမေရယ်၊ လူတစ်ယောက်က သူ့ရဲ့မွေးသဖခင် ဘယ်သူလဲဆိုတာ သိချင်တာ ဆန်းသလားအမေ၊ အပြစ်ရှိသလား အမေ''

"အေး ... တခြားလူတွေအတွက် မဆန်းပေမယ့် ငါ့အတွက်တော့ ဆန်းနေတယ် အာကာဟိန်း၊ ဘာဖြစ်လို့လဲဆိုတော့ ... မင်းအဖေဘယ်သူ ဆိုတာကို ငါ ပြောမပြနိုင်လို့ပဲ၊ ပြောလို့မဖြစ်လို့ပဲ၊ အဲဒါ မြဲမြဲမှတ်ထားပါ၊ နောက် ဘယ်တော့မျှ ဒီမေးခွန်းကို မမေးပါနဲ့တော့ အာကာဟိန်း''

"အမေရယ် ...''

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၂ )

သားလေးကို ပေါက်ငမ်းပြောလိုက်မိပြီးမှ ... ဒေါ်ခြူးပွင့် စိတ်မကောင်းဖြစ်နေရသည်။

မတတ်နိုင်ပါ။ ဒေါ်ခြူးပွင့်အတွက် အာကာဟိန်းမေးလာသော မေးခွန်းအပေါ် ဖြေစရာအဖြေ မရှိပါပေ။

သူ့အဖေ ဘယ်သူလဲတဲ့လေ ...။

သားလေးရဲ့အဖေ ဘယ်သူလဲ ...။

အို ... ဒါတွေကို ဒေါ်ခြူးပွင့် ပြန်မတွေးချင်ပါ။ အတိတ်စာမျက်နှာတွေကို ပြန်မလှန်ချင်တော့ပါ။

ဒေါ်ခြူးပွင့်ရဲ့အတိတ်ဇာတ်ကြောင်းက တစ်ဖက်သားကို ပြန်ပြောပြဖို့နေနေသာသာ မိမိဘာသာပင် ပြန်တွေးလို့ကောင်းတဲ့အဖြစ်မျိုးမဟုတ်။

မပြောနိုင်ပါ။ ပြောလို့မဖြစ်ပါ။ သားလေးအာကာဟိန်း မွေးဖွားဖြစ်တည်လာပုံအကြောင်းကို ဘယ်နည်းနဲ့မျှ ဒေါ်ခြူးပွင့် ပြန်ပြောမပြနိုင်ပါ။

သို့သော် ...

အာကာဟိန်းက ခေါင်းမာစွာပင် အချိန်ရတိုင်း သူ့အဖေ အကြောင်းကို အခါခါအထပ်ထပ် မေးလာသည့်အခါတွင်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ တော်တော်ခေါင်းမာပါလား အာကာဟိန်း၊ မင်းအဖေ အကြောင်းကို ပြောမပြနိုင်ပါဘူးဆိုတာ ငါပြောထားပေမဲ့ ဒီမေးခွန်းကိုပဲ အထပ်ထပ်အခါခါ မေးနေပါလား"

"မေးပါရစေ အမေ ... ကိုယ့်အဖေအကြောင်း ကိုယ်မေးတာ ကျွန်တော့်မှာအပြစ်ရှိသလားအမေ၊ ကျွန်တော်မေးတာ အပြစ်မရှိသလို အမေ့မှာလည်း ပြောပြဖို့ တာဝန်ရှိပါတယ်အမေ"

"ငါက ပြောပြဖို့တာဝန်ရှိတယ် ဟုတ်လား"

"ဟုတ်ပါတယ် အမေ၊ အမေ ကျွန်တော့်ကိုပြောမပြပဲ မျိုသိပ် ထားတာကိုက အမေ့ဘက်က တာဝန်ပျက်ကွက်နေတာပါ၊ သားတစ်ယောက် ကို သူ့အဖေအကြောင်းပြောရမှာ ဘာများဝန်လေးစရာရှိလို့လဲ အမေရယ်"

ဒေါ်ခြူးပွင့်က အာကာဟိန်းမျက်နှာကို စူးစိုက်၍ကြည့်လိုက်လေ သည်။

"အာကာဟိန်း ... မင်းက မင်းအဖေအကြောင်း ပြောမပြလို့ အမေ့ကို တာဝန်မဲ့တယ်လို့ စွပ်စွဲတယ်ပေါ့ ... ဟုတ်လား"

"အမေ့ကို သား အပြစ်မတင်ချင်ပါဘူး အမေ၊ ကျွန်တော့်ဘက်က အဆိုးဆုံးအခြေအနေအထိ တွေးထားပြီးသားပါ၊ အမေ အဖေ့အကြောင်း ပြောပြဖို့ ဝန်လေးနေတာဘာဖြစ်လို့လဲ၊ ကျွန်တော် သိချင်တယ်၊ ဖြစ်ပြီး သမျှအကြောင်းတွေအတွက် ကျွန်တော်ဘယ်သူ့ကိုမျှ အပြစ်မတင်ပါဘူး အမေ၊ ဒါတွေဟာ ပြုပြင်လို့ရတဲ့အရာတွေလည်း မဟုတ်တော့ပါဘူး၊ ကျွန်တော် သိချင်တာက သိချင်ရုံသက်သက်ပါ၊ ကျွန်တော့်အဖေ ဘယ်သူလဲ၊ ဘယ်မှာလဲ ... အဲဒါပဲသိချင်တာပါ အမေရယ်"

"သေချာသလား သေချာသလား အာကာဟိန်း"

"အမေ ဘာကိုဆိုလိုတာလဲ အမေ"

"ဘယ်သူ့ကိုမျှ အပြစ်မတင်ပါဘူးဆိုတာလေ၊ မင်း ဒီအကြောင်း ကိုသိရပြီးတဲ့နောက်မှာ အပြစ်မတင်ဘဲနေနိုင်မယ်ဆိုတာ သေချာသလား"

"သေချာပါတယ် အမေရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါ့ရဲ့ နောက်ကြောင်းတွေဟာ ဆိုးဝါးလွန်းလို့ ငါ ကိုယ်တိုင်တောင် ပြန်မတွေးမိအောင် ထိန်းနေခဲ့ရတယ်၊ ဘယ်သူ့ကိုမျှ လည်း ပြောမပြဘူး၊ ငါသေတဲ့အထိ အဖြစ်မှန်တွေ တမလွန်ကို သယ်သွားမယ်လို့ ဆုံးဖြတ်ထားခဲ့တာပါ၊ မင်းက ခေါင်းမာလွန်းတော့ ... မေးလွန်းတော့လည်း ပြောရတော့မှာပေါ့လေ"

"ဟာ ... အမေ ... ဝမ်းသာလိုက်တာဗျာ၊ အမေ ကျွန်တော့် ကို ကျွန်တော့်အဖေအကြောင်း ပြောပြတော့မယ်ပေါ်နော်"

"ပြောပြပါတော့မယ်၊ ဒါပေမဲ့ ဝမ်းမသာပါနဲ့ဦး အာကာဟိန်းရယ် ငါ့စကားဆုံးတဲ့အခါမှာ မင်း ဝမ်းသာနိုင်တော့မှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲအမေရယ် ..."

"အမေပြောတဲ့အဖြစ်တွေ နားထောင်ပြီးရင် ... မင်း အမေ့ကို မုန်းသွားမှာသေချာတယ် ငါ့သား၊ အမေ့ကိုနာကြည်းမှာ၊ အထင်သေးမှာ လည်း အသေအချာပဲ၊ ဒါတွေကို ငါကြောက်လွန်းလို့ ငါ့တစ်သက်လုံး မျိုသိပ်ထားခဲ့တာပဲ၊ ဒါပေမဲ့ မင်းက ခေါင်းမာတယ်၊ မေးလွန်းမက မေးတော့ ပြောရတော့မှာပေါ့လေ၊ မသိမချင်း မင်း မေးနေမှာ မဟုတ်လား"

"ဟုတ်ပါတယ် ... ကျွန်တော့်အဖေအကြောင်းကို ကျွန်တော် မသိရမချင်း မေးနေမိမှာပဲ အမေရယ်"

"ကောင်းပါပြီ ... မင်းဟာ ခေါင်းမာတဲ့နေရာ၊ ကိုယ်လုပ်ချင်ရာကို မရမကလုပ်ချင်တဲ့နေရာမှာ ဖွဲမလျှော့ဘူးဆိုတာ အမေသိပါတယ်၊ တကယ် တော့ ဒါဟာလည်း အမေနဲ့တူတာပါလေ၊ မင်းကို အမေအရှုံး ပေးပါပြီ၊ အမေပြောတာတွေ နားထောင်ပြီးနောက်မှာ မင်း အမေ့ကိုမုန်းချင်လည်းမုန်းပါ စေတော့၊ အမေပြောပါတော့မယ်"

"အမေ့ကို ကျွန်တော်က ဘာလို့မုန်းရမှာလဲအမေရယ်"

"ဒါက ... ငါပြောမယ့်စကားတွေ နားမထောင်ရခင်မှာ ပြောတဲ့ စကားပါ အာကာဟိန်းရယ် ... ငါပြောပြမယ့်အဖြစ်တွေကို နားထောင် ကြည့်စမ်းပါဦး ... အဖြစ်အပျက်အားလုံးကို သိရတဲ့အချိန်မှာ ... မင်း အမေ့ကို ရွံ့မုန်းသွားမှာ သေချာပါတယ် ငါ့သားရယ်"

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



''အမေကလည်းဗျာ … မဟုတ်တာ၊ ကဲပါ … ကျွန်တော်ကြားချင်လှပါပြီ၊ အမေပြောပြမယ်လို့ ဆုံးဖြတ်ပြီးရင်လည်း ပြောပါတော့အမေ''

''ပြောပါတော့မယ်ကွယ် ပြောပါ့မယ်၊ ငါ့ရဲ့ဘဝကို အလောင်းအစားလုပ်ပြီး ပြောပြပါတော့မယ် အမေ့စကားဆုံးတဲ့အချိန်မှာ ငါ့သားအမေ့ကို စွန့်လွှတ်ရှောင်ပြေးမသွားပါစေနဲ့လို့ အမေဆုတောင်းပါတယ် ငါ့သားရယ်။

''ဇာတ်လမ်းကို စရရင်တော့ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်ကျော်က ဟောဒီရွာနေ ရန်ကုန်မြို့က သူဌေးအိမ်တစ်အိမ်မှာ အိမ်ဖော်လုပ်ဖို့ ထွက်သွားခဲ့တဲ့ မိန်းကလေးတစ်ယောက်က စရမှာပဲ၊ အဲဒီမိန်းကလေးကတော့ အဲဒီအချိန်တုန်းက အသက်၁၇နှစ်ပဲရှိသေးတဲ့။ မခြူးပွင့်ဆိုတဲ့ ဟောဒီကမင်းအမေပါပဲကွယ် …''

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၃ )

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

ပျော်သည်။ ပျော်သည်။ မခြူးပွင့် ပျော်လှပါသည်။

ရွာကထွက်လာပြီး ရန်ကုန်ရောက်ကတည်းက မခြူးပွင့်ပျော်ခဲ့သည်။ လှောင်ချိုင့်ထဲကလွတ်လာတဲ့ ငှက်ကလေးလို မခြူးပွင့် ပျော်နေခဲ့ပါသည်။

အိမ်ဖော်ပွဲစားဒေါ်ချောခေါ်ဆောင်မှုဖြင့် မခြူးပွင့်ရယ် သူတို့ရွာက မအေးကြည်ရယ် ... နှစ်ယောက်သား ရန်ကုန်ကို လိုက်ပါလာခဲ့ကြသည်။

ရန်ကုန်မရောက်ခင် လမ်းခရီးမှာ တွေ့ရကြုံရ မြင်ရကြားရတာတွေက ပင် မခြူးပွင့်အတွက် ထူးခြားလှပေပြီ။ မမြင်ဖူးတာတွေ မြင်ရသည်။ သူတို့တောအရပ်နှင့်ကွာခြားလှသော မြို့အရပ်ရှုခင်း ရှုကွက်များက မခြူးပွင့်ကို ရင်သပ်ရှုမော ဖြစ်စေခဲ့ပါသည်။

လောကကြီးဟာ အကျယ်ကြီးပါလားကွယ် ...

အသက်၁ရနှစ်အရွယ်အထိ "ရွာ"ဆိုတဲ့ဥခွံလေးထဲမှာ ကျင်လည်ခဲ့ရတဲ့ကာလတွေကိုပင် နမြောလိုက်ပါဘိတော့သည်။

ဒေါ်ချောက ရန်ကုန်ရောက်ရောက်ချင်း သူ့အိမ်မှာ နှစ်ညအိပ်ခိုင်းသည်။ သုံးရက်မြောက်နေ့ကျမှ မခြူးပွင့်တို့အလုပ်ဝင်ရမည့်အိမ်များကို လိုက်ပို့ပေးပါသည်။


www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ချောအိမ်မှာ နှစ်ရက်တည်းခိုနေစဉ်အတွင်း ဒေါ်ချောက မခြူးပွင့်နှင့် မအေးကြည်ကို ရွှေတိဂုံဘုရား၊ တိရစ္ဆာန်ရုံ၊ ငါးပြတိုက်၊ ကန်တော်ကြီးစသည့်နေရာများကို လိုက်ပို့ပေးပါသည်။ ဗီဒီယိုကားများထဲတွင်သာ မြင်ဖူးခဲ့သော ရန်ကုန်ရှုခင်းများကို မျက်ဝါးထင်ထင်မြင်ရသည့်အခါ မခြူးပွင့် ရော မအေးကြည်ပါ ရန်ကုန်လာရကျိုးနပ်လေခြင်းဟု ခံစားရလေ၏။

သုံးရက်မြောက်နေ့မှာတော့ ဒေါ်ချောက မခြူးပွင့်ကိုခေါ်ဆောင်ကာ မခြူးပွင့်အလုပ်လုပ်ရမည့် ဆရာဝန်လင်မယားအိမ်သို့ ပို့ဆောင်ပေးခဲ့လေတော့သည်။

✠ ✠ ✠

သူအလုပ်လုပ်ရမည်ဆိုတဲ့ အိမ်ကြီးရှေ့ကိုအရောက် အိမ်ကြီး၏ ခန်းနားကြီးကျယ်မှုကိုကြည့်ကာ မခြူးပွင့် အံ့အားသင့်သွားခဲ့လေသည်။

"ဒေါ်ချော ကျွန်မအလုပ်လုပ်ရမှာ ဒီအိမ်ကြီးလားဟင်၊ ဟယ်တော် ကြည့်စမ်း ကောင်းလိုက်တဲ့ တိုက်ကြီးရယ်နော်၊ ခြံကြီးကလည်း အကျယ်ကြီး ပါလား၊ ပန်းပင်တွေလည်း အစုံပဲနော် ဒေါ်ချော"

ဝင်းတံခါးအုတ်တိုင်တွင် မြှုပ်ထားသည့် လျှပ်စစ်လူခေါ် ခေါင်းလောင်းလေးကို နှိပ်နေသည့်ဒေါ်ချောကို မခြူးပွင့်က မေးနေခြင်း ဖြစ်သည်။

"တိတ်တိတ်နေစမ်းပါ ခြူးပွင့်ရယ် ... ကိုယ်နေရမယ့်အိမ်ရောက် နေပြီပဲဟာ ... ညည်းအဲဒီလို သိပ်စကားမများနဲ့ မစပ်စုနဲ့၊ ဒီအိမ်ရှင်တွေက လူကြီးလူကောင်းတွေ၊ ကြားလား"

ဒေါ်ချောစကားအဆုံးတွင် ... အမျိုးသမီးကြီးတစ်ယောက်ရောက် လာကာ တံခါးဖွင့်ပေး၏။

"ဒေါ်ချောပါလား ... ဒီကောင်မလေးကို လာပို့တာလား"

"ဟုတ်တယ် မတင့် ... မမထားရှိလား"

"ရှိပါတယ် ... လာ. လာ."

ဒေါ်တင့်ဆိုသူက တံခါးဖွင့်ပေး၍ ဒေါ်ချောနှင့်မခြူးပွင့်တို့ ခြံထဲ ဝင်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးထဲက ညှော်ခန်းထဲကိုအရောက်တွင် အိမ်ထဲမှထွက်လာသည့်တစ်စုံတစ်ယောက်ကို ထိုင်စောင့်ကြရ၏။

ကျယ်ဝန်းသောညှော်ခန်းမကြီးထဲမှ ဆိုဖာဆက်တီပေါ်ထိုင်ရင်း အခန်းထဲက အသုံးအဆောင်ပစ္စည်းများကိုငေးကြည့်ကာ မခြူးပွင့်အံ့သြနေရသည်။ ဒေါ်ချောက စကားမများနဲ့လို့ပြောထား၍ ဘာစကားမျှမပြောရဲ။ မေးလည်းမမေးရဲချေ။

ခဏနေတော့ ... ဒေါ်တင့်နှင့်အတူ ချောချောခန့်ခန့်အဘွားကြီးတစ်ယောက် ညှော်ခန်းထဲသို့ ရောက်လာလေသည်။

"မမထား ... နေကောင်းရဲ့လား"

ဒေါ်ချောက ထိုင်ရာမှထကာ အဘွားကြီးကို ရှိရှိသေသေနှုတ်ဆက်လိုက်လေ၏။ မခြူးပွင့်လည်း ဒေါ်ချောထလိုက်၍ ယောင်ပြီးမတ်တတ်ရပ်လိုက်မိသည်။

အဘွားကြီးက မခြူးပွင့်ကို စေ့စေ့စပ်စပ်ကြည့်လိုက်၏။

"မချောလာပို့တဲ့အိမ်ဖော်က ဒီမိန်းကလေးလား"

"ဟုတ်ပါတယ် မမထား"

"ရုပ်ကလေးကတော့ သန့်သားပဲ၊ သူ့မှာ မှတ်ပုံတင်တွေ ဘာတွေရော ပါရဲ့လား"

"ကျွန်မ ယူခိုင်းခဲ့ပါတယ် မမထား"

"အေး ... အေး ... ခုခေတ်က အိမ်ဖော်ဆိုပြီးလည်း ဒီတိုင်းထား မဖြစ်ဘူးဟဲ့၊ ညှော်စာရင်းတွေဘာတွေ တိုင်ထားရသေးတာ၊ မှတ်ပုံတင်ရှိမှ"

"ခြူးပွင့် ... ညည်းမှတ်ပုံတင် ထုတ်ပေးလိုက်"

"နေပါဦး ညနေမှ မောင်နိုင်ကြီးကို ညှော်စာရင်းတိုင်ခိုင်းရမယ်၊ အဲဒီကျမှ ပေးလိုက်၊ ဒါနဲ့ ... နာမည်က ဘာတဲ့"

"ခြူးပွင့် ... မခြူးပွင့်လို့ခေါ်ပါတယ် မမထား"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... နာမည်လေးက ဆန်းလည်းဆန်းတယ်၊ ဗမာလည်း ဆန်တယ်ဟော့၊ တယ်မှည့်တတ်ပါလား"

ဒေါ်ချော မမထားဟုခေါ်သည့် အဘွားကြီးက မခြူးပွင့်ကို ပြုံးကြည့်ရင်း ပြောလိုက်သည်။

"အေးလေ ... တို့အိမ်မှာ နေကြည့်ဦးပေါ့ ခြူးပွင့်ရယ် အိမ်ဝေယျာဝစ္စက သိပ်အများကြီး မဟုတ်ပါဘူး၊ ဟောဒီ မတင့်လည်း ရှိနေသေးတာပဲ၊ အလုပ်ကို မျှတပြီး လုပ်ကြပေါ့၊ တို့အိမ်က အိမ်သား လေးယောက်တည်း ရှိတာပါ"

မခြူးပွင့်က ခေါင်းညိတ်ပြလိုက်သည်။ အဘွားကြီးအရှိန်အဝါကို လန့်သလိုဖြစ်နေကာ "ဟုတ်ကဲ့"ဟု နှုတ်မှ ပြောမထွက်ပဲ ဖြစ်နေ၏။

"ဪ ... မချောကို ပွဲခပေးရဦးမှာပဲ၊ ခဏနော် ... မချော"

အဘွားကြီးက အခန်းထဲ ပြန်ဝင်သွားလေသည်။

မခြူးပွင့်က ဒေါ်ချောအနားတိုးကပ်ကာ မေးလိုက်သည်။

"အဲဒါ ဆရာဝန်မကြီးလား ဒေါ်ချော"

"မဟုတ်ဘူး ဆရာဝန်မကြီးရဲ့ အစ်မ၊ ဒေါ်ထားထားခင်တဲ့၊ နောက်တော့ မတင့်က ဒီအိမ်ကလူတွေအကြောင်း ညည်းကိုပြောပြပါလိမ့် မယ်အေ ..."

"ဟုတ်ကဲ့ပါ"

ဒေါ်ထားထားခင် ပြန်ထွက်လာကာ ဒေါ်ချောကို ပွဲခတစ်ထောင် ပေးလိုက်သည်။

"မတင့်ရေ ... ဒီမိန်းကလေးကိုခေါ်သွားပြီး နေရာချပေးလိုက်ပါ၊ မတင့်နဲ့ တစ်ခန်းတည်း အတူတူနေကြပေါ့"

"ဟုတ်ကဲ့ပါ မမထား၊ မခြူးပွင့် ... လာ ... အဒေါ်နဲ့လိုက်ခဲ့"

မခြူးပွင့်က ပါလာသော လက်ဆွဲအိတ်ကလေးကိုဆွဲကာ ဒေါ်တင့် နောက်မှ လိုက်သွားဖို့ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

အိမ်ထဲသို့ လူတစ်ယောက်ဝင်လာသည့်အတွက် အားလုံးပင် အိမ်ပေါက်ဝကို လှည့်ကြည့်လိုက်မိကြ၏။

"ဟင် ..."

အိမ်ထဲဝင်လာသူကို မြင်လိုက်ရသည့်တွင် မခြူးပွင့်ရင်များ ပေါက်ကွဲ မတတ်တုန်လှုပ် သွားရပါလေ၏။

ကိုကိုလေးကိုမြင်စကတည်းကပင် ခံစားခဲ့ရသော မခြူးပွင့်၏ ခံစားမှုပင် ဖြစ်ပါတော့သည်။

ဝင်လာသူက အရပ်မြင့်မြင့်၊ ရုပ်ချောချော။ ရုပ်ချောသည်ဆိုတာ ထက် သူ့ရုပ်ရည်က ယောကျ်ားပီသကာ ဆွဲဆောင်မှုရှိလှသောရုပ်ရည် မျိုးဖြစ်ပါသည်။

"ဟော ... သားငယ် ပြန်လာပြီ"

ဒေါ်ထားထားခင်က ဝင်လာသောလူရွယ်ကို ကြည့်၍ပြောလိုက် သည်။

"ဘာလုပ်နေကြတာလဲ ကြီးကြီး"

လူရွယ်ကလည်း ဧည့်ခန်းထဲမှလူများကိုကြည့်ကာ ပြန်မေးလိုက် လေသည်။

"ဩော် ... အိမ်ဖော်လာပို့တာလား"

လူရွယ်က ဒေါ်ချောကိုမြင်သွားကာ ပြောလိုက်လေသည်။

တစ်ဆက်တည်း မခြူးပွင့်ကိုလှည့်ကြည့်ကာ ပြောလိုက်လေသည်။

"ဟော့ ... နင် ငါ့အကျႌကို မီးပူကောင်းကောင်း တိုက်တတ်ရင် နင့်ကို မုန့်ဖိုးသပ်သပ်ပေးမယ် သိလား"

"အို ..."

သူပြောသွားသောစကားကို မခြူးပွင့် နားမလည်လိုက်ပါ။

သူကလည်း ထိုစကားကိုပြောပြီး အိမ်အတွင်းဘက်သို့ ဝင်သွား လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မခြူးပွင့် ရင်ခုန်လှုပ်ရှားရင်း ကျန်ခဲ့ရလေသည်။

''ခြူးပွင့် ... လာလေ''

ဒေါ်တင့်ခေါ်လိုက်မှပင် ဒေါ်တင့်နောက်သို့ လိုက်သွားမိတော့သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၂ )

ဒေါ်တင့်က မခြူးပွင့်ကို နောက်ဖေးဘက်သို့ ခေါ်သွားသည်။ ထမင်းစားခန်း၊ မီးဖိုခန်းများကို တွေ့ရပါသည်။ ထမင်းစားခန်းနှင့်ကပ်ရက် အခန်းလေးကို တံခါးဖွင့်၍ ဒေါ်တင့်က ဝင်လိုက်သည်။

"ငါနေတာ ဒီအခန်းပဲ၊ နင်လည်း ငါနဲ့အတူတူနေရမှာ၊ နှစ်ယောက်အတွက်ဆို အခန်းက ကျယ်ပါတယ်၊ ရွာပြန်သွားတဲ့ မသန်းမြင့်လည်း ဒီမှာပဲ ငါနဲ့အတူတူနေသွားတာ"

"မသန်းမြင့်ဆိုတာက"

"နင့်ရှေ့က အိမ်ဖော်လေ ရွာပြန်သွားတာ ခြောက်လလောက်ရှိပြီ"

"သြော် ..."

မခြူးပွင့်က သူ့လက်ဆွဲအိတ်လေးကို ကြမ်းပြင်ပေါ် ချလိုက်သည်။

အခန်းမှာ နှစ်ယောက်နေသာသော်လည်း အခန်းထဲမှာ ခုတင်မရှိပေ။ နံရံတစ်ဖက်တွင်ကပ်၍ ဖျာတစ်ချပ်ပေါ်တွင် ခေါက်သိမ်းထားသော အိပ်ရာတစ်ခုကို တွေ့ရသည်။ အိပ်ရာခြေရင်းတွင် ခပ်လတ်လတ် သံသေတ္တာတစ်လုံး။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပျဉ်၊ သနပ်ခါးတုံးများနှင့်အတူ မှန်တစ်ချပ်ကို ခေါင်းရင်းဘက်နံရံတွင် ထောင်ထားတာတွေ့ရသည်။

"ငါက ဒီဘက်မှာနေတာ၊ မသန်းမြင့်အိပ်သွားတဲ့ အိပ်ရာကို ခေါက်သိမ်းထားတယ်၊ အဲဒါကိုပဲ နင်သုံးပေါ့၊ စိတ်မသန့်ရင်လည်း လျှော်ပြီးမှသုံး၊ နင်က ဟိုဘက်ထောင့်မှာ ကပ်အိပ်လိုက်လေ၊ ကျယ်ပါတယ်"

"ဟုတ်ကဲ့ ... အခန်းက အကျယ်ကြီးပါ"

"လာ ... လာ ... အဲဒါတွေကနောက်မှလုပ်၊ လောလောဆယ်ကိုကိုလေးကို ထမင်းကျွေးရမယ်၊ ကိုကိုလေးက ထမင်းစားပြီးရင်ကျောင်းပြန်သွားရမှာ"

ဒေါ်တင့်ကပြောရင်း ... အခန်းအပြင် ပြန်ထွက်သွားသည်။

"ကိုကိုလေးဆိုတာ ... ဟို ... ဟို ... ခုနတုန်းက ..."

"ဟုတ်တယ်လေ ... သစ်လွင်ဟိန်းတဲ့"

"သစ်လွင်ဟိန်း ..."

"သူက ဆေးကျောင်းသား၊ ဆေးကျောင်းတက်နေတာ၊ ထမင်းစားပြီးရင် ကျောင်းပြန်သွားရမယ်"

ဒေါ်တင့်က သစ်လွင်ဟိန်းအတွက် ထမင်းပွဲပြင်ရန် မခြူးပွင့်ကို ညွှန်ကြား ပြသနေသည်။

"ပထမဆုံး နင့်လက်ကို စင်အောင်ဆေးလိုက်ဦး၊ သူတို့က သန့်မှုပြန့်မှု ကြိုက်တာနော်၊ ပြီးရင်... ပန်းကန်စင်ပေါ်က တိုက်ပန်းကန်ပြားတစ်ချပ်ကို စားပွဲပေါ်သွားချ၊ ဟင်းတွေကို ငါ ခူးခပ်ပေးမယ်၊ နောင်နင့်ဟာနင်လုပ်တတ်အောင် ကြည့်ထား"

ဒေါ်တင့်နှင့်မခြူးပွင့်တို့ ထမင်းပွဲပြင်နေစဉ် ဒေါ်ချောမီးဖိုခန်းထဲဝင်လာလေသည်။

"ခြူးပွင့် ငါပြန်မယ်၊ မတင့်စကားကို နားထောင်၊ မတင့်က ဒီအိမ်မှာ နေလာတာကြာပြီ၊ ကြားလား"

"ဟုတ်ကဲ့ပါ ဒေါ်ချော"



www.burmeseclassic.com

www.burmeseclassic.com



ရွာကခေါ်လာခဲ့တဲ့ဒေါ်ချောက သူမကိုထားခဲ့ပြီး ပြန်တော့မယ်ဆိုတော့ ... မခြူးပွင့် အားငယ်ဝမ်းနည်းသွားမိသည်။

"ဒေါ်ချော ... ခြူးပွင့်ဆီ လာခဲ့ဦးမှာ မဟုတ်လားဟင်"

"တစ်လပြည့်ရင် ညည်းအဆင်ပြေမပြေ ငါလာမေးပါ့မယ်အေ၊ ရော့- ရော့- အရေးအကြောင်းရှိရင် ဖုန်းဆက်ဖို့ ငါ့ဖုန်းနံပါတ်ယူထား၊ အဲဒါ လမ်းထိပ်စတိုးဆိုင်က ဖုန်း၊ ဒေါ်ချောကိုခေါ်ပေးပါဆိုရင် သူတို့ခေါ်ပေးတယ်"

"ခြူးပွင့်မှ ဖုန်းမဆက်တတ်တာ ဒေါ်ချောရယ်"

"အို ... ဒီအိမ်မှာ ဖုန်းရှိတာပဲ၊ အရေးရှိ ဆက်ရတာပေါ့အေ"

မခြူးပွင့်က ဒေါ်ချောပေးသော စာရွက်ပိုင်းလေးကို ယူထားလိုက်သည်။

"ငါလည်း မကြာမကြာလာပါ့မယ်၊ ညည်းအဆင်ပြေအောင်သာနေ၊ ဒီအိမ်ကလူတွေက သဘောကောင်းကြပါတယ်၊ မတင့် ... ခြူးပွင့်မလိမ္မာတာရှိလည်း ဆုံးမပါနော်"

"စိတ်ချပါ မချော၊ ကလေးမလေးကို ကျွန်မ ခင်ပါတယ်၊ သူလည်း ဒီအိမ်မှာ ပျော်မှာပါ"

"ဒါဖြင့် ကျွန်မပြန်မယ်၊ ငါပြန်မယ် ခြူးပွင့်ရေ ..."

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

# ( ၃ )

ခဏနေတော့ ... ကိုကိုလေးသစ်လွင်ဟိန်းရောက်လာကာ ထမင်းစားသည်။

"ခြူးပွင့် နင် ကိုကိုလေးနားမှာနေ၊ လိုတာလုပ်ပေး၊ ငါ ဝက်သား ပြုတ်ထားတာ ကြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ဒေါ်တင့်"

သစ်လွင်ဟိန်းက ထမင်းစားရန် စားပွဲမှာ ထိုင်လိုက်သည်။

ထိုင်ပြီးပြီးချင်း စားပွဲပေါ်က လက်သုတ်ပဝါလေးကိုဖြန့်ကာ ခပေါင်ပေါ်တင်လိုက်သည်ကို မခြူးပွင့်က အံ့သြစွာ ငေးကြည့်နေမိ၏။

"ဟောဒီမှာ လက်ဆေးရေပါရှင့်"

မခြူးပွင့်က ဇလုံအဖြူဖြင့်ခပ်ထားသော ရေဇလုံကို ရှေ့တိုးပေးချင်း ပြောလိုက်သည်။

သစ်လွင်ဟိန်းက မခြူးပွင့်ကို မျက်ခုံးပင့်ကြည့်ရင်း ပြုံးလိုက်၏။

"ဒေါ်တင့်ရေ ... ဒေါ်တင့် ... ဖွန်းခက်ရင်း ချမထားပါလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုခန်းထဲမှဒေါ်တင့်ပြေးထွက်လာသည်။

"ဟင် ... အို.. ခြူးပွင့်၊ နင် ဖွန်းခက်ရင်း ဘာလို့ချမထားတာလဲ"

"ရှင် ... ဖွန်းခက်ရင်း ... ခြူးပွင့်မှ မသိပဲ၊ ခြူးပွင့်က လက်ဆေးဖို့ရေ ရေဇလုံချပေးထားတယ်လေ"

"အို ... ခက်တော့တာပဲ၊ ဒေါ်တင့်မပြောမိလို့ပါ ကိုကိုလေးရယ်၊ သူသိမယ်မှတ်လို့၊ ခဏနေဉ်"

ဒေါ်တင့်က ဖွန်းခက်ရင်း တစ်စုံကိုပြေးယူ၏။

"နောက်ဆို မှတ်ထား၊ ဒီအိမ်ကလူတွေက ထမင်းစားရင် ဖွန်းခက်ရင်းနဲ့ပဲ စားတယ်၊ ကြားလား ခြူးပွင့်"

"ဟုတ်ကဲ့"

"သူ့ကိုမဆူပါနဲ့ဒေါ်တင့်ရယ် သူမသိလို့ပဲ၊ လက်ဆေးဖို့ ရေဇလုံတော့ ချထားပေးသားပဲ၊ သွား ... သွား ... ဒေါ်တင့်လုပ်စရာရှိတာ လုပ်"

သစ်လွင်ဟိန်းက ပြုံးပြုံးရယ်ရယ်ဖြင့်ပင် ပြောလိုက်၏။

"နင့်နာမည်က ဘယ်သူ"

"ခြူး ... ခြူးပွင့်ပါ ကိုကိုလေး"

"ခြူးပွင့် ... နာမည်ကအဆန်းပါလား၊ မြို့သူတွေထက်တောင် မိုက်သေးတယ်"

"အို ... မဟုတ်တာ၊ ခြူးပွင့်ဆိုတာ တောနာမည်ကြီးပါ"

"ဒါဖြင့် ... နင် တောကလာတာပေါ့၊ ဘယ်မြို့ကလဲ"

"ပန်းတောရွာကပါ"

"မဟုတ်ဘူးလေ ... ငါမေးတာ အဲဒီပန်းတောရွာရှိတဲ့မြို့"

"မိတ္ထီလာမြို့ပါ"

ကိုကိုလေးက ထမင်းစားရင်း မခြူးပွင့်ကို စကားတွေမပြတ်ပြော နေသည်။ သူသိချင်တာတွေ မေးနေ၏။ ကျောင်းဘယ်နှစ်တန်းအထိ နေဖူး



www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတာလည်း ပါသည်။ ညီအစ်ကိုမောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ ဆိုတာလည်းပါသည်။ မခြူးပွင့်က သစ်လွင်ဟိန်းမေးသမျှကို တစ်ခွန်းချင်း ပြန်ဖြေနေရ၏။

အစပိုင်းတွင် သစ်လွင်ဟိန်းကို ကြောက်သလိုလို ဖြစ်နေသော်လည်း သူက ရင်းရင်းနှီးနှီးဖြင့် စကားတွေပြောနေသည့်အခါ မခြူးပွင့် ကြောက်ရွံ့စိတ်တွေပျောက်သွားလေသည်။ သူ့ကိုလည်း ခင်မင်သွားမိလေတော့သည်။

ထမင်းစားပြီးအထတွင် သစ်လွင်ဟိန်းက မေးလိုက်ပြန်၏။

"ခြူးပွင့် ... နင် မီးပူကောင်းကောင်း တိုက်တတ်သလား"

"ရှင် ... ဟုတ်ကဲ့၊ တိုက်တတ်ပါတယ် ကိုကိုလေး"

"ယောက်ျားရှပ်အင်္ကျီကိုလေ၊ တိုက်ဖူးသလား"

"ဟုတ်ကဲ့"

"အေးဟာ ဒေါ်တင့်မီးပူတိုက်တာ အဆင်မပြေလို့၊ နင်ကောင်းကောင်း တိုက်ပေးစမ်း၊ နင်လုပ်တာအဆင်ပြေရင် နင့်ကို မုန့်ဖိုးပေးမယ် သိလား"

ပြောအပြီးတွင် သစ်လွင်ဟိန်းက ထမင်းစားခန်းထဲမှ ထွက်သွားလေ၏။

မီးပူအကြောင်းကို ကိုကိုလေးပြောတာ နှစ်ခါရှိသွားပြီ။ ဘာများအရေးကြီးလို့ပါလိမ့်။

✠ ✠ ✠

ပန်းကန်တွေဆေးအပြီးတွင် မခြူးပွင့်က ဒေါ်တင့်ကို မေးကြည့်လိုက်၏။

"ကိုကိုလေးက ခြူးပွင့်ကို မီးပူတိုက်တတ်သလားတဲ့၊ စတွေ့တုန်းကတစ်ခါ၊ အခုတစ်ခါထပ်မေးတယ်၊ ဘာဖြစ်လို့လဲဟင် ဒေါ်တင့်"

ဒေါ်တင့်က မျက်နှာကို မဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပေါ့ ဒီလို၊ အရင်တုန်းက မီးပူကို မသန်းမြင့် တိုက်ပေးနေကျ၊ မသန်းမြင့်ထွက်သွားတော့ ငါတိုက်ပေးရတာပေါ့အေ၊ ငါက ယောကျ်ားရှပ်အင်္ကျီကို ကောင်းကောင်းမီးပူမတိုက်တတ်ဘူးအေ့"

"ဘာခက်လို့လဲ ဒေါ်တင့်ရယ်"

"မခက်ဘူးထင်ရင် နင် တိုက်ကြည့်လေ၊ ယောကျ်ားရှပ်အင်္ကျီကို မီးပူတိုက်ရင်းက ဟိုဘက်ဒီဘက်အချိုးညီအောင် ငါမခေါက်တတ်ဘူးအေ့၊ ရှပ်အင်္ကျီကို နောက်ပြန်ထားပြီးခေါက်ရတာ၊ ရှေ့ဘက်ကို ပြန်လှည့်လိုက်ရင် ခေါက်ရိုးက ဘယ်တော့မှ မညီဘူး၊ တစ်ဖက်ဖက်ကို ကပ်နေတာချည်းပဲ၊ အဲဒီတော့ အင်္ကျီဝတ်တဲ့အခါမှာလည်း ခေါက်ရိုးကြောင်းက မညီတော့ဘူးလေ၊ ကိုကိုလေးက အင်္ကျီဝတ်တိုင်း တကျက်ကျက်နဲ့ ငါ့ကို ပြောဆိုနေတော့တာပဲအေ၊ အဲဒါကြောင့် ... နင့်ကို မီးပူကောင်းကောင်း တိုက်တတ်လားလို့ သူကမေးတာပေါ့"

"ဒါများ ဒေါ်တင့်ရယ် ... ချူးပွင့်က ရွာမှာ အစ်ကိုကြီးအင်္ကျီတွေကို မီးပူတိုက်ပေးနေကျပါ၊ ကောင်းကောင်းတိုက်တတ်ပါတယ်"

"ဒါဆိုရင် မီးပူတိုက်တဲ့တာဝန် နင်ပဲယူလိုက်တော့"

"ဒေါ်တင့် ကိုကိုလေးကို ကိုကိုလေးလို့ ဘာလို့ခေါ်ရတာလဲ ဟင် ကိုကိုကြီးဆိုတာ ရှိသေးလို့လားဟင်"

"အေး ... ရှိတယ်၊ ဒါပေမဲ့ ဒီမှာမဟုတ်ဘူး၊ ကိုကိုကြီးက နိုင်ငံခြားမှာ ကျောင်းသွားတက်နေတာ၊ ကိုကိုကြီးနာမည်က ဇာနည်ဟိန်းတဲ့၊ ကိုကိုလေးနာမည်က သစ်လွင်ဟိန်း"

"ကိုကိုလေးက ဆေးကျောင်းသားဆို"

"ဟုတ်တယ် ဆေးကျောင်းတက်နေတာ လေးနှစ်လားရှိပြီ၊ ငါဒီအိမ်ရောက်တဲ့နှစ်ကတည်းကပေါ့၊ ငါဒီအိမ်ရောက်တဲ့နှစ်မှာ ကိုကိုလေး ဆယ်တန်းအောင်တာပဲ၊ ငါဒီအိမ်ရောက်တာတောင် ငါးနှစ်ထဲဝင်ပြီအေ့"

"ကိုကိုလေးက ဆေးကျောင်းသားဆိုတော့ စာတော်လို့ပါနော်၊ အဖေနဲ့အမေကလည်း ဆရာဝန်တွေဆို၊ ဟို ... ဒေါ်ထားထားဆိုတာကရော



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုတော်တာလဲဟင် ခြူးပွင့်စပ်စုတာမဟုတ်ဘူးနော် ဒေါ်တင့်၊ ဒီအိမ်မှာနေရတော့မှာဆိုတော့ ဒီအိမ်ကလူတွေအကြောင်း သိထားဖို့လိုလို့ပါ"

"အေးပါ ... ငါကလည်းပြောပြမလို့ပါ၊ ဒီလိုအေ့ ဆရာဝန်လင်မယားနှာမည်က ဒေါက်တာမင်းဟိန်းနဲ့ ဒေါက်တာသက်သက်ခင်တဲ့၊ နှစ်ယောက်စလုံး အထူးကုဆရာဝန်ကြီးတွေပေါ့၊ အလုပ်သိပ်များတာ၊ ဆေးရုံကြီးမှာလည်း လုပ်တယ်၊ အလုပ်ချိန်ပြီးရင် အပြင်ဆေးခန်းတွေမှာလိုက်ထိုင်သေးတာ၊ ညမိုးချုပ်မှပဲ အိမ်ပြန်ရောက်ကြတယ်၊ နင်တွေ့ခဲ့တဲ့ဒေါ်ထားထားခင်က ဒေါက်တာသက်သက်ခင်ရဲ့ အစ်မလေ၊ အပျိုကြီး၊ သူတို့တွေကို သိပ်ချစ်တာ၊ မမထားရှိနေလို့သာပဲလေ အဖေရောအမေရောကအလုပ်တွေများပြီး သားနှစ်ယောက်ကို လှည့်ကြည့်နိုင်တာမှ မဟုတ်တာ၊ ဒီအိမ်မှာ အဓိကအကျဆုံးလူကတော့ ဒေါ်ထားထားခင်ပဲ၊ နင် မမထားကိုကြီးကြီးလို့ပဲခေါ်နော်၊ ငါကတော့ အသက်ချင်းသိပ်မကွာလို့ မမထားလို့ပဲခေါ်နေတာ"

"ဟုတ်ကဲ့ပါ ဒေါ်တင့်၊ ဒီအိမ်ကလူတွေက သိပ်တော်ကြတာပဲနော်၊ လင်မယားနှစ်ယောက်စလုံးကလည်း ဆရာဝန်တွေ၊ ကိုကိုလေးကလည်း ဆေးကျောင်းသား၊ ဇာနည်ဟိန်းဆိုတဲ့ ကိုကိုကြီးကရောဟင် နိုင်ငံခြားမှာဆေးကျောင်းသွားတက်နေတာလား"

"ဆေးကျောင်းတော့ မဟုတ်ဘူးအေ့၊ ဘာဆိုလားပဲ၊ စီးပွားရေးနဲ့ပတ်သက်တာဆိုလား၊ ငါလည်း နားမလည်ပါဘူးအေ"

"အင်းပေါ့လေ.. ခြူးပွင့်တို့လိုအိမ်ဖော်အဆင့်က သူတို့ပညာရပ်တွေကို ဘယ်နားလည်မှာလဲ"

"ဒါပေမဲ့ ဒီအိမ်ကလူတွေက စိတ်ထားကောင်းကြတယ် ခြူးပွင့်၊ ပိုက်ဆံချမ်းသာပြီး ပညာတတ်ပေမဲ့ အဆင့်အတန်းမခွဲဘူး၊ အိမ်ဖော်တွေကို အလုပ်သမားတစ်ယောက်လိုပဲ ဆက်ဆံတယ်၊ မမထားက ပြောဖူးတယ်၊ နင်တို့က ငါတို့လိုအပ်ချက်ကိုလာပြီး ဖြည့်ဆည်းပေးနေတဲ့ အလုပ်သမားတွေတဲ့၊ တို့မလုပ်နိုင်တဲ့အလုပ်ကို တို့အတွက်လုပ်ပေးနေကြတာတဲ့၊ အိမ်ဖော်ဆိုတာ အနိုင်းအစေမဟုတ်ဘူးတဲ့၊ အိမ်အလုပ်သမားတဲ့ သူတို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒါတို့ကို အဆင့်အတန်းမခွဲတဲ ဆက်ဆံမယ်တဲ့၊ ငါတို့ဘက်ကလည်း အလုပ်ကို ရိုးရိုးသားသား စေတနာပါပါလုပ်ကြပါတဲ့၊ ပြောဖူးတယ်အေ့''

''ဪ ...''

''တချို့သူဌေးအိမ်တွေဆိုရင် အိမ်ဖော်တွေကို သိပ်အဆင့်အတန်းခွဲတာ နှိမ်တာပဲ ခြူးပွင့်ရဲ့၊ ငါ ဒီအိမ်မရောက်ခင်က သူဌေးအိမ်တစ်အိမ်မှာ နေခဲ့ဖူးသေးတယ်၊ နင်ရောက်လာတော့ ညှိခန်းထဲကဆိုဖာပေါ်မှာ မထားကို ထိုင်စောင့်နေပါရော၊ အဲဒါမျိုး ဘယ်လုပ်လို့ရမလဲအေ၊ အိမ်ဖော်တို ညှိခန်းထဲကကုလားထိုင်မှာ အထိုင်မခံဘူး၊ ကြမ်းပြင်ပေါ်မှာပဲထိုင်ရတာ၊ ထမင်းစားတော့လည်း သူတို့အတွက်က ဆန်အကောင်း၊ အိမ်ဖော်တွေအတွက်က ဆန်အညံ့ကို သပ်သပ်အိုးတစ်လုံးနဲ့ချက်ရတာ''

''ဟယ် ...''

''ဒီအိမ်မှာကတော့ စားတာသောက်တာ တစ်အိုးတည်းအတူတူပဲလေ သူတို့စားသလိုပဲ အိမ်ဖော်တွေကို ကျွေးတယ်''

''ဒါဖြင့် ခြူးပွင့်ဒီအိမ်ရောက်လာတာ ကံကောင်းလို့ပေါ့နော် ဒေါ်တင့်''

''ဒါပေါ့အေ ...''

ဒေါ်တင့်နှင့် မခြူးပွင့်တို့ စကားကောင်းနေကြစဉ် အိမ်နောက်ဖေးပေါက်မှ လူတစ်ယောက်ဝင်လာသည်ကို တွေ့လိုက်ရ၏။

''ဒေါ်တင့် ထမင်းမကျွေးသေးဘူးလားဗျ၊ အော်ခေါ်မယ်ထင်လို့ စောင့်နေတာ၊ ဟင် ... သူက ...''

ဝင်လာသည့်လူရွယ်က ဒေါ်တင့်ကိုပြောလိုက်ရာမှ မခြူးပွင့်ကို အမြင်တွင် စကားသံတန့်သွားလေသည်။

''ဪ ... နိုင်ကြီး၊ ဒီမှာ အသစ်ရောက်လာတဲ့ အိမ်ဖော်လေ၊ ဟုတ်ပါရဲ့ဟယ် သူနဲ့စကားကောင်းနေတာနဲ့ နင့်ကိုထမင်းစားခေါ်ဖို့ မေ့သွားတာဟေ့''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင့်က ထမင်းစားခန်းထဲတွင် ချိတ်ထားသောတိုင်ကပ်နာရီကို လှမ်းကြည့်လိုက်သည်။

"ဟုတ်ပါရဲ့ ၁၂နာရီတောင် ထိုးနေပါရောလား၊ . ဆာရှောပေါ့ ခြူးပွင့်ရေ ငါတို့ထမင်းစားကြစို့"

"သူက ဒီနေ့မှရောက်လာတာလား ဒေါ်တင့်"

"ဟုတ်တယ်လေ မချောလာပို့သွားတာ၊ သူ့နာမည်က ခြူးပွင့်တဲ့"

"ခြူးပွင့် ..."

"ခြူးပွင့်ရေ. နိုင်ကြီးက ဒရိုင်ဘာလေ၊ သူက ဟောဟိုမှာ မြင်နေရတဲ့တန်းလျားလေးမှာ နေတယ်၊ ထမင်းစားတော့ တို့နဲ့အတူတူ လာစားတာလေ၊ နင်နဲ့စကားကောင်းနေတာနဲ့ နိုင်ကြီးကို ထမင်းစားခေါ်ဖို့ မေ့သွားတာဟော့"

"ကျွန်တော့်နာမည်က နိုင်ဦးပါ မခြူးပွင့်"

နိုင်ကြီးဆိုသူက သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

"အေး ... ဟုတ်တယ်ဟဲ့ သူ့နာမည်က နိုင်ဦး၊ ငါတို့က နိုင်ကြီးလို့ ခေါ်တာ နှုတ်ကျိုးနေလို့"

"ဒေါ်တင့် ... ကြီးကြီးဒေါ်ထားထားခင်ကရော ထမင်းမစားသေးဘူးလားဟင်"

"မမထားက နင်မရောက်ခင်ကတည်းက စားပြီးနှင့်ပြီ၊ စောစောစားနေကျ"

ဒေါ်တင့်က မီးဖိုခန်းထဲမှာပင် စားပွဲခုံအဝိုင်းလေးကို ခင်းလိုက်၏။

မီးဖိုခန်းထဲမှာပင် သုံးယောက်သား ထမင်းစားကြပါသည်။

လူသစ်ဖြစ်၍ မခြူးပွင့်က ခပ်ရှုံ့ရှုံ့ဖြစ်နေ၏။ ဒေါ်တင့်နှင့်ရင်းနှီးသွားသော်လည်း ခုမှမြင်ဖူးသောကိုနိုင်ကြီးဆိုသည့်ယောကျာ်းပျိုနှင့် စားပွဲတစ်ဝိုင်းတည်းထိုင်စားရတာကို မနေတတ်သလိုဖြစ်နေသည်။

ကိုနိုင်ဦးက ဟင်းပန်းကန်ထဲမှဟင်းများကိုခပ်ကာ မခြူးပွင့်ပန်းကန်ထဲကို ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စားနော် မခြူးပွင့် ... အားမနာနဲ့"

"အမယ် ... သူက အိမ်ရှင်ကျနေတာပဲ"

"အိမ်ရှင်မဟုတ်ပေမယ့် ကိုယ်ကအရင်ရောက်နေတဲ့ လူဆိုတော့ နောက်ရောက်လာတဲ့လူကို အားပေးရတာပေါ့ ဒေါ်တင့်"

"အေးပါဟယ် ငါက နောက်တာပါ၊ စားကြ စားကြ၊ ခြူးပွင့်လည်း ရှက်မနေနဲ့ဟေ့၊ ဒီအိမ်မှာ အလုပ်သမားဆိုလို့ ငါတို့သုံးယောက်ပဲရှိတာ၊ တို့တွေ ခင်ခင်မင်မင်နေကြရမှာ၊ ဩော် ... ဒါထက် ... နိုင်ကြီးရေ ... မမထားက နင့်ကို ခိုင်းထားတယ်နော်၊ ညနေကျရင် ခြူးပွင့် မှတ်ပုံတင်ယူပြီး ရပ်ကွက်ရုံးမှာ ညှိစာရင်းသွားတိုင်ရမယ်တဲ့"

"ဟုတ်ကဲ့ပါ"

မခြူးပွင့်သည် ထမင်းစားနေရင်း ကိုနိုင်ဦးက သူ့ကိုခဏခဏ စိုက်ကြည့်တာကို သတိထားမိကာ မနေတတ်မထိုင်တတ်အောင် ဖြစ်နေမိလေ၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၄ )

တစ်ပတ်လောက်ကြာတော့ မချူးပွင့် ဒီအိမ်ကြီးမှာ နေသားတကျ ဖြစ်သွားပါသည်။ အိမ်ကလူတွေကိုလည်း ရင်းရင်းနှီးနှီးသိကျွမ်းသွားသည်။

ဆရာဝန်လင်မယားက အိမ်မှာနေရချိန် နည်းလှပါသည်။ လင်မယား နှစ်ယောက်လုံး ဘရိတ်ဖတ်ဆိုသည့် နံနက်ခင်းစာစားပြီးကတည်းက ထွက်သွားလိုက်တာ ညမိုးချုပ်မှ ပြန်ရောက်ကြသည်။ ဆေးရုံမှာ အလုပ်မဝင်ခင် အပြင်ဆေးခန်းတစ်ခုမှာ ထိုင်ကြသေးတယ်တဲ့။ ဆေးရုံကပြီးတော့လည်း အပြင်ဆေးခန်းတွေ လှည့်ထိုင်ရသေးသည်။ ဒေါက်တာမင်းဟိန်းရော ဒေါက်တာသက်သက်ခင်ပါ အထူးကုဆရာဝန်တွေမို့ အလုပ်တွေများလှသည်။ အပြင်ဆေးခန်းတွေက အလုအယက်ခေါ်ကြတယ်လို့ဆိုသည်။ နေ့လယ်စာ ထမင်းကို အပြင်မှာပဲစားကြသည်။ ညစာကိုအိမ်ပြန်ရောက်မှ စားကြ၏။ တစ်ခါတစ်ရံ ညစာကိုပင် အပြင်ကစားလာပြီး၍ အိမ်မှာ မစားဖြစ်ကြပေ။

ကိုကိုလေးသစ်လွင်ဟိန်းကလည်း တစ်နေကုန်ကျောင်းတက်နေရသည်မို့ အိမ်မှာ ကြီးကြီးဒေါ်ထားထားခင်ပဲ ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာကားနှစ်စီးရှိသော်လည်း ဒေါက်တာမင်းဟိန်းရော ဒေါက်တာသက်သက်ခင်ပါ ရုံးကပေးထားသောကားကိုပဲ စီးသည်။ ထိုကားများကို အစိုးရကခန့်ပေးထားသော ဒရိုင်ဘာကပဲမောင်းသည်။

အိမ်ကကားနှစ်စီးမှာ တစ်စီးကို ကိုကိုလေးသစ်လွင်ဟိန်းက သုံးပါသည်။ ကျန်တစ်စီးကို ကိုနိုင်ဦးက မောင်းရသည်။ ဒေါ်ထားထားခင်က အပြင်ထွက်ခဲသည့်မို့ ကိုနိုင်ဦး ကားကိုသိပ်မောင်းစရာမလိုပါ။ တစ်ခါတစ်ရံ ဒေါ်ထားထားခင်က အပြင်သွားစရာရှိလျှင် သူကိုယ်တိုင်မောင်းပြီး သွားတတ်တယ်တဲ့။ ကိုနိုင်ဦးအဖို့ အားနေသည်က များသည်။

ထို့ကြောင့် ကိုနိုင်ဦးသည် ဒရိုင်ဘာတာဝန်အပြင် ခြံထဲက ပန်းပင်များ ရေလောင်းပေါင်းသင်ခြင်းနှင့် ခြံစောင့်တာဝန်ကိုပါ ယူနေရတော့သည်။

မခြူးပွင့်တို့အိမ်ဖော်တွေအတွက်လည်း အလုပ်သိပ်မများလှပါ။ လုပ်ရတဲ့အလုပ်တွေက အိမ်မှာလုပ်နေကျအလုပ်မျိုးဖြစ်ရုံမက စက်နဲ့လုပ်ရတာမို့ သက်သာလှသည်။ ရွာမှာတုန်းက ဒေါ်ချောပြောသလိုပင်။ ထမင်းဟင်းချက်တော့လည်း လျှပ်စစ်နဲ့။ အဝတ်လျှော်တော့လည်း စက်နဲ့။ ဖုန်သုတ်တာပင် စက်နဲ့လုပ်ရပါသည်။

မီးပူတိုက်တာတစ်ခုပဲ စက်နဲ့တိုက်လို့မရလို့ ကိုယ်တိုင်တိုက်ရသည်။

ကိုကိုလေးသစ်လွင်ဟိန်းက သူ့အင်္ကျီကိုခေါက်ရိုးညီအောင် မီးပူတိုက်ပေးလို့ဆိုကာ သူ့ကတိအတိုင်း မခြူးပွင့်ကို မုန့်ဖိုးပေးသည်။

"အေး ... ဟုတ်တယ်၊ ဒီလိုမှပေါ့၊ ဒေါ်တင့်တိုက်ရင် ဘယ်တော့မှခေါက်ရိုးမညီဘူး"

"ဒေါ်တင့်က မျက်မှန်းမတတ်လို့ပါ ကိုကိုလေးရယ်၊ တကယ်တော့ မခက်ပါဘူး"

"နင်က တော်တယ် ခြူးပွင့် ... ရော့ – ငါ့ကတိအတိုင်း နင့်အတွက် မုန့်ဖိုး"

ကိုကိုလေးက မခြူးပွင့်ကို ငါးဆယ်တန်တစ်ရွက် ထုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ... မယူပါဘူးကိုကိုလေးရယ်၊ ခြူးပွင့် ဘာမှုမပင်ပန်းတဲ့ဟာကို၊ ပြီးတော့ ခြူးပွင့်အတွက် လခပေးပြီးသားပဲ၊ ခြူးပွင့် မယူပါဘူး"

"ယူစမ်းပါ ခြူးပွင့်ရယ် ဒါ ငါကသပ်သပ်ပေးတဲ့ မုန့်ဖိုးပါ"

ကိုကိုလေးက သူပေးတဲ့ငါးဆယ်တန်အသစ်ကလေးကို ခြူးပွင့်ခေါင်းပေါ်က ကလစ်ကြားတွင် ရအောင်ထိုးထည့်သွားသည်။

"အို ..."

ခြူးပွင့်က ခေါင်းပေါ်ကငါးဆယ်တန် အသစ်ကလေးကို ဖြုတ်ယူကြည့်လိုက်သည်။

ခုဆို ခြူးပွင့်မှာ ကိုကိုလေးပေးတဲ့ ငါးဆယ်တန်အသစ်ကလေးတွေ တော်တော်စုမိနေပါပြီ။ ကိုကိုလေးပေးတဲ့ ငါးဆယ်တန်လေးတွေကို ခြူးပွင့်မသုံးပဲ စုထားခဲ့သည်။

✠ ✠ ✠

တစ်လပြည့်ချိန်တွင် ဒေါ်ချောရောက်လာကာ မခြူးပွင့်ကို ဒီအိမ်မှာနေရတာ အဆင်ပြေမပြေမေးသည်။

"ညည်း ဒီမှာနေရတာပျော်ရဲ့လား၊ အဆင်မပြေရင် ပြော၊ ငါ တခြားအိမ်တစ်အိမ် ပြောင်းပေးမယ်"

"အို ... ဒေါ်ချောကလဲ ဘာလို့အိမ်ပြောင်းရမှာလဲ၊ ဒီမှာနေတာ တစ်လပဲရှိသေးတာကို၊ ခြူးပွင့်လည်း ဒီအိမ်မှာပျော်ပါတယ် ဒေါ်ချော၊ မပြောင်းချင်ပါဘူး"

"ဒါဖြင့်လည်း ပြီးတာပဲအေ ..."

ဒေါ်ချောပြန်သွားတော့ ဒေါ်တင့်က ပြောပြသည်။

"နင့်ကို မချောက အိမ်ပြောင်းမလားလို့မေးတာ တခြားကြောင့်မဟုတ်ဘူး၊ အိမ်တစ်အိမ်ထပ်ပြောင်းရင် သူ ပွဲခထပ်ရတယ်လေ၊ အဲဒါကြောင့် အိမ်ဖော်တွေကို စည်းရုံးပြီး သူက တစ်အိမ်ပြီးတစ်အိမ်ပြောင်းပေးနေတာ၊ အိမ်ပြောင်းလေ ပွဲခရလေပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒီလိုလား၊ ဒါဆို ဒေါ်ချောက ဘယ်ကောင်းမလဲ ဒေါ်တင့်ရယ် ... နော်"

"တချို့အိမ်ဖော်တွေကလည်း သူတို့နေတဲ့အိမ်နဲ့အဆင်မပြေလို့ ပြောင်းချင်တာမျိုး ရှိသေးတာကိုး၊ နောက်ပြီး နောက်ထပ်တစ်အိမ်ပြောင်း ရင် ဒီအိမ်ဖော်က အိမ်ဖော်လုပ်လာတာ ဘယ်လောက်ကြာပါပြီ၊ လုပ်သက် ရင့်ပါပြီဆိုပြီး လခပိုတောင်းလို့ ရသေးတယ်လေ၊ အဲဒီလို နှစ်ဦးနှစ်ဖက် အဆင်ပြေနေတော့ အိမ်ခဏခဏပြောင်းချင်တဲ့အိမ်ဖော်မျိုးလည်း ရှိသေးတာ ပေါ့၊ မချောက အဲဒါတွေနဲ့ စားနေတာ"

"ဪ ..."

ဒေါ်တင့်ရှင်းပြမှပင် အိမ်ဖော်လောက၏ လှည့်ကွက်များကို နားလည်ရတော့သည်။

"ငါ့စိတ်ထင်တော့ နင့်အရင်က နေသွားတဲ့ မသန်းမြင့်ဟာ တောပြန်သွားတယ်ဆိုတာ မဖြစ်နိုင်ဘူးအေ့၊ မချောက လှည့်ပြီးခေါ်ထုတ် သွားတာနေမှာ၊ ခုဆို မသန်းမြင့် တခြားသူဌေးအိမ် တစ်အိမ်အိမ် ရောက်နေ လောက်ပြီ"

"ခြူးပွင့်တော့ ဒီမှာအဆင်ပြေနေရဲ့သားနဲ့ မပြောင်းချင်ပေါင်၊ လခပိုရလည်း မပြောင်းချင်ပါဘူး ဒေါ်တင့်ရယ်၊ ဒီမှာနေရတာပျော်တယ်၊ ဒေါ်တင့်တို့နဲ့လည်း ခင်နေပြီ၊ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ၊ နင်ဘာပြောချင်တယ်ဆိုတာ ငါသိပါ တယ်နော်"

"အို ... ဒေါ်တင့်ကလဲ ... ဘာလဲ"

"ဪ ... ဒီအိမ်မှာ အချိန်တန်ရင် တီဗီကြည့်ရတယ်၊ ဗီဒီယို ကား နေ့တိုင်းကြည့်ရတယ်၊ အဲဒါတွေကြောင့် မပြန်ချင်တာမဟုတ်လားလို့ မေးတာပါ"

"အင်း ... ဟုတ်တယ်၊ ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခြူးပွင့်နော် ... ခြူးပွင့် ... ဒီအိမ်မှာပျော်တယ်ဆိုတာ ကောင်းပါတယ်၊ အိမ်ရှင်တွေကလည်း သဘောကောင်းတာပဲ၊ ဒါပေမဲ့ သိပ်တော့ စိတ်ကူးမယဉ်နဲ့အေ"

"ရှင် ... ဒေါ်တင့်"

"ငါတို့က အိမ်ဖော်တွေပါအေ နင်ဆိုရင် အမေအိုကြီးအတွက် ပိုက်ဆံရှာဖို့လာတာဆို၊ အချိန်တန်ရင် ကိုယ့်အရပ်ကိုယ်ပြန်ရမှာ၊ ကိုယ် မပြန်ချင်လည်း သူတို့ထုတ်ပစ်ရင် ပြန်ရမှာပဲ၊ အဲဒီတော့ ကိုယ့်ဘဝ ကိုယ် သိပြီး အေးအေးနေတာ ကောင်းပါတယ်"

"ဒေါ်တင့်က ဘာတွေပြောနေတာလဲ"

"ငါ ဘာဆိုလိုချင်တယ်ဆိုတာ နင်သိပါတယ် ခြူးပွင့်"

ဒေါ်တင့်က ပြောအပြီးတွင် အလုပ်လုပ်ရန် ထသွားတော့သည်။

ဒေါ်တင့်စကားများကို ခြူးပွင့်ပြန်စဉ်းစားပြီး ကျန်ခဲ့ရ၏။

ဒေါ်တင့်ဘာကိုဆိုလိုတယ်ဆိုတာ ခြူးပွင့်နားလည်ပါသည်။

ကိုကိုလေးသစ်လွင်ဟိန်းက ခြူးပွင့်ကိုအလိုလိုက်ပြီး မုန့်ဖိုးတွေ ဘာတွေပေးသည်။ သဘောကောင်းတဲ့ကိုကိုလေးက ခြူးပွင့်တို့ကို အိမ်ဖော်ရယ်လို့ ခွဲခြားပြီးမဆက်ဆံ။ ကိုကိုလေးလို ရုပ်ချောချော ဆေးကျောင်းသား တစ်ယောက်က အရေးပေးဆက်ဆံတော့ ခြူးပွင့်ပျော်မိပါသည်။ ကိုကိုလေး ကိုလည်း လေးစားခင်တွယ်ကာ သံယောဇဉ်ဖြစ်မိပါသည်။ အဲဒါကြောင့်လည်း ဒီအိမ်က ဘယ်မှမပြောင်းဘူးလို့ ပြောမိခြင်းဖြစ်သည်။

ဒါကို ဒေါ်တင့်က ဘယ်လို သဘောပေါက်နေသည်မသိ။

ခြူးပွင့် သည်လောက် မမိုက်မဲသေးပါ။ ခြူးပွင့်ဟာ ကိုကိုလေး သစ်လွင်ဟိန်းကို အထင်ကြီးလေးစားစွာနဲ့ ခင်တွယ်မိတာပါ။ စိတ်ကူးယဉ် ဖို့တောင် မအပ်စပ်ဘူးဆိုတာ ခြူးပွင့်နားလည်ပါသည်။

ဒေါ်တင့်ကတော့ စေတနာနဲ့သတိပေးတာပဲ ဖြစ်ပါလိမ့်မည်။ ဒေါ်တင့်စေတနာကိုလည်း ခြူးပွင့် နားလည်ပါသည်။

ခြူးပွင့်ဟာ ... စိတ်ကူးယဉ်တတ်တဲ့ မိန်းကလေး မဟုတ်ပါဘူး ဒေါ်တင့်ရယ် ကိုယ့်ဘဝကိုယ် နားလည်ပါတယ်ရှင်။



www.burmeseclassic.com

www.burmeseclassic.com

( ၅ )

"မခြူးပွင့်က ဒီအိမ်မှာ ကြာကြာနေဖို့ စိတ်ကူးရှိသလားဟင်"

ညနေပိုင်း အားလပ်သည့်အချိန်တွင် ဒေါ်တင့်ရော ခြူးပွင့်ပါ ခြံထဲကပန်းပင်တွေကို ရေလောင်းကြရသည်။ ခြံအတွက် မာလီသီးခြား ထားသည်မို့ ခြံရှင်းသည့်တာဝန် ပန်းပင်များ ပေါင်းသင်သည့်တာဝန်များ ကို ကိုနိုင်ဦးက ယူရပါသည်။ မခြူးပွင့်တို့လည်း ကိုနိုင်ဦးအလုပ်ကိုကူညီ သာ ပန်းပင်တွေကို ရေလောင်းပေးနေခြင်းဖြစ်သည်။

မခြူးပွင့် နှင်းဆီပင်များကိုရေလောင်းနေစဉ် ကိုနိုင်ဦး အနားရောက် လာကာ မေးလိုက်ခြင်းဖြစ်ပါ၏။

"ဘာဖြစ်လို့လဲ ကိုနိုင်ကြီး"

မခြူးပွင့်က ပြန်မေးလိုက်သည်။

"တခြားကြောင့် မဟုတ်ပါဘူး၊ ကျွန်တော်က မိဘမရှိ တစ်ကောင် ကြွက်ဆိုတော့ အဆင်ပြေတဲ့နေရာမှာပဲ အခြေချပြီးနေတော့မှာလေ၊ ဆရာကြီးတို့လင်မယားရော ကြီးကြီးထားရော ကိုကိုလေးပါ သဘောကောင်း ကြတော့ ဒီအိမ်မှာ မြဲနေမယ်ထင်ပါတယ်၊ မခြူးပွင့်ကိုလည်း ကျွန်တော့်လိုပဲ လားလို့ သိချင်လို့မေးမိတာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ခြူးပွင့်မှာ အမေရော အစ်ကိုကြီးရော ရှိသေးတယ်၊ ခြူးပွင့် ရန်ကုန်ကို အလုပ်လာလုပ်တာ အစ်ကိုကြီးက ကြိုက်တာမဟုတ်ဘူး၊ ခြူးပွင့် သဘောနဲ့ ဖွတ်ထွက်လာတာ၊ အမေ့ကို တစ်နှစ်ပဲနေပြီး ပြန်ခဲ့ပါ့မယ်လို့ ကတိပေးခဲ့တယ်"

"ဩော် ... ဒါဖြင့် တစ်နှစ်ပြည့်ရင် မခြူးပွင့် ပြန်မယ်ပေါ့"

"ဟင့်အင်း ... အိမ်ကထွက်ခွင့်ရအောင်သာ အမေ့ကိုကတိ ပေးခဲ့တာ၊ ရန်ကုန်မှာနေရတာ ခြူးပွင့်ပျော်တယ်၊ တစ်နှစ်ပြည့်ရင်လည်း မပြန်သေးပါဘူး"

"ဟင် ..."

"ခြူးပွင့် ပျော်သလောက်နေဦးမှာပါ"

"ဝမ်းသာလိုက်တာ မခြူးပွင့်ရယ်"

"ဟင် ... ကိုနိုင်ကြီးက ဘာဖြစ်လို့ ဝမ်းသာရတာလဲ"

"ဟို ... ဟို ... ဒီလိုပါ၊ ကျွန်တော်တို့ အိမ်အလုပ်သမားတွေ အချင်းချင်း ခင်မင်နေကြပြီ မဟုတ်လား၊ ဒေါ်တင့်ရောပေါ့၊ တစ်ယောက်နဲ့ တစ်ယောက် ဒီလိုမျိုး ရင်းနှီးခင်မင်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူးလေ၊ ဟို ... ရေစက်ပါလို့ဆိုကြတာ မဟုတ်လား၊ ဒီအတိုင်းပဲ ရင်းရင်းနှီးနှီးနဲ့ ကြာကြာနေကြရရင် ကောင်းတယ်၊ စိတ်ချမ်းသာရတယ်လို့ ပြောတာပါ"

စကားပြောရင်း အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည့် ကိုနိုင်ဦးကို မခြူးပွင့်က မော့ကြည့်လိုက်သည်။

ကိုနိုင်ဦး၏စူးရှသော မျက်လုံးများနှင့်ဆုံသည်။

ကိုနိုင်ဦးမျက်လုံးထဲက အဓိပ္ပာယ်တစ်စုံတစ်ခုကို မခြူးပွင့် မြင်တွေ့ လိုက်ရလေသည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၆ )

သုံးလပြည့်သည့်အချိန်တွင် ဒေါ်ချောနောက်တစ်ကြိမ်ရောက်လာကာ မခြူးပွင့်တို့ရွာကို သွားဦးမည်ဖြစ်၍ မှာချင်တာမှာဖို့ ပြောသည်။

မခြူးပွင့်က အမေ့အတွက် ဒီမှာနေရတာ အဆင်ပြေသည့်အကြောင်း စာလေးတစ်စောင်ရယ် သုံးလစာထုတ်ထားတဲ့ လခငွေသုံးထောင်ရယ်ကို ဒေါ်ချောနှင့်လူကြုံပါးလိုက်ပါသည်။

ဆယ်ရက်လောက်ကြာတော့ ဒေါ်ချော ရွာကပြန်ရောက်လာပြီး မခြူးပွင့်နှင့် လာတွေ့သည်။

"ညည်းအမေကတော့ ညည်းပေးလိုက်တဲ့ပိုက်ဆံသုံးထောင်ပိုက်ပြီး ငိုလို့ပေါ့အေ၊ ညည်းအစ်ကိုဖိုးထိန်ကတော့ ငါ့ကိုပြောလိုက်တာ ရစရာမရှိဘူး၊ ညည်းကို ရန်ကုန်ခေါ်သွားရမလားလို့ပေါ့၊ ငါ့မှာ ဖိုးထိန်ကြောက်တာနဲ့ မြန်မြန်ထပြေးခဲ့ရတယ်၊ ပြန်ခါနီးနေ့ကျမှ ညည်းအတွက်စာဆိုပြီး ဖိုးထိန်စာလာပေးသွားတယ်အေ့ . . . ဒီမှာစာ"

အစ်ကိုကြီးဘာတွေများ ရေးလိုက်သလဲသိချင်စိတ်ဖြင့် မခြူးပွင့်က စာကို ဖွင့်ဖတ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြူးပွင့် –

ငါ့ – မသွားပါနဲ့လို့ တားနေတဲ့ကြားက နင် ထွက်သွားတယ်နော်၊ နင့်ကို ငါစိတ်ဆိုးနေတယ်။

နင်ပြန်လာပါ။ ငါတို့အမျိုးထဲမှာ သူများအိမ်မှာ အခိုင်းအစေလုပ်တဲ့လူ မရှိဘူး။ နင်နဲ့အမေ့ကို ငါ ရှာကျွေးနိုင်တယ်။

နင် သူများအိမ်မှာအစေခံလုပ်ပြီး ပိုက်ဆံတွေ ပို့လိုက်တာ ငါစိတ်မကောင်းဘူး။

ပြန်လာခဲ့ပါညီမလေးရယ် ... အမေလည်း နင့်ကို လွမ်းနေတယ်။ ငါ နင့်ကို မရိုက်ပါဘူး။ မိန်းကလေး ဆိုတာ ကိုယ့်အရပ်မှာကိုယ်နေတာ အကောင်းဆုံးပါ။

အမေနဲ့ငါနဲ့ နင့်ကို မျှော်နေကြတယ်။

အစ်ကိုကြီး ဖိုးထိန်

ကိုဖိုးထိန်၏ စောင်းစောင်းရွဲ့ရွဲ့လက်ရေးများဖြင့် ရေးထားသော စာကိုဖတ်ရှာ မခြူးပွင့်ငိုခဲ့ရသည်။ ကိုဖိုးထိန်က စိတ်ဆိုးနေတယ်လို့ ရေးခဲ့ သော်လည်း စာနောက်ဆုံးပိုဒ်မှာတော့ မခြူးပွင့်ကို "ညီမလေး"လို့ ခေါ်ကာ ပြန်လာဖို့ ချော့မော့ထားပေသည်။ အစ်ကိုကြီးသည် စိတ်ထား ကြမ်းတမ်း သော်လည်း ခြူးပွင့်ကို တကယ်ချစ်တယ်ဆိုတာတော့ ခြူးပွင့် နားလည်ပါ သည်။

ခြူးပွင့် အစ်ကိုကြီးစာကို အထပ်ထပ်ဖတ်ကာ တစ်နေ့လုံးငိုင်တွေ နေမိသည်။ ဒေါ်တင့်ကိုလည်း ပြောပြလိုက်၏။

"ဟိတ် ... ကောင်မလေး၊ ဘာတွေ ဆွေးနေတာလဲ"

မီးဖိုးခန်းအပေါက်ဝမှာ အိမ်ပြင်ဖက်လှည့်ထိုင်ရင်း စာရွက်ကို ကိုင်ကာ ငိုင်တွေနေသည့် မခြူးပွင့်သည် ငယ်ထိပ်ကိုပုတ်ကာ ရုတ်တရက် ခေါ်လိုက်သံကြားမှပင် သတိဝင်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မော်ကြည့်လိုက်တော့ ကိုကိုလေးသစ်လွင်ဟိန်း ဖြစ်နေသည်။

"ဟင် ... မျက်ရည်တွေ ဝဲလို့ပါလား။ ခြူးပွင့် ... နင်ဘာဖြစ်လို့လဲဟင်"

သစ်လွင်ဟိန်းက မေးလိုက်သည်။

"လက်ထဲမှာလည်း စာနဲ့၊ ဟာ ... သိပြီ၊ ရွာကရည်စားဆီက စာလာလို့ ရည်စားကိုလွမ်းပြီး ငိုနေတာထင်တယ်"

"ဟယ် ... ကိုကိုလေး၊ မဦးမချွတ်၊ ဒါ ခြူးပွင့်အစ်ကိုကြီး ကိုဖိုးထိန်ရေးလိုက်တဲ့စာပါ၊ ဒေါ်ချောနဲ့ပေးလိုက်တာ၊ မယုံရင် ဖတ်ကြည့်"

"ပြစမ်း"

ကိုကိုလေးက မခြူးပွင့်လက်ထဲကစာကို ယူဖတ်ကြည့်သည်။

စာဖတ်အပြီးတွင် ကိုကိုလေးမျက်နှာ ပျက်သွားလေ၏။

"နင့်အစ်ကိုကြီးက နင့်ကိုစိတ်မချဘူး ထင်တယ်၊ သူ့စာထဲကလို ငါတို့က အခိုင်းအစေလို့ထားတာ မဟုတ်ပါဘူးဟာ"

"ဟုတ်ပါတယ် ကိုကိုလေးရယ်၊ ဒါပေမဲ့ အစ်ကိုကြီးက ဒါတွေကို ဘယ်သိမှာလဲ၊ အစ်ကိုကြီးက ခြူးပွင့်ရန်ကုန်ကို အလုပ်သွားလုပ်မယ် ဆိုကတည်းက ခြူးပွင့်ကို ကြိမ်းနေတာ၊ ခြူးပွင့်ဒေါ်ချောနဲ့ လိုက်လာတော့ အစ်ကိုကြီးမရှိတဲ့အချိန်မှာ ခိုးပြီးလိုက်လာတာ"

"နင့်အစ်ကိုကြီးက ဘာလုပ်တာလဲ၊ စာထဲမှာ ငါတို့အမျိုးထဲမှာ သူများအိမ်မှာ အခိုင်းအစေလုပ်တဲ့လူမရှိဘူးလို့ ရေးထားတယ်"

"အစ်ကိုကြီးက ကားမောင်းတာပါ၊ သူများကားကိုမောင်းတာပါ၊ သူ့ဖို့ကြီးလေ ခြူးပွင့်ကို ရန်ကုန်မှာအလုပ်သွားလုပ်မှာ မကြိုက်ဘူး၊ ရွာမှာပဲ အိမ်ဆိုင်လေးဖွင့်ပေးမယ်လို့ ပြောထားတာ၊ ခြူးပွင့်က ရန်ကုန် ရောက်ဖူးချင်လို့ ဖွတ်ထွက်လာတာ"

"စာဖတ်ရတာတော့ နင့်အစ်ကိုကြီးက နင့်ကိုသိပ်ချစ်ပုံပဲ၊ စိတ်ပူပုံလည်း မရဘူး၊ ဘယ်လိုလဲ နင် ရွာပြန်မှာလား"

"အို ... မပြန်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မပြန်ဘူး၊ ဒါဖြင့် ... ဘာလို့ငိုနေတာလဲ"

"အမေနဲ့အစ်ကိုကြီးကို သတိရလို့ပေါ့"

"နင့်အစ်ကိုကြီးက နင့်ကို ပြန်လာခဲ့လို့ ခိုင်းထားတာ၊ နင်မပြန်ချင်ဘူးလား"

"ဟင့်အင်း ... ခြူးပွင့်ဒီမှာပျော်တယ်၊ ကိုကိုလေးတို့အိမ်မှာပဲ တစ်သက်လုံးနေမှာ"

"တစ်သက်လုံးနေမှာ ... ဟုတ်ရဲ့လား ခြူးပွင့်ရယ်"

"ဟုတ်တယ် ... ခြူးပွင့်ပြန်သွားရင် ကိုကိုလေးအကျီတွေကို ဘယ်သူ မီးပူတိုက်ပေးမလဲ"

"ဒါဖြင့် ... ငါမိန်းမရသွားလို့ ဒီအိမ်မှာမနေတော့ရင်ကော ဘယ်လိုလုပ်မလဲ"

"အို ... ကိုကိုလေးနေတဲ့ဆီကို လိုက်လာမှာပေါ့"

"ဟာ ... တယ်ဟုတ်ပါလားဟေ့၊ ငါ့မိန်းမက နင့်ကို နှိပ်စက်နေရင် ဘယ်လိုလုပ်မလဲဟ"

"ကိုကိုလေးကို ပြန်တိုင်မှာပေါ့"

"အလကားစ,တာပါဟာ ... ငါလည်း မိန်းမမယူသေးပါဘူး အဝေးကြီး လိုပါသေးတယ်"

"ဒါဖြင့် ကိုကိုလေးမှာ ယူစရာမိန်းမတော့ ရှိတယ်ပေါ့၊ ရည်းစားတော့ ရှိနေပြီပေါ့၊ ဟုတ်လားဟင် ကိုကိုလေး"

"ရည်းစားလည်း မရှိပါဘူး ခြူးပွင့်ရယ် ငါက နင်စိတ်မကောင်းဖြစ်နေလို့ ရယ်စရာတွေ လျှောက်ပြောနေတာပါ၊ ကဲ- ကဲ- ထ,ထ ငါ့ကို ထမင်းခူးကျွေးပါဦးဟ"

"အယ် ဟုတ်သားပဲ၊ ခြူးပွင့် မေ့သွားတယ်၊ ခဏနော် ကိုကိုလေး"

"ဒါပဲနော် ငါ့ကို ထမင်းကျွေးဖို့မေ့နေရင်တော့ ငါမိန်းမယူပြီးရင် ငါ့အိမ်ကို မခေါ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သစ်လွင်ဟိန်းက မခြူးပွင့်စိတ်မကောင်းဖြစ်နေ၍ စိတ်ပျော်အောင် တမင်စ,နေတာလား မသိ။ ခြူးပွင့်ကတော့ ကိုကိုလေးနှင့်ဒီလို ရယ်ရယ်မောမော ပျော်ပျော်ပါးပါးနေရတာကို ကျေနပ်နေမိပါသည်။

ခြူးပွင့် ရွာကိုပြန်ဖို့ စိတ်ကူးမရှိပါ။ ခွင့်လွှတ်ပါ အစ်ကိုကြီးရယ် ..

✠ ✠ ✠

ကိုကိုလေးပြန်ပြောပြလို့ပဲ ဖြစ်လိမ့်မည်။ ညပိုင်းတွင် ကြီးကြီး ဒေါ်ထားထားခင်ကို နှိပ်ပေးတော့ ကြီးကြီးက ထိုအကြောင်းကို မေးသေးသည်။

"ရွာက စာလာတယ်ဆို"

"ဒေါ်ချောနဲ့ လူကြုံပေးလိုက်တာပါ ကြီးကြီး"

"ခြူးပွင့်အိမ်က ခြူးပွင့်ရန်ကုန်မှာ အလုပ်လုပ်နေတာ မကြိုက်ဘူးဆိုကွယ့်"

"အစ်ကိုကြီးက ခြူးပွင့်ကို စိတ်မချလို့ပါ၊ ခြူးပွင့်က ဒီမှာပျော်ပါတယ် ကြီးကြီး"

"အေးကွယ် ... အိမ်ကိုစာပြန်ရေးလိုက်ပါ၊ ကြီးကြီးတို့က အိမ်ဖော် ဆိုပေမယ့် ကိုယ်တွေနဲ့တန်းတူ ထားတာပါလို့၊ အလုပ်လည်း မပင်ပန်းဘူး ဆိုတာ စာပြန်ရေးလိုက်နော်"

"ဟုတ်ကဲ့ ကြီးကြီး"

"ဒါပေမဲ့ အမေအိုကြီး နေမကောင်း ထိုင်မကောင်းဖြစ်တယ် ဆိုရင်တော့ ပြန်ရမှာပေါ့လေ"

"ခြူးပွင့်အမေက ကျန်းကျန်းမာမာကြီးပါ ကြီးကြီး"

ခြူးပွင့်အဖြေစကားက ဒီအိမ်ကပြန်ရမှာကို အလွန်စိုးရိမ်နေမှန်း သိသာသွားလို့ထင်သည်။ ဒေါ်ထားထားခင်က ခြူးပွင့်ကို ပြုံးကြည့်လိုက်၏။

"ခြူးပွင့်အမေက အသက်ဘယ်လောက်ရှိပြီလဲ"

"လေးဆယ်လောက်ပဲ ရှိပါသေးတယ်"

"ဟဲ့ ... တော်တော်ငယ်သေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခြူးပွင့်အသက်က ၁၇နှစ်လေ၊ အစ်ကိုကြီးက ခြူးပွင့်ထက် ငါးနှစ်တောင်ပိုကြီးတာတဲ့၊ အသက် ၂၃ပေါ့၊ အမေက အစ်ကိုကြီးကို အသက်၁၉နှစ်မှာမွေးတာတဲ့၊ ဒါဆို ... အမေ့ အသက်က ..."

ခြူးပွင့်က နှိပ်ပေးနေရာမှရပ်ကာ အမေ့အသက်ကိုလက်ချိုးပြီး တွက်ကြည့်နေသည်။

"၁၉နှစ်မှာမွေးတာ၊ နင့်အစ်ကိုကြီးအသက်က ၂၃ဆိုတော့ နင့်အမေအသက် ၄၂နှစ်ပေါ့ခြူးပွင့်ရဲ့"

"အဲ ... အဲ ... ဟုတ်တယ် ကြီးကြီး"

"ကြီးကြီးထက် အပုံကြီးငယ်သေးတယ်၊ မချောပြန်တော့ အမေ့ဖို့ ပိုက်ဆံထည့်ပေးလိုက်သေးလား"

"ပေးလိုက်တယ် ကြီးကြီး၊ သုံးထောင်ပေးလိုက်ပါတယ်"

"ဟင် ... နင်အလုပ်လုပ်တာ သုံးလရှိသေးတယ် မဟုတ်လား၊ တစ်လတစ်ထောင်နဲ့ ငွေသုံးထောင်ပဲ ထုတ်ရသေးတာ၊ အကုန်ထည့်ပေးလိုက်တော့ နင့်မှာ သုံးစရာမရှိတော့ဘူးပေါ့"

"ခြူးပွင့်မှာ ရှိပါတယ်၊ ကိုကိုလေးက သူ့အင်္ကျီတွေ မီးပူတိုက်ပေးတာ တော်လို့ဆိုပြီး ခြူးပွင့်ကို ငါးဆယ် ငါးဆယ် မုန့်ဖိုးပေးတယ် ကြီးကြီး၊ ခြူးပွင့် ကိုကိုလေးပေးတဲ့ ပိုက်ဆံတွေစုထားတာရှိပါတယ်၊ ပြီးတော့ ခြူးပွင့် မှာ တခြားသုံးစရာမှမလိုတာ"

"ဩော် ... သားငယ်က နင့်ကို မုန့်ဖိုးပေးပေးနေတာကိုး၊ အဲဒါတွေကြောင့် နင် ဒီအိမ်က မပြန်ချင်တာပေါ့လေ"

"ဟုတ်တယ် ကြီးကြီး၊ ခြူးပွင့်က ကိုကိုလေးမိန်းမရရင်လည်း ကိုကိုလေးနဲ့အတူပဲ လိုက်နေမှာ"

"ဟော ..."

မခြူးပွင့်စကားကြောင့် ဒေါ်ထားထားခင် မျက်လုံးပြူးသွားလေ၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၇ )

"ချူးပွင့် ..."

ပန်းပင်များကို ရေလောင်းနေစဉ် ... အနီးကပ်၍ခေါ်လိုက်သံကြောင့် ချူးပွင့်လန့်သွားသည်။

လှည့်ကြည့်လိုက်တော့ ... ကိုနိုင်ဦး။

"လန့်သွားတာပဲ ကိုနိုင်ကြီးရယ် ..."

"နင်ဘာတွေ တွေးနေတာလဲ ချူးပွင့် ... နင့်အိမ်က စာလာလို့ နင်ငိုတယ်ဆို ဒေါ်တင့်က ငါ့ကိုပြောတယ်"

"အစ်ကိုကြီး ရေးလိုက်တဲ့စာပါ"

"နင့်အစ်ကိုကြီးက နင့်ကိုရွာပြန်လာဖို့ မှာတယ်ဆို နင် ရွာပြန်မှာလား ချူးပွင့်"

"ဟင့်အင်း ... မပြန်ပါဘူး၊ ရွာမှာပျင်းစရာကြီး၊ ချူးပွင့် ဒီအိမ်မှာပဲ ပျော်တယ်"

"ဒီအိမ်မှာ ပျော်တာလား၊ ရန်ကုန်မှာ ပျော်တာလား ချူးပွင့်"

"ဘာထူးလို့လဲ ကိုနိုင်ကြီးရယ် ... အတူတူပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တူမလဲ ခြူးပွင့်ရယ် ... ဒီအိမ်မှာပျော်တယ်ဆိုရင် ဘယ်မှ အပြောင်းအရွှေ့လုပ်မှာ မဟုတ်တော့ဘူး၊ ရန်ကုန်မှာ ပျော်တယ်ဆိုရင်တော့ လခပိုရတဲ့ အခြားအိမ်တစ်အိမ်ရှိရင် နင်ပြောင်းချင်ပြောင်းသွား မှာပေါ့"

"အို ခြူးပွင့်က ဒီအိမ်မှာပဲပျော်တာ၊ လခဘယ်လောက် ပိုပေးပေး ဘယ်အိမ်မှ မပြောင်းပေါင်"

"ဝမ်းသာလိုက်တာဟာ ..."

"ဟင် ... ဘာဖြစ်လို့လဲ ကိုနိုင်ကြီး"

"ငါလည်း ဒီအိမ်မှာပဲ အမြဲနေဖို့ စိတ်ကူးရှိတယ်လေ"

ကိုနိုင်ဦးစကားက ဘာလိုလိုကြီးမို့ ခြူးပွင့်က ဘာမျှပြန်မပြောတော့ပဲ ရေပိုက်ကို အခြားတစ်ဖက်သို့လှည့်ထိုးကာ ကိုနိုင်ဦးရှေ့က ထွက်လာလိုက်သည်။

ကိုနိုင်ဦး နောက်ကလိုက်လာ၏။

"ခြူးပွင့်..."

"ဘာလဲ"

"ငါ ... ငါ နင့်ကို စကားပြောစရာရှိတယ်"

"ခုလည်း ပြောနေတာပဲလေ"

"ငါ အလေးအနက်ပြောမှာပါ ခြူးပွင့် ... ငါ ... ငါလေ.. ငါ နင့်ကိုသိပ်ချစ်တယ်ဟာ ..."

"အို ..."

"တကယ်ပါ ခြူးပွင့်ရယ် ငါ့မှာ ဘာဆွေမျိုးသားချင်းမှလည်း မရှိပါဘူး၊ ပြန်ကြည့်စရာလူလည်း မရှိပါဘူးဟာ၊ နင် ငါ့ကိုမေတ္တာမျှ မယ်ဆိုရင်လေ ဆရာကြီးနဲ့ဆရာမကြီးကိုရော ကြီးကြီးထားကိုရောပြောပြီး နင့်ကိုလက်ထပ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ဘယ်သူက ခင်ဗျားကိုချစ်တယ်ပြောလို့ ခင်ဗျားဖက်က သေချာနေရတာလဲ၊ တော် ... တော် ... ကိုနိုင်ကြီး၊ နောက် ဒီလို စကားမျိုး မပြောပါနဲ့၊ ပြောရင် ကြီးကြီးထားနဲ့ တိုင်ပြောမယ်"

ခြူးပွင့်က ရေပိုက်ကို မြေကြီးပေါ်ပစ်ချကာ ထိုနေရာမှ လှည့်ထွက်သွာခဲ့သည်။

"ခြူးပွင့် ... ခြူးပွင့်.. ငါအလေးအနက် ပြောတာပါဟာ ... ငါ့ကို စဉ်းစားပေးပါ ခြူးပွင့်ရယ် ..."

ခြူးပွင့် အပြေးတစ်ပိုင်းဖြင့် အိမ်ထဲသို့ ဝင်ခဲ့လေသည်။

ကိုနိုင်ဦး၏ သက်ပြင်းချသံကြီးကိုတော့ ကြားဖြစ်အောင် ကြားလိုက်ပါသေးသည်။

✠ ✠ ✠

ကိုနိုင်ဦးက သူ့ခံစားချက်ကို ဒေါ်တင့်ကိုပါ ရင်ဖွင့်ပြောပြထားလေသည်။

ဒေါ်တင့်ကပါ ခြူးပွင့်ကို တိုက်တွန်းလာ၏။

"ခြူးပွင့် နိုင်ကြီးက နင့်ကို မေတ္တာရှိနေတယ်၊ နင့်ကိုလက်ထပ်ချင်တယ်တဲ့၊ သူ့မှာ စုပြီးဆောင်းပြီးသားလေးတွေလည်း ရှိပါတယ်တဲ့၊ ပြီးတော့ တစ်အိုးတစ်အိမ်နေချင်ရင်လည်း ထားပါ့မယ်တဲ့"

"ဘာလဲ သူက ဒေါ်တင့်ကို အောင်သွယ်လုပ်ခိုင်းနေတာလား"

"အောင်သွယ် လုပ်ခိုင်းတယ်ရယ်လို့တော့ ဘယ်ဟုတ်မလဲ ခြူးပွင့်ရယ် ဒီအိမ်မှာ ငါတို့သုံးယောက်က ဘဝတူတွေပဲ၊ ဒီထဲမှာ ငါက အသက်အကြီးဆုံးဆိုတော့ ငါ့ကိုသူက တိုင်ပင်တာပါ၊ အေးလေ နင့်ကို တိုက်တွန်းပေးပါလို့လည်း ပြောတော့ပြောတာပေါ့၊ ငါ အောင်သွယ်တာတော့ မဟုတ်ပါဘူးဟယ်"

"တော်ပါ ဒေါ်တင့်ရယ် ခြူးပွင့်မှ သူ့ကိုမကြိုက်တာ"

"ခြူးပွင့် ... ခြူးပွင့် ... နင်စိတ်ကူးမလွဲနဲ့နော်၊ ငါကတော့ နင့်အတွက် နိုင်ကြီးဟာ အသင့်တော်ဆုံးဆိုတာ နင်သိစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာသင့်တော်တာလဲ၊ ကိုယ်မချစ်တဲ့လူကို သင့်တော်တာတွေ မသင့်တော်တာတွေ စဉ်းစားနေဖို့လိုသေးသလား ဒေါ်တင့်"

"လိုတာပေါ့ ခြူးပွင့် နင့်အသက် ငယ်ပါသေးတယ်အေ၊ ဒီမယ် ခြူးပွင့် ... ဘယ်သူဖြစ်ဖြစ် အချိန်တန်ရင် အိမ်ထောင်ပြုမှာပဲ အိမ်ထောင်ကျ တဲ့အခါ ကိုယ်ချစ်တဲ့လူ ဖြစ်ရင်ဖြစ်မယ်၊ မချစ်တဲ့လူနဲ့လည်း ဖြစ်ချင်ဖြစ် မယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အိမ်ထောင်ကျတဲ့အခါ စားဝတ်နေရေး ပြေလည်ဖို့၊ သူနဲ့ကိုယ်နဲ့နားလည်မှုရှိဖို့က အဓိကပဲ ခြူးပွင့်၊ နိုင်ကြီးဆိုတာ ကိုယ်နဲ့ဘဝ တူ၊ သူ့မှာ ပြန်ကြည့်စရာ ဆွေမျိုးသားချင်းလည်း မရှိဘူး နင့်ကိုတကယ် ချစ်တာ၊ နိုင်ကြီးကိုမှ နင်မရွေးရင် ဘယ်သူ့ကိုရွေးမလဲ"

"ဘယ်သူ့မှ မရွေးပါဘူး ဒေါ်တင့်ရယ် ... ခြူးပွင့်မှာ ရွေးစရာလည်း မရှိပါဘူး"

"~~မှတ်ရဲ့လားအေ~~ ... မဖြစ်နိုင်တာတွေ စိတ်ကူးယဉ်နေမိမှာ စိုးလို့ပါ"

"ဒေါ်တင့် ..."

"နိုင်ကြီးက ပြောတယ်၊ သူ့အနေနဲ့ အပြင်မှာ ကားမောင်းစားလည်း ရပါတယ်တဲ့၊ နင်နဲ့အိမ်ထောင်ကျလို့ သူများအိမ်မှာ အမှီအခိုဘဝနဲ့ မနေချင် ရင် အပြင်မှာကားမောင်းပြီး နင့်ကိုတစ်အိုးတစ်အိမ် ထားပါ့မယ်တဲ့ ဒါ့ထက် ကောင်းတာ ရှိပါဦးမလားအေ လက်တွေ့ဆန်ဆန်တွေးပါ ခြူးပွင့် ရယ်"

"ခြူးပွင့်က လက်တွေ့မဆန်ပဲ ဘာလုပ်နေလို့လဲ၊ ကိုနိုင်ကြီးကို ပြန်မကြိုက်တာနဲ့ပဲ ခြူးပွင့်ကို လက်တွေ့မဆန်ဘူးလို့ ဒေါ်တင့်က စွပ်စွဲ နေတာလား၊ တော်ပြီ– တော်ပြီ– ခြူးပွင့်ကို နောက် ဒါမျိုးတွေမပြောပါ နဲ့ဒေါ်တင့်၊ ခြူးပွင့်မကြိုက်ဘူး၊ ထပ်ပြောရင် ကြီးကြီးထားနဲ့ တိုင်ပြောမယ် နော်၊ ဒေါ်တင့်က အောင်သွယ်လုပ်နေပါတယ်လို့၊ ဒါပဲ ..."

"ငါက စေတနာနဲ့ပါ ခြူးပွင့်ရယ်။"

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၈ )

"ချူးပွင့် . . . ငါပြောထားတဲ့ကိစ္စ စဉ်းစားပြီးပြီလား ဟင်"

တစ်နေ့တွင်. မီးဖိုခန်းထဲ၌ ဒေါ်တင့်မရှိခိုက် ကိုနိုင်ကြီး ရောက်လာကာ ချူးပွင့်ကို မေးပြန်လေသည်။

"ဘယ်ကိစ္စလဲ ကိုနိုင်ကြီး"

ချူးပွင့်က အရွဲ့တိုက်ကာ မသိချင်ယောင်ဆောင်၍ ပြန်မေးလိုက်သည်။

"ငါ နင့်ကိုချစ်တယ်လို့ ဖွင့်ပြောထားတဲ့ကိစ္စပေါ့ ချူးပွင့်ရယ်"

"ဟင် . . . အဲဒါလား၊ ချူးပွင့်ဖြင့် စဉ်းတောင် မစဉ်းစားဘူး"

"ချူးပွင့်ရယ် ငါ အလေးအနက်ထား ပြောနေတာပါဟာ"

"သိတယ်လေ ကိုနိုင်ကြီးအလေးအနက်ပြောနေမှန်း ချူးပွင့် သိသားပဲ၊ ချူးပွင့်အဖြေကဖြင့် ကိုနိုင်ကြီးအရင်တစ်ခါပြောပြီးကတည်း ဆုံးဖြတ်ပြီးသား၊ ချူးပွင့်မှ ကိုနိုင်ကြီးကို စိတ်မဝင်စားတာ၊ ဘာစဉ်းစားစရာ ရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ခြူးပွင့် ...ခြူးပွင့် မရနိုင်တဲ့ရွှေရုပ်ကလေးကို တမ်းတမနေပါနဲ့ ခြူးပွင့်ရယ် ကိုယ်နဲ့တန်ရာတန်ရာ ရွှံ့ရုပ်ကလေးကိုပဲ ရွေးပါဟာ''

''ကိုနိုင်ကြီး ခင်ဗျား ဘာစကားပြောတာလဲ၊ ခင်ဗျားစကားက ခင်ဗျားကိုယ်ခင်ဗျား ရွှံ့ရုပ်လို့ဆိုလိုတာပေါ့ ဟုတ်လား''

''ဟုတ်တယ်လေ ငါတို့အဆင့်အတန်းက ရွှံ့ရုပ်အဆင့်ပဲရှိတာပါ ခြူးပွင့်၊ မတန်မရာ ရွှေရုပ်ကိုမှန်းနေမှာ စိုးလို့ပါ''

''ခင်ဗျား ရွှေရုပ်နဲ့နှိုင်းပြီးပြောနေတာ ဘယ်သူ့ကိုပြောနေတာလဲတော့ ခြူးပွင့် မသိဘူး၊ ဒါပေမဲ့ ကိုယ့်ကိုကိုယ်နှိမ့်ချပြီး ရွှံ့ရုပ်နဲ့နှိုင်းနေတဲ့လူတစ်ယောက်ကို ဘယ်မိန်းကလေးက ချစ်ချင်မှာလဲ၊ ခြူးပွင့်အဆင့်က ဘယ်အဆင့်ဖြစ်ဖြစ် ရွှံ့ရုပ်ကိုတော့ ခြူးပွင့်မလိုချင်ဘူး ကိုနိုင်ကြီးရေ့ ဒါပဲ ...''

''စဉ်းစားပါဦး ခြူးပွင့်ရယ် ... ငါ နင့်ကို ...''

''ခြူးပွင့်ရေ ... ခြူးပွင့် ... ထမင်းဆာပြီဟေ့''

''ဟော ...ကိုကိုလေးလာနေပြီ၊ ပြန်တော့ ကိုနိုင်ကြီး၊ ခြူးပွင့်ကို ဒီစကားမျိုးထပ်ပြောရင် ကိုကိုလေးနဲ့ တိုင်ပြောလိုက်မယ်နော် ...''

''ခြူးပွင့် ... ဒေါ်တင့် ... မရှိကြဘူးလား၊ ထမင်းကျွေးကြပါဦးဗျို့၊ ဒီမှာ အရမ်းဆာနေပြီ''

''လာပြီ ... လာပြီ ကိုကိုလေးရေ ... ခြူးပွင့်ရှိပါတယ်''

မီးဖိုခန်းထဲကနေ ခြူးပွင့်ပြေးထွက်သွားတော့ ကိုနိုင်ဦးဘယ်လို ကျန်ခဲ့တယ်ဆိုတာ မမြင်ရပေမယ့် သူ့ဆီကသက်ပြင်းချသံကြီးကိုတော့ ကြားလိုက်ရပါသည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၉ )

ကိုနိုင်ဦးနဲ့ဒေါ်တင့်က ခြူးပွင့်ကို စွပ်စွဲကြသည်။

ဒေါ်တင့်က ...

"မဖြစ်နိုင်တာတွေ စိတ်ကူးယဉ်နေမိမှာ စိုးလို့ပါ"တဲ့။

ကိုနိုင်ဦးက ...

"မရနိုင်တဲ့ ရွှေရုပ်ကလေးကို တမ်းတမနေပါနဲ့ ... ကိုယ်နဲ့တန်ရာ တန်ရာ ရွှံ့ရုပ်ကလေးကိုပဲ ရွေးပါ"တဲ့။

သူတို့ ဘာကိုဆိုလိုတယ်ဆိုတာ ခြူးပွင့်သိပါသည်။

ခြူးပွင့် မမိုက်မဲပါ။ ခြူးပွင့်မှာ စဉ်းစားဉာဏ်ရှိပါသည်။

သူတို့က ခြူးပွင့် ကိုကိုလေးကိုချစ်ပြီး ကိုကိုလေးဆီကမေတ္တာကို မျှော်လင့်နေတယ်လို့ ထင်နေကြသည်။ တကယ်တော့ ခြူးပွင့်သည် ကိုယ့်ဘဝနဲ့ အလှမ်းကွာလွန်းလှသော ကိုကိုလေးသစ်လွင်ဟိန်းဆီက မေတ္တာကို မမျှော်လင့်ပါ။ မဖြစ်နိုင်ကောင်းသော အရာဖြစ်မှန်းလည်း ခြူးပွင့် သိပါသည်။ ကိုကိုလေးက သူဌေးသား၊ ဆေးတက္ကသိုလ် ကျောင်းသား၊ ဆရာဝန်ဖြစ်မည့် သူ။ ခြူးပွင့်က ပညာမတတ်တဲ့ တောသူမပဲ။

ကိုယ့်ဘဝအဆင့်အတန်းကိုယ် ခြူးပွင့်နားလည်သည်။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလေးကို ခြူးပွင့်မမျှော်မှန်းပါ။

ဒါပေမဲ့ . . . ဒါပေမဲ့ . . .

ခြူးပွင့် ကိုကိုလေးသစ်လွင်ဟိန်းကို ချစ်တော့ချစ်မိပါသည်။

ခြူးပွင့်အချစ်က ရိုးသားသည်။ သန့်စင်သည်။ ပေးဆပ်မှုမပြည့်ရှိသည့်အချစ်မျိုးဖြစ်ပါသည်။

ခြူးပွင့် ကိုကိုလေးကို ချစ်သော်လည်း ကိုကိုလေးဆီက တုံ့ပြန်လာမယ့်အချစ်ကိုတော့ မမျှော်လင့်ပါ။ ကိုကိုလေးကို မြင်တွေ့နေရရင်ပဲ ခြူးပွင့် ကျေနပ်လှပါပြီ။

ဒါကြောင့်ပဲ ခြူးပွင့်က ဆုံးဖြတ်ထားသည်။ ခြူးပွင့် ကိုကိုလေးရှိတဲ့ဒီအိမ်မှာပဲ တစ်သက်လုံးနေတော့မည်။ ကိုကိုလေးမိန်းမရရင်လည်း ကိုကိုလေးအိမ်ကို လိုက်နေမည်။ ကိုကိုလေးကို တစ်ဖက်သတ်အချစ်နဲ့ပဲ ခြူးပွင့်က တစ်သက်လုံးပြုစုသွားမယ်လို့ ဆုံးဖြတ်ထားပါသည်။ ကိုကိုလေးယူမယ့်မိန်းမကိုလည်း ခြူးပွင့်က သခင်မတစ်ယောက်လို ရိုရိုကျိုးကျိုးပြုစုလုပ်ကျွေးပါဦးမည်။ ကိုကိုလေးမွေးဖွားလာမယ့် သားသမီးလေးတွေကိုလည်း ခြူးပွင့်က ထိန်းကျောင်းပြုစုပါဦးမည်။

ခြူးပွင့်အချစ်က အဲဒီလိုအချစ်မျိုးဖြစ်သည်။ ချစ်သူမျက်နှာကို မြင်နေရရင် ကျေနပ်သည့်အချစ်မျိုးဖြစ်ပါသည်။ ကိုကိုလေး ခြူးပွင့်ကို မချစ်ရင် နေပါစေ။ ခြူးပွင့်ချစ်နေတာကိုလည်း ကိုကိုလေးမသိရင် နေပါစေ။ ကိုကိုလေးဘေးမှာ နေခွင့်ရရင်ပဲ ခြူးပွင့်အတွက် ပြည့်စုံတဲ့ဘဝ ဖြစ်ပါပြီ။

ခြူးပွင့်က သည်လိုပဲ တွေးထားပါသည်။

ကိုကိုလေးအနားက မခွာဘူး။ ကိုကိုလေးရဲ့အရိပ်အငွေ့ ကျွန်တစ်ယောက်အနေနဲ့ပဲ တစ်သက်လုံး နေသွားမယ်။

ခြူးပွင့်ရဲ့စိတ်ကို ဘယ်သူကမှတော့ နားလည်မည် မဟုတ်ပေ။

ခြူးပွင့်ကတော့ ကိုကိုလေးသစ်လွင်ဟိန်းနားကမခွာပဲ တစ်သက်လုံးနေသွားဖို့ ဆုံးဖြတ်ထားပြီး ဖြစ်ပါလေ၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကံကြမ္မာက ခြူးပွင့်ကို ကိုကိုလေးနားတွင် ကြာရှည်နေဖို့ အခွင့်မပေးခဲ့ပါ။ ရိုင်းပျသောကံကြမ္မာသည် ခြူးပွင့်အပေါ်တွင် ရက်စက်ခဲ့ပေ၏။

ကိုကိုလေးတို့အိမ်သို့ ခြူးပွင့်ရောက်တာ တစ်နှစ်ပြည့်ဖို့ ရက်ပိုင်းအလိုမှာပင် ကံကြမ္မာက ခြူးပွင့်ကို ကျီစယ်ခဲ့ခြင်းဖြစ်သည်။

ကံတရား၏ရက်စက်သော ကြည်စယ်မှုကြောင့်ပင် ခြူးပွင့်သည် ရွာမှထွက်လာပြီး တစ်နှစ်ပြည့်လုအချိန်တွင် ရွာကိုပြန်လာခဲ့ရခြင်းဖြစ်ပါသည်။ ရွာကိုပြန်ရောက်ခါစကတော့ အမေက ခြူးပွင့်ကတိအတိုင်း တစ်နှစ်ပြည့်လို့ ပြန်လာတယ်လို့ ထင်နေရှာသလို . . . အစ်ကိုကြီးကိုဖိုးထိန်ကလည်း သူစာရေးခေါ်လိုက်လို့ ခြူးပွင့်ရွာပြန်လာတယ်လို့ ထင်နေရှာပေ၏။

တကယ်တော့ ခြူးပွင့်သည် ကံကြမ္မာလှည့်စားရာကို လူးလိမ့်ခံစားခဲ့ရကာ အရှုံးဖြင့် ရွာကိုပြန်လာခဲ့ခြင်း ဖြစ်ပါသည်။

ခြူးပွင့်အတွက် ကံဆိုးမိုးမှောင်ကျခဲ့သည့်နေ့ ခြူးပွင့်အပေါ်မှာ ကံကြမ္မာက ရက်စက်စွာ ကျီစယ်ခဲ့သည့်နေ့ ထိုနေ့ကိုတော့ ခြူးပွင့် ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်ပါ။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၀ )

ထိုနေ့သည် ခြူးပွင့်ကို ကံဆိုးမိုးမှောင်ကျအောင် တမင်အကွက်ချ ဖန်တီးထားသလား ထင်ရအောင် ဖြစ်ရပ်များက အစီအစဉ်တကျ ဖြစ်ပေါ်နေခဲ့ ပါသည်။

ထိုနေ့မနက်မှာပင် ဒေါ်တင့် သုံးဆယ်ကို ပြန်သွားခဲ့သည်။ ဒေါ်တင့်မှာ သုံးဆယ်မြို့သူဖြစ်ကာ သုံးဆယ်မှ ညီမတစ်ဦးဆုံးကြောင်း အကြောင်းကြားသဖြင့် ခွင့်တိုင်ကာ အရေးပေါ် ပြန်သွားခဲ့ခြင်းဖြစ်ပါသည်။ အိမ်မှာ မီးဖိုချောင် အလုပ်၊ အိမ်အလုပ်တွေလုပ်ဖို့ ခြူးပွင့်တစ်ယောက်ပဲ ကျန်ခဲ့ပါသည်။

"ခြူးပွင့်ရေ ... ခြူးပွင့် ..."

နေ့လယ်သုံးနာရီလောက်တွင် ကြီးကြီးထားခေါ်သံကြောင့် ခြူးပွင့် ကြီးကြီးထားအခန်းထဲကို အပြေးသွားလိုက်သည်။

"ခြူးပွင့် ... ကြီးကြီး အပြင်သွားစရာရှိတယ်၊ လေးနာရီ ထွက်မယ်၊ ကားကို အသင့်ပြင်ထားလို့ မောင်နိုင်ကြီးကို ပြောလိုက်"

"ဟုတ်ကဲ့ ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"နေဦးချူးပွင့် ကားကို ကြီးကြီးကိုယ်တိုင်မောင်းသွားမှာ၊ မောင်နိုင်ကြီး လိုက်စရာမလိုဘူးဆိုတာလည်း ပြောလိုက်ဦး"

"ဟုတ်ကဲ့ပါ ကြီးကြီး"

ချူးပွင့်က နောက်ဖေးတန်းလျားတွင်နေသော ကိုနိုင်ဦးကို ပြေးပြောလိုက်သည်။

ကိုနိုင်ဦး ဂိုဒေါင်ထဲက ကားကိုထုတ် ဖုန်သုတ်ကာ လိုအပ်သည်များကို စစ်ဆေးနေချိန်တွင် ချူးပွင့်လည်း လုပ်စရာရှိသည့်အလုပ်များ ဆက်လုပ်နေလိုက်၏။

လေးနာရီအထိုးတွင် ကြီးကြီးထားခေါ်သံ ထွက်လာပြန်သည်။

"ချူးပွင့်ရေ ... အိမ်ရှေ့ထွက်ခဲ့ဦး"

"ဟုတ်ကဲ့ ကြီးကြီး"

ချူးပွင့်ညည့်ခန်းရောက်တော့ ပွဲလမ်းသဘင်တစ်ခုခုသွားဖို့ ပြင်ဆင်ထားသောကြီးကြီးထားကို လုပခန့်ညားစွာ တွေ့လိုက်ရလေသည်။ ကြီးကြီးထားက အချိတ်ထဘီနှင့်ပဝါနှင့် မြန်မာဆန်ဆန် ဝတ်ဆင်ထားလေ၏။

"ကြီးကြီး အပြင်သွားလိုက်ဦးမယ် ချူးပွင့်၊ အိမ်မှာ ချူးပွင့်တစ်ယောက်တည်း ကျန်ခဲ့မှာ၊ တံခါးကို သေချာပိတ်ထားနော်"

"ဟုတ်ကဲ့ပါ ကြီးကြီး"

"ဒါဆို ကြီးကြီး သွားမယ်"

ကြီးကြီးထား ထွက်အသွားတွင် ချူးပွင့်က အိမ်ရှေ့တံခါးကို လိုက်ပိတ်လိုက်သည်။

ကိုနိုင်ဦးက ကြီးကြီးထားကို ကားတံခါးဖွင့်ပေးတာ ကြီးကြီးထား ကားပေါ်တက်ထိုင်ပြီး မောင်းထွက်သွားတာ ခြံဝင်းတံခါးကို ကိုနိုင်ဦး ပိတ်နေတာတွေကို ချူးပွင့် ငေးကြည့်နေမိသေးသည်။

ပြီးမှ နောက်ဖေးဖက်ပြန်ဝင်ကာ လုပ်စရာရှိတဲ့အလုပ်ကို ဆက်လုပ်နေလိုက်၏။ ညစာအတွက် ဟင်းချက်နေခြင်းဖြစ်ပါသည်။

ဟင်းအိုးကျအပြီးတွင် ကိုကိုလေး ပြန်ရောက်လာသည်။

www.burmeseclassic.com



"တံခါးဖွင့်ပါဦးဗျို့၊ ခြူးပွင့် ... ဒေါ်တင့် ..."

"လာပြီ ... လာပြီ ... ကိုကိုလေးရေ ..."

ခြူးပွင့်ထွက်လာတော့ ကိုကိုလေးက အဝင်ဝသံတံခါးကို မှီရပ်နေတာ တွေ့လိုက်ရ၏။

"ကိုကိုလေး ဒေါ်တင့်က သူ့ညီမဆုံးလို့တဲ့ သုံးဆယ်ကိုပြန်သွားတယ်"

ခြူးပွင့်က တံခါးဖွင့်ပေးရင်း ကိုကိုလေးကို ပြောလိုက်သည်။

"ဟုတ်လား ... ကြီးကြီးရော ... ထွက်သွားပြီလား"

"ကြီးကြီးသွားတာ တစ်နာရီလောက်တောင် ရှိပြီ၊ ဒီနေ့ ကိုကိုလေးပြန်လာတာ စောတယ်နော်"

သစ်လွင်ဟိန်းက ကျောင်းဆင်းသော်လည်း အိမ်ကိုတန်းမပြန်။ ကျူရှင်တွေတက်ပြီး ညရနာရီလောက်မှ အိမ်ပြန်လာနေကျမို့ ခြူးပွင့်က မေးလိုက်ခြင်းဖြစ်ပါသည်။

"အေး. ဟုတ်တယ်၊ ဒီနေ့ ငါပြန်လာတာ စောတယ်"

ကိုကိုလေးက ညှော်ခန်းဆိုဖာပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။

"ခြူးပွင့် ..."

"ရှင် ... ကိုကိုလေး"

ခြူးပွင့် ကိုကိုလေးရှေ့မှာ သွားရပ်လိုက်သည်။

ကိုကိုလေးဆီက အနံ့အသက်တစ်ခုကို ရလိုက်၏။ အရက်နံ့ဆိုတာ ခြူးပွင့်သိလိုက်သည်။

ကိုကိုလေး အရက်တွေ သောက်လာတာပါလား။ ဒါကြောင့် ခုနက သံတံခါးကို မှီရပ်နေတာကိုး။ ခုလည်း ညှော်ခန်းထဲမှာ မထိုင်စဖူး ထိုင်နေပြန်သည်။ ခြူးပွင့်ကြည့်လိုက်တော့ ကိုကိုလေးမျက်လုံးတွေ ရီဝေနေတာ တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခြူးပွင့် ငါ့ဗီရိုထဲက တိုက်ပုံအင်္ကျီအဖြူကိုထုတ်၊ ဖြန့်ကြည့်လို့ ခေါက်ရိုးကျိုးနေရင် ခေါက်ရိုးတွေပြေအောင် မီးပူပြန်တိုက်လိုက်၊ သိလား"

"ဟုတ်ကဲ့ ကိုကိုလေး"

"ပြီးတော့ ကော်လာကတုံး အင်္ကျီလက်ရှည်အဖြူရယ်၊ ရှိုင်ပုဆိုးတစ်ထည်ရယ် ထုတ်ထား"

"ပုဆိုးက ဘာရောင်လဲ ကိုကိုလေး"

"ဘာရောင်ဖြစ်ဖြစ်ဟာ သွား . . . သွား . . . ငါ ငါးနာရီခွဲလောက် အိမ်ကထွက်ရမှာ"

ခြူးပွင့် ကိုကိုလေးအခန်းထဲဝင်ခဲ့ကာ တိုက်ပုံအင်္ကျီကိုအရင်ရှာလိုက်သည်။ ကိုကိုလေးတိုက်ပုံအင်္ကျီဝတ်တာ တစ်ခါမျှမတွေ့ဖူးပါ။ တိုက်ပုံကို တော်တော်ရှာယူရသည်။

ဖြန့်ကြည့်လိုက်တော့ မဝတ်ပဲခေါက်သိမ်းထားတာကြာလို့ တိုက်ပုံအင်္ကျီက ခေါက်ရိုးကျိုးနေသည်။ တစ်လက်စတည်း အင်္ကျီလက်ရှည်အဖြူနှင့် ရှိုင်ပုဆိုးအပြာရောင်ကို ထုတ်လိုက်သည်။

အားလုံးခေါက်ရိုးကျိုးနေသည်မို့ ပြန့်သွားအောင် မီးပူတိုက်ဖို့ လိုပါသည်။

ခြူးပွင့်သည် အပြင်ကမီးပူကိုသွားယူကာ ကိုကိုလေးအခန်းထဲမှာပဲ မီးပူတိုက်နေလိုက်သည်။

မီးပူတိုက်ရင်းက ကိုကိုလေး ဘယ်သွားမှာပါလိမ့် ဘာလို့ အရက်သောက်တာပါလိမ့်လို့လည်း တွေးနေမိသည်။

"ခြူးပွင့် . . ."

နောက်နားက ကပ်ပြီးခေါ်လိုက်သံကြားမှပင် ကိုကိုလေး အခန်းထဲရောက်လာကာ ခြူးပွင့်နောက်မှာ ကပ်ပြီးရပ်နေတာကို သိလိုက်ရသည်။

"ဟင်း . . ."

ကိုကိုလေးက သက်ပြင်းကို လေးတွဲ့စွာချလိုက်သည်။ သက်ပြင်းနှင့်အတူ အရက်နံ့က စူးရှစွာပျံ့လွင့်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအဝတ်အစားတွေက ကိုကိုလေး အခုဝတ်မှာ မဟုတ်လားဟင်၊ ခြူးပွင့် ပြန်မခေါက်တော့ဘူးနော်၊ ပြန့်ရက်အတိုင်းပဲ ချိတ်နဲ့ချိတ်ထားလိုက်မယ်"

ခြူးပွင့် အင်္ကျီများကို ချိတ်တွင်ချိတ်ပြီး လှန်းနေစဉ်တွင် ကိုကိုလေးက ခုတင်ပေါ်ကို ခြေပစ်လက်ပစ် လှဲချလိုက်လေ၏။

ခြူးပွင့်က ကိုကိုလေးအခန်းထဲမှထွက်ဖို့ ပြင်လိုက်သည်။

"ခြူးပွင့် ..."

"ရှင် ..."

"လာပါဦး ... ဒီနားကို ..."

ခြူးပွင့် ကိုကိုလေးလှဲနေသည့် ခုတင်ဘေးတွင် သွားရပ်လိုက်၏။

"ခြူးပွင့် ..."

ကိုကိုလေးမျက်လုံးတွေက အရက်ခိုးဖြင့် ရီဝေနေ၏။

"ခြူးပွင့် ... အချစ်ဆိုတာ ဘာလဲ၊ နင်သိသလား ဟင်"

"ရှင် ..."

ကိုကိုလေးဆီက မမျှော်လင့်သောမေးခွန်းကြောင့် ခြူးပွင့်က ကိုကိုလေးကို အံ့ဩစွာငေးကြည့်နေမိသည်။

"အချစ်ဆိုတာ ဘာလဲ၊ ကိုယ်မချစ်တဲ့လူကို လက်ထပ်သင့်သလားဟင် ... ပြောပါဦး၊ ပြောစမ်းပါ ဦးခြူးပွင့်ရဲ့"

"အို ... ကိုကိုလေး ခြူးပွင့်မသိဘူး"

ကိုကိုလေးက ခြူးပွင့်လက်ကို ဆွဲကိုင်လှုပ်ရမ်းရင်း မေးလိုက်သောကြောင့် ခြူးပွင့်က အလန့်တကြား ပြန်ဖြေလိုက်မိသည်။

"အချစ်ဆိုတာဘာလဲ တကယ့်အချစ်ကို ငါမတွေ့ဘူးသေးဘူး၊ အချစ်ဆိုတာဘာလဲဆိုတာ သိပ်သိချင်တယ်"

ကိုကိုလေးက ခြူးပွင့်ကို ပြောနေတာလား၊ သူ့ဘာသာ တစ်ကိုယ်တည်းရေရွတ်နေတာလား၊ မကွဲပြား။ နှုတ်က တတွတ်တွတ်ရေရွတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



''အချစ်မပါပဲ အိမ်ထောင်တစ်ခု ဖြစ်လာသင့်သလား၊ ပြောစမ်းပါ ပြောစမ်းပါ''

ကိုကိုလေးက ဆုပ်ကိုင်ထားသောခြူးပွင့်လက်ကို ဆွဲချလိုက်ရာ ခြူးပွင့် ခုတင်ပေါ်မှာ ထိုင်ရက်ဖြစ်သွားလေသည်။

''အချစ်ဆိုတာ ဘာလဲ၊ ငါ သိချင်တယ်၊ သူတို့ထောင်ချောက်ထဲကို ဆောင်းခင် အချစ်စစ်စစ်ဆိုတာ ဘာလဲလို့ ငါသိချင်တယ်''

''အို ... ကိုကိုလေး ...'

ခြူးပွင့်က ရုန်းကန်သည်။ တောင်းပန်သည်။

အရက်ခိုးဖြင့် ရီဝေနေသောကိုကိုလေးက တောင်းပန်လို့မရ။ နားမဝင်တော့ချေ။

''အချစ် ... အချစ် ... အချစ်ဆိုတာဘာလဲ ငါသိချင်လို့ပါ၊ သိချင်လို့ပါ ခြူးပွင့်ရယ် ...''

''ကိုကိုလေးရယ် ...''

''နှင်းနွယ်စိုးကို မချစ်ဘူး ... ငါ နှင်းနွယ်စိုးကိုမချစ်ဘူး၊ တကယ့်အချစ်ကိုပဲ ငါလိုချင်တယ်''

ခြူးပွင့်နားမလည်သောစကားလုံးများ ကိုကိုလေးနှုတ်က ထွက်ကျလာသည်။

ကိုကိုလေးဆီက အချစ်ဆိုသောစကားလုံးများကို ကရားရေလွှတ်ကြားခဲ့ရသည်။

ကိုကိုလေးရဲ့ယုယထွေးပွေ့မှုတွေကို ခြူးပွင့် ခံစားခဲ့ရသည်။

ကိုကိုလေးရဲ့တပ်မက်တဲ့အနမ်းများကြားတွင် ခြူးပွင့်ပျော်ဝင်သွားခဲ့သည်။

အချစ် ... အချစ် ... အချစ်တဲ့။

အချစ်တဲ့လားကွယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလေးတော့ မသိပါ။ ခြူးပွင့်ကတော့ အချစ်ဆိုသည့်အရာ ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပါသည်။

မမျှော်လင့်ပဲ ကိုကိုလေးအချစ်ကို ခြူးပွင့်ရလိုက်ပြီ။

✠ ✠ ✠

ခြူးပွင့်သည် ကိုကိုလေးအခန်းထဲမှ ပြေးထွက်လာခဲ့လေ၏။

ကိုကိုလေးက ခြူးပွင့်ကို ချစ်တယ်တဲ့။ ခြူးပွင့်လုံးဝမျှော်လင့် မထားသောအရာဖြစ်သည်။ ခြူးပွင့်က ကိုကိုလေးကို ချစ်စရာရွှေရုပ်ကလေး တစ်ခုလို အလှကြည့်နေရုံနဲ့ ကျေနပ်တဲ့သူပါ။ ကိုကိုလေးဆီက အချစ်ကို ဘယ်တုံးကမျှ မမျှော်လင့်ခဲ့ပါ။

ခြူးပွင့်သည် သူမ,နေသည့်အခန်းထဲအရောက်တွင် ဖျာပေါ်သို့ နွမ်းလျစွာ လှဲချလိုက်၏။

ကိုကိုလေးနှင့် ဖြစ်ခဲ့သည်များကို ပြန်တွေးနေမိသည်။

ကိုကိုလေးက ချစ်တယ်တဲ့။ ခြူးပွင့်ကို ချစ်တယ်တဲ့လားရှင် …

ခြူးပွင့်ရင်များ နွေးထွေးစွာခုန်လှုပ်လျက်ရှိသည်။

"ခြူးပွင့် …"

အခန်းဝမှခေါ်သံကြောင့် … ခြူးပွင့်ဆတ်ခနဲ ထထိုင်လိုက်သည်။

"ကိုကိုလေး …"

ကိုကိုလေးက ခြူးပွင့်အခန်းထဲ ဝင်လာလေသည်။

"ခြူးပွင့် …"

ကိုကိုလေးအသံက စိတ်လှုပ်ရှားမှုဖြင့် တုန်ခိုက်လျက်ရှိသည်။ ကိုကိုလေးအမူအရာများသည် အခုနကလို မဟုတ်တော့ပါ။

"ခြူးပွင့် … ငါတောင်းပန်ပါတယ်၊ ငါ့ကိုခွင့်လွှတ်ပါနော်၊ ငါ … ငါ … မှားသွားတယ်ဟာ"

အို … ကိုကိုလေးရယ် ။ ။ ခြူးပွင့်ကိုချစ်တယ်ဆိုတာ မှားပြီးပြော တဲ့ စကားလားရှင် …



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စ ဘယ်သူမှ မသိစေနဲ့နော် ခြူးပွင့် ငါ နင့်ကိုတောင်းပန်ပါ တယ်၊ ရော့ ... နင့်အတွက် မုန့်ဖိုး"

"အို ..."

ကိုကိုလေးက လက်ထဲက ငွေစက္ကူတစ်ထပ်ကို ခြူးပွင့်ကို ကမ်းပေးသည်။ ခြူးပွင့် လှမ်းမယူပဲ ကိုကိုလေးမျက်နှာကိုသာ ငေးကြည့်နေမိ၏။

"မေ့လိုက်တော့နော် ဒါတွေကို မေ့လိုက်တော့၊ ရော့– ယူလေ၊ နင့်အတွက်မုန့်ဖိုး"

ထိုစဉ် အိမ်ရှေ့မှခေါ်သံထွက်လာလေ၏။ ကိုကိုလေးအမေ ဒေါက်တာ သက်သက်ခင်အသံဖြစ်သည်။

"ခြူးပွင့် ... တံခါးလာဖွင့်ပေးဦး"

"ဟော ... မေမေပြန်လာပြီ၊ ရော့ ...ရော့ ... ခြူးပွင့်၊ သွား မယ်နော်"

ကိုကိုလေးက ငွေစက္ကူတစ်ထပ်ကို ခြူးပွင့်လက်ထဲထိုးထည့်ပြီး အခန်းထဲက ထွက်သွားလေတော့၏။

ခြူးပွင့်သည် လက်ထဲမှပိုက်ဆံများကို ငုံ့ကြည့်ရင်း ကျန်ရစ်ခဲ့ လေသည်။

✠ ✠ ✠

အိမ်တံခါးကို ကိုကိုလေး ဆွဲဖွင့်သည့်အသံ၊ ဒေါက်တာသက်သက် ခင်စကားပြောသံများကို ခြူးပွင့် ကြားနေရပါသည်။

"သားငယ် ... မင်း ရေမချိုးရသေးဘူးလား၊ ဘာလုပ်နေတာလဲ"

"သားလည်း ခုပဲပြန်ရောက်တယ် မေမေ"

"ခြောက်နာရီချိန်းထားတာ မဟုတ်လား၊ ငါးနာရီခွဲနေပြီ၊ လုပ်.. လုပ် မေမေလည်း အဝတ်အစား လဲလိုက်ဦးမယ်"

ခြူးပွင့်က လက်ထဲမှ ပိုက်ဆံတစ်ထပ်ကို ငုံ့ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆယ်တန်အုပ်သုံးအုပ်။ သုံးထောင်ကျပ်တိတိပေါ့။ တစ်ဆယ်တန်ငွေစက္ကူများက အသစ်ကလေးများ ဖြစ်လေသည်။

ကိုကိုလေးရယ်. . ခြူးပွင့်ကို ငွေသုံးထောင်နဲ့တန်ဖိုးဖြတ်တာလား ခြူးပွင့် ကိုကိုလေးကို ဘယ်လိုနားလည်ရမှာလဲ။ ခြူးပွင့်ကိုချစ်တယ်ဆို ခြူးပွင့်ကိုချစ်တယ်လို့ပြောခဲ့တဲ့စကားတွေကို ခြူးပွင့်ဘယ်လိုနားလည်ရတော့မှာလဲ။

"ခြူးပွင့်ရေ. . ခြူးပွင့်. . "

ဒေါက်တာသက်သက်ခင်ခေါ်သံ ထွက်ပေါ်လာသည်။

ခြူးပွင့်က လက်ထဲက ငွေစက္ကူသုံးထုပ်ကို ခေါင်းအုံးအောက်ထဲ ထိုးထည့်လိုက်၏။

"ခြူးပွင့်ရေ . . . ခေါ်တာကြားရဲ့လား မသိပါဘူး"

"လာပါပြီ ဆရာမကြီး။ ခြူးပွင့် လာပါပြီ"

ခြူးပွင့်အခန်းထဲမှပြေးထွက်ခဲ့ကာ ဒေါက်တာသက်သက်ခင် အခန်းဝ သို့ရောက်သွားသည်။

"ဆရာမကြီး"

"ဝင်ခဲ့ ခြူးပွင့်"

ခြူးပွင့်အခန်းထဲဝင်သွားတော့ . . . ဒေါက်တာသက်သက်ခင်က လက်ထဲက သစ်ခွပန်းလေးကိုပြရင်း ပြောလိုက်သည်။

"ခြူးပွင့် . . . အန်တီ့ကို သစ်ခွပန်းပန်ပေးစမ်း"

"ဟုတ်ကဲ့ ဆရာမကြီး"

ခြူးပွင့်က သစ်ခွပန်းကို ဒေါက်တာသက်သက်ခင်ခေါင်းတွင် ကလစ်ဖြင့်ညှပ်ကာ ပန်ပေးလိုက်၏။

ဒေါက်တာသက်သက်ခင်က ပွဲနေပွဲထိုင်သွားမည့်ဟန်ဖြင့် အင်္ကျီ ထဘီ၊ ရင်ဖုံးအင်္ကျီများ လဲဝတ်ထားပါသည်။ ပဝါကိုလည်း ခြုံထားသည်။

ခြူးပွင့် သစ်ခွပန်းပန်ပေးပြီးတော့ ဒေါက်တာသက်သက်ခင်က ခေါင်းကိုဘယ်ညာလှည့်ကာ မှန်ထဲတွင် ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပန်းပန်တာများ အန်တီဖြင့် ဝါသနာမပါပါဘူး။ ပကာသနမို့သာ ပန်ရတာ၊ ခုလည်း သားငယ်ပွဲမို့သာ ဆေးခန်းက ထွက်လာရတယ်၊ လူနာတွေက အများကြီးပဲ၊ ဆရာဝန်ဖြစ်ရတာလည်း မကောင်းပါဘူးအေ၊ ကိုယ့်လူနာကိုယ် သံယောဇဉ်မဖြတ်နိုင်တော့ ကိုယ်ရေးကိုယ်တာတွေ လစ်ဟာကုန်ရော"

ဒေါက်တာသက်သက်ခင်က သူ့ဟာသူ ညည်းညူသလိုလို ခြူးမွှင့်ကို ပြောသလိုမျိုးဖြင့် နှုတ်မှ တတွတ်တွတ်ပြောနေ၏။

"သားငယ်ပွဲမို့"ဟု ပြောလိုက်သည့် ဒေါက်တာသက်သက်ခင် စကားကိုတော့ ခြူးမွှင့် စိတ်ဝင်စားသွားလေသည်။

"မမထား ရှိနေလို့တော်သေးတာပေါ့၊ လူမှုရေးမှန်သမျှ မမထားချည်း တာဝန်ယူလုပ်ပေးနေလို့ မမထား အပျိုကြီးဘဝနဲ့ ဒီအိမ်မှာတာဝန်ယူနေလို့သာ တော်တော့တယ်၊ ခုလည်း သူ့တူစေ့စပ်ပွဲအတွက် ဟိုတယ်မှာ သူကိုယ်တိုင်ကြိုသွားပြီး ပြင်ဆင်နေတာလေ"

"စေ့စပ်ပွဲ ... ဟုတ်လား ဆရာမကြီး"

"အေးလေ ... ဒီနေ့ သားငယ်ကို နှင်းနွယ်စိုးနဲ့ စေ့စပ်မှာ"

"အို ..."

"နှင်းနွယ်စိုးကို မချစ်ဘူး"–ဟု ကိုကိုလေးနှုတ်မှ တဖွဖွရွတ်ဆိုခဲ့သည်ကို ခြူးမွှင့် သတိရလိုက်သည်။

"နှင့်ကိုကိုလေးက နှင်းနွယ်စိုးနဲ့စေ့စပ်မှာကို ကလန်ကဆန်လုပ်နေသေးတာ၊ အန်တီတို့ကလည်း လူကြီးချင်း ငယ်ငယ်ကတည်းကပြောဆိုထားပြီးသားလေ၊ ပြီးတော့ ... နှင်းနွယ်စိုးအဖေ ဦးရာစိုးက သံအမတ်ကြီးအနေနဲ့ နိုင်ငံခြားကိုသွားတော့မှာ၊ သူတို့က မသွားခင် စေ့စပ်သွားချင်ပါတယ်ဆိုလို့ လုပ်ပေးရတာ၊ မင်္ဂလာမဆောင်သေးပါဘူးကွယ်၊ နှင်းနွယ်စိုးတို့နိုင်ငံခြားကပြန်လာမှ နောက်လေးငါးနှစ်မှ မင်္ဂလာဆောင်မှာပါ"

ဒေါက်တာသက်သက်ခင်က ခြူးမွှင့်ကို စိတ်လိုလက်ရပြောပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မှန်တင်ခုံပေါ်တွင်ချထားသော ဒေါက်တာသက်သက်ခင်၏ လက်ကိုင်ဖုန်းမှ ခေါ်သံမြည်လာသည်။ ဒေါက်တာသက်သက်ခင်က ကောက်ကိုင်ကာ ပြန်ဖြေလိုက်၏။

''မမထားလား သက်သက် အိမ်မှာပါ၊ အခုထွက်လာတော့မှာ ကိုမင်းဟိန်း အဲဒီကိုရောက်နေပြီ မဟုတ်လား၊ လာပြီ မမထားရေ ... မမထား တူတော်မောင်က ရေချိုးနေလို့ အခုထွက်ခဲ့ပြီ''

ဒေါက်တာသက်သက်ခင်က လက်ကိုင်ဖုန်းကိုပြန်ပိတ်ပြီး –

''ခြူးပွင့်ရေ ... နင့်ကိုကိုလေးကို သွားကြည့်စမ်း၊ မြန်မြန်လုပ်၊ သွားကြရအောင်လို့''

''ဟုတ်ကဲ့ ဆရာမကြီး''

ခြူးပွင့်အခန်းထဲက ထွက်လာတော့ ဒေါက်တာသက်သက်ခင်လည်း နောက်ကပါလာသည်။

ကိုကိုလေးကို သတိပေးဖို့ မလိုတော့ပါ။

ခြူးပွင့်တို့ အခန်းအပြင်အထွက်တွင် သူ့အခန်းထဲမှထွက်လာသည့် ကိုကိုလေးကို တွေ့လိုက်ရ၏။

ကိုကိုလေးက ခြူးပွင့်မီးပူတိုက်ပေးထားသည့် အင်္ကျီပုဆိုးနှင့်တိုက်ပုံကို ဝတ်ထားသည်။ ခြူးပွင့်ကိုအတွေ့တွင် ကိုကိုလေးက မျက်နှာလွှဲလိုက်၏။ ခြူးပွင့်ရင်ထဲမှာ ကျဉ်ခနဲ ခံစားလိုက်ရသည်။

''သွားစို့ သားငယ်၊ မင်းကားကိုယူမလာနဲ့တော့၊ မေမေ့ကားနဲ့ပဲ အတူတူသွားမယ်၊ ခြူးပွင့် အိမ်ဝင်းတံခါး လိုက်ပိတ်ဦး၊ ပြီးရင် သားငယ်ကားကို ဂိုဒေါင်ထဲသွင်းထားဖို့ မောင်နိုင်ကြီးကိုပြော''

''ဟုတ်ကဲ့ပါ ဆရာမကြီး''

''တယ်လီဖုန်းလာရင်လည်း ကောင်းကောင်း ပြန်ဖြေနော်၊ အိမ်မှာ နင်တစ်ယောက်တည်းကျန်ခဲ့မှာ၊ သူစိမ်းလာရင် တံခါးဖွင့်မပေးနဲ့''

ဒေါက်တာသက်သက်ခင်က မှာစရာရှိသည်များကို ဆက်ဆက်သလို မှာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြူးပွင့်သည် ကိုကိုလေးနှင့်ဒေါက်တာသက်သက်ခင် ပါသွားသော ကား အိမ်ဝင်းထဲကထွက်အသွားတွင် ဝင်းခြံတံခါးကို ပိတ်လိုက်သည်။

ထွက်သွားသော ကားလေးကိုကြည့်ပြီး ခြူးပွင့်နှလုံးသားများ ရင်ထဲကပြုတ်ထွက်လွင့်မျောသွားသလိုခံစားလိုက်ရလေ၏။

ကိုကိုလေးပါလာသောကားလေး မြင်ကွင်းကပျောက်သွားသည်နှင့် ခြူးပွင့်မျက်ဝန်းမှ မျက်ရည်များစီးကျလာလေသည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၁၁ )

ခြူးပွင့်သည် ဝင်းတံခါးကိုပိတ်ခဲ့ပြီး အိမ်ထဲသို့ပြေးဝင်ခဲ့လေသည်။

ခြူးပွင့်မှာ အိမ်ထဲအထိရောက်အောင် လျှောက်လှမ်းနိုင်သည့် အင်အားမရှိတော့ပါ။

ခြူးပွင့်က အိမ်ရှေ့ပန်းခြံလေးထဲက ဒန်းကလေးဆီပြေးသွားကာ ဒန်းပေါ်ထိုင်ချလိုက်သည်။

ခြူးပွင့်သည် ဒန်းပေါ်ထိုင်ရင်း မဆုံးနိုင်အောင် ငိုရှိုက်နေမိလေ၏။

ဆောင်းရာသီဖြစ်သောကြောင့် ညနေခြောက်နာရီအချိန်သည် မှောင်ရီပျိုးနေလေပြီ။ ညမွှေးပန်းရနံ့က တစ်ခြံလုံးမွှေးနေ၏။

ကိုကိုလေးရယ် ခြူးပွင့်အချစ်ကို ငွေသုံးထောင်နဲ့ ဝယ်လိုက်တာလား။ ခြူးပွင့်နှလုံးသားကို ငွေသုံးထောင်နဲ့ ချိန်စက်လိုက်တာလား ကိုကိုလေးရယ် ...

တကယ်တော့ ကိုကိုလေးဟာ သူ့ရဲ့ခံစားချက်တွေကို ခြူးပွင့်နဲ့ အစားထိုးပြီး ဖြေဖျောက်လိုက်တာပါလား။ သူ့ရင်ထဲက မကျေနပ်ချက်တွေကို ခြူးပွင့်ကို မားစာခံလုပ်ပြီး ဖောက်ခွဲလိုက်တာပါလား။



www.burmeseclassic.com

www.burmeseclassic.com



ခြူးပွင့်ကိုတော့ ငွေသုံးထောင်နဲ့ နှစ်သိမ့်ခဲ့သည်။ ရက်စက်လှချည်လား ကိုကိုလေးရယ်။

ခြူးပွင့်ရင်ထဲက သန့်စင်လှတဲ့ ကိုကိုလေးအတွက် အချစ်တွေဟာ ငွေသုံးထောင်ပဲ တန်သတဲ့လားရှင် ...

ခြူးပွင့်သည် ကိုယ့်ဘဝကိုယ် နာကြည်းစွာဖြင့် မဆုံးနိုင်အောင် ငိုရှိုက်နေမိလေ၏။

အချစ် ... အချစ် ... အချစ် ...တဲ့။ ကိုကိုလေးနှုတ်က တဖွဖွ ပြောခဲ့သည်။ အချစ်ဆိုတာဘာလဲ၊ အချစ်ဆိုတာ ငွေသုံးထောင်နဲ့ အလဲအလှယ် လုပ်လို့ရတဲ့အရာလား။

အချစ်ဆိုတာ ငွေသုံးထောင်လား။

ငွေသုံးထောင်ဟာ အချစ်လား။

"ခြူးပွင့် ..."

အနီးကပ်ခေါ်သံကြားမှ မော်ကြည့်လိုက်တော့ ကိုနိုင်ဦး။

ကိုနိုင်ဦးက ဒန်းရှေ့တွင်ရပ်ကာ ငိုနေသောခြူးပွင့်ကို ငုံ့မိုးကြည့်နေသည်။

"ခြူးပွင့် ... နင် ဘာလို့ငိုနေတာလဲဟင်"

"အို ... သွားပါ၊ ခြူးပွင့် ကိုယ့်ဟာကိုယ် တစ်ယောက်တည်းနေပါရစေ"

"ခြူးပွင့် ... နင့်ကို ငါကြည့်နေတာကြာပြီ ... နင်ငိုနေတာကြည့်ပြီး ငါစိတ်မကောင်းဘူး၊ နင်ဘာဖြစ်လို့လဲ၊ ငါ ဘာကူညီရမလဲ၊ ပြောပါ ခြူးပွင့်"

"အို ... သွားစမ်းပါဆို"

ခြူးပွင့်က စိတ်မရှည်နိုင်တော့ပဲ ကိုနိုင်ဦးကို ငေါက်ငမ်းပစ်လိုက်မိသည်။

ကိုနိုင်ဦး ထွက်မသွားပါ။ ခြူးပွင့်ထိုင်နေသည့် ဒန်းကလေးပေါ်တွင် ခြူးပွင့်ဘေးက ဝင်ထိုင်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြူးပွင့်က ကိုယ်ကိုဘေးသို့ ရှိလိုက်၏။

''ခြူးပွင့် ... နင်တစ်ခုခုဖြစ်နေတာပါ၊ ငါသိပါတယ်၊ ငါ နင့်ကို အရိပ်တကြည့်ကြည့် နေနေတာပဲ၊ သိတာပေါ့၊ နင့်မှာ ဘာအခက်အခဲ ရှိသလဲ၊ ငါ့ကိုပြောပါ၊ ငါဖြေရှင်းပေးပါ့မယ် ခြူးပွင့်ရယ်''

''ခင်ဗျား ဘာမျှမတတ်နိုင်ပါဘူး ကိုနိုင်ကြီးရယ် သွားပါ၊ သွားစမ်းပါ၊ ခြူးပွင့်ဟာခြူးပွင့် တစ်ယောက်တည်း နေပါရစေ''

''ဘာဖြစ်တယ်ဆိုတာ ပြောဦးမှပေါ့ ခြူးပွင့်ရယ်၊ နင့်အတွက်ဆို ငါ ဘာမဆိုအဆင်သင့် ရှိပါတယ်ဟာ၊ ငါ နင့်ကို ဘယ်လောက်ချစ်တယ် ဆိုတာ ခုထိမယုံသေးဘူးလား''

''ချစ်တယ် ... ဟုတ်လား ... ချစ်တယ်ဆိုတာ ဘာလဲ၊ အချစ် ဆိုတာ ဘာလဲ သွားစမ်းပါ ကိုနိုင်ကြီးရယ်''

''ငါ့အချစ်ကို နင် ဒီလိုပျက်ရယ်မပြုသင့်ပါဘူး ခြူးပွင့် နင့်အတွက် ငါ အမြဲအဆင်သင့်ရှိပါတယ်၊ နင်ဘာအခက်အခဲရှိနေလဲ၊ ဘာလို့ ငိုနေလဲ၊ ငါ့ကိုပြောစမ်းပါဟာ၊ ရွာက နင့်အိမ်က ဘာသတင်းကြားရလို့လဲဟင်''

''တော်ပါ ကိုနိုင်ကြီးရယ် ခြူးပွင့်တစ်ယောက်တည်း အေးအေး နေပါရစေ ခြူးပွင့် ဘယ်သူနဲ့မျှ စကားမပြောချင်ဘူး၊ ဒါပဲ''

ခြူးပွင့်က စကားကိုဖြတ်ကာ ထိုင်နေရာမှ ထလိုက်သည်။

ကိုနိုင်ဦးက ခြူးပွင့်လက်ကို လှမ်းဆွဲထားလိုက်၏။

''အို ... ခြူးပွင့်လက်ကို လွှတ်ပါ''

''မလွှတ်ဘူး ခြူးပွင့် နင့်မှာ အခက်အခဲတစ်ခုခု ရှိနေတယ်ဆို တာ ငါသိတယ်၊ အဲဒါဘာလဲ၊ ငါသိချင်တယ်၊ ငါဖြေရှင်းပေးချင်တယ်၊ ပြောပါ ခြူးပွင့်''

''ခင်ဗျားနဲ့ ခြူးပွင့်နဲ့ ဘာဆိုင်လို့လဲ''

''ငါ့ဖက်ကတော့ ဆိုင်တယ်ခြူးပွင့် ငါ နင့်ကိုချစ်တယ်၊ အသည်း နင့်အောင်ချစ်တယ် ခြူးပွင့်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် ဟုတ်လား၊ ဟား . . . ဟား . . . ဟား ဟား . . . ဟား ဟား . . . ဟား . . ."

အတောမသတ်အောင် ရယ်မောနေသောခြူးပွင့်ကို ကိုနိုင်ဦးက တအံ့တဩ ငေးမောကြည့်နေလေသည်။

ခြူးပွင့်သည်လည်း ထိုတဒင်္ဂတွင် ရူးသွပ်သွားခဲ့ပြီထင်ပါသည်။ စိတ်ပါလက်ပါနှင့် အူလှိုက်သည်းလှိုက်ပင် ရယ်မောနေမိခြင်းဖြစ်သည်။ မကြာခင်က ဝမ်းပန်းတနည်းရှိုက်ငိုနေခဲ့သောမိန်းကလေးသည် ယခုတော့လည်း ရယ်မောနေပြန်လေ၏။ သို့သော် ရွှင်ပျစွာရယ်မောခြင်းတော့ မဟုတ်ပါချေ။

"ချစ်တယ် . . . ဟုတ်လား၊ ချစ်တယ်ဆိုတာ ဘာလဲ၊ အချစ်ဆိုတာဘာလဲ ခင်ဗျားသိလို့လား ကိုနိုင်ကြီး"

ကိုနိုင်ဦးက ဒန်းပေါ်ထိုင်နေရာမှ ထလိုက်ကာ ခြူးပွင့်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။ ကိုင်ထားသည့်ခြူးပွင့်လက်ကိုမူ လွှတ်မပေးသေး။

"သိတာပေါ့ ခြူးပွင့် အချစ်ဆိုတာ ကိုယ့်ချစ်သူလိုအပ်ချက်ကို ဖြည့်ဆည်းပေးတာပဲ၊ ချစ်တဲ့သူအတွက် အနစ်နာခံတာ အချစ်တဲ့ခြူးပွင့်"

"အို . . . ဟုတ်လား၊ ရယ်ရတယ်နော်၊ ဟား . . . ဟား ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ခြူးပွင့် . . . နင်ဘာဖြစ်နေတာလဲ"

"ခင်ဗျားပြောတဲ့ အချစ်ဆိုတဲ့အဓိပ္ပာယ်ကို ရယ်ချင်လို့ပါ၊ ဒီမယ် ကိုနိုင်ကြီး၊ အချစ်ဆိုတာ ခင်ဗျားပြောသလို မဟုတ်ဘူး၊ အချစ်ဆိုတာ ငွေသုံးထောင်ရှင့် ငွေသုံးထောင် သိရဲ့လား"

"ဘာ . . ."

"အချစ်ဆိုတာ ငွေသုံးထောင်ပဲ ကိုနိုင်ကြီး၊ ခင်ဗျား ခြူးပွင့်ကို တကယ်ချစ်သလား၊ ချစ်တယ်ဆိုရင် ခင်ဗျားမှာ ငွေသုံးထောင်ရှိဖို့တော့ လိုတယ်နော်၊ ဟား . . . ဟား . . . ဟား . . . ဟား . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပြောနေတာလဲ ခြူးပွင့်ရယ်"

"ငွေသုံးထောင်လေ ငွေသုံးထောင်၊ ငွေသုံးထောင်ရှိရင် ချစ်လို့ရတယ်၊ ခြူးပွင့်ရဲ့အချစ်ကို ငွေသုံးထောင်ရှိရင် ဝယ်လို့ရတယ်၊ ဘယ်လိုလဲ၊ ဝယ်မလား"

"ခြူးပွင့် ..."

"ဘယ်လိုလဲ ... ငွေသုံးထောင်မှမရှိရင် ခြူးပွင့်အချစ်ကိုရဖို့ မကြိုးစားပါနဲ့၊ ငွေသုံးထောင်ခင်ဗျားမှာ ရှိသလား၊ ငွေသုံးထောင်ပေးနိုင်ရင် ခင်ဗျား ခြူးပွင့်အချစ်ကိုရနိုင်တယ် ဒါပဲကိုနိုင်ကြီး ဒါပဲ အချစ်ဆိုတာ ဒါပါပဲ ... ဟား ... ဟား ... ဟား ..."

"ဩော ... နင်က ဒီလိုမိန်းမစားမျိုးလား ခြူးပွင့်၊ အေး ... ဟုတ်ပြီလေ၊ လာခဲ့ ... လာခဲ့ ... နင်လိုက်ခဲ့"

ကိုနိုင်ဦးက ခြူးပွင့်ကို ကြမ်းတမ်းစွာ ဆွဲခေါ်သွားခဲ့လေသည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၁၂ )

ကိုနိုင်ဦးက ခြူးပွင့်ရင်ဘတ်ပေါ်သို့ ငွေသုံးထောင်ကို ပစ်တင်လိုက်သည်။

အမျိုးအစားစုံသော ငွေစက္ကူများက ခြူးပွင့်ရင်ဘတ်ပေါ်မှတစ်ဆင့် ကြမ်းပြင်ပေါ်ကျကာ ပြန့်ကျဲသွားလေသည်။

"အဲဒါနင်လိုချင်တဲ့ ငွေသုံးထောင်ပဲ၊ ခြူးပွင့် ... ငါ တန်ဖိုးထားတဲ့အချစ်ကို ငွေသုံးထောင်နဲ့တန်ဖိုးဖြတ်တဲ့ နင့်ကို ငါရွံတယ်၊ နင့်ကို ငါ စော်ဆုပ်သွားပြီ၊ ရွံသွားပြီခြူးပွင့် ... ငါ့အချစ်တွေလည်း အဲဒီငွေသုံးထောင်နဲ့အတူ ပါသွားပါပြီ၊ နောင် နင်မကြားချင်တဲ့ အချစ်ဆိုတဲ့စကားကို ငါ့ဆီက မကြားစေရပါဘူး ခြူးပွင့်၊ နင့်ကို ငါမုန်းတယ်၊ မုန်းတယ် ခြူးပွင့်ရယ်"

ကိုနိုင်ဦးက ခြူးပွင့်ကို စိတ်တိုင်းကျပြောဆိုပြီး သူနေသည့် တန်းလျားတိုက်ခန်းလေးထဲမှ ထွက်သွားလေသည်။

ခြူးပွင့်သည် လဲလျောင်းနေရာမှ ထလိုက်သည်။ တွန့်ကြေနေသောအဝတ်အစားများကို ဆွဲဆန့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေစက္ကူများက ခုတင်ပေါ်မှာ ကြမ်းပြင်ပေါ်မှာ တစ်စစီပြန့်ကျဲ
နေလေသည်။

မှားသွားပြီ။ ခြူးပွင့် မှားသွားပါလေပြီ။

စိတ်ညစ်ညစ်နဲ့ ထင်ရာစိုင်းလိုက်မိပြီ။ ကိုကိုလေးကြောင့် ခံစား
လိုက်ရသောစိတ်ဝေဒနာက ခြူးပွင့်ကို တဒင်္ဂရူးသွပ်သွားစေခဲ့ခြင်း ဖြစ်
သည်။ လောကကြီးကို အရွဲ့တိုက်မယ်လို့ စိတ်ကိုလွှတ်လိုက်မိတဲ့ ခြူးပွင့်
အမှားကြီးမှားပါပြီကော။

ခြူးပွင့်က ကိုနိုင်ဦးအခန်းထဲမှ အမြန်ထွက်လာလိုက်၏။ သုံးထောင်
သောငွေစက္ကူများက ကိုနိုင်ဦးအခန်းထဲမှာပင် ကျန်ရစ်ခဲ့လေသည်။

အပြင်ရောက်တော့ ခြံအုတ်တံတိုင်းဘေးမှာ ပေါက်ကွဲနေသည့်
ကိုနိုင်ဦးကို မြင်လိုက်ရသည်။

ကိုနိုင်ဦး ငိုနေပါကလား။ ကိုနိုင်ဦးသည် ငိုရှိုက်နေရာမှ ခြံဝင်း
အုတ်တံတိုင်းကို လက်သီးနှင့်ထိုးသည်။ အနီးမှသစ်ပင်ကို ခေါင်းနှင့်တိုက်
သည်။ ကိုနိုင်ဦးအမူအရာများက ကြိတ်မနိုင်ခဲမရ ဝမ်းနည်းကြေကွဲနေဟန်
သိသာလှပါသည်။

ဖြစ်ရလေ ကိုနိုင်ဦးရယ် ...

ခြူးပွင့်ရဲ့အပြုအမူက ခြူးပွင့်ကို တစ်ဖက်သတ်ချစ်နေသော
ကိုနိုင်ဦးကိုလည်း ကြေကွဲစေခဲ့ပြီ။ မိမိကိုသန့်စင်စွာချစ်နေတဲ့ ကိုနိုင်ဦးအချစ်
ကို ပျက်ရယ်ပြုလိုက်သလိုလည်း ဖြစ်ခဲ့ပြီ။ အဆိုးဆုံးကတော့ သိပ်ချစ်နေတဲ့
ကိုနိုင်ဦး ခြူးပွင့်ကို မုန်းတီးသွားခြင်းပင်ဖြစ်တော့သည်။

ခြူးပွင့်ကို မုန်းတယ်လို့ပြောသွားသော ကိုနိုင်ဦးကိုယ်တိုင်လည်း
နာကျင်ကြေကွဲစွာ ခံစားနေရပါလေပြီ။

ခြူးပွင့် မှားပြီ။ ပြင်မရတဲ့အမှားကြီးကို ခြူးပွင့်ကျူးလွန်ခဲ့ပြီ။

ခြူးပွင့်သည် အိမ်ထဲသို့ လျင်မြန်စွာ ပြေးဝင်ခဲ့လေ၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၁၃ )

ခြူးပွင့် သည့်အိမ်မှာ ဆက်နေလို့ မဖြစ်တော့ပါ။

တစ်နေ့တည်း တစ်ချိန်တည်းမှာ နာရီပိုင်းပင်မခြားပဲ ခြူးပွင့်သည် ဒီအိမ်က ယောက်ျားသားနှစ်ယောက်နှင့် နယ်ကျွံခဲ့မိပြီ။ ဒီလူတွေကို ခြူးပွင့် ဘယ်လိုဆက်ပြီး မျက်နှာချင်းဆိုင်မလဲ။

ခြူးပွင့်က ဆုံးဖြတ်ချက်ချလိုက်သည်။

ဒီအိမ်က ထွက်သွားပါတော့မည်။

ခြူးပွင့်က လက်ဆွဲအိတ်ထဲသို့ အဝတ်အစားများကိုထည့်သည်။ အိတ်ကိုဆွဲကာ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

ဒီအတိုင်းထွက်သွားလို့တော့ မဖြစ်သေး။ အသိပေးခဲ့ဖို့တော့ လိုပါသေးသည်။

ခြူးပွင့်သည် တယ်လီဖုန်းစင်ပေါ်မှာတင်ထားသည့် မှတ်စုစာအုပ် မှ စာရွက်တစ်ရွက်ကိုဖြုတ်ကာ စာတစ်စောင်ရေးလိုက်သည်။

ကြီးကြီးထားကိုဦးတည်ပြီး အကြောင်းပြချက် သင့်လျော်သည့် စာတစ်စောင်ကို ခြူးပွင့် ရေးထားခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးရှင့်-

အမေနေမကောင်းဘူးလို့ ရွာကဖုန်းဆက်ပါတယ်။

အမေအတော်အသည်းအသန် ဖြစ်နေတယ်ဆိုလို့ ချူးပွင့် ညကားအမှီ ထွက်သွားရပါတယ်။

ကြီးကြီးတို့ပြန်လာတဲ့အထိ မစောင့်နိုင်တဲ့အတွက် ချူးပွင့်ကို ခွင့်လွှတ်ပါ။

ကြီးကြီးနဲ့တကွ.. ဆရာကြီးနဲ့ဆရာမကြီးတို့ကို ဆန်တော့ ခဲ့ပါတယ်။

ချူးပွင့်

ချူးပွင့်က စာကိုမြင်သာအောင် ညှော်ခန်းစားပွဲပေါ်တွင် ပန်းအိုးဖြင့် ဖိထားခဲ့လေ၏။

ထို့နောက် အိမ်ကြီးထဲမှ ထွက်ခွာလာခဲ့လေသည်။

ခြံဝင်းအပြင်ဖက်အရောက်တွင် ချူးပွင့်က အိမ်ကြီးကို ပြန်လှည့် ကြည့်လိုက်သည်။

နေရစ်ခဲ့ပေတော့ ကိုကိုလေးရယ် ချူးပွင့်အသည်းနှလုံးတွေကို ဒီအိမ်ကြီးထဲမှာ မြေမြှုပ်သင်္ဂြိုဟ်ပြီး ထားရစ်ခဲ့ပါပြီရှင် နှလုံးသားဗလာနဲ့ ချူးပွင့် ရွာပြန်သွားပါပြီ။

ကိုနိုင်ကြီးရေ ချူးပွင့်ကို ခွင့်လွှတ်ပါ။ ချူးပွင့်ကို မုန်းလိုက်ပါ မေ့လိုက်ပါ ကိုနိုင်ကြီး။ ချူးပွင့်အတွက် ကိုနိုင်ကြီးရဲ့အမုန်းနဲ့သာ ထိုက်တန် ပါတယ်။

အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။ အရှုံးများစွာနဲ့ ချူးပွင့် ရွာကို ပြန်သွားပါပြီရှင် ...

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၁၄ )

ဒေါ်ခြူးပွင့်က သူမပြောပြနေသော နောက်ကြောင်းများကို နှိုင်း ချပ်လိုက်လေသည်။

"ကဲ ... အဲဒါပဲ အာကာဟိန်း၊ မင်း အမေ့ကို အထင်သေး သွားပြီ မဟုတ်လား၊ အမေ့ကို ရွံမုန်းသွားပြီ မဟုတ်လား သား"

"ဖြစ်ရလေ ... ဖြစ်ရလေ အမေရယ်"

"ဒီအရေးတွေကိုကြိုမြင်လို့ ဒီအကြောင်းတွေကို ငါမပြောပဲထား ခဲ့တာပဲအာကာဟိန်း၊ မင်းမေးလွန်းလို့ ငါပြောလိုက်ရပြီလေ၊ ဒါတွေသိလိုက် တော့ မင်း အမေ့ကို မုန်းသွားပြီ အထင်သေးသွားပြီ မဟုတ်လား"

"ဟင့်အင်း ကျွန်တော်အမေ့ကို အထင်မသေးပါဘူး၊ မုန်းလည်း မမုန်းပါဘူး အမေ၊ ကျွန်တော်အမေ့အတွက် စိတ်မကောင်းဖြစ်မိတာပါ၊ တကယ်တော့ ဒီအဖြစ်မှာ အမေ့အပြစ် မပါပါဘူး အမေရယ်"

"ဘာကွဲ့ ငါဟာ မိန်းမပျက်ဆန်ဆန် လုပ်ခဲ့မိတယ်၊ တကယ် တော့ အဲဒီတုန်းက ငါ့စိတ်တွေထွေပြားနေပြီး ထင်ရာစိုင်းလိုက်မိတာပဲ၊ ငါလုပ်ရပ်ဟာ ဘယ်လောက်များ မိန်းမပျက်ဆန်ထားလိုက်သလဲ အာကာဟိန်း၊ ဒါကို မင်းက အမေ့အပြစ်မပါပါဘူးလို့ဆိုတာကို ငါနားမလည်နိုင်ဘူး အာကာဟိန်း"



www.burmeseclassic.com

www.burmeseclassic.com



"အမေ တကယ်တော့ အဲဒီတုန်းက အမေ့အသက်က ၁၇နှစ်ပဲရှိသေးတာပါ၊ ၁၇နှစ်အရွယ်မိန်းကလေးတစ်ယောက်ဟာ မမျှော်လင့်ခဲ့သွေးပျက်လောက်တဲ့အဖြစ်တွေ ဆက်တိုက်ကြုံလိုက်ရတော့ ဆုံးဖြတ်ချက်တွေမှားရင်လည်း မှားနိုင်တာပေါ့ အမေရယ်၊ ကျွန်တော့်အသက် ၂၂နှစ်ရှိပြီအမေ၊ အဲဒီတုန်းကအမေ့အသက်ထက် လက်ရှိသားအသက်က ပိုကြီးပါတယ်၊ ပြီးတော့ သားက ဘွဲ့ရပြီးတဲ့ခေတ်လူငယ်တစ်ယောက်ပါ အမေ၊ ၁၇နှစ်အရွယ်မိန်းကလေးတစ်ယောက် တစ်ဖွတ်ထိုးလုပ်ခဲ့တဲ့အဖြစ်ကို သားကိုယ်ချင်းစာနိုင်ပါတယ် အမေ၊ သား အမေ့ကို နားလည်ပါတယ်"

"ဟုတ်ရဲ့လား အာကာဟိန်းရယ်၊ မင်း ငါ့ကိုအပြစ်မတင်ပဲ နေနိုင်တာ ငါအံ့သြတယ်"

"အမေရယ် ... အမေ့ကို သားက ဘာလို့အပြစ်တင်ရမှာလဲ၊ ဒါတွေသိရလို့ အမေဆိုတဲ့ဂုဏ်ပုဒ်ဟာ ယုတ်လျော့မသွားပါဘူး အမေရဲ့၊ ပြီးတော့ ဒါတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ဖြစ်ခဲ့တာတွေလေ၊ ကျွန်တော်မမွေးခင်က အဖြစ်တွေပဲ၊ ပြုပြင်လို့မှမရတော့တာ၊ ပြန်ပြင်လို့ မရတော့တဲ့အဖြစ်အတွက် ကျွန်တော်ကအမေ့ကို ဘာလို့အပြစ်တင်ရမှာလဲ၊ ကျွန်တော့်ကို ကျွန်တော့်အဖေအကြောင်း မကွယ်မဝှက်ပြောပြလို့ အမေ့ကို ကျေးဇူးတင်ပါတယ်အမေ"

"ငါကတော့ ... ငါကတော့ ... ငါ့အဖြစ်အတွက် ရှက်လွန်းလို့ လိပ်ပြာငယ်လွန်းလို့ တစ်သက်လုံးမျိုသိပ်ခဲ့တယ် ငါ့သား၊ ငါဟာ တစ်နေ့တည်းမှာ ယောကျ်ားနှစ်ယောက်နဲ့ မှားယွင်းခဲ့တယ်၊ မင်းရဲ့အဖေဟာ ဘယ်သူဆိုတာ အမေဖြစ်တဲ့ငါကိုယ်တိုင် မဝေခွဲနိုင်ခဲ့ဘူး၊ မသိခဲ့ဘူး၊ မင်းရဲ့အဖေနာမည်ကို 'ဦးသစ်ဦး' လို့ပေးခဲ့တာလည်း တခြားကြောင့် မဟုတ်ဘူး ကိုကိုလေးသစ်လွင်ဟိန်းနဲ့ ကိုနိုင်ဦးနာမည်ကိုပေါင်းပြီး ပေးလိုက်တာပဲ"

"ဩော် ... ဒီလိုလား အမေ၊ ဒါပေမဲ့ သားရိပ်မိပါပြီ အမေ၊ သားရဲ့အဖေကို အမေက ဦးသစ်လွင်ဟိန်းပဲဖြစ်စေချင်တယ် မဟုတ်လား"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"အမေက ကျွန်တော့်ကို အာကာဟိန်းလို့ နာမည်ပေးခဲ့တယ်လေ၊ ကျွန်တော့်နာမည်ကို 'ဟိန်း'ပါအောင် မှည့်ပေးထားတာဟာ အမေက ကျွန်တော့်အဖေကို ဦးသစ်လွင်ဟိန်း ဖြစ်စေချင်လို့ပေါ့ အမေ၊ ဟုတ်တယ် မဟုတ်လား ဟင်"

"ဒါကတော့ ... ဒါကတော့ ... အမေတကယ်ချစ်ခဲ့တဲ့လူဟာ ကိုကိုလေးသစ်လွင်ဟိန်းကိုးကွဲ့"

"အမေ့ကို ကျွန်တော်ကိုယ်ချင်းစာနိုင်ပါတယ်၊ နားလည်ပါတယ် အမေရယ်၊ ကျွန်တော့်အဖေဟာ ဦးသစ်လွင်ဟိန်းနဲ့ဦးနိုင်ဦး တစ်ယောက်ယောက်ဖြစ်နိုင်တယ်၊ နှစ်ယောက်စလုံးကတော့ မဖြစ်နိုင်ဘူး အမေ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အဖေအရင်း ဘယ်သူဆိုတာ စုံစမ်းဖို့တော့ လွယ်သွားပြီပေါ့ အမေရယ်"

"ဘာကွဲ့ ... မင်းက မင်းအဖေအရင်းကို စုံစမ်းမယ် ... ဟုတ်လား"

"ဟုတ်တယ်လေ အမေ၊ သားအဖေဘယ်သူဆိုတာ စုံစမ်းရင်ရနိုင်နေပြီပဲ၊ ဦးသစ်လွင်ဟိန်းဟာ အမေနဲ့တွေ့ခဲ့တုန်းက ဆေးကျောင်းသားအခုဆိုရင် ဆရာဝန်ကြီးတစ်ယောက် ဖြစ်နေရောပေါ့ အမေ၊ ဒေါက်တာသစ်လွင်ဟိန်းဆိုပြီးစုံစမ်းလိုက်ရင် မခက်နိုင်ပါဘူး အမေ"

"အာကာဟိန်း ... အမေ့ကို သေခါနီးမှ မင်းအရှက်ခွဲမလို့လား ဟင် .. ဘုရား .. ဘုရား .. မင်း ဘယ်လိုစုံစမ်းမှာလဲကွယ်၊ အမေ့အရှက်ကို ကွဲအောင်လုပ်မလို့လား ငါ့သားရယ်"

ဒေါ်ချိုးပွင့်သည် သူမ၏ငယ်ဘဝဖြစ်ရပ်များအတွက် သားဖြစ်သူက နားလည်မှုပေးလိုက်၍ ဝမ်းသာလို့မဆုံးသေး။ အာကာဟိန်းက ဖခင်ရင်းကို စုံစမ်းမည်ဆိုသည့်အခါ စိတ်မောသွားရလေတော့သည်။

"အမှန်တရားဆိုတာ ရအောင်ဖော်ထုတ်ဖို့မခက်ပါဘူး အမေရယ်၊ အမေ အရှက်မကွဲစေရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ကွယ် မင်းသိချင်တယ်ဆိုလို့ အမေ့အဖြစ်တွေကို မကွယ်မဝှက်ပြောခဲ့ပြီးပါပြီ၊ မရှက်တမ်းဝန်ခံခဲ့ပြီးပါပြီ သားရယ်၊ အမေ ထပ်ပြီး ရင်မမောပါရစေနဲ့တော့ ငါ့သားရယ်၊ မစုံစမ်းပါနဲ့၊ မစုံစမ်းပါနဲ့ကွယ် .. နော်"

"အမေရယ် ..."

"ဒီမယ်ငါ့သား ... အမေဟာ ဒီအဖြစ်အတွက် လူတကာတံတွေးခွက်မှာ ပက်လက်မျောခဲ့ရပြီးပြီ၊ မင်းဦးကြီးက သတ်မယ်ဖြတ်မယ် ကြိမ်းဝါးတာကိုလည်း ခံခဲ့ရပြီးပြီ၊ အမေ့အတွက်က လူတကာလက်ညှိုးထိုးတာ မေးငေါ့တာတွေ မဆန်းတော့ဘူး ငါ့သား၊ ပြီးတော့ နှစ်ပေါင်းများစွာကြာလို့ ဒီအဖြစ်တွေက အေးသွားခဲ့ပါပြီ၊ အေး .. မင်းက ဒီအကြောင်းတွေကို နောက်ကြောင်းပြန်ပြီး စုံစမ်းမယ်ဆိုရင်တော့ လူတွေရဲ့ကဲ့ရဲ့စကားတွေဟာ ထပ်ပြီး ပေါ်လာလိမ့်ဦးမယ်၊ မင်း ခံနိုင်ရည်ရှိပါ့မလား၊ အမေက သေလူဖြစ်နေပြီ၊ ခုအချိန်မှာ အမေ့မှာ တရားရှိနေပြီ၊ လောကဓံကို မဖြုံတော့ပါဘူး မင်းအတွက် ပြောတာပါငါ့သား၊ ဒါတွေကို ပြန်ပြီးမဖော်ထုတ်ချင်ပါနဲ့တော့ သားရယ်"

"အမေရယ် အမေစိတ်ဆင်းရဲအောင် သားမလုပ်ပါဘူး အမေရယ် သားကြောင့် အမေသောက မရောက်စေရပါဘူးဆိုတာ ယုံပါ အမေ"

"မစုံစမ်းနဲ့ မစုံစမ်းရဘူး၊ ဖြစ်ပြီးတာတွေကို ဒီအတိုင်းပဲထားလိုက် ထားလိုက်ပါတော့ကွယ်၊ နော် ... ငါ့သား"

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၁၅ )

အာကာဟိန်းကို သူမ၏ငယ်ဘဝနောက်ကြောင်းများ အားလုံး ဖွင့်ပြောလိုက်ပြီးသည့်နောက်တွင် ဒေါ်ခြူးပွင့်ရင်မှာ ရှင်းသွားခဲ့ပါသည်။ ဘဝတစ်သက်တာလုံး တအုံနွေးနွေးဖြင့် ခံစားလာခဲ့ရသည့် ဝေဒနာကြီးမှာလည်း ပျောက်ကွယ်သွားခဲ့ရသည်။

သားလေးက အဖြစ်ဟောင်းများကို ကြားရသည့်အတွက် အမေ့ကို အပြစ်မတင်ခဲ့တာကိုလည်း အံ့ဩခြင်းနှင့်အတူ ဝမ်းမြောက်ခဲ့ရပါသည်။ အမေပေါ်မှာ နားလည်မှုပေးနိုင်တဲ့ သားလေး။

အာကာဟိန်းက သူ့ဖခင်ရင်းကို စုံစမ်းမယ်ဆိုတဲ့ကိစ္စကိုမူ ဒေါ်ခြူးပွင့် က ပြင်းပြင်းထန်ထန် တားမြစ်ခဲ့ပါသည်။

အာကာဟိန်းကလည်း နောက်ပိုင်းတွင် ထိုအကြောင်းကိုမပြောတော့ပေ။ သည့်အတွက်ကြောင့် ဒေါ်ခြူးပွင့် ရင်အေးနေရပါသည်။

သို့သော် ဒေါ်ခြူးပွင့်ထင်သလို မဟုတ်။

တစ်နေ့သောအခါတွင် အာကာဟိန်းက ဒေါက်တာသစ်လွင်ဟိန်းကိုစုံစမ်းလို့ရပြီဟု ပြောလာသည့်အခါတွင်မှ သားသည် ဖခင်အကြောင်းကို ကြိတ်စုံစမ်းနေခဲ့ကြောင်း သိခဲ့ရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှာထိပ်က ကိုချစ်မောင်ကိုသိတယ် မဟုတ်လား အမေ၊ ကိုချစ်မောင်က ရန်ကုန်မှာ ကားသွားမောင်းနေတာ၊ ကိုချစ်မောင်ကားမောင်းတာက ဆေးရုံတစ်ရုံမှာတဲ့၊ ကိုယ်ပိုင်ဆေးရုံတဲ့ အမေ၊ အဲဒီဆေးရုံကိုပိုင်တဲ့ ဆရာဝန်ကြီးက ဘယ်သူလဲ၊ သိလား အမေ"

"ဘယ်သူများလဲ သားရယ်"

"ဒေါက်တာသစ်လွင်ဟိန်းတဲ့ အမေ"

"အို ..."

"ဒီလိုနာမည်မျိုးဟာ နာမည်တူရှားပါတယ်နော် အမေ၊ ပြီးတော့ ဆရာဝန်လည်း ဆရာဝန်ဆိုတော့ အဲဒီဒေါက်တာသစ်လွင်ဟိန်းဟာ သားရဲ့ အဖေပဲ ဖြစ်မယ်ထင်တယ်၊ နော် ... အမေ"

"နေပါဦး၊ မောင်ချစ်မောင်က သူအလုပ်လုပ်နေတဲ့ ဆေးရုံက ပိုင်ရှင်ဆရာဝန်ဟာ ဒေါက်တာသစ်လွင်ဟိန်းပါလို့ မင်းကို ဘာလို့ပြောပြရတာလဲ"

"သားက စုံစမ်းခိုင်းထားလို့ပေါ့ အမေ"

"ဘာ .."

"ဟုတ်တယ် အမေ၊ ကိုချစ်မောင်က ရန်ကုန်ရောက်နေတော့ ဒေါက်တာသစ်လွင်ဟိန်းဆိုတာများတွေ့မိရင် စုံစမ်းပေးဖို့ ကျွန်တော်က ပြောထားတာပါ၊ တိုက်တိုက်ဆိုင်ဆိုင် ကိုချစ်မောင်က လိုင်းကားမောင်းနေရာက အဲဒီဆေးရုံမှာ အလုပ်ဝင်လိုက်တာတဲ့ အမေ၊ ဆေးရုံပိုင်ရှင် ဆရာဝန်ကြီးနာမည်က ဒေါက်တာသစ်လွင်ဟိန်းဖြစ်နေလို့ ကျွန်တော်စုံစမ်းခိုင်းထားတာ သတိရပြီး အကြောင်းကြားလိုက်တာ"

"အာကာဟိန်း မင်း မောင်ချစ်မောင်ကို အမေ့အကြောင်းတွေ ဖွင့်ပြောလိုက်တယ်ပေါ့၊ ဟုတ်လား"

"ဟာ ... အမေကလည်း ... သားကအဖြစ်မှန်အတိုင်း ပြောပါ့မလား၊ ကျွန်တော့်အဖေဟာ သစ်လွင်ဟိန်းဆိုတဲ့ နာမည်ရှိတယ်၊ အမေနဲ့ တွေ့တုန်းက ဆေးကျောင်းသား၊ ခုဆို ဆရာဝန်ကြီးတစ်ယောက်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လောက်ပြီ၊ အဲဒါကြောင့် ဒေါက်တာသစ်လွင်ဟိန်းဆိုတဲ့ နာမည်မျိုးတွေ့ရင် ပြောပါဆိုပြီး စုံစမ်းခိုင်းတာပါ၊ ကိုချစ်မောင်ကလည်း သားပြောတဲ့အတိုင်း ယုံနေပါတယ်''

''ဘာအဓိပ္ပာယ်နဲ့ စုံစမ်းခိုင်းရတာလဲ အာကာဟိန်းရယ်''

''ကျွန်တော့်အဖေကို ကျွန်တော် သွားတွေ့ချင်လို့ပါ အမေ''

''ဘာ ... မင်း ... မင်း ရူးနေသလား အာကာဟိန်း၊ မင်းကို ဟိုက လက်ခံလိမ့်မယ် ထင်သလား၊ မင်းကို ရိုက်မလွှတ်ရင် ကံကောင်းပဲ၊ ဒီကိစ္စတွေကို သူမသိဘူး၊ မင်းလူ့လောကကိုရောက်လာတာ သူမသိဘူး၊ အကြောင်းစုံကို ငါပြောခဲ့ပြီးသားပဲ အာကာဟိန်းရယ် .. ဒေါက်တာသစ်လွင် ဟိန်းကို မင်းအဖေရယ်လို့ တစ်ထစ်ချပြောလို့ ရနိုင်တာမှမဟုတ်တာ၊ ငါ့အဖြစ်ကိုက မရှင်းခဲ့ဘူးဆိုတာ မင်းကို ငါဝန်ခံခဲ့ပြီးပြီ''

''ဟုတ်ပါတယ် အမေ ကျွန်တော့်အဖေဟာ ဒေါက်တာသစ်လွင် ဟိန်းဟုတ်ချင်မှလည်း ဟုတ်မှာပါ၊ ဒါကို သားသိပါတယ်၊ ဒါပေမဲ့ အဖေ ဖြစ်နိုင်တဲ့လူနှစ်ယောက်ထဲမှာ ဒေါက်တာသစ်လွင်ဟိန်းဆိုတာက ထင်ထင် ရှားရှားရှိနေတော့ စုံစမ်းရတာလွယ်တယ်လေ၊ ဦးနိုင်ဦးဆိုတာက သာမန်လူ ဒရိုင်ဘာတစ်ယောက်၊ ဘယ်လိုစုံစမ်းမလဲ အမေရယ်''

''ဒါဆိုရင် ဘယ်သူ့ကိုမှ စုံစမ်းနေစရာမလိုဘူး၊ မင်းစုံစမ်းလို့လည်း အဖြေမှန်ထွက်လာမှာမဟုတ်ဘူး အာကာဟိန်း''

''အဖြေမှန်ထွက်နိုင်ပါတယ် အမေရယ် ဒေါက်တာသစ်လွင်ဟိန်း နဲ့ဦးနိုင်ဦး နှစ်ယောက်ယှဉ်ပြီးမှ ကျွန်တော့်အဖေဘယ်သူပါလို့ ရွေးထုတ် စရာမလိုပါဘူး၊ သဲလွန်စရနေတဲ့ဒေါက်တာသစ်လွင်ဟိန်းကိုပဲ ကျွန်တော့် အဖေဟုတ်မဟုတ် စုံစမ်းမှာပေါ့၊ ဒေါက်တာသစ်လွင်ဟိန်းက ကျွန်တော့် အဖေမဟုတ်ဘူးဆိုရင် ကျွန်တော့်အဖေဟာ ဦးနိုင်ဦးပဲပေါ့ အမေ''

''အဓိပ္ပာယ်မရှိလိုက်တာကွယ်၊ ဒေါက်တာသစ်လွင်ဟိန်းကို မင်းက *'ခင်ဗျား ကျွန်တော့်အဖေလား'* လို့ သွားမေးမလို့လား''

''အဲဒီလိုမမေးပါဘူး အမေ၊ ဒီခေတ်ထဲမှာ သိနိုင်တဲ့နည်းလမ်းတွေ အများကြီးရှိပါတယ် အမေရယ်''



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာတွေ၊ စိတ်ကူးယဉ်မဆန်ချင်စမ်းပါနဲ့ ငါ့သား၊ မင်းလုပ်ရပ်တွေကို ရပ်တန်းက ရပ်ပါကွယ်"

"အမေ ... ကျွန်တော့်ရဲ့အပြင်းထန်ဆုံးဆန္ဒက ကျွန်တော့်အဖေအရင်းဘယ်သူဆိုတာ သိရဖို့ပါ အမေ၊ လူတစ်ယောက်ဟာ ကိုယ့်ဖခင်အရင်းကို သိသင့်ပါတယ်၊ တစ်ဖက်က အသိအမှတ် ပြုပြု မပြုပြု ကျွန်တော်ကတော့ သိရမှဖြစ်မယ် အမေ"

"ဘုရား ... ဘုရား ... မင်း ... မင်း ... ခေါင်းမာလှချည်လား အာကာဟိန်းရယ်"

✠ ✠ ✠

အာကာဟိန်းက တကယ်ပင် ခေါင်းမာခဲ့လေသည်။ ဒေါ်ခြူးပွင့်ဘယ်လိုဖျက်ဖျက် မရခဲ့။ ဘယ်လောက်တောင်းပန်တောင်းပန် မလျှော့ခဲ့။

ဒေါ်ခြူးပွင့်ကွယ်ရာမှာ ဘယ်လိုတွေ ကြိုးစားလိုက်တယ်မသိ။

ဒေါက်တာသစ်လွင်ဟိန်းသတင်းကိုရပြီး ခြောက်လအကြာတွင် –

"အမေ ... ကျွန်တော် ရန်ကုန်ကိုသွားမယ် အမေ"

"ဘာသွားလုပ်မှာလဲ သား"

"အလုပ်သွားလုပ်မှာပါ၊ ဒေါက်တာသစ်လွင်ဟိန်းရဲ့ဆေးရုံမှာ ဒရိုင်ဘာအလုပ်ရလို့ သွားလုပ်မလို့ပါ အမေ"

"ဘာ ..."

"ကိုချစ်မောင်ပြောပေးလို့ လစ်လပ်တဲ့ဒရိုင်ဘာနေရာမှာ ကျွန်တော့်ကိုခန့်မယ်တဲ့ အမေ၊ ကျွန်တော့်ရဲ့ဓာတ်ပုံနဲ့လျှောက်လွှာကို ကိုချစ်မောင်ဆီ ပို့ပေးထားတာ၊ အဲဒါ ရွှေ့လဆန်းတာနဲ့ အလုပ်ဝင်ရမယ်တဲ့၊ ကျွန်တော် ရန်ကုန်ကိုသွားမယ် အမေ"

"မင်း ခြေလှမ်းကျဲလှချည်လား အာကာဟိန်းရယ်"

"ကျွန်တော်သွားပါရစေ အမေ၊ ကျွန်တော့်ကို မတားပါနဲ့၊ ကျွန်တော့်အဖေ ဘယ်သူလဲဆိုတာ ရအောင်စုံစမ်းပါရစေ အမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မသွားပါနဲ့သားရယ် အမေတောင်းပန်ပါတယ်၊ မင်းလုပ်ရပ်တွေဟာအဓိပ္ပာယ်မရှိဘူး ငါ့သား"

ဒေါ်ခြူးပွင့် အမျိုးမျိုးတောင်းပန်ခဲ့ပါသည်။ ကိုယ်တိုင်တောင်းပန်ရုံမက မကြာဖြူလေးကိုလည်း တားမြစ်ပေးဖို့ တိုက်တွန်းခဲ့သည်။

ခေါင်းမာလှသောအာကာဟိန်းက ကြာဖြူကြားကဝင်ပြီး တောင်းပန်သော်လည်း လက်မခံပါ။

ခုတော့ သားလေးအာကာဟိန်းသည် သူ့ဖခင်အရင်းကို ရှာဖို့ ရန်ကုန်ကို ထွက်သွားခဲ့ပါပြီ။

ဒေါ်ခြူးပွင့်အဖို့ ဆုတောင်းစရာတစ်ခုပဲ ရှိတော့သည်။

ထိုဆုကိုပဲ ဒေါ်ခြူးပွင့် တောင်းရပါတော့သည်။

အဲဒါကတော့ –

"ရန်ကုန်က ဒေါက်တာသစ်လွင်ဟိန်းဆိုတာ ခြူးပွင့်ရဲ့ ကိုကိုလေးသစ်လွင်ဟိန်း မဟုတ်ပါစေနဲ့၊ နာမည်တူတဲ့ တခြားတစ်ယောက်ပဲ ဖြစ်ပါစေ"

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၄ )

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

အာကာဟိန်း ရန်ကုန်မြို့ကြီးကို ရောက်ခဲ့ပါပြီ။

ရန်ကုန်ကားဂိတ်ကို ကားဆိုက်သည်နှင့် အာကာဟိန်းက တက္ကစီတစ်စီးငှားကာ ကိုချစ်မောင်လိပ်စာပေးထားသည့် 'ဟိန်း– အထူးကုဆေးရုံ' သို့ လာခဲ့လေသည်။

ဆေးရုံကိုရောက်တော့ ''ဟိန်းဆေးရုံ''မှာ ခြောက်ထပ်တိုက်အဆောက်အဦးကြီးဖြစ်နေတာကို တွေ့ရလေသည်။

အာကာဟိန်းက စုံစမ်းရေးဌာနမှာ ဝင်စုံစမ်းလိုက်သည်။

''ယာဉ်မောင်းကိုချစ်မောင် လေးထပ်က ရုံးခန်းထဲမှာ ရှိနေပါတယ်၊ ဓာတ်လှေကားနဲ့ တက်သွားနိုင်ပါတယ်ရှင်''

ညှော်ကြိုမိန်းကလေးက ပြန်ပြောသည်။

အာကာဟိန်း ဓာတ်လှေကားထဲဝင်မည်ပြုတော့ မိန်းကလေးတစ်ယောက်ဓာတ်လှေကားထဲမှာ ရောက်နေနှင့်တာတွေ့ရသည်။ မိန်းကလေးကအသက်၁၆နှစ်–၁၇နှစ်အရွယ်လောက် မြီးကောင်ပေါက်မလေးဖြစ်သည်။

''ကျွန်တော် လေးထပ်ကို တက်ချင်လို့၊ လိုက်လို့ရမလားဟင်''



www.burmeseclassic.com

www.burmeseclassic.com



အာကာဟိန်းက သူ့ထက်အရင် ဓာတ်လှေကားထဲ ရောက်နေသည့် မိန်းကလေးကို ခွင့်တောင်းလိုက်သည်။

မိန်းကလေးက ပြုံးလိုက်လေ၏။

"ဆေးရုံကဓာတ်လှေကားကို ဘယ်သူသုံးသုံးရတာပဲ၊ ခွင့်တောင်းစရာမလိုပါဘူး၊ ကျွန်မပိုင်ပစ္စည်းလည်း မဟုတ်ဘူး၊ လိုက်ခဲ့လို့ရပါတယ်"

မိန်းကလေးက ခပ်ပြုံးပြုံးပင် ပြန်ပြောသည်။ ဓာတ်လှေကားနဲ့ လိုက်ဖို့ ခွင့်တောင်းနေတဲ့ အာကာဟိန်းကို ရယ်ချင်နေပုံရပါသည်။

အာကာဟိန်းဓာတ်လှေကားထဲဝင်အပြီးတွင် မိန်းကလေးက ဓာတ်လှေကားထဲက ခလုတ်တချို့ကို နှိပ်လိုက်လေသည်။

ဓာတ်လှေကားတံခါးပိတ်သွားပြီး ဓာတ်လှေကားက အထက်သို့ ငြိမ့်ခနဲ မြောက်တက်သွားလေ၏။ ဒီကောင်မလေးပါလာလို့ တော်သေးသည်။ အာကာဟိန်းတစ်ယောက်တည်းဆို ဓာတ်လှေကားကို မသုံးတတ်ပါ။

"အစ်ကိုကြီးက လေးထပ်ကိုသွားမှာ ဟုတ်လား"

"ဟုတ်ပါတယ်"

"ကျွန်မလည်း လေးထပ်ကိုသွားမှာပဲ"

"ဩော် ..."

"လေးထပ်ကို ဘာသွားလုပ်မှာလဲဟင် ... တစ်ယောက်ယောက် ဆေးရုံတက်နေလို့လား"

မိန်းကလေးက ခရီးဆောင်အိတ်လွယ်ထားသော အာကာဟိန်းကို အကဲခတ်သလိုကြည့်ကာ မေးလိုက်လေသည်။

"မဟုတ်ပါဘူး၊ ကျွန်တော်က ဒီဆေးရုံမှာ အလုပ်လုပ်ဖို့လာတာပါ"

"အလုပ်လုပ်ဖို့ ..."

"ဟုတ်တယ် ... ဆေးရုံကကားကို မောင်းဖို့ပါ၊ ခုမှ အလုပ်ဝင်ဖို့လာခဲ့တာပါ၊ နယ်ကလာတာလေ"

"ဩော်..."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ... ခတ်လေ့ကားအတွင်း လင်းနေသောမီးက ဖြတ်ခနဲမှိတ်သွားကာ ခတ်လေ့ကားကလည်း တုံ့ခနဲရပ်သွားလေ၏။

''ဟင် ... ဘယ်လို ... ဘယ်လိုဖြစ်တာလဲ''

အာကာဟိန်းက အလန့်တကြားမေးလိုက်သည်။

''မီးပျက်သွားတာလေ ...''

''မီးပျက်သွားတာ၊ ဒါဆို ခတ်လေ့ကားကြီးက ဒီအတိုင်း ရပ်နေတော့မှာပေါ့''

''ဟုတ်တယ်၊ မီးမရှိပဲ ဘယ်လိုရွေ့မလဲ''

''ကျွန်တော်တို့ မီးမလာမချင်း ဒီအတိုင်းနေရမှာလားဟင်''

''ဘယ်တတ်နိုင်မလဲ၊ ရန်ကုန်မှာ ဒီလိုပဲ မီးခဏခဏပျက်နေကျ''

''စကတည်းက လှေကားနဲ့တက်လိုက်ရရင် ကောင်းသားဗျာ၊ ခတ်လေ့ကားနဲ့တက်လို့ရတယ်ဆိုလို့ တက်လာလိုက်မိတာ''

''ဩော် ... ဟုတ်လား၊ အေးအေးဆေးဆေးပေါ့ရှင်၊ ဘာအလျင်လိုစရာရှိလို့လဲ''

မိန်းကလေးကတော့ ခပ်အေးအေးပင် ပြန်ပြောနေ၏။ ရန်ကုန်သူတွေအဖို့ ဒါမျိုးကြုံနေကျထင်ပါသည်။

ခတ်လေ့ကား ကျဉ်းကျဉ်းလေးထဲမှာဖြစ်သော်လည်း မီးပျက်နေ၍ အာကာဟိန်းနှင့်မိန်းကလေးတို့ တစ်ယောက်ကိုတစ်ယောက် မမြင်ရတော့ပါ။

''ကျွန်တော်တို့ ဘယ်နေရာကို ရောက်နေပြီလဲဟင်''

''သုံးထပ်နဲ့လေးထပ်ကြားမှာပါ အစ်ကိုကြီး''

''ရောက်ခါနီးမှနော်''

''ဟုတ်ပါရဲ့''

မိန်းကလေးရဲ့စကားပင် မဆုံးလိုက်။ မီးက ဖြတ်ခနဲပြန်လင်းလာသည်။ မီးပြန်လင်းလာသည်နှင့်အတူ ခတ်လေ့ကားသည် အထက်သို့ ဆက်တက်သွားလေ၏။

''တော်ပါသေးရဲ့ဗျာ မီးပြန်လာလို့''



www.burmeseclassic.com

www.burmeseclassic.com



"မီးပြန်လာတာမဟုတ်ဘူး အစ်ကိုကြီးရဲ့၊ မီးက ခဏလေး ပြန်မလာတတ်ဘူး၊ မီးစက်မောင်းလိုက်တာဖြစ်မှာ"

"ဪ ..."

သူတို့စကားအဆုံးတွင် ဓာတ်လှေကားက လေးထပ်သို့ရောက် ရပ်သွားလေသည်။ ဓာတ်လှေကားတံခါးက အလိုအလျောက်ပွင့်သွားသည်

"နင်လည်း ဒီအထပ်ကိုလာတာဆို ထွက်လေ"

အာကာဟိန်းက မိန်းကလေးကို ဦးစားပေးသည့်အနေဖြင့် ဓာတ်လှေကားထဲမှ ထွက်ခိုင်းလိုက်သည်။

မိန်းကလေးက ပြုံးစေ့စေ့ဖြင့် ဓာတ်လှေကားထဲမှထွက်လိုက်

သူ့နောက်ကမှ အာကာဟိန်းက အမြန်လိုက်ထွက်လိုက်သည် အာကာဟိန်းစိတ်ထဲမှာ အမြန်မထွက်ဖြစ်လျှင် ဓာတ်လှေကားတံခါး အလို ပြန်ပိတ်ကာ အပေါ်ကိုတက်သွားလိမ့်မည်ဟု ထင်နေသည်။ ထို့ကြောင့် တံခါးပြန်မပိတ်ခင် အမြန်ထွက်လိုက်ခြင်းဖြစ်ပါ၏။

အာကာဟိန်းအမူအရာများကို မိန်းကလေးက ပြုံးကြည့်နေလေ

"အစ်ကိုကြီးက ဘယ်ကိုသွားမှာလဲဟင်"

"ဒီလေးထပ်မှာ ရုံးခန်းရှိတယ်တဲ့၊ ရုံးခန်းကိုသွားဖို့ အောက်ထပ် လမ်းညွှန်လိုက်တာ"

"ရုံးခန်းက ညာဖက်ခြမ်း အစ်ကိုကြီး၊ ဒီ ဘယ်ဖက်ခြမ်းက မီးယ သားဖွားဆောင်လေ၊ ကျွန်မက မီးယပ်သားဖွားဆောင်ကို သွားမှာ"

"ဟုတ်လား ... ဘယ်သူ ဆေးရုံတက်နေလို့လဲ"

"ဘယ်သူမှ ဆေးရုံမတက်ပါဘူး၊ အိုဂျီဆီမှာ ကျွန်မကိုယ်ဝန် အပ်မလို့ပါ"

"ဘာ ..."

"မွေးတော့လည်း ဒီဆေးရုံမှာပဲမွေးမှာမို့ ကိုယ်ဝန်ပါအပ် တာလေ သွားမယ်နော် အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက အာကာဟိန်းကိုနှုတ်ဆက်ပြီး ဘယ်ဖက်ခြမ်းရှိ အဆောင်ထဲသို့ ဝင်သွားလေ၏။

အာကာဟိန်း အံ့သြမင်သက်ကာ ကျန်ခဲ့ရလေသည်။

ကောင်မလေးကိုကြည့်တော့ ၁၆နှစ်–၁၇နှစ်လောက် ဆယ်တန်းကျောင်းသူလောက်ပဲရှိသေးသည်။ အမူအရာကလည်း တကယ့် ကလေးလေးပါ။ သူက ကိုယ်ဝန်လာအပ်တာဆိုပါလား။

✠ ✠ ✠

"ဟာ ... အာကာဟိန်း ရောက်လာပြီလား"

သူ့နာမည်ကိုခေါ်ပြီး နှုတ်ဆက်လိုက်သံကြောင့် အာကာဟိန်း လှည့်ကြည့်လိုက်ရာ ကိုချစ်မောင်ကို တွေ့လိုက်ရလေသည်။

"ကိုချစ်မောင် ခင်ဗျားလေးထပ်မှာ ရှိတယ်ပြောလို့ ကျွန်တော် တက်လာတာ၊ ကားဆိုက်ဆိုက်ချင်း ဒီကိုလာခဲ့တာဗျ"

"အတော်ပဲအာကာဟိန်း မင်းကို မန်နေဂျာနဲ့တစ်ခါတည်းတွေ့ပေးလိုက်မယ်၊ လာ ... လာ ..."

ကိုချစ်မောင်က အာကာဟိန်းကို မန်နေဂျာအခန်းသို့လိုက်ပို့ကာ ဦးသိန်းညွှန့်ဆိုသော ဆေးရုံမန်နေဂျာကြီးနှင့် မိတ်ဆက်ပေးလေသည်။

"ဆရာ ဒါ ကျွန်တော်စီဗီဖောင်တင်ပေးထားတဲ့ အာကာဟိန်းပါ၊ ကျွန်တော်တို့မြို့ကပါ၊ လက်ရှိ အဝေးပြေးကားမောင်းနေတယ်ဆိုတာ သူပါ ဆရာ"

"ဟုတ်ပါပြီ၊ မောင်အာကာဟိန်းရဲ့စီဗီကို ဆရာစစ်ပြီးပါပြီ၊ မောင်ချစ်မောင်ထောက်ခံချက်နဲ့ အလုပ်ခန့်ဖို့လည်း အဆင်သင့်ပါ၊ ထုံးစံအတိုင်းတော့ မောင်အာကာဟိန်းရဲ့ ကားမောင်းကျွမ်းကျင်မှုကို စစ်ဆေးရဦးမယ်၊ အဲဒီတော့ မောင်ချစ်မောင်က မောင်အာကာဟိန်းကို မော်တော်ယာဉ်ကြီးကြပ်ရေးမှူး ဦးသောင်းအေးဆီကို ခေါ်သွားလိုက်ပါ၊ စစ်ဆေးပြီးရင် နိုပ်ကို ဆရာ့ဆီလာတင်ဖို့ ဦးသောင်းအေးကို ပြောလိုက်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကံကောင်းတယ် အာကာဟိန်း၊ ဆေးရုံမှာ ကားအသစ်ချေ ဝယ်လိုက်တယ်၊ ဒရိုင်ဘာတွေလိုနေတဲ့အချိန်နဲ့ မင်းစီဗီကိုတင်ပေးလိုက် အချိန် အံကိုက်ဖြစ်သွားလို့ မင်းအလုပ်အလွယ်တကူရတာ"

"မန်နေဂျာက ခင်ဗျားထောက်ခံချက်နဲ့မို့ ကျွန်တော့်ကိုခန့်မှာ ကိုချစ်မောင်က တော်တော်ပေါက်ရောက်သားပဲ"

"အဲဒီလိုမဟုတ်ဘူး အာကာဟိန်း၊ ဒီမှာက အလုပ်ခန့်ရင် လူစိမ်း ကိုမခန့်ဘူး။ လက်ရှိဝန်ထမ်းတစ်ယောက်ယောက်က ထောက်ခံတဲ့သူထဲ မှ ရွေးခန့်တာ၊ မင်းကို ငါက လက်ရှိဝန်ထမ်းအဖြစ်နဲ့ ထောက်ခံပေးရုံတင်ပါ"

"ကားမောင်းတာ စစ်ဦးမှာဆို၊ အဲဒါကရော ..."

"ဒါကတော့ အလုပ်ထုံးစံပေါ့ကွာ၊ မင်းကို တစ်ခါတည်းမှာထား ဦးမယ်၊ သာမန်ကြည့်ရင် ကားမောင်းနိုင်းတယ်ဆိုပေမယ့် စစ်ဆေးတဲ့သူ အသေးစိတ်ကိုကြည့်ပြီး အမှတ်ပေးတာကွ၊ ကားပေါ်ကိုတက်ထိုင်ပုံ ကားတံခါး ဖွင့်ပုံပိတ်ပုံ ညင်သာမှုရှိမရှိကအစ ကြည့်တာနော်၊ ကားရပ်ရင်လည်း လက် ဘရိတ်ဆွဲမဆွဲ ကြည့်တယ်၊ တစ်ခုချင်းကြည့်ပြီး အမှတ်ပေးတာ၊ အချိုးအကွေ့ မှာ အချက်ပြတာ၊ ကုန်းဆင်းကုန်တက်လမ်းမှာ ဂီယာချိန်းမချိန်းနဲ့ ချိန်း ချိန်းနည်း၊ မျဉ်းကျားနားရောက်ရင် အရှိန် လျှော့မလျှော့ အားလုံးပေါ့ကွာ ကားသမားတစ်ယောက်လိုက်နာရမယ့် စည်းကမ်းအတိုင်း လိုက်နာမှုရှိမရှိ နားလည်မှုရှိမရှိ စစ်ဆေးတာပေါ့၊ စစ်တော့လည်း ခုန ငါပြောခဲ့တဲ့ ကုန်းဆင်း ကုန်းတက်ရော မီးပွိုင့်ရော မျဉ်းကျားရော အစုံရှိတဲ့လမ်းမျိုးကို ရွေးထားတာ ကွ၊ အဲဒီတော့ ငါကြိုပြောထားတဲ့အတိုင်း စနစ်တကျဖြစ်အောင်သာ မောင်းပြပေတော့"

"မလွယ်ပါလား၊ ကားမောင်းကျွမ်းကျင်ရုံနဲ့ မဖြစ်ဘူးပေါ့နော်"

အာကာဟိန်းက စိုးရိမ်သွားမိသည်။ သူ့အနေနဲ့ ဒီဆေးရုံမှာ ဒရိုင်ဘာ အလုပ်ရမှဖြစ်မည်။ မြို့ကအလုပ်မှ အပြီးထွက်လာခဲ့ပြီးပြီ။ ပြီးတော့ ဟိန်းဆေးရုံ သည် သူ့ဖခင်ဟုယူဆရသော ဒေါက်တာသစ်လွင်ဟိန်းရှိသည့် နေရာဖြစ်လို့ ဒီမှာပဲအလုပ်ရမှ ဖြစ်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးသူက မကြိုက်လို့ အလုပ်မခန့်မှာကို စိုးရိမ်သွားမိခြင်း ဖြစ်ပါ၏။

✠ ✠ ✠

သို့ရာတွင် တကယ်တန်းကျတော့ အားလုံးအဆင်ပြေသွားခဲ့ပါသည်။

ယာဉ်မောင်းကြီးကြပ်ရေးမှူး ဦးသောင်းအေးဆိုသူက အာကာဟိန်းကို နယ်မှလာသူဖြစ်၍ ရန်ကုန်လမ်းများကို မကျွမ်းသေးသည့်အတွက် ယာဉ်မောင်းစစ်ဆေးရာတွင် ကိုချစ်မောင်ကို ခေါ်လာခဲ့သည်။

သတ်မှတ် လမ်းကြောပေါ်တွင် အသွားလမ်း၌ ကိုချစ်မောင်ကို မောင်းစေသည်။ အာကာဟိန်းကို လမ်းကြောအား မှတ်သားစေပါသည်။

အပြန်လမ်းကျမှ အာကာဟိန်း ပြန်မောင်းလာရပါ၏။

ဦးသောင်းအေးက အာကာဟိန်း ကားမောင်းပုံ စနစ်တကျရှိမရှိကို စစ်ဆေးအမှတ်ပေးရင်း ဘေးမှလိုက်ပါလာခဲ့သည်။

အာကာဟိန်းက ကိုချစ်မောင်ကြို သတိပေးထားသောစည်းကမ်းချက်များအတိုင်း ကားကို အတိအကျမောင်းပြနိုင်ခဲ့သည်။

"မောင်အာကာဟိန်းရဲ့ ယာဉ်မောင်းနှင်မှုအရည်အသွေးကို ဦးလေးသဘောကျပါတယ်၊ ဦးလေးရဲ့စစ်ဆေးချက်ကို မန်နေဂျာကြီးဆီ ဒီနေ့ပဲတင်ပြလိုက်မယ်၊ မောင်ချစ်မောင်ကလည်း ထောက်ခံပေးထားတယ်ဆိုတော့ မောင်အာကာဟိန်းကို အလုပ်ခန့်ဖြစ်မှာပါ"

"ဟုတ်ကဲ့ ဦးလေး"

"နေတော့ ဘယ်မှာနေမလဲ"

"ကျွန်တော့်မှာ ရန်ကုန်မှာ ဆွေးမျိုးသားချင်း မရှိပါဘူး"

"ဒါဖြင့်ဲ့ ၊ လောလောဆယ် မောင်ချစ်မောင်နဲ့အတူ ဆေးရုံက အလုပ်သမားဆောင်မှာနေလေ၊ မောင်အာကာ့ကိစ္စကို မနက်ဖြန်အဖြေသိရအောင် ဦးလေးလုပ်ပေးပါ့မယ်"

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့်တော့တက်သွားခဲ့ပြီ။ အလုပ်ခန့်စာထွက်လာရင်တော့ အာကာဟိန်း သက်ပြင်းချနိုင်ပါလိမ့်မည်။

ကိုချစ်မောင်က သူနေသည့် ဆေးရုံနောက်ဘက်က အလုပ်သမားဆောင်ကိုခေါ်သွားကာ အာကာဟိန်းကို နေရာချပေးသည်။

အဆောင်တွင် လက်ရှိနေသူသုံးဦးရှိပြီး အာကာဟိန်းနှင့်ဆိုလျှင် လေးဦးဖြစ်ကြောင်းသိရသည်။

"ကိုချစ်မောင်၊ ကျွန်တော်အလုပ်ရဖို့ သေချာပါတယ်နော်"

"သေချာပါတယ်ကွာ၊ ငါ ပြောထားပြီးသားပါ၊ ဦးသိန်းညွန့်ရော၊ ဦးသောင်းအေးရော၊ မင်းကို သဘောကျပုံရပါတယ်"

"သူတို့နှစ်ယောက်ပြီးရင် ပြီးတယ်ပေါ့"

"ဦးသိန်းညွန့်က မန်နေဂျာ၊ ဆေးရုံမှာ ရာထူးအကြီးဆုံးပဲ၊ စီမံခန့်ခွဲမှုအပိုင်းနဲ့ ဝန်ထမ်းရေးရာကို သူပဲကိုင်တယ်၊ ဆရာဝန်တွေကိုအလုပ် ခန့်တဲ့နေရာမှာတောင် သူ့သဘောထားပါရတယ်၊ ဦးသောင်းအေးကတော့ မော်တော်ယာဉ်ဌာနမှာ အကြီးဆုံးပေါ့၊ ဒရိုင်ဘာခန့်တဲ့နေရာမှာ ဦးသောင်းအေးစစ်ဆေးချက်က အဓိကပဲလေ"

"ဒါနဲ့ကိုချစ်မောင် ... ဒေါက်တာသစ်လွင်ဟိန်း ... ဒေါက်တာသစ်လွင်ဟိန်းကရောဟင်၊ အခု ရှိသလား"

"ဆရာကြီး အပေါ်ထပ်မှာ ရှိနေပါတယ်၊ မင်းနဲ့ငါ ဆင်းလာတဲ့လေးထပ်မှာပဲလေ၊ ဆရာကြီးက အိုကျိူ သားဖွားမီးယပ်ပါရဂူပေါ့၊ လေးထပ်က သားဖွားဆောင်ဆိုတော့ အဲဒီမှာပဲ ထိုင်တယ်"

"ဪ ..."

"ညကိုးနာရီလောက်မှ ဆရာကြီးပြန်တယ် အာကာဟိန်း"

"ကျွန်တော် ဒေါက်တာသစ်လွင်ဟိန်းကို ကြည့်ချင်တယ်"

"ဆရာကြီးပြန်ဆင်းလာတဲ့အချိန်ကျ ခပ်လှမ်းလှမ်းက ကြည့်ပေါ့၊ ငါပြပေါ့မယ်၊ ဒါနဲ့ အာကာဟိန်း၊ ဆရာကြီးဟာ မင်းအဖေဆိုတာ သေချာရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အမေက သူနဲ့ငြိစွန်းခဲ့တဲ့လူဟာ သစ်လွင်ဟိန်းလို့ဝန်ခံတယ် ကိုချစ်မောင်၊ အမေနဲ့တွေ့တုံးက သစ်လွင်ဟိန်းဆိုတာ ဆေးကျောင်းသားတဲ့၊ အဲဒါကြောင့် ဒေါက်တာသစ်လွင်ဟိန်းဆိုတာ ကျွန်တော့်အဖေဖြစ်နိုင်တယ်လို့ ယူဆရတာပါ ကိုချစ်မောင်၊ အတိအကျတော့ မပြောနိုင်ပါဘူး ဒီက ဒေါက်တာသစ်လွင်ဟိန်းဟာ ကျွန်တော့်အဖေဟုတ်ချင်မှလည်း ဟုတ်မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ . အမေ့ဆီမှာ ဒေါက်တာသစ်လွင်ဟိန်း ဓာတ်ပုံ မရှိဘူးလေ"

"ဒါဖြင့် ဆရာကြီးဟာ မင်းအဖေဟုတ်မဟုတ် ဘယ်လိုဆုံးဖြတ်မလဲ၊ ဒေါ်လေးဒေါ်ခြူးပွင့်ကိုယ်တိုင်လာကြည့်မှ သိနိုင်တော့မှာပေါ့"

"အမေ့ကို ဒုက္ခမပေးချင်တော့ပါဘူး ကိုချစ်မောင်ရယ်၊ ကျွန်တော့်ဘာသာ စုံစမ်းပါတော့မယ်"

"မင်းက ဆရာကြီးကို တိုက်ရိုက်မေးမှာလား"

"ဟာ ... ကိုချစ်မောင်ကလဲ အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ၊ ဒီလိုပါ ကိုချစ်မောင်၊ ကျွန်တော်က ကျွန်တော့်အဖေနာမည်ဟာ သစ်လွင်ဟိန်း၊ တစ်ချိန်တုံးက ဆေးကျောင်းသားဆိုတဲ့အချက်အလက်တွေနဲ့ ဒေါက်တာ သစ်လွင်ဟိန်းကို မြင်ဖူးအောင်လာကြည့်တာပါ၊ ဒီကဒေါက်တာသစ်လွင် ဟိန်းဟာ ကျွန်တော့်အဖေအရင်း ဖြစ်စေဦးတော့၊ ကျွန်တော် ဘာမျှအသိ မပေးပါဘူးဗျာ၊ ကျွန်တော့်အဖေကို မြင်ဖူးတယ်ဆိုရုံမြင်ရရင် ကျေနပ်ပါပြီ၊ ကျွန်တော် ဘာမျှမျှော်လင့်မထားပါဘူး ကိုချစ်မောင်ရယ်"

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၂ )

ညကိုးနာရီထိုးခါနီးတွင် ကိုချစ်မောင်က အာကာဟိန်းကို ဆေးရုံအထွက်တံခါးဆီမြင်ရသည့်နေရာသို့ ခေါ်သွားသည်။

"ဆရာကြီး ဟိုအပေါက်က ထွက်လာလိမ့်မယ်၊ ဆရာကြီးကားက ဟိုနားမှာရပ်ထားတဲ့ ဆာ့ဗ်ကားအစိမ်းရောင်၊ ဆရာကြီးထွက်လာရင် မင်းကိုပြမယ် အာကာဟိန်း"

အာကာဟိန်းသည် ရင်ခုန်စွာဖြင့် ဒေါက်တာသစ်လွင်ဟိန်းကို ကြည့်ရန် စောင့်မျှော်နေခဲ့သည်။

ကိုးနာရီထိုးအပြီး ဆယ်မိနစ်အစွန်းတွင် ဒေါက်တာသစ်လွင်ဟိန်း ထွက်လာလေသည်။

"ဟော ... လာပြီ၊ အဲဒါ ဆရာကြီး ဒေါက်တာသစ်လွင်ဟိန်းပဲ"

ကိုချစ်မောင်က တီးတိုးပြောလိုက်သည်။

ဆာ့ဗ်ကားကြီးဆီသို့ တစ်လှမ်းချင်းလျှောက်လာနေသော ဒေါက်တာသစ်လွင်ဟိန်း၏ အသက်လေးဆယ်ကျော်အရွယ်၊ အသားအရည် ပြည့်ပြောင်းဆဲ ထောင်ထောင်မောင်းမောင်း အသားဖြူဖြူ။ ရုပ်ရည်ခန့်ခန့်ငြိသည်ထည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသစ်လွင်ဟိန်းကိုကြည့်ကာ အာကာဟိန်းရင်များ အခုန်မြန်လာလေသည်။

သူဟာ ငါ့အဖေလား။ အမေ့ရဲ့ ကိုကိုလေးဆိုတာ ... "သူ"ပဲလား။

"ဘယ်လိုလဲအာကာဟိန်း၊ ဆရာကြီးကိုမြင်ရတော့ မင်းဘယ်လိုခံစားရသလဲ၊ သူဟာ မင်းအဖေဖြစ်နိုင်သလား"

"ကိုချစ်မောင်ရာ ကျွန်တော့်အဖေကို နာမည်ပဲ ကျွန်တော်သိတာလေ၊ ဒီနာမည်နဲ့လူကိုတွေ့တာနဲ့ ကျွန်တော့်အဖေလို့ပြောဖို့တော့ ခက်သားပဲ၊ ကျွန်တော်အချိန်ယူရပါဦးမယ် ကိုချစ်မောင်"

"ဒါပေါ့လေ"

"ကိုချစ်မောင် ... ဆရာကြီးမှာ အိမ်ထောင်ရှိသလား ဟင်"

အာကာဟိန်းက တစ်စုံတစ်ခုကို သတိရကာမေးလိုက်သည်။

"ရှိတာပေါ့ကွ၊ ဆရာကြီးအမျိုးသမီးက တက္ကသိုလ်က ဆရာမကြီးတဲ့၊ သမီးလေးတစ်ယောက်လည်း ရှိတယ်"

"သူ့မိန်းမနာမည်ကိုရော ကိုချစ်မောင် သိသလား"

"ဆရာကြီးမိန်းမနာမည်က ဒေါ်နှင်းနွယ်စိုးတဲ့"

"ဟာ ..."

အာကာဟိန်းအတွက် တန်ဖိုးရှိသောသဲလွန်စတစ်ခုပင်ဖြစ်ပါသည်။

*"နှင်းနွယ်စိုးကိုမချစ်ဘူး။ နှင်းနွယ်စိုးကိုမချစ်ဘူး"*

အမေပြောပြခဲ့သော နောက်ကြောင်းဖြစ်ရပ်တွင် ပါဝင်ခဲ့ဖူးသည့် နာမည်တစ်ခု။ ကိုကိုလေးသစ်လွင်ဟိန်းသည် နှင်းနွယ်စိုးဆိုသည့်အမျိုးသမီးနှင့် စေ့စပ်ခဲ့သည်။

ဒေါက်တာသစ်လွင်ဟိန်းဇနီးအမည်ကို သိလိုက်ရခြင်းက "ထိုဒေါက်တာသစ်လွင်ဟိန်း"သည် အမေဒေါ်ခြူးပွင့်ရဲ့ ကိုကိုလေးဆိုတာ သေချာသွားလေတော့၏။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



အာကာဟိန်း အိပ်မပျော်ပါ။

အိပ်ရာပြောင်းအိပ်လို့ အိပ်မပျော်တာ မဟုတ်ပါ။ ညဦးပိုင်းက ဒေါက်တာသစ်လွင်ဟိန်းကိုမြင်လိုက်ရပြီး ထိုသူသည် အမေဒေါ်ခြူးပွင့်နှင့်ငြိစွန်းခဲ့သူဆိုတာ သေချာသွား၍ စိတ်လှုပ်ရှားနေမိသည်။

သူတွေ့ချင်တဲ့ ဒေါက်တာသစ်လွင်ဟိန်းအစစ်ကို တွေ့ပြီ။ ဒါပေမယ့် ဒေါက်တာသစ်လွင်ဟိန်းကို သူ့ဖခင်အစစ်လို့ ယူဆလို့မရသေးပါ။ ဒေါက်တာသစ်လွင်ဟိန်းသည် ဖခင်ဖြစ်နိုင်သူထဲက တစ်ယောက်သာဖြစ်သည်။

ဒေါက်တာသစ်လွင်ဟိန်းဟာ သူ့ဖခင်အစစ်ဟုတ်မဟုတ် သိဖို့လိုသေးသည်။

အာကာဟိန်းတွင် သူ့ဖခင်အစစ်ဘယ်သူဆိုတာ သိနိုင်တဲ့ နည်းလမ်း တစ်ခုရှိပါသည်။

အဆန်းတကြယ် နည်းလမ်းတော့မဟုတ်။ သွေးအမျိုးအစားဖြင့် ခွဲခြားသည့်နည်းလမ်းဖြစ်ပါသည်။

အာကာဟိန်း၏ သွေးအမျိုးအစားမှာ "**အေဘီ**"ဖြစ်သည်။

အမေဒေါ်ခြူးပွင့်ရဲ့ သွေးအမျိုးအစားက "**ဘီ**"ဆိုတာကို အာကာဟိန်းသိထားသည်။

**"အေဘီ"သွေးရှိသူ၏မိဘနှစ်ပါးသည် တစ်ဦးက "အေသွေးပိုင်ရှင်" တစ်ဦးက"ဘီသွေးပိုင်ရှင်" ဖြစ်ရပေမည်။**

အာကာဟိန်းသည် ဘွဲ့ရလူငယ်တစ်ယောက်အနေဖြင့် ထိုအချက်ကို သိထားပြီး ဖြစ်ပါသည်။

**အမေဒေါ်ခြူးပွင့်က "ဘီသွေးပိုင်ရှင်"ဖြစ်ရာ သူ့ဖခင်ဖြစ်သူသည် မလွဲမသွေ "အေသွေးပိုင်ရှင်" သာ ဖြစ်ရပေမည်။**

ဒေါက်တာသစ်လွင်ဟိန်း၏ သွေးအမျိုးအစားကို သိရလျှင်ဖြင့် သူ့ဖခင်ဟုတ်မဟုတ် ခွဲခြားနိုင်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသစ်လွင်ဟိန်း၏ သွေးအမျိုးအစားသည် "အေသွေး" ဖြစ်ပါက သူ့ဖခင်ဟု တစ်ထစ်ချမှတ်ယူလိုက်ရုံပင် ဖြစ်ပါသည်။

အကယ်၍ ဒေါက်တာသစ်လွင်ဟိန်း၏ သွေးအမျိုးအစားမှာ အခြားအမျိုးအစားတစ်ခုဖြစ်နေလျှင်တော့ သူ့ဖခင်ကို "ဦးနိုင်ဦး"ဟု မှတ်ယူရုံသာရှိပါတော့သည်။

သို့သော် ဒါတွေကိုသိရအောင် အာကာဟိန်းအတွက် အချိန်ယူဖို့လိုပါသေးသည်။ ရန်ကုန်တွင်ကြာရှည်နေပြီး စုံစမ်းမှသာ သိရပေလိမ့်မည်။ ဟိန်းဆေးရုံတွင်အလုပ်ရပြီး ဒေါက်တာသစ်လွင်ဟိန်းနှင့် အနီးကပ်နေထိုင်ခွင့်ရမှသာ သူသိလိုသောအချက်တွေကို သိနိုင်ပေလိမ့်မည်။

အာကာဟိန်းအတွက် ဒီဆေးရုံမှာ ယာဉ်မောင်းအလုပ်ကို ရကိုရမှသာဖြစ်ပေမည်။

အလုပ်ရမရကို မနက်ဖြန်မှသိရမှာမို့ အာကာဟိန်းရင်မောကာ အိပ်မပျော်နိုင်အောင် ဖြစ်နေရခြင်းဖြစ်တော့သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၃ )

နောက်တစ်နေ့ နေ့လယ်(၁၁)နာရီအချိန်တွင် ကိုချစ်မောင်ကို ရုံးခန်းသို့လာခဲ့ရန် မန်နေဂျာဦးသိန်းညွှန့်က အခေါ်လွှတ်လိုက်သည်။ အာကာဟိန်းကိုပါ တစ်ပါတည်းခေါ်ခဲ့ရန် မှာကြားလိုက်သည့်အတွက် ကိုချစ်မောင်နှင့် အာကာဟိန်းတို့ လေးထပ်ရှိရုံးခန်းကို တက်ခဲ့ကြပါသည်။

မန်နေဂျာကြီးအခန်းကိုရောက်တော့ မန်နေဂျာဦးသိန်းညွှန့်နှင့်အတူ မော်တော်ယာဉ်ဌာန ကြီးကြပ်ရေးမှူး ဦးသောင်းအေးကိုပါ အတူထိုင်လျက်တွေ့ရသည်။

"လာဟေ့ မောင်အာကာဟိန်း ဆရာတို့ အုပ်ချုပ်မှုအဖွဲ့က မင်းကို ယာဉ်မောင်းလက်ထောက်အဖြစ်အလုပ်ခန့်ဖို့ ဆုံးဖြတ်လိုက်ပြီကွဲ့"

"ဟာ ... ဝမ်းသာလိုက်တာ ဆရာ"

"ဒီမှာ မင်းအတွက် အလုပ်ခန့်စာ"

အာကာဟိန်းက မန်နေဂျာကမ်းပေးသောအလုပ်ခန့်စာကို တုန်ယင်သောလက်များဖြင့် လှမ်းယူလိုက်သည်။

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"စ,စချင်းတော့ အလုပ်သဘောအရ အလုပ်သင်အနေနဲ့ အစမ်းခန့်တစ်လပေါ့ကွာ၊ အစမ်းခန့်တစ်လအတွင်းမှာ မောင်ချစ်မောင်ကားနဲ့ လိုက်ရမယ်၊ မင်းက ရန်ကုန်ကိုမကျွမ်းကျင်သေးဘူးဆိုတော့ တစ်လအတွင်းမှာ လမ်းကြောင်းကျွမ်းကျင်အောင် မောင်ချစ်မောင်နဲ့လိုက်ပြီး လေ့လာထားပါ၊ မောင်ချစ်မောင်ကလည်း သင်ပြပေးပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"တစ်လပြည့်ပြီးမှ အမြဲတမ်းဝန်ထမ်းအဖြစ် အမိန့်စာထပ်ထုတ်ပေးမယ်၊ ကဲ မောင်အာကာဟိန်း အလုပ်ကို ကြိုးစားပြီး လုပ်ပေတော့ကွယ်"

✠ ✠ ✠

သူ့ကို အလုပ်ခန့်လိုက်သည့်အတွက် အာကာဟိန်း စိတ်အေးလက်အေးဖြစ်သွားကာ သက်ပြင်းချလိုက်နိုင်ပါတော့သည်။

ညပိုင်းတွင် အမေ့ဆီကို စာတစ်စောင်၊ ကြာဖြူ့ဆီကို စာတစ်စောင် ရေးလိုက်သည်။ စာထဲတွင် သူအဆင်ပြေကြောင်းနှင့် ဟိန်းဆေးရုံတွင် ယာဉ်မောင်းအလုပ်ရကြောင်း ရေးလိုက်၏။

အမေ့စာထဲမှာတော့ ဟိန်းဆေးရုံပိုင်ရှင်ဒေါက်တာသစ်လွင်ဟိန်းမှာ တစ်ချိန်က အမေ့ရဲ့ကိုကိုလေးဖြစ်ကြောင်း ထည့်ရေးလိုက်ပါသည်။

ဒေါက်တာသစ်လွင်ဟိန်းရဲ့ ဇနီးနာမည်က 'ဒေါ် နှင်းနွယ်စိုး'
တဲ့အမေ။ ဒါဆိုရင် သားတွေ့နေရတဲ့ ဒေါက်တာသစ်လွင်ဟိန်းဟာ
တစ်ချိန်က ဆေးကျောင်းသား သစ်လွင်ဟိန်း၊ အမေ့ရဲ့ကိုကိုလေး
ဆိုတာ သေချာပြီ မဟုတ်လား အမေ ...

သား သူ့ကို စကားပြောခွင့်မရသေးပေမယ့် သူ့ကိုတော့
နေ့တိုင်း အနီးကပ်မြင်တွေ့နေရပါတယ်အမေ ...

စာနှစ်စောင်လုံးကို စာအိတ်တစ်အိတ်ထဲတွင်ထည့်ကာ အမေ့လိပ်စာတပ်၍ ပို့လိုက်ပါသည်။ ကျောင်းဖွင့်လျှင်ႉ ကြာဖြူက ရွာမှာ ရှိတော့မှာမဟုတ်။ သူတာဝန်ကျသည့်ရွာကို ပြန်သွားရတော့မှာမဟုတ် လား။

www.burmeseclassic.com

( ၄ )

အာကာဟိန်းသည် တစ်လလုံးလုံး ကိုချစ်မောင်သွားရာနောက်ကို လိုက်ကာ အလုပ်သဘောသဘာဝကို မှတ်သားနေရပါသည်။ ကားမောင်း တာကတော့ ကျွမ်းကျင်ပြီးသားမို့ အထူးလေ့ကျင့်နေစရာမလိုပါ။ အာကာဟိန်း လေ့လာမှတ်သားရသည်က ရန်ကုန်မြို့၏ လမ်းကြောင်းများပင်ဖြစ်ပါသည်။ ယာဉ်မောင်းတာဝန်ယူရမှာမို့ လမ်းများကို မသိမဖြစ်သိထားရမည်ဖြစ်သည်။

ဆေးရုံတွင် ကားမျိုးစုံရှိသည်။ ဝန်ထမ်းများကိုကြိုပို့သည့်ကားများ လူနာတင်ကားများ၊ ဆရာဝန်များကို ကြိုပို့သည့်ကားများဖြစ်ပါသည်။

ကိုချစ်မောင်တာဝန်ယူရသည်က လူနာတင်ကားဖြစ်ပါ၏။ ဆေးရုံ တက်လိုသောလူနာက ဆေးရုံမှကားကို ဖုန်းဆက်လှမ်းခေါ်လျှင် လိပ်စာ အတိုင်း အချိန်မရွေး သွားခေါ်ပေးရပါသည်။ တာဝန်ကြီးသည်ဟု ဆိုရပါမည်။ လူနာများက ရန်ကုန်မြို့၏နေရာအနှံ့မှဖြစ်ကြရာ တစ်မြို့လုံးကို ဘယ်လမ်း ကဘယ်လိုသွားရတယ်ဆိုတာ သိထားဖို့လိုပါ၏။

အာကာဟိန်းရန်ကုန်ကိုရောက်ပြီး တစ်ပတ်ပြည့်သည့်နေ့။

တိုက်တိုက်ဆိုင်ဆိုင် သူရန်ကုန်စရောက်တဲ့နေ့က ဓာတ်လှေကား ထဲတွင် အတူတွေ့ခဲ့ရသောကောင်မလေးကို ပြန်တွေ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အာကာဟိန်းဆေးခန်းထဲအဝင်တွင် ဓာတ်လှေကားထဲက ထွက်လာသော ကောင်မလေးကို မြင်လိုက်ရခြင်းဖြစ်သည်။

"ဟော့ ..."

အာကာဟိန်းက ကောင်မလေးကိုအမြင်တွင် နှုတ်ဆက်လိုက်သည်။

"ဟယ် ... အစ်ကိုကြီး၊ အစ်ကိုကြီး အလုပ်ဝင်နေရပြီလားဟင်"

"အေးဟ ... ငါ ဒရိုင်ဘာဖြစ်နေပြီ နင်ရော ... ဆေးခန်းလာပြတာလား"

"ဟုတ်တယ် အစ်ကိုကြီး၊ ကိုယ်ဝန်ကို တစ်ပတ်တစ်ခါ လာပြရတာလေ"

အာကာဟိန်းက အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ခေတ်ဆန်ဆန် လှလှပပဝတ်ဆင်ထားသော ကောင်မလေးကိုကြည့်ကာ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက်လို့ မယုံနိုင်အောင်ဖြစ်နေရသည်။ လနုသေးလို့ ဖြစ်မည်။ ဗိုက်လည်းထွက်မလာသေး။ ကိုယ်ဝန်သည်ဆိုတာ သူပြောလို့သာ သိရသည်။ ယုံနိုင်စရာမရှိပါ။

"နင်ကလည်း တစ်ယောက်တည်းလာတာပဲလား၊ ဘာလို့ နင့်ယောကျ်ားကို ခေါ်မလာရတာလဲ"

အာကာဟိန်းစကားကြောင့် ကောင်မလေးမျက်နှာ ညှိုးသွားလေ၏။

"အစ်ကိုကြီးရယ် အိမ်ကလူက အားမကိုးရပါဘူး၊ သူ့ဟာသူ တစ်နေ့လုံး မူးနေတာ၊ ကျွန်မကို ဂရုမစိုက်ပါဘူး"

"ဟင် ..."

အာကာဟိန်း စိတ်မကောင်းဖြစ်သွားရသည်။ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျရတဲ့ကြားထဲ ယောကျ်ားကဥပေက္ခာပြု ခံနေရပါလား။

"ကျွန်မ အိမ်ထောင်ရေးကံမကောင်းပါဘူး အစ်ကိုကြီးရယ် သူ အတင်းခိုးပြေးလို့ ကျွန်မက သူ့နောက်လိုက်လာတာ၊ အခု ကိုယ်ဝန်ရှိတော့ သူ့ကိုယ်ဝန် မဟုတ်နိုင်ဘူးတဲ့လေ"

"ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကိုက ကံမကောင်းတာပါ၊ အစ်ကိုကြီးလည်း ကျွန်မ အကြောင်းတွေကြားရလို့ စိတ်မကောင်းဖြစ်သွားပြီ ထင်တယ်၊ သွားမယ်နော် အစ်ကိုကြီး"

အာကာဟိန်းသည် ကောင်မလေးနောက်ကျောကိုကြည့်ပြီး စိတ်မကောင်းဖြစ် ကျန်ခဲ့ရလေ၏။

အဲဒီနောက်တော့ ထိုကောင်မလေးကို မတွေ့မိတော့ပါ။ မဆုံဖြစ်တော့ပါ။ တစ်ပတ်တစ်ခါတော့ သူ့ကိုယ်ဝန်ကိုလာပြလိမ့်မည်ထင်သည်။ အာကာဟိန်းနှင့်မဆုံမိခြင်းသာ ဖြစ်ပါလိမ့်မည်။

သည်လိုနှင့် အာကာဟိန်း၏ အစမ်းခန့်ကာလတစ်လမှာလည်း ပြည့်သွားခဲ့လေသည်။

တစ်လပြည့်သည့်တိုင် မှတ်သားစရာတွေကတော့ မဆုံးနိုင်အောင် ရှိနေသေး၏။ ကိုချစ်မောင်ကလည်း သင်ပြပေးပါသည်။

အာကာဟိန်းသည် ဒေါက်တာသစ်လွင်ဟိန်းကိုတော့ နေ့တိုင်းပင် တွေ့မြင်နေရပါ၏။

သို့သော် မြင်ရရုံသာဖြစ်ပြီး ဒေါက်တာသစ်လွင်ဟိန်းက သူ့ကို သတိမထားမိပေ။ အာကာဟိန်းအနေဖြင့်လည်း ဒေါက်တာသစ်လွင်ဟိန်း ကိုရင်းနှီးအောင် ဘယ်လိုလုပ်ရမှန်းမသိနိုင်အောင် ဖြစ်နေ၏။ လူချင်းကလည်း ဆေးရုံပိုင်ရှင်နှင့်ဒရိုင်ဘာမို့ အဆင့်ချင်း အလှမ်းကွာဝေးလှပါသည်။

လူချင်းပင် မြင်ရုံသာမြင်ရပြီး အလှမ်းကွာဝေးနေပေရာ ဒေါက်တာ သစ်လွင်ဟိန်းရဲ့သွေးအမျိုးအစားကို သိရဖို့ကတော့ မျှော်မှန်းလို့ မရနိုင်သေးပါ ပေ။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၅ )

တစ်လပြည့်သည့်နေ့တွင် မန်နေဂျာဦးသိန်းညွန့်က အာကာဟိန်းကိုခေါ်လိုက်သည်။

"ထိုင် မောင်အာကာ . . . ဆရာတို့က မောင်အာကာ့ကို တစ်လပြည့်ရင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားဖို့ပါပဲ၊ ဒါပေမဲ့ ခုတော့ အစီအစဉ်က တစ်မျိုးဖြစ်သွားတယ်ကွယ်"

"ခင်ဗျာ . . ."

ဦးသိန်းညွန့်စကားကြောင့် အာကာဟိန်းမျက်လုံးများ ပြာဝေသွားလေသည်။

"ကျွန်တော့်ကို ကျွန်တော့်ကို အလုပ်မခန့်တော့ဘူးလား ဆရာ"

"ခန့်မှာပါ ဒါပေမဲ့ ဒီဆေးရုံမှာ မဟုတ်ဘူး"

"ဗျာ . . ."

"ဒီလိုရှိတယ် မောင်အာကာ၊ ဆရာကြီးအိမ်မှာ ကားမောင်းတဲ့ ဒရိုင်ဘာအဘိုးကြီးက နေမကောင်းဖြစ်နေတယ်၊ အခြေအနေလည်း မကောင်းလှဘူးကွဲ့၊ အဲဒီတော့ ဆရာကြီးအိမ်ကကားကိုမောင်းဖို့



www.burmeseclassic.com

www.burmeseclassic.com



လူလိုနေတယ်လေ၊ ဆရာတို့က မောင်အာကာ့ကို ဆရာကြီးအိမ်ကကားကို မောင်းဖို့ တာဝန် ပေးချင်တယ်၊ အဲဒါကြောင့် မောင်အာကာ့သဘောထားကို ခေါ်မေးတာပါ''

''ဗျာ . . . ဒေါက်တာသစ်လွင်ဟိန်းအိမ်ကကားကို မောင်းရမှာ ဟုတ်လား''

''ဟုတ်တယ် တခြားဒရိုင်ဘာတွေက အိမ်ထောင်သည်တွေ၊ အသက်ကြီးတဲ့သူတွေဆိုတော့ အဆင်မပြေကြဘူး။ မောင်အာကာနဲ့ဆို သင့်တော်မယ်ထင်လို့ ဆရာတို့က စဉ်းစားကြည့်တာပါ''

''ကျွန်တော် လုပ်မယ်၊ ဆရာကြီးအိမ်ကကားကို ကျွန်တော်မောင်းပါမယ် ဆရာ''

အာကာဟိန်းက အားတက်သရော ပြောလိုက်သည်။

''ဒါဆိုအဆင်ပြေပြီပေါ့၊ လစာသတ်မှတ်ချက်ကတော့ ဆေးရုံက ဒရိုင်ဘာလစာအတိုင်းပါပဲ မောင်အာကာ''

''ဒါတွေအရေးမကြီးပါဘူး ဆရာ၊ ဆရာကြီးအိမ်ကားကိုမောင်းရမယ်ဆိုရင် ကျွန်တော် ဆရာကြီးအိမ်မှာ လိုက်နေရမှာလားဆရာ''

''ဒါပေါ့ကွယ့် . . . အိမ်ဒရိုင်ဘာဆိုတော့ ဟိုမှာနေမှအဆင်ပြေမှာလေ''

''ကျွန်တော်လက်ခံပါတယ် ဆရာ''

''ကျေးဇူးပဲ မောင်အာကာရေ၊ ဒါဖြင့် ညကိုးနာရီ ဆရာကြီးမပြန်ခင် မောင်အာကာ့ကို ဆရာကြီးနဲ့မိတ်ဆက်ပေးပြီး အပ်ပေးလိုက်မယ်၊ မောင်အာကာလည်း ဆရာကြီးအိမ်မှာပြောင်းနေဖို့ အဆင်သင့်ပြင်ထားလိုက်ပေါ့''

''ဟုတ်ကဲ့ ဆရာ''

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

## ( ၆ )

အဆင်ပြေချင်တော့လည်း မမျှော်လင့်ပဲ ညတွင်းချင်း ဒေါက်တာသစ်လွင်ဟိန်းအိမ်ကို ရောက်သွားရပါပြီ။

ဦးသိန်းညွန့်က ဆရာကြီးအလုပ်မပြန်ခင် အာကာဟိန်းကို ဆရာကြီး အလုပ်ခန်းထဲ ခေါ်သွားသည်။ ဒေါက်တာသစ်လွင်ဟိန်းနဲ့ မိတ်ဆက်ပေး၏။

"ဆရာကြီး အိမ်ကားမောင်းဖို့အတွက် ကျွန်တော်ရွေးထားတဲ့ သူငယ်လေးက သူပါပဲဆရာကြီး။ နာမည်က အာကာဟိန်းလို့ ခေါ်ပါတယ်"

ဒေါက်တာသစ်လွင်ဟိန်းက အာကာဟိန်းကို စေ့စေ့စပ်စပ်ကြည့်လိုက်သည်။

"အာကာဟိန်း ဟုတ်လား၊ သူ့ကို ကျွန်တော် နေ့တိုင်းမြင်နေပါတယ် ဦးသိန်းညွန့်"

"မောင်အာကာက နယ်ကပါဆရာကြီး၊ ဘွဲ့ရပြီးသားလူငယ်တစ်ယောက်ပါ၊ ရည်ရည်မွန်မွန်ရှိလို့ အိမ်အတွက် သင့်တော်မယ်ဆိုပြီး သူ့ကိုပဲ ရွေးလိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ဦးသိန်းညွန့်တို့ စီစဉ်တဲ့အတိုင်းပေါ့၊ မောင်အာကာ ဟိန်းကရော အိမ်ကားမောင်းချင်တဲ့ဆန္ဒ ရှိရဲ့လား"

"ဟုတ်ကဲ့ ဆရာကြီး၊ ရှိပါတယ်"

"လက်ရှိမောင်းနေတဲ့ဒရိုင်ဘာကြီးက ကျန်းမာရေးမကောင်းတော့ ဘူး၊ အသက်လည်းကြီးနေပြီ၊ ဒါကြောင့် ဒရိုင်ဘာအသစ် ရှာခိုင်းရတာပဲ အာကာဟိန်း၊ ကောင်းပြီလေ ဒါဆိုရင် တစ်ခါတည်း အိမ်ကိုလိုက်ခဲ့မှာလား"

"ဟုတ်ကဲ့၊ ကျွန်တော် အသင့်ပြင်ထားပြီးပါပြီ ဆရာကြီး"

"ဒါဖြင့် ဆရာကြီးကားနားက စောင့်နေလိုက်"

✠ ✠ ✠

ကားကို ဒေါက်တာသစ်လွင်ဟိန်းကပဲ မောင်းလာခဲ့သည်။

အာကာဟိန်းက ဆရာကြီးဘေးတွင်ထိုင်ကာ တိတ်ဆိတ်စွာပဲ လိုက်ပါလာခဲ့လေသည်။

သူနဲ့ကားတစ်စီးတည်းအတူစီးလာသူမှာ သူ့ဖခင်ဖြစ်နိုင်သူဆိုသော အသိဖြင့် အာကာဟိန်းစိတ်များ လှုပ်ရှားနေရလေသည်။

ဒေါက်တာသစ်လွင်ဟိန်းအိမ်ကို ရောက်ခဲ့ပါပြီ။

ဆရာကြီးက ကားကိုခြံဝင်းထဲသို့ မောင်းဝင်လိုက်သည်။

အိမ်ကြီးက ခမ်းနားကြီးကျယ်လှလေ၏။ တစ်ချိန်က သူ့အမေ ဒေါ်ခြူးပွင့်နေခဲ့ဖူးသော အိမ်ကြီးဖြစ်လေသည်။

ဒီအိမ်ကြီးမှာနေပြီး သူ့ရဲ့ဇာတိဇာစ်မြစ်ကို စုံစမ်းခွင့်ရပေတော့မည်။ မမျှော်လင့်ပဲရလာတဲ့ အခွင့်အရေးကြီးဖြစ်ပါ၏။

ဒေါက်တာသစ်လွင်ဟိန်းက ကားကိုဂိုဒေါင်ရှေ့တွင် ရပ်လိုက်၏။

"ကဲ အာကာဟိန်း၊ ကားကို ဂိုဒေါင်ထဲ မင်းပဲသွင်းလိုက်ပေတော့ ပြီးရင် ညှော်ခန်းထဲကိုလိုက်ခဲ့၊ အိမ်ကလူတွေနဲ့ မင်းကိုမိတ်ဆက်ပေးမယ်"

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



အာကာဟိန်းဧည့်ခန်းထဲဝင်လာတော့ ဒေါက်တာသစ်လွင်ဟိန်း ဆိုင်စောင့်နေတာ တွေ့ရသည်။ ဒေါ်နှင်းနွယ်စိုးလည်း ဧည့်ခန်းထဲတွင် ရှိနေ၏။

"သူပဲ ငုံး နာမည်က အာကာဟိန်းတဲ့၊ အာကာဟိန်း ဒါ ဆရာကြီးရဲ့ ဇနီး ဒေါ်နှင်းနွယ်စိုး"

ဒေါက်တာသစ်လွင်ဟိန်းက အာကာဟိန်းနှင့် ဒေါ်နှင်းနွယ်စိုးကို မိတ်ဆက်ပေးလိုက်သည်။

"ထိုင်ပါ မောင်အာကာ အန်တီတို့အိမ်မှာ အိမ်သားအများကြီး မရှိပါဘူး။ အန်တီတို့မိသားစုက သုံးယောက်ပဲ၊ ဆရာကြီးအမေက တရားစခန်း ဝင်နေလို့ လောလောဆယ် အိမ်မှာမရှိဘူး၊ အန်တီက အန်တီ့ကားကို ကိုယ်တိုင် မောင်းတာများတယ်၊ မင်းမောင်းရမယ့်ကားက သမီးလေးကို ကျောင်းအကြို အပို့လုပ်တဲ့ကားပဲ"

"ဟုတ်ကဲ့ . . . ဘယ်နှတန်းကျောင်းသူလဲခင်ဗျ"

"တက္ကသိုလ်မှာ ပထမနှစ်လေ"

"ဟင် . . ."

အာကာဟိန်းက မူလတန်း အလယ်တန်းအရွယ်အထင်ဖြင့် မေးလိုက်ရာ တက္ကသိုလ်ကျောင်းသူဆို၍ အံ့ဩသွားရသည်။ ဆရာကြီးတွင် သမီးတစ်ယောက်ရှိမှန်းသိသော်လည်း ဘယ်အရွယ်ဆိုတာကို စုံစမ်းမထားမိ။

"သမီးကိုခေါ်လိုက်ပါဦး၊ အာကာဟိန်းနဲ့ မိတ်ဆက်ပေးရအောင်"

"သမီးရေ . . . တာတာ . ."

"သမီးလာပါပြီ မာမီ . . . ဟယ် . . ."

ဧည့်ခန်းထဲသို့ မိန်းကလေးတစ်ယောက်ရောက်လာကာ ပြောလိုက် သည်။ သူမက အာကာဟိန်းကိုအမြင်တွင် တစ်ဆက်တည်း "ဟယ် . . ." ခနဲ ရေရွတ်လိုက်လေသည်။

အာကာဟိန်းသည်လည်း ဆရာကြီးသမီးကိုအတွေ့တွင် အံ့ဩ သွားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နင် ... နင် ..."

"ဩော် ... ဒက်ဒီက ဒီအစ်ကိုကြီးကို အိမ်ကားမောင်းဖို့ ခေါ်လာတာလား"

မိန်းကလေးက ပြုံးဖြဲဖြဲဖြင့် အာကာဟိန်းကိုကြည့်ရင်းပြောလိုက်လေသည်။

"သမီးနဲ့ ဒီအစ်ကိုကြီးနဲ့ သိပြီးပါပြီ"

"နင် ... နင် ..."

အာကာဟိန်းက အံ့ဩလွန်း၍ စကားမဆက်နိုင်အောင်ဖြစ်နေသည်။

သူတွေ့နေရသောမိန်းကလေးမှာ ရန်ကုန်ရောက်စနေ့က ခတ်လွေ့ကားထဲတွင်ဆုံခဲ့သော မိန်းကလေးဖြစ်ပါသည်။ ဆေးရုံမှာ ကိုယ်ဝန်လာအပ်တယ်ဆိုတဲ့ကောင်မလေး။ နောက်တစ်ခေါက်အတွေ့တွင် ယောကျ်ားနဲ့ အဆင်မပြေဘူးဆိုကာ သူ့တဝကိုရင်ဖွင့်သွားခဲ့သည့်ကောင်မလေး ဖြစ်နေပါ၏။

ထိုကောင်မလေးကို ဒေါက်တာသစ်လွင်ဟိန်းနှင့် ဒေါ်နှင်းနွယ်စိုး၏သမီးအဖြစ် ဤအိမ်မှာလာတွေ့နေရသောအခါ အံ့ဩခြင်းမက အံ့ဩသွားရပါလေသည်။ ကောင်မလေးက အိမ်နေရင်း ဂါဝန်ကလေးဝတ်ထားသဖြင့် ပိုငယ်ကာ ကလေးနှင့်ပိုပြီး တူနေပါသေးသည်။

"နင် ... နင်က ... ဆရာကြီးသမီး ... ဒါဖြင့် ..."

"ဟုတ်တယ်လေ တာတာက ဒက်ဒီ့သမီးပေါ့ အစ်ကိုကြီးရဲ့"

"ဒါဖြင့် ... နင့်မှာ ကိုယ်ဝန်ရှိနေတယ်ဆိုတာ"

"အို ... မောင်အာကာ၊ ဘယ့်နှယ် သမီးမှာကိုယ်ဝန်ရှိရမှာလဲ မင်းဘာတွေပြောနေတာလဲ"

ဒေါ်နှင်းနွယ်စိုးက ဝင်ပြောလိုက်သည်။

"ဒီလိုပါ မာမီ သမီးရှင်းပြပါ့မယ်"

တာတာက ဒေါ်နှင်းနွယ်စိုးဘေးတွင် ဝင်ထိုင်လိုက်၏။

"သမီးနဲ့မောင်အာကာက ဘယ်လိုသိနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ ဒက်ဒီ၊ သမီး ဒက်ဒီ့ဆီလာတုန်းကလေ ဒီအစ်ကိုကြီးနဲ့ ဓာတ်လှေကားထဲမှာတွေ့တာ၊ ဒီအစ်ကိုကြီးက ဒက်ဒီ့ဆေးရုံမှာ ကားမောင်းဖို့ နယ်ကလာတာတဲ့၊ လေးထပ်ကိုရောက်တော့ သမီးက ရုံးခန်းကိုပြပေးလိုက်တယ်၊ ဒီအစ်ကိုကြီးကို နောက်ချင်တာနဲ့ သမီးက လေးထပ်သားဖွားဆောင်မှာ ကိုယ်ဝန်လာအပ်တာပါလို့ ပြောလိုက်တာပါ ဒက်ဒီ"

"ကြဲကြဲဖန်ဖန် သမီးရယ် ..."

"တာတာရယ် နောက်စရာရှားလို့၊ ကိုယ့်အသက်အရွယ်လေးနဲ့ ကိုယ်ဝန်ရှိတယ်လို့ ပြောရသလား"

"အို ... မာမီဘာသိလဲ၊ အဲဒီတုန်းက ဒီအစ်ကိုကြီးက သိပ်နောက်ချင်စရာကောင်းတာ၊ မီးပျက်လို့ လမ်းမှာ ဓာတ်လှေကားရပ်သွားတော့ ဒီအစ်ကိုကြီးက အလန့်တကြားအော်လိုက်တာ မာမီရယ် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲတဲ့၊ မီးပြန်မလာမချင်း ဒီအတိုင်းနေရမှာပေါ့နော်တဲ့"

"ဟယ် ..."

"ဘယ်လောက်ရယ်စရာကောင်းလဲ မာမီ၊ ဓာတ်လှေကားထဲမှာ အရေးပေါ်ခလုတ်ပါတာကို သူမသိဘူးလေ၊ အခုရောသိပြီလားဟင် အစ်ကိုကြီး ဓာတ်လှေကားထဲမှာ ပျက်သွားရင် အရေးပေါ်နှိပ်ဖို့ခလုတ်ကို မီးစုန်းနဲ့ ဆေးခြယ်ပြီး ပြထားတယ်လေ၊ ခုလောက်ဆိုရင်တော့ သိရောပေါ့"

တာတာက မိဘများကိုပြန်ပြောပြနေရင်းမှ အာကာဟိန်းကို ဖြတ်မေးလိုက်သေးသည်။

တာတာ့အမေးကြောင့် အာကာဟိန်းမျက်နှာ ရဲခနဲဖြစ်သွားလေ၏။

"ဩော် ... ဓာတ်လှေကားပေါ် မတက်ခင်မှာလည်း ... ဓာတ်လှေကားထဲ အရင်ရောက်နှင့်နေတဲ့သမီးကို ကျွန်တော်လိုက်လို့ရမလား ဆိုပြီး ခွင့်တောင်းသေးတယ် မာမီ၊ သိလား၊ အဲဒါနဲ့ ဒီအစ်ကိုကြီးကို နယ်က လာတဲ့လူမှန်းသိပြီး သမီးက နောက်လိုက်တာပါ မာမီ"

"နင်က ငါ့ကို တောသားဆိုပြီး လှိမ့်လိုက်တာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကလည်းကွယ် နောက်စရာရှားလို့၊ ကိုယ့်ကိုကိုယ် ကိုယ်ဝန်ဆောင်လို့များ ပြောရတယ်လို့ကွယ်"

"ဒါတွင်ဘယ်ဟုတ်မလဲ အန်တီ၊ နောက်တစ်ခါတွေ့တော့ သူ့ယောကျ်ားက အမြဲအရက်မူးနေတာတဲ့၊ သူ့ကိုဂရုမစိုက်ဘူးတဲ့၊ ဒီကိုယ်ဝန် ကိုလည်း သူနဲ့ရတဲ့ကိုယ်ဝန်မဟုတ်ဘူးလို့ သူ့ယောကျ်ားကငြင်းနေတယ် ဆိုပြီး ကျွန်တော့်ကို ပြောသေးတာ အန်တီ၊ ကျွန်တော်ကတော့ အဟုတ်ကြီး မှတ်ပြီး သူ့ကိုသနားနေတာ"

"အို ... အဲဒီတုန်းက အစ်ကိုကြီးက အရင်စ,မေးတာကိုး တစ်ယောက်တည်းလား.. နင့်ယောကျ်ားလိုက်မလာဘူးလားဆိုတော့ တာတာလည်း ထပ်ပြီးနောက်ချင်စိတ်ပေါက်လာလို့ နောက်လိုက်တာပေါ့။ ဟီး ... ဟီး.."

"ဟား..ဟား..ဟား.. ငါ့သမီးကတော့ စံပဲဟေ့.. ဟား ဟား.."

ဒေါက်တာသစ်လွင်ဟိန်းက သဘောကျကာ ခွက်ထိုးခွက်လန် ရယ်မောနေသည်။

"အဲဒါသာကြည့်တော့ မောင်အာကာရေ၊ တာတာတစ်ယောက်ဟာ အတည်ပေါက်နဲ့ နောက်တတ်တယ်ကွဲ့၊ တစ်ခါတစ်လေ အဖေအမေတောင် ချမ်းသာမပေးဘူး၊ မင်း သူ့သည်းညည်းတော့ ခံရလိမ့်မယ်"

"ဟုတ်ကဲ့ ..."

"အစ်ကိုကြီးနာမည်က ဘယ်လိုခေါ်လဲဟင်"

"အာကာဟိန်း"

အာကာဟိန်းက ဘောက်ဆတ်ဆတ်လေသံဖြင့် ဖြေလိုက်သည်။

"ဟယ် ... ကြည့်စမ်း၊ တာတာနဲ့အစ်ကိုကြီးနဲ့ နာမည်ချင်းတောင် ဆင်နေပြီ"

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့၊ မောင်အာကာ့နာမည်နဲ့ သမီးနာမည်နဲ့ ဆင်နေတာပဲ"

"ဟုတ်လား အန်တီ"

"သမီးကို တာတာလို့ အိမ်မှာခေါ်နေပေမယ့် နာမည်ရင်းက မေတာရာဟိန်းတဲ့လေ"

"**မေတာရာဟိန်း ...**"

ထူးထူးခြားခြား တိုက်ဆိုင်မှုပါလား။ မေတာရာဟိန်းဆိုသော တာတာနှင့်သူသည် မောင်နှမဖြစ်မည်ဆိုက ဖြစ်နေနိုင်ပါသည်။ နာမည်ချင်းကလည်း တိုက်ဆိုင်စွာဆင်တူနေခဲ့သည်။ အဲဒါကြောင့် ဒီကောင်မလေးကို မြင်ကတည်းက သနားသလို ခင်မင်သလိုဖြစ်မိတာ ထင်ပါရဲ့။

တာတာ သူ့ကို စခဲ့နောက်ခဲ့တာတွေ ပေါ်သွားသော်လည်း တာတာ့ကို သူစိတ်မနာနိုင်။ စိတ်ဆိုးသယောင်ဖြင့် မျက်နှာထားတင်းထားသော်လည်း တာတာ့ရဲ့ စပ်ဖြဲဖြဲမျက်နှာလေးကိုကြည့်ပြီး ခင်မင်နေမိပါသည်။ ဒါ သွေးက စကားပြောတာများလား။

"ကဲ ... ကဲ ... အာကာဟိန်းနဲ့သမီးနဲ့က တွေ့ဖူးပြီးသားဆိုတော့ ရင်းနှီးပြီးပြီလို့ မှတ်လိုက်ပေါ့ကွယ်၊ သမီးရေ အာကာဟိန်းကို နေရာချပေးဖို့ ဦးတင်အေးနဲ့ဒေါ်ရွှေမြင့်ကို သွားခေါ်လိုက်ပါဦး"

"ဟုတ်ကဲ့ ဒက်ဒီ"

တာတာ ထထွက်သွားပြီးခဏအကြာတွင် အသက်ကြီးကြီး စုံတွဲတစ်တွဲနှင့်အတူ ပြန်ရောက်လာသည်။

"သူတို့က ဒီအိမ်က အလုပ်သမားလင်မယားပဲ အာကာဟိန်း၊ ဦးတင်အေးနဲ့ဒေါ်ရွှေမြင့်တဲ့၊ ဦးတင်အေးက ခြံတာဝန်ယူတယ်၊ ဒေါ်ရွှေမြင့်ကတော့ မီးဖိုချောင်တာဝန်ပေါ့၊ မင်း သူတို့နဲ့အတူတူ နောက်ဖေးတန်းလျားမှာ နေရမယ်၊ တန်းလျားက အခန်းနှစ်ခန်းရှိတော့ နေသာပါတယ်"

"ဟုတ်ကဲ့ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးတင်အေးနဲ့ဒေါ်ရွှေမြင့် သူက ကိုနိုင်ကြီးနေရာမှာ ကားမောင်းမယ့်အာကာဟိန်းတဲ့၊ သူ့ကိုခေါ်သွားပြီး ကိုနိုင်ကြီးအခန်းမှာပဲ နေရာချပေးလိုက်ပါ"

"ဟုတ်ကဲ့ ဆရာကြီး ‥ လာ ‥ လာ ‥ ငါ့တူ"

အာကာဟိန်းက လက်ဆွဲအိတ်ကလေးကိုဆွဲကာ ဦးတင်အေးတို့လင်မယားနောက်မှ လိုက်သွားလေသည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၇ )

''တန်းလျားမှာ အခန်းနှစ်ခန်းရှိတယ်၊ ဦးလေးတို့လင်မယားက ညာဖက်ခန်းမှာနေတယ်၊ မောင်အာကာက ဘယ်ဖက်ခန်းမှာ ကိုနိုင်ကြီးနဲ့ အတူတူနေပေါ့''

ဦးတင်အေးက မီးချောင်းထွန်းထားသော တစ်ဖက်ခန်းကိုလက်ညှိုး ထိုးပြရင်း ပြောလိုက်သည်။

''ဗျာ ‥ ကိုနိုင်ကြီးနဲ့အတူတူ ဟုတ်လား ဦးလေး၊ ကိုနိုင်ကြီး ဆိုတာ ‥''

''ကိုနိုင်ကြီးဆိုတာ ဒီအိမ်မှာ ကားမောင်းလာတဲ့ ဒရိုင်ဘာအဘိုး ကြီးပေါ့ကွဲ့၊ အခုကျန်းမာရေးမကောင်းလို့ သူ့အစား မင်းကိုကားမောင်းဖို့ ခေါ်လိုက်တာလေ''

ဒေါ်ရွှေမြင့်က ဝင်ရှင်းပြသည်။

အာကာဟိန်း ကြက်သီးမွေးညင်းထအောင် အံ့သြသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ကျွန်တော်က နေမကောင်းတဲ့ဒရိုင်ဘာ အဘိုးကြီးဟာ ဒီအိမ်မှာမရှိတော့ဘူးလို့ ထင်နေတာ၊ အဲဒါကြောင့် ကျွန်တော့်ကို လူစားသွင်းတယ်လို့ ထင်နေလို့ပါ ဒေါ်လေး"

"ဘယ်ဟုတ်မှာလဲကွဲ့ ကိုနိုင်ကြီးဟာ ဒီအိမ်မှာ ငယ်ငယ်ကတည်းက နေလာတာ၊ ဒီအိမ်သားတစ်ပိုင်းဖြစ်နေပြီ၊ သူ့မှာ ပြန်စရာလည်း မရှိဘူး ဆရာကြီးက သူ့ကို အနားပေးထားလိုက်ပါပြီ"

"ဩော် ..."

ကိုနိုင်ကြီး .. ကိုနိုင်ကြီး။ သူဟာ အမေဒီအိမ်မှာရှိစဉ်ကတည်းက နေလာခဲ့တဲ့ ကိုနိုင်ဦးဆိုသူများ ဖြစ်နေမလား။ ဒေါ်ရွှေမြင့်အပြောအရဆိုလျှင် ဖြစ်နိုင်သည်။ အာကာဟိန်းသည် ကိုနိုင်ကြီး(ခေါ်)ဦးနိုင်ဦးအား တွေ့ရလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။ ဦးနိုင်ဦးဆိုသူမှာ အိမ်အလုပ်သမားတစ်ယောက်သာမို့ တစ်အိမ်တည်းတွင် ဤမျှကြာကြာမြဲနေလိမ့်မည်ဟုလည်း မထင်ခဲ့ချေ။

ယခုရှိနေသည့် ကိုနိုင်ကြီးဆိုသူသည် တစ်ချိန်က ကိုနိုင်ဦးဆိုသူ ဟုတ်မဟုတ် အကဲခတ်စုံစမ်းရပေတော့မည်။

"လာလေ မောင်အာကာ ကိုနိုင်ကြီး မအိပ်သေးဘူးထင်ပါရဲ့"

ဦးတင်အေးနှင့်ဒေါ်ရွှေမြင့်တို့က ဦးဆောင်ကာ ဦးနိုင်ကြီးဆိုသူ နေသည့်အခန်းထဲသို့ ဝင်သွားလေသည်။

✠ ✠ ✠

အခန်းထဲအရောက်တွင် ခုတင်ပေါ်၌လဲလျောင်းနေသော အဘိုးအို တစ်ဦးကိုတွေ့လိုက်ရလေသည်။

"ကိုနိုင်ကြီး အိပ်ပျော်နေပြီလားဗျ"

ဦးတင်အေးက အသံပြုလိုက်သည်။

အဘိုးအိုက မျက်လုံးကို ဖွင့်ကြည့်လိုက်၏။

"ကိုတင်အေး ... မရွှေမြင့်"

"ဆေးသောက်ပြီးပြီလား ကိုနိုင်ကြီး"

"သောက်ပြီးပါပြီ မရွှေမြင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ သက်သာရဲ့လား ကိုနိုင်ကြီး"

"နေသာပါတယ် ကိုတင်အေး၊ ဆေးတန်ခိုးပေါ့ဗျာ"

"ဒီမှာ ဒီသူငယ်က ကားမောင်းမယ့်သူငယ်ပဲ ကိုနိုင်ကြီး၊ နာမည်က အာကာဟိန်းတဲ့၊ သူ့ကို ဒီအခန်းမှာနေဖို့ ဆရာကြီးကလွှတ်လိုက်လို့"

ဦးနိုင်ကြီးက လှဲနေရာမှ လက်ထောက်၍ ထလိုက်သည်။ ဦးတင်အေးက ကူ၍ထူပေးလိုက်၏။

ဦးနိုင်ကြီးက ထထိုင်အပြီးတွင် အာကာဟိန်းကိုလှမ်းကြည့်လိုက်သည်။

"အေးကွယ် အဘနေရာမှာ လူငယ်တစ်ယောက်ရောက်လာတာ ကောင်းပါတယ်၊ အဘကတော့ ကျလူဖြစ်နေပါပြီ၊ အသက်လည်း ရှည်တော့မယ်မထင်ပါဘူးကွယ်"

"အို ... ကိုနိုင်ကြီးကလည်း ဒီလိုမပြောပါနဲ့၊ စိတ်ကိုတင်းထားမှပေါ့၊ ဆရာကြီးတို့ကလည်း ဆေးကုပေးနေတာပဲ"

"ကိုကိုလေး ကျေးဇူးတွေကြောင့်လည်း ကျုပ်ဒီအချိန်ထိ အသက်ရှည်နေတာပေါ့ဗျာ"

ကိုကိုလေးဆိုပါလား။ ဒေါက်တာသစ်လွင်ဟိန်းကို ကိုကိုလေးဟုသုံးနှုန်းလိုက်ခြင်းပင်ဖြစ်ပါသည်။ ဒါဆိုသေချာပြီ။ ဒီလူကြီးဟာ အမေဒေါ်ခြူးပွင့်ဒီအိမ်မှာရှိစဉ်ကတည်းက နေလာတဲ့ ကိုနိုင်ကြီးခေါ် ကိုနိုင်ဦးပါပဲ။

"နာမည်က ဘယ်လိုကွဲ့"

"အာကာဟိန်းပါ အဘ"

သူ့ကိုယ်သူ 'အဘ'လို့သုံးနှုန်းနေ၍ အာကာဟိန်းကလည်း အဘလို့ပင်ခေါ်လိုက်ပါသည်။

"အခန်းက ကျယ်ပါတယ်၊ ခုတင်တစ်လုံးလည်း အပိုရှိတယ်၊ ဟိုဖက်ခြမ်းမှာ ငါ့တူနေလေ၊ မရွှေမြင့် သူ့အတွက် အိပ်ရာလေးလုပ်ပေးလိုက်ပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်မအိမ်ကြီးပေါ်က သွားယူလိုက်ပါမယ်၊ ကဲ မောင်အာကာရေ အဘနဲ့နေခဲ့ပေတော့၊ မင်းရှိနေတော့ အဘထိုင်တာ ထတာ ဆေးသောက်တာကအစ ကူနိုင်တာပေါ့ကွယ်၊ နောက်မှ ကိုနိုင်ကြီးသောက်ဖို့ ဆရာကြီးပေးထားတဲ့ဆေးတွေ မင်းကိုပြထားရဦးမယ်"

"ဟုတ်ကဲ့ဒေါ်လေး ကျွန်တော် အဘကိုပြုစုပေးပါ့မယ်"

အာကာဟိန်းက စိတ်ထဲမှာရှိတဲ့အတိုင်း အလေးအနက်ပြောလိုက်ခြင်းဖြစ်ပါသည်။ တွေ့ရမည်ဟု မျှော်လင့်မထားသည့် သူ့ဖခင်ဖြစ်နိုင်ချေရှိသူတစ်ဦးကို အမှတ်မထင်တွေ့လိုက်ရခြင်းသည် သူ့အတွက် ကံကောင်းခြင်းလို့ပင် မှတ်ယူပါသည်။

ဦးနိုင်ကြီးက အာကာဟိန်းကို ငေးကြည့်နေသည်။

"ငါ့တူက ဘယ်ကလာတာလဲကွဲ့"

"မိတ္ထီလာကပါ အဘ"

"သြော် ... အဘကတော့ မြစ်ဝကျွန်းပေါ်ဖက်ကကွဲ့၊ ရန်ကုန်ရောက်နေတာတော့ ကြာပါပြီကွယ်၊ ၁၆နှစ်သားကတည်းကပဲ၊ ကားမောင်းသင်ပြီးကတည်းက ဒီအိမ်မှာအလုပ်လုပ်နေလိုက်တာ အသက်၂၀ကနေ အခုအရွယ်အထိပဲ၊ ဆွေမျိုးသားချင်းလည်းမရှိတော့ ဒီမှာပဲ သောင်တင်နေတာပေါ့ကွယ်"

ဦးနိုင်ကြီးပြောပြသည့်အကြောင်းများက အမေပြောခဲ့သည့် အချက်များနှင့် ကိုက်ညီနေလေသည်။

"အဘမှာ အိမ်ထောင်ရေးမရှိဘူးလားဟင်"

"မရှိပါဘူးကွယ် အဘက လူပျိုကြီးပါ"

"အဘနာမည်က ဦးနိုင်ကြီးနော်"

"ဒါက ရင်းနှီးတဲ့လူတွေ ခေါ်ကြတာပါ၊ နာမည်ရင်းက နိုင်ဦးတဲ့ ဦးနိုင်ဦးပေါ့ကွယ်"

"သြော် ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးနိုင်ဦးက စကားအပြတ်တွင် ရုတ်တရက် ချောင်းဆိုးလိုက်သည်။ ခပ်ကြာကြာချောင်းဆိုးနေ၍ အာကာဟိန်းက နောက်ကျောကိုနှိပ်ပေးလိုက်သည်။

ဦးနိုင်ဦးက ခုတင်အောက်ကို လက်ညှိုးထိုးပြနေ၍ ကြည့်လိုက်ရာ ထွေးခံတစ်လုံးကိုတွေ့လိုက်ရသည်။

အာကာဟိန်းက ထွေးခံကိုယူ၍ အန်နိုင်အောင် လုပ်ပေးလိုက်၏။

ဦးနိုင်ဦးက ထွေးခံထဲသို့ အန်ချလိုက်သည်။

သွေးတွေ။ ဦးနိုင်ဦးပါးစပ်ထဲမှ သွေးစများက ထွေးခံထဲသို့ ကျသွားလေသည်။

သွေးတွေအန်အပြီးတွင် ဦးနိုင်ဦး မောနေလေ၏။

"အဘ ․․ ပြန်လှဲနေလိုက်နော်"

"အင်း ․․ သွေးတွေ အန်ပြန်ပြီ၊ ဒုက္ခ ․․ ဒုက္ခ ․․ ဒီခန္ဓာကြီးကို ဆမ်းမထားချင်တော့ပါဘူးကွယ်၊ သေချင်ပါပြီ ငါ့တူရယ်"

ဖြစ်ရလေ အဘရယ် ․․․

✠ ✠ ✠

ထိုညက အာကာဟိန်း အိပ်မပျော်ပါ။

အိပ်ရာပြောင်းရလို့တော့ မဟုတ်။ တစ်နေ့တည်းမှာကြုံလိုက်ရသည့် အဖြစ်များကိုပြန်တွေးရင်း အိပ်မပျော်နိုင်ခြင်းဖြစ်သည်။

ဒေါက်တာသစ်လွင်ဟိန်းနှင့် နီးနီးကပ်ကပ်နေရဖို့အခွင့်အရေးကို မျှော်လင့်နေသောအာကာဟိန်းသည် မမျှော်လင့်ပဲ သူ့ကို ဆရာကြီးအိမ် အပို့ခံလိုက်ရ၍ ပျော်ရွှင်ခဲ့ရသည်။ ဒီရောက်ပြန်တော့ မမျှော်လင့်ပဲ ဦးနိုင်ဦးကို တွေ့ရသည်။ ဦးနိုင်ဦးကို တွေ့ခွင့်ရလိမ့်မည်ဟု အာကာဟိန်း မျှော်လင့်မထားပါ။ နှစ်ပေါင်းများစွာ ကြာသည်အထိ ဦးနိုင်ဦး သည်အိမ်မှာ တည်မြဲနေလိမ့်မည်ဟုလည်း ထင်မထားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းချင်တော့ သူ့ဖခင်ဖြစ်နိုင်ချေရှိသူနှစ်ဦးလုံးကို တစ်အိမ်တည်းမှာအတူနေခွင့်ရရင်း တွေ့နေရပေပြီ။

ဒီလူကြီးနှစ်ယောက်ထဲတွင် ဘယ်သူဟာ သူ့အဖေဆိုတာကို သူ ရအောင်စုံစမ်းနိုင်ပါ့မလား။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၈ )

နောက်တစ်နေ့ မနက်ကျတော့ မေတာရာဟိန်းကို ကျောင်းလိုက်ပို့ရသည်။

ဦးနိုင်ဦး နေမကောင်းဖြစ်နေသည့်နှစ်လလုံးလုံး ကျောင်းကို လိုက်မပို့နိုင်။ တာတာကိုယ်တိုင် မောင်းသွားရသည်ဟုဆိုသည်။ ဒေါက်တာသစ်လွင်ဟိန်းရော ဒေါ်နှင်းနွယ်စိုးပါ တာတာကားမောင်းသည်ကို စိတ်မချကြပါ။ ထို့ကြောင့် ဦးသိန်းညွန့်ကိုပြောကာ ဆေးရုံကဒရိုင်ဘာတစ်ယောက်ကို အိမ်ခေါ်ယူလိုက်ခြင်းဖြစ်သည်။

မေတာရာဟိန်းဆိုသော တာတာမှာ အတော်ပင်စကားများသော ကောင်မလေးဖြစ်ပါ၏။ စပ်လည်း စပ်စုလှပေသည်။

"အစ်ကိုကြီးက ကားမောင်းကျွမ်းသားပဲ၊ နယ်ကတက်လာပြီး ဘယ်လိုကားမောင်းကျွမ်းနေတာလဲဟင်"

"နယ်မှာလည်း ကားတွေရှိတာပဲ တာတာရယ်၊ ငါက မိတ္ထီလာနဲ့သာစည်ပြေးတဲ့ကားကို မောင်းလာတာ၊ လေးနှစ်ကျော်ပြီ"

"ကိုယ်ပိုင်ကားလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ငါ့မှာကိုယ်ပိုင်ကားရှိရင် ရန်ကုန်ကို ဘယ်လာမလဲ၊ ကိုယ့်ကားကိုယ် မောင်းနေမှာပေါ့"

"ဒါဖြင့် ရန်ကုန်ရောက်လာတာ ကားမောင်းပြီး ပိုက်ဆံချမ်းသာအောင်လုပ်မလို့လား"

"ကားမောင်းတာနဲ့ ချမ်းသာနိုင်လို့လား တာတာ၊ ငါ့မှာ တခြားရည်ရွယ်ချက်တွေ ရှိပါသေးတယ်"

"ဟင် ... ဘာရည်ရွယ်ချက်လဲ"

အာကာဟိန်းက ပြောလိုက်ပြီးမှ မှားသွားမှန်းသိသည်။ သူ့ရည်ရွယ်ချက်ကို ပြောလို့မဖြစ်ပါ။ ကြည့်ကောင်းအောင်ပင် ပြန်ဖြေလိုက်ရသည်။

"ဩော် ... ကားမောင်းတဲ့အလုပ်မဟုတ်ပဲ တခြားအလုပ်တစ်ခုခု ရရင်လည်း ပြောင်းလုပ်သင့်လုပ်ဖို့ပေါ့ဟာ၊ ဥပမာ ဆရာကြီးက သဘောကျလို့ သူ့ဆေးရုံက တစ်နေရာရာမှာ အလုပ်ခန့်တာမျိုးပေါ့"

"အယ် ... အစ်ကိုကြီးက ပညာဘယ်လောက်တတ်လို့လဲ"

"ငါ ဘွဲ့ရပြီးပါပြီ တာတာ"

တာတာက အာကာဟိန်းကို လှည့်ကြည့်လိုက်သည်။

"ဟင် .. အစ်ကိုကြီးက ဘွဲ့ရပြီးသားလား၊ တာတာက ဒရိုင်ဘာဆိုတော့ ပညာသိပ်မတတ်ဘူးထင်ထားတာ၊ ဆောရီးနော် အစ်ကိုကြီး"

"ရပါတယ်ဟာ"

"ဒါဖြင့် ဒက်ဒီ့ဆေးရုံမှာ အစ်ကိုကြီးလုပ်ချင်ရင် တာတာပြောပေးမယ်လေ"

"နေပါဦး တာတာရယ် ငါဘာမှမတတ်သေးပါဘူး၊ လောလောဆယ် နင့်အတွက်ပဲ ကားမောင်းပေးပါဦးမယ်"

"ဟုတ်တယ် ဟုတ်တယ် အစ်ကိုကြီး တာတာကျောင်းပြီးတဲ့အထိ တာတာ့ကို မောင်းပို့ဦး၊ တာတာက လူတိုင်းနဲ့ဖြစ်တာ မဟုတ်ဘူး၊ အဘကလည်း သဘောကောင်းတယ်၊ အစ်ကိုကြီးကလည်း သဘောကောင်းတာပဲ၊ အစ်ကိုကြီးလိုလူမျိုးနဲ့မှ တာတာနဲ့ဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုသဘောကောင်းတယ်လို့ နင်ကဘာလို့ ပြောနိုင်ရတာလဲ"

"ပြောနိုင်တာပေါ့၊ အစ်ကိုကြီးကိုတွေ့ကတည်းက အစ်ကိုကြီး ရှိုးတာကို တာတာက သဘောကျသွားတာ"

"ခုတ်လှေကားထဲကအဖြစ်ကို ပြောတာလား။ အဲဒါရှိုးတာမဟုတ် ဘူး တာတာ၊ အ,တာ၊ ငါက တောကတက်လာခါစမို့လို့ အ,တာပါ"

"ရှိုးတာနဲ့အ,တာ အတူတူပဲမဟုတ်ဘူးလား။ ဘာပဲဖြစ်ဖြစ် တာတာ အစ်ကိုကြီးကို ခင်တယ်၊ မြင်မြင်ချင်းခင်သွားတာ၊ သိလား၊ အဲဒါကြောင့်လည်း အစ်ကိုကြီးကို စ,ခဲ့နောက်ခဲ့တာပါ၊ ခင်လို့နောက်ခဲ့တာပါ အစ်ကိုကြီးရယ်"

✠ ✠ ✠

တာတာ့ကိုကျောင်းပို့ထားခဲ့ပြီး အိမ်ပြန်လာခဲ့သည်။ တာတာ့ ကျောင်းက ညနေပိုင်းမှပြန်ကြိုရမည်မို့ အချိန်အား တော်တော်ရနေပါသည်။

အာကာဟိန်းသည် ဦးနိုင်ဦးအနီးတွင်နေပြီး တတ်နိုင်သမျှစုံစမ်းရန် ဆုံးဖြတ်လိုက်သည်။

တန်းလျားအခန်းလေးထဲ သူပြန်ရောက်တော့ ဒေါ်ရွှေမြင့်က ဦးနိုင်ဦးကို ဆန်ပြုတ်တိုက်နေတာ တွေ့ရသည်။

"ဒေါ်လေး အဘကို ကျွန်တော်ဆန်ပြုတ်ဆက်တိုက်လိုက်ပါ့မယ်၊ ဒေါ်လေးလုပ်စရာရှိတာလုပ်ပါ"

"မောင်အာကာ မင်းထမင်းဆာရင်ပြောနော်၊ ဒေါ်လေးခေါ်အောင် စောင့်မနေနဲ့၊ ဆာရင်မီးဖိုးခန်းထဲသာ ဝင်လာခဲ့"

"ဟုတ်ကဲ့ပါ ဒေါ်လေး၊ ပြီးရင် အဘကိုတိုက်ရမယ့်ဆေးတွေ ကျွန်တော့်ကို ပြထားပါဦး၊ ဘယ်ဆေး ဘယ်အချိန်တိုက်ရမယ်ဆိုတာ ပြော ထားပါ၊ ကျွန်တော်ပဲ အဘကိစ္စတွေလုပ်ပေးပါ့မယ် ဒေါ်လေး"

"မင်းရောက်လာတာ တို့အတွက်တစ်အားပါပဲ၊ လူကြီးသူမကို ပြုစုစောင့်ရှောက်တာ ကုသိုလ်ရပါတယ်၊ သာဓုပါကွယ် သာဓုပါ ... သာဓုပါ"

အာကာဟိန်းက ဦးနိုင်ဦးကို ဆန်ပြုတ်ဆက်တိုက်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် လူလေးရယ် အဘလည်း အားနာလှပါပြီ၊ မချေမြင့်တို့ ကိုတင်အေးတို့ကလည်း သွေးမတော်သားမစပ် အဘကို ပြုစုကြပါတယ်၊ ခုလည်း လူလေးရောက်လာပြန်ပြီ၊ အဘအတွက် အလုပ်တွေပိုတာ အားနာလှပါပြီကွယ်"

"ကျွန်တော့်ကိုတော့ အားမနာပါနဲ့ အဘရယ် ကိုယ့်မိဘလို သဘောထားပြီးပြုစုခွင့်ရတာ ကျွန်တော့်အတွက် ကုသိုလ်တောင်ရပါသေးတယ်"

"သာဓုပါကွယ် .. သာဓု .. သာဓု .. ဩော် .. ဆွေမရှိမျိုးမရှိတဲ့ ဘဝများ နာမကျန်းဖြစ်တော့ မျက်နှာငယ်ရပါလားလူလေးရဲ့ အေးလေ အဘကံကောင်းတယ်ပဲ ပြောရမှာပါပဲ၊ တကယ်တော့ အဘဟာ ဒီအိမ်ရှင် တွေရဲ့အလုပ်သမား၊ အခိုင်းအစေပါပဲကွယ်၊ သူတို့အလုပ်ကို လုပ်မပေးနိုင် တော့တဲ့အချိန်မှာ ဒီအိမ်ကထွက်သွားရုံပဲ မဟုတ်လား၊ ဒါပေမဲ့ ကိုကိုလေးတို့ မိသားစုက အဘကို နှင်မပစ်ပါဘူး၊ အဘနေမကောင်းတာကို ကုသပေးကြ တယ်၊ တကယ်စိတ်ထားကောင်းကြတဲ့ မိသားစုပါပဲကွယ်"

"ကိုကိုလေးဆိုတာ ... ဆရာကြီးဒေါက်တာသစ်လွင်ဟိန်းကို ပြောတာလား အဘ"

"ဟုတ်တယ်ကွဲ့၊ ကိုကိုလေးလို့ခေါ်နေတာ တခြားကြောင့် မဟုတ်ဘူး၊ ကိုကိုလေးအထက်မှာကိုကိုကြီးဆိုပြီး အစ်ကိုတစ်ယောက်ရှိသေးတယ်၊ ကိုဇာနည်ဟိန်းတဲ့၊ ကိုကိုကြီးက နိုင်ငံခြားမှာနေတယ်၊ နိုင်ငံခြားမှာပဲ အိမ်ထောင်ကျနေတယ်ကွဲ့"

"ဟုတ်ကဲ့ အဘ"

"ကိုကိုလေးက တကယ်တော့ အဘထက်အသက်သုံးလေးနှစ် ငယ်ပါသေးတယ်၊ အဘဒီအိမ်ရောက်တော့ ကိုကိုလေးဆယ်တန်းအောင်ကဲ့ နှစ်ပေါ့၊ ဆေးကျောင်းစတက်တဲ့နှစ်ပဲ၊ ကိုကိုလေးအဖေနဲ့အမေကလည်း ဆရာဝန်တွေပဲကွဲ့၊ ပညာလည်းတော်ကြတတ်ကြ၊ စိတ်ထားလည်း ကောင်းကြတဲ့ မိသားစုပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော် အဘ၊ ဆရာကြီးရဲ့မိဘတွေကတော့ ဆုံးသွားကြပြီပေါ့နော်"

"ကိုကိုလေးအဖေ ဒေါက်တာမင်းဟိန်းကတော့ ဆုံးပြီ၊ ဆရာမကြီး ဒေါက်တာသက်သက်ခင်ကတော့ ရှိပါသေးတယ်၊ အသက်ကြီးတော့ ဆေးမကုတော့ဘူးလေ၊ တရားစခန်းဝင်နေလို့ မင်းမတွေ့ရတာကွဲ့"

"ဪ . . ."

"ဒေါက်တာသက်သက်ခင်အစ်မ ဒေါ်ထားထားခင်ဆိုတာ ရှိသေးတယ်၊ ကြီးကြီးထားလည်း ဆုံးသွားပါပြီ"

အမေပြောပြခဲ့သောအချက်များနှင့် အားလုံးကိုက်ညီနေပါသည်။

"တာတာလေးကို ကျောင်းပို့ရတာရော အဆင်ပြေရဲ့လားလူလေး"

"ပြေပါတယ် အဘ"

"အေးကွယ် . . . တာတာလေးက တစ်ဦးတည်းသောသမီးဆိုတော့ နဲ့ဆိုး ဆိုးချင်တယ်ကွဲ့ စိတ်ထားတော့ ကောင်းရှာပါတယ်၊ သူဆိုးတာ နဲ့တာတော့ သည်းခံရလိမ့်မယ်ဟေ့"

"ဟုတ်ကဲ့ အဘ ဒီအိမ်မရောက်ခင်ကတည်းက ကျွန်တော် သည်းခံပြီးပါပြီ"

"ဟေ . . ."

အဘကာဟိန်းက ရန်ကုန်ရောက်ရောက်ချင်းနေ့တွင် တာတာ သူ့ကို အကြောင်ရိုက်သွားပုံကို ပြန်ပြောပြလိုက်ရာ ဦးနိုင်ဦးက ရယ်မောနေ၏။

"တကယ့် မိန်းကလေးပဲဟေ့ သူကပျော်တတ်တာပါကွယ်"

"ဟုတ်ပါတယ် အဘ ကျွန်တော့်ကိုလည်း ခင်ပါတယ်"

"ကိုကိုလေးမိန်းမ နှင်းနွယ်စိုးကလည်း သဘောကောင်းပါတယ်၊ ခေတ်ပညာတတ်ပဲ၊ တက္ကသိုလ်က ဆရာမကြီးပေါ့၊ ဒီအိမ်မျိုးကို လူလေး ရောက်လာတာ ကံကောင်းတယ်လို့မှတ်ကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အဘ၊ အဘလည်း စကားတွေပြောလိုက်ရလို့ မောသွားပြီ၊ နားလိုက်ဦးနော်၊ လှဲနေလိုက်ဦးအဘ၊ ထမင်းစားပြီးရင် အဘဆေးသောက်ဖို့ရှိမှာပေါ့၊ ကျွန်တော် ဒေါ်လေးဒေါ်ရွှေမြင့်ကို သွားမေး လိုက်ဦးမယ်"

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

## ( ၉ )

သည်လိုနှင့်ပင် ဒေါက်တာသစ်လွင်ဟိန်းအိမ်တွင်နေလာခဲ့ရာ အချိန်များတရွေ့ရွေ့ ကုန်ဆုံးလာခဲ့သည်။ အာကာဟိန်း၏ ရည်ရွယ်ချက်ကတော့ အထမမြောက်သေး။ ဒေါက်တာသစ်လွင်ဟိန်းကိုရော ဦးနိုင်ဦးကိုရော အနီးကပ် တွေ့မြင်နေရသော်လည်း သူသိချင်သည့်အဖြေကိုမူ မရနိုင်သေးပါ။ သူ့ အဖြစ်က ပြောင်ဖွင့်ပြီးမေးလို့ရနိုင်တဲ့ ကိစ္စမျိုးလည်းမဟုတ်၍ အခွင့်အရေးပေါ်လာမည့်အချိန်ကိုသာ စောင့်မျှော်နေရပါသည်။

အလုပ်နားသည့်အချိန်များတွင် အဘဦးနိုင်ဦးကိုပြုစုပေးရင်း အဘနှင့် စကားပြောဖြစ်ကြ၏။ ဦးနိုင်ဦးက ရှေးဟောင်းနှောင်းဖြစ်များကို ပြောပြတတ်သည်။ ဦးနိုင်ဦးပြောပြသည့်အကြောင်းများထဲတွင် အမေ ဒေါ်ခြူးပွင့်အကြောင်းတော့ ပါမလာတတ်ပါ။

ဦးနိုင်ဦးသည် မခြူးပွင့်ကို မေ့သွားတာလား၊ စိတ်နာနာဖြင့်မေ့ပျောက်ထားလေသလား။ မသိနိုင်ပါ။

တစ်ခါတော့ အာကာဟိန်းသည် ဦးနိုင်ဦး၏နှလုံးသားရေးရာကိစ္စကို ထိုးခေါက်ကြည့်မိလေသည်။

"အဘက ဘာလို့အိမ်ထောင်မပြုခဲ့တာလဲ အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဖူးစာမပါလို့ပေါ့ကွယ် ..."

"အဘမှာ ချစ်သူရော မရှိခဲ့ဖူးလားဟင်"

"ချစ်သူ .. ဟုတ်လား"

အဘဦးနိုင်ဦးက ပါးမှအရေးအကြောင်းများပေါ်သွားအောင် ပြုံးလိုက်လေသည်။

"ချစ်သူဆိုတာ သူကရော ကိုယ်ကရော နှစ်ဦးနှစ်ဖက် မေတ္တာမှ ချစ်သူရယ်လို့ ဖြစ်နိုင်တာ မဟုတ်လားကွယ်။ လူပဲ အဘလည်း ရင်ထဲက မေတ္တာ ရှိတဲ့သူတော့ ရှိခဲ့ဖူးပါတယ်လူလေး။ ဒါပေမဲ့ သူ့ဖက်က ကိုယ့်ကိုမေတ္တာ မှ မတုံ့ပြန်ခဲ့တာပဲကွယ်၊ ချစ်သူရယ်လို့ ဘယ်ဖြစ်လာနိုင်တော့မလဲ"

"ဒါဖြင့် အဘချစ်ခဲ့တဲ့မိန်းကလေးတော့ ရှိခဲ့ဖူးတာပေါ့နော်"

"ဒါတွေ ကြာခဲ့ပါပြီ လူလေးရယ် ပြီးခဲ့ပါပြီ၊ ဒီအရွယ်မှာ ဒါတွေ စိတ်ထဲတောင် မရှိတော့ပါဘူး"

အာကာဟိန်း ဆက်မမေးဖြစ်တော့ပါ။

တစ်ခါတစ်ရံတော့ သူသည် တစ်ချိန်က ဤအိမ်တွင်အိမ်ဖော်အဖြစ် နေသွားဖူးသော မချိုးပွင့်ဆိုသူ၏ သားဖြစ်ကြောင်း ဦးနိုင်ဦးကို ပြောပြချင်စိတ် ပေါက်မိသည်။ ဝေဒနာခံစားနေရတဲ့ ရောဂါသည်ကြီးရဲ့ စိတ်ဒဏ်ရာကို ဆွပေးမိသလိုဖြစ်မှာစိုး၍ မပြောဖြစ်ခဲ့ပါ။

ဦးနိုင်ဦးကို သူ့ဖခင်ဖြစ်နိုင်သည်ဟု ယူဆကာ ပြုစုပေးခဲ့သည်။ အစားအသောက်ကျွေးချိန်တွင် သူကိုယ်တိုင်ကျွေးသည်။ အဘကိုတိုက်ရမည့် ဆေးများကိုမှတ်သားထားကာ သူ့အချိန်နှင့်သူ တိုက်ခဲ့ပါသည်။

ဦးနိုင်ဦးဟာ သူ့ရဲ့ဖခင်ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ရောဂါ သည်အဘိုးအိုတစ်ဦးရဲ့ နောက်ဆုံးအချိန်မှာ ပြုစုခွင့်ရတဲ့အတွက် အာကာဟိန်း ကျေနပ်မိပါသည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၁၀ )

တစ်နေ့ ကျောင်းကအပြန်တွင် တာတာက စတိုးဆိုင်ကြီးတစ်ဆိုင်ကို မောင်းနိုင်းသည်။ ဆိုင်ကိုအရောက်တွင် အာကာဟိန်းကိုပါ ဆိုင်ထဲလိုက်ခဲ့ဖို့ ဆွဲခေါ်သွားလေသည်။

တာတာဘာလုပ်မယ်ဆိုတာ အာကာဟိန်းမသိ။

ဆိုင်ထဲရောက်တော့မှ သိရတော့သည်။

တာတာက အာကာဟိန်း ကိုယ်အချိုးအစားနှင့်ကိုက်ညီသည့် အနောက်တိုင်းဝတ်စုံတစ်စုံကို ဝယ်ခြင်းဖြစ်သည်။

"ဘာလုပ်တာလဲ တာတာ"

"အစ်ကိုကြီးအတွက် အနောက်တိုင်းဝတ်စုံ ဝယ်ပေးတာလေ"

"ဒါတွေကို ငါက ဘာလုပ်ရမှာလဲ"

"ဝတ်ဖို့ပေါ့၊ အသာနေစမ်းပါ၊ တာတာ့မှာ အကြံကောင်းတစ်ခုရှိတယ်"

တာတာက အာကာဟိန်းအတွက်ဝတ်စုံကို နက္ကတိုင်၊ ခါးပတ်နှင့်ဖိနပ်ပါမကျန် ဝယ်ပေးနေလေသည်။ အားလုံးအတွက်ကျသင့်ငွေ တစ်သိန်း ကျော်ပေ၏။ အာကာဟိန်း မျက်လုံးပြူးနေရသည်။

www.burmeseclassic.com



ကားပေါ်ပြန်ရောက်တော့မှ တာတာက သူ့အကြံအစည်ကိုပြောပြသည်။

"တာတာ့သူငယ်ချင်း မာလာနဲ့အေမီကို အစ်ကိုကြီးတွေ့တယ်မဟုတ်လား၊ သူတို့က အစ်ကိုကြီးကို ဘယ်သူလဲလို့မေးကြတယ် အစ်ကိုကြီး။ အစ်ကိုကြီးကို သူတို့က ဒရိုင်ဘာလို့ မထင်ကြဘူး၊ တာတာကလည်း အစ်ကိုကြီးက တာတာ့ရဲ့အစ်ကို တစ်ဝမ်းကွဲလို့ ပြောလိုက်တယ်"

"ဘာလို့အဲ့လိုပြောတာလဲ တာတာ"

"မာလာနဲ့အေမီကို အကြောင်းရှိက်မလို့ပေါ့"

"လာပြန်ပြီတစ်ခါ ငါသာ တောကတက်လာခါစမို့လို့ နင့်အညာခံလိုက်ရတာ၊ နင့်သူငယ်ချင်းတွေက နင်ပြောတိုင်း ဘယ်ယုံလိမ့်မလဲတာတာ"

"ဘာလို့ မယုံရမှာလဲ၊ အခုကို ယုံနေကြပြီ၊ သူတို့က အစ်ကိုကြီးပထမဆုံးလိုက်ပို့တဲ့နေ့ကတည်းက အစ်ကိုကြီးကို စိတ်ဝင်စားနေကြတာ"

"ငါ့ကို စိတ်ဝင်စားတယ်"

"စိတ်ဝင်စားတယ်ဆိုတာ ဘယ်သူများလဲလို့ စိတ်ဝင်စားတာမျိုးပါ။ တာတာက အစ်ကိုတစ်ဝမ်းကွဲလို့ပြောလိုက်တော့ သူတို့က ယုံကြတာပေါ့။ တာတာ့နာမည်နဲ့ အစ်ကိုကြီးနာမည်နဲ့ကလည်း အာကာဟိန်းနဲ့ တာရာဟိန်းဆိုပြီး ဆင်တူဖြစ်နေသေးတာကိုး"

"ဟိုကောင်မလေးတွေ သနားလိုက်တာဟာ"

"တာတာ့မှာ တကယ်လည်း အစ်ကိုတစ်ဝမ်းကွဲတစ်ယောက်ရှိတယ်လေ၊ နေတော့လည်း နိုင်ငံခြားမှာနေတာ၊ ဒက်ဒီအစ်ကို ဦးဇာနည်ဟိန်းက အမေရိကားကို ငယ်ငယ်ကတည်းကရောက်နေတာ၊ ဟိုမှာပဲ ဘိုမနဲ့အိမ်ထောင်ကျနေတာ"

"အဲဒါတွေ ငါသိပြီးပါပြီ"

"မာလာတို့က အစ်ကိုကြီးကို အမေရိကားက တာတာ့အစ်ကိုဝမ်းကွဲလို့ ယုံနေကြတာ သိလား၊ အစ်ကိုကြီးကို မြန်မာပြည်ခဏလာလည်တာလို့ ညာထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ ဒီအဝတ်အစားတွေဝယ်တာနဲ့ ဘာဆိုင်လဲ တာတာ"

"ဆိုင်တာပေါ့၊ အစ်ကိုကြီးက ပုဆိုးပဲဝတ်ဝတ်နေတော့ နိုင်ငံခြားပြန်နဲ့သိပ်မတူဘူးပေါ့၊ တာတာကတောင် မြန်မာပြည်ရောက်တုံး မြန်မာဝတ်စုံကြိုက်လို့ ဝတ်နေတာပါလို့ ပြောထားရတယ်၊ သူတို့ယုံအောင် တစ်ခါတစ်လေတော့ အနောက်တိုင်းဝတ်စုံ ဝတ်ပြရမယ်လေ၊ အဲဒါကြောင့် တာတာက အစ်ကိုကြီးကို ယူရှုတ်ပီယမ်ဒရက်စ် ဝယ်ပေးတာပေါ့"

"တာတာရယ် စချင်နောက်ချင်တာနဲ့ ပိုက်ဆံတွေအကုန်ခံပြီး ဝယ်ရသလားဟာ၊ ဒါကြီးတွေ ငါမဝတ်ချင်ပါဘူး၊ ဒါမျိုးဝတ်ပြီး သွားရမယ့် နေရာမျိုးလည်း မရှိဘူး၊ ပိုက်ဆံတွေ နှမြောစရာဟာ"

"တာတာစုထားတဲ့မုန့်ဖိုးနဲ့ ဝယ်ပေးတာပါ အစ်ကိုကြီးရဲ့၊ မာလာတို့ အေမိတို့ကို အကြောင်းရိုက်ရမှာ ဘယ်လောက်ပျော်စရာကောင်းသလဲ၊ နက်ဖြန်ကျ အဲဒီဝတ်စုံကို ဝတ်ခဲ့ရမယ်နော် အစ်ကိုကြီး"

"မာလာနဲ့အေမိဆိုတာ နင်နဲ့အတူတူ ရပ်စောင့်နေကျ နှစ်ယောက် မဟုတ်လား၊ အရပ်ရှည်ရှည်က မာလာ၊ ဆံပင်တိုတိုကပ်ကပ်နဲ့က အေမိ၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ်လေ အစ်ကိုကြီးက သတိထားမိသားပဲ"

"အေး ... အဲဒီနှစ်ယောက်လုံး မဆိုးဘူးဟ၊ သူဌေးသမီးတွေ ထင်တယ်၊ ဘယ်သူ့ရရ တန်တယ်"

"ဘာ ..."

"သူတို့က ငါ့ကိုစိတ်ဝင်စားနေကြတာဆို၊ အတော်ပဲဟာ နိုင်ငံခြားပြန်ဆိုပြီး ဝင်ရောဦးမှပဲ၊ ဘယ်သူနဲ့ကြည်ကြည် တန်တာပဲ"

"အစ်ကိုကြီး ..."

တာတာက အာကာဟိန်းကိုလှည့်ကြည့်ရင်း ကျယ်လောင်စွာ အော်လိုက်လေသည်။

"ဘယ်လိုလဲ နင်သဘောတူတယ် မဟုတ်လား၊ မာလာနဲ့အေမိ ဘယ်သူပိုလှ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး တော်တော့"

တာတာက စကားကိုဆုံးအောင်မစောင့်ပဲ ထပ်အော်လိုက်ပြန်သည်။

"ဘာဖြစ်တာလဲဟ"

"မကြိုက်ရဘူး၊ အစ်ကိုကြီး သူတို့ကို မကြိုက်ရဘူး၊ တာတာက သူတို့ကို နောက်ရုံနောက်ဖို့ ပြောတာ၊ အစ်ကိုကြီးသူတို့ကို စိတ်မဝင်စားနဲ့နော်၊ ဒါပဲ ..."

တာတာက နှုတ်ခမ်းကိုဆူကာ ပြောလိုက်လေသည်။

"ဘာဖြစ်လို့လဲဟာ သူတို့က ငါ့ကိုစိတ်ဝင်စားကြတယ်ဆိုလို့ ငါလည်း သူတို့ပုံစံလေး တွေးပြန်တွေးကြည့်တော့ မဆိုးဘူးဆိုပြီး စိတ်လှုပ်ရှားသွားတာ၊ ဟုတ်တယ် ငါ့ကိုယ်ငါ အမေရိကားက ပြန်လာတဲ့ လူဆိုပြီး သူတို့အထင်ကြီးအောင်နေမယ်၊ တစ်ယောက်ယောက်နဲ့ အဆင်ပြေအောင် လုပ်မယ်ဟာ"

"အစ်ကိုကြီး တော်ပြီ၊ အဲဒီဝတ်စုံ မဝတ်နဲ့တော့၊ ဟိုဟာမတွေနဲ့လည်း မိတ်ဆက်မပေးတော့ဘူး"

"ဘာဖြစ်ပြန်တာလဲ၊ နင်ကလည်း စိတ်အပြောင်းအလဲမြန်လိုက်တာ"

"သူတို့က ဆတ်စလူးတွေ၊ သူတို့နဲ့အစ်ကိုကြီးကို သဘောမတူပေါင်"

တာတာက တစ်လမ်းလုံး နှုတ်ခမ်းစူလာသည်။

သည်တစ်ခါတော့ တာတာ့ကို အနိုင်ယူလိုက်နိုင်သည့်အတွက် အာကာဟိန်းလည်း တစ်လမ်းလုံး ကြိတ်ပြုံးလာခဲ့လေ၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၁၁ )

တစ်နေ့ တာတာ့ကို ကျောင်းကကြိုပြီးပြန်အလာတွင် သတင်းဆိုး တစ်ခုက ဆီးကြိုနေလေသည်။

''မောင်အာကာ ကိုနိုင်ကြီးသွေးတွေအန်လို့ ဆေးရုံကို ပို့လိုက်ရပြီ''

ခြံထဲကို ကားဝင်လာလာချင်း ဒေါ်ရွှေမြင့်က ဆီးပြောလိုက်ခြင်း ဖြစ်သည်။

''ဟင် ...''

''ဆရာကြီးဆေးရုံမှာပဲ အတွင်းလူနာအနေနဲ့ တင်ထားတယ်၊ သွေးတွေက ဒီတစ်ခါ တအားအန်တာပဲကွယ်၊ မရတော့ဘူး ထင်ပါရဲ့''

''ဒါဖြင့် ကျွန်တော်ဆေးရုံကို လိုက်သွားမယ်၊ အန်တီ့ဆီမှာ ခွင့်တောင်းပြီး လိုက်သွားလိုက်မယ် ဒေါ်လေး''

အာကာဟိန်းက ဒေါ်နှင်းနွယ်စိုးဆီမှာ ခွင့်တောင်းလိုက်သည်။

''မာမီ ... သမီးလည်း အဘကိုကြည့်ချင်တယ်၊ သမီးလည်း လိုက်သွားပါရစေ မာမီ''

''အေး ... ဒါဆိုရင် မာမီလည်း လိုက်မှာပေါ့၊ တို့အားလုံးကို နိုင်ကြီးအခြေအနေကို သွားကြည့်ကြရအောင်''

✠ ✠ ✠

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကိုရောက်တော့ အဘဦးနိုင်ဦးအခြေအနေက အတော်ဆိုးဝါး နေတာတွေ့ရသည်။

သတိလစ်နေသည်။ နှာခေါင်းနှင့်ပါးစပ်မှာ ပိုက်များတပ်ထား ရသည်။

''သွေးသွင်းဖို့ စီစဉ်ထားတယ်''

ဒေါက်တာသစ်လွင်ဟိန်းက ပြောသည်။

''သွေး ... သွေးသွင်းရမယ်၊ အဘသွေးက ဘာအမျိုးအစားလဲ၊ ကျွန်တော့်သွေးကို အဘအတွက်လှူချင်ပါတယ် ဆရာကြီး''

''ကိုနိုင်ကြီးသွေးက 'အေ'သွေးပါ အာကာဟိန်း''

အေသွေးတဲ့ ...။

အာကာဟိန်းမျက်လုံးတွေ ပြာဝေသွားလေသည်။

အေသွေးဆိုပါလား။

**''အေဘီ''သွေးရှိသူ၏မိဘနှစ်ပါးသည် တစ်ဦးက ''အေသွေးပိုင်ရှင်'' တစ်ဦးက''ဘီသွေးပိုင်ရှင်'' ဖြစ် ရပေမည်။**

**အမေဒေါ်ခြူးပွင့်က ''ဘီသွေးပိုင်ရှင်''ဖြစ်ရာ သူ့ ဖခင်ဖြစ်သူသည် မလွဲမသွေ ''အေသွေးပိုင်ရှင်''သာ ဖြစ်ရပေမည်။**

အဘဦးနိုင်ဦးဟာ ငါ့ဖခင်အရင်း ဖြစ်နေနိုင်ပါလား။ သွေးအမျိုး အစားကတော့ ငါ့အဖေဖြစ်တဲ့သူမှာရှိရမယ့် သွေးအမျိုးအစား ဖြစ်နေပြီ။

''ကျွန်တော့်သွေးက **အေဘီ**ပါ ဆရာကြီး။ ကျွန်တော့်သွေးကို အဘအတွက် လှူလို့ရမလားဟင်''

ဒေါက်တာသစ်လွင်ဟိန်းက ခေါင်းကိုခါလိုက်သည်။

''သွေးအမျိုးအစားမတူပဲ လှူလို့မရဘူးအာကာဟိန်း။ ဒါပေမဲ့ စိတ်မပူပါနဲ့။ ဆေးရုံဝန်ထမ်းတွေမှာ အေသွေးပိုင်ရှင်တွေအများကြီးပါ၊ သွေး



www.burmeseclassic.com

www.burmeseclassic.com



လှူမယ့်လူတစ်ယောက်ယောက် ပေါ်လာပါလိမ့်မယ်၊ ခုပဲ ကိုနိုင်ကြီးအတွက် သွေးလိုတဲ့အကြောင်းကို ကြေငြာထားလိုက်ပါပြီ၊ စိတ်မပူပါနဲ့ကွာ"

သန့်ရှင်းရေး အလုပ်သမားအမျိုးသမီးတစ်ယောက်က အဘ အတွက် သွေးလှူခဲ့ပါသည်။

အာကာဟိန်းသည် အဘအပါးကမခွာပဲ ရှိနေခဲ့၏။

ဒေါ်နှင်းနွယ်စိုးနှင့်တာတာတို့ အိမ်ပြန်တော့မည်ဆိုသည့်အခါ အာကာဟိန်းက ဒေါက်တာသစ်လွင်ဟိန်းဆီမှာ ခွင့်တောင်းလိုက်၏။

"ဆရာကြီး ကျွန်တော် အဘအနားမှာ နေခဲ့ပါရစေ၊ မနက်ဖြန် စနေ,တနင်္ဂနွေဆိုတော့ တာတာ့ကို ကျောင်းပို့စရာမရှိပါဘူး ဆရာကြီး"

ဆရာကြီးက ခွင့်ပြုခဲ့ပါသည်။

ဒေါ်နှင်းနွယ်စိုးနှင့် တာတာတို့ အိမ်ပြန်သွားကြသည်။

အာကာဟိန်း ဦးနိုင်ဦးကိုပြုစုဖို့ ကျန်ရစ်ခဲ့၏။

အဘရဲ့နောက်ဆုံးအချိန်အထိ ကျွန်တော်အဘအနားမှာ ရှိနေ ပါမယ် အဘရယ် ...

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၁၂ )

ည ၁၂ နာရီလောက်တွင် အဘသတိပြန်လည်လာသည်။ မျက်လုံးများကို ဖြည်းညင်းစွာဖွင့်ကြည့်သည်။

"အဘ . . . အဘ . . . သတိရပြီလား။ ကျွန်တော့်ကို မှတ်မိလား အဘ"

"လူလေး . . . မောင်အာကာ . . ."

"ဟုတ်ကဲ့အဘ . . . အဘ ဆရာကြီးဆေးရုံမှာ ရောက်နေတယ် အဘ၊ အဘကို သွေးသွင်းထားပါတယ်"

"ဩော် . . ."

"အဘ . . . မှိန်းနေလိုက်ဦးနော် ဘုရားကိုအာရုံပြုပါ အဘ၊ ကျွန်တော် ဘုရားစာဆိုပေးမယ်နော်"

အာကာဟိန်းက တတ်သမျှမှတ်သမျှဘုရားစာများကို အသံထွက်၍ ဦးနိုင်ဦးအာရုံယူနိုင်အောင် ဆိုပေးနေခဲ့သည်။

ခဏအကြာတွင် ဦးနိုင်ဦး ပြန်အိပ်ပျော်သွားလေသည်။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



ညနစ်နာရီလောက်တွင် အဘ တစ်ခေါက် ပြန်နိုးလာပြန်သည်။

ဦးနိုင်ဦးလူးလွန့်လာသောကြောင့် အိပ်ငိုက်သွားသောအာကာဟိန်းလည်း မျက်လုံးကို ဖွင့်ကြည့်လိုက်လေသည်။

"အဘ ... သက်သာရဲ့လားဟင် ဘာလိုချင်လဲအဘ၊ ရေသောက်ချင်သလား"

ဦးနိုင်ဦးက ခေါင်းကို ဖြည်းညင်းစွာ ခါပြသည်။ အာကာဟိန်းလက်ကို ဆုပ်ကိုင်လိုက်သည်။

"ရင်တွေကြပ်တယ်ကွယ် ... အဘ သွားတော့မယ်"

"အဘ ..."

"လူလေး ... ကျေးဇူးတင်ပါတယ် လူလေး၊ ကိုကိုလေးတို့မိသားစု ကိုလည်း အဘက ကျေး ... ဇူး ... တင် ..."

အဘဆုပ်ကိုင်ထားသောလက်များက ပြေကျသွားလေသည်။

"အဘ .. အဘ .. ဆရာမ .. ဆရာမ .. လာပါဦး"

တာဝန်ကျသူနာပြုဆရာမ ရောက်လာသည်။

ဆရာမက ဦးနိုင်ဦးကို စမ်းသပ်ကြည့်ပြီး တစ်လုံးချင်းပြောလိုက်သည်။

"လူနာ အသက်မရှိတော့ပါဘူး၊ ဆုံးသွားပါပြီ"

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၃ )

အာကာ...

ငါ ရွာကိုပြန်ရောက်တုန်း ဒီစာကိုရေးလိုက်တယ်။

နင် ရွာကိုပြန်မလာသေးဘူးလား။ ဒေါ်လေးမခြူးပွင့်ကို အိမ်မှာ တစ်ယောက်တည်းတွေ့ရတော့ ငါစိတ်မကောင်းဘူးဟယ်။ ဒေါ်လေးခမျာ နေ့ရှိသရွေ့ နင့်ကိုလွမ်းနေရှာတယ်။ သနားပါတယ်။

နင်ငွေပို့ပေးတဲ့အကြောင်းလည်း ပြောတယ်။ နင်ရေးလိုက်တဲ့ စာလေး တွေလည်း ငါ့ကိုထုတ်ပြရှာတယ်။

နင်ပြန်လာသင့်ပြီအာကာ။

နင့်ဆန္ဒ ပြည့်ပြီမဟုတ်လား။ နင်ရောက်ချင်တဲ့နေရာကို ရောက်ရပြီ။ နင်မြင်ချင်တွေ့ချင်တာကို တွေ့ရပြီ။ ဒေါ်လေးကို တစ်ယောက်တည်း ပစ်မထားသင့်ဘူး။ နင်ပြန်လာဖို့ကောင်းပြီ ဟယ်။

ငါစာသင်ပေးနေတဲ့ရွာမှာ ကျောင်းကို တွဲဖက်အလယ်တန်းကျောင်း အဆင့်မြှင့်လိုက်ပြီ အာကာ။ အဲဒီတော့ ဆရာတွေ လိုတာပေါ့။ ဆွဲခန့်ဆိုပြီး ဆယ်တန်းအောင်တွေကို ခန့်ထားရတာ။ နင့်ကို ငါလုပ်တဲ့ကျောင်းမှာ ဆရာလာလုပ်စေချင် တယ်အာကာ။ လောလောဆယ် ဆွဲခန့်နဲ့လုပ်ပြီး နောက်မှ သင်တန်းတက်ရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နင် အဲဒါကိုစဉ်းစားပါလား။ မရေမရာကိစ္စတွေကို တေးချိတ်ဆိုထိုင်
အာကာရယ်။ အထူးသဖြင့်.. နင့်အမေအတွက် စဉ်းစားစေချင်တယ်။
ဒေါ် လေးက အသက်ကြီးပြီနော်။ နင့်ကို တားမရလို့သာ ရန်ကုန်လွှတ်လိုက်ရ
ရှာတာ။

နင် ရွာကိုပြန်လာဖို့ ငါတိုက်တွန်းချင်တယ်။

ကြာဖြူ

ဆေးရုံလိပ်စာဖြင့် သူ့အတွက်ရောက်နေသောစာကို ဒေါက်တာသစ်လွင်ဟိန်းက ယူလာပေးခြင်းဖြစ်ပါသည်။

သည်အိမ်ကိုရောက်စက အမေ့ဆီစာတစ်စောင် ရေးလိုက်သည်။ စာထဲတွင် ဒေါက်တာသစ်လွင်ဟိန်းအိမ်မှာ အိမ်ကားမောင်းခွင့်ရကြောင်း ထည့်ရေးလိုက်သည်။ ဒီအိမ်မှာ ဦးနိုင်ဦး ယခုထိရှိနေကြောင်းနှင့် ဦးနိုင်ဦးနှင့် ဆုံတွေ့ရကြောင်းကိုတော့ စာထဲတွင် ထည့်မရေးခဲ့ပါ။ အမေနဲ့တွေ့မှ ပြောပြတော့မည်ဟု ရည်ရွယ်ထားခြင်းဖြစ်သည်။ ခုတော့ အဘဦးနိုင်ဦးလည်း ဆုံးသွားပါပြီ။

ဦးနိုင်ဦးရဲ့သွေးအမျိုးအစား "အေ"ဆိုတာကို မသေခင်သိလိုက်ရသည်။ ဦးနိုင်ဦးသည်ပင် သူ့ဖခင်အစစ် ဖြစ်နေလေမလား။ သူ့ဖခင်သည် "အေသွေး"ပိုင်ရှင်ဖြစ်ရမှာကတော့ သေချာသည်။ ဦးနိုင်ဦးကိုပဲ သူ့ဖခင်လို့ ခုတ်ယူပြီး သူစုံစမ်းမှုပြီးဆုံးပြီလို့ သတ်မှတ်လိုက်ရလေမလား။

ရန်ကုန်ကို လာခါစကတော့ ဒေါက်တာသစ်လွင်ဟိန်းတစ်ယောက်ကိုသာ တွေ့ရမည်ဟု မျှော်လင့်ထားခဲ့သည်။ ဒေါက်တာသစ်လွင်ဟိန်းရဲ့ သွေးအုပ်စုကိုစုံစမ်းပြီး သူ့ဖခင်ဟုတ်မဟုတ် ခွဲခြားမည်ဟုသာ စိတ်ကူးထားခဲ့ပါသည်။

ဒေါက်တာသစ်လွင်ဟိန်းရဲ့ သွေးအမျိုးအစား 'အေ'သွေးဖြစ်လျှင် သူ့ဖခင်ဖြစ်မည်။ အေသွေးမဟုတ်လျှင် ဦးနိုင်ဦးဆိုသူသာ သူ့ဖခင်ဖြစ်နိုင်မည်လို့ စိတ်ကူးခဲ့သောအာကာဟိန်း။



www.burmeseclassic.com

www.burmeseclassic.com



ဒီရောက်တော့ အမှတ်မထင် သူ့ဖခင်ဖြစ်နိုင်ချေရှိသူ နှစ်ယောက်စလုံးနှင့် ဆုံဆည်းနေရသည်။

တစ်ယောက်တည်းတွေ့ရလို့ သွေးအုပ်စုသိရပြီး အဖေဟုတ်မဟုတ်ဆုံးဖြတ်တာက ကိစ္စမရှိ။ ဦးနိုင်ဦးသွေးအမျိုးအစားကို "အေ"လို့ သိလိုက်ရပြီ။

ဒေါက်တာသစ်လွင်ဟိန်းရဲ့ သွေးအမျိုးအစားကရော 'အေ'ပဲ ဖြစ်မနေဘူးလို့ ပြောနိုင်မလား။

ဒေါက်တာသစ်လွင်ဟိန်းသွေးကလည်း "အေ-အုပ်စု"ဖြစ်နေလျှင် သူဘယ်လို ဆုံးဖြတ်ရမည်လဲ။

မည်သို့ပင်ဆိုစေ ဒေါက်တာသစ်လွင်ဟိန်းရဲ့ သွေးအမျိုးအစားကိုလည်း သိဖို့လိုပါသေးသည်။ သိချင်ပါသေးသည်။

ဒီအချိန်မှာ ကြာဖြူ့ဆီက စာရောက်လာတော့ အာကာဟိန်း တွေဝေသွားရသည်။ ဒီအိမ်မှာဆက်နေရမလား ရွာကိုပြန်ရမလား ...

အာကာဟိန်းသည် ကြာဖြူ့စာလေးကို အထပ်ထပ်ဖတ်နေမိ၏။ ယခုလည်း သူနေသော တိုက်တန်းလျားရှေ့က ခုံလေးတွင်ထိုင်ရင်း ကြာဖြူ့စာကို နောက်တစ်ခေါက်ပြန်ဖတ်ကာ အတွေးထဲမျောနေမိခြင်း ဖြစ်ပါသည်။

✠ ✠ ✠

"ဟိတ်"

ရုတ်တရက် အော်သံကြားလိုက်ပြီး နောက်ကျောမှဆောင့်တွန်းခံလိုက်ရခြင်းကြောင့် အာကာဟိန်း လန့်သွားရသည်။ လက်ထဲကစာရွက်ကလေးသည်လည်း မြေပေါ်သို့ လွတ်ကျသွားလေ၏။

"လန့်လိုက်တာ တာတာရယ်"

"အစ်ကိုကြီးကို တာတာကြည့်နေတာ ကြာပြီ၊ စာလေးကိုကိုင်ပြီး ငိုင်နေလိုက်တာ၊ အဲဒါ ဘယ်ကစာလဲဟင် အစ်ကိုကြီးရည်းစားဆီက စာလား"

"မဟုတ်ပါဘူးဟာ ငါ့မှာ ရည်းစားလည်း မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်ကစာလဲ၊ ဘာလို့ငိုင်နေတာလဲ"

"နင်စပ်စုလှချည်လား တာတာရယ်၊ စာထဲမှာ ငိုင်စရာအကြောင်း ပါလို့ ငိုင်တာပေါ့ဟ"

"ဒါဖြင့် ရည်းစားဆီကစာဆိုတာ သေချာတာပေါ့၊ ဟုတ်တယ် မဟုတ်လားအစ်ကိုကြီး၊ စာဖတ်ပြီး အစ်ကိုကြီးရည်းစားကို လွမ်းနေတာ မဟုတ်လား"

"မဟုတ်ပါဘူးဆိုဟာ ..."

"ဒါဆို အဲဒီစာ တာတာ့ကိုပြ"

အာကာဟိန်း ပြန်စဉ်းစားကြည့်လိုက်တော့ ကြာဖြူ့စာထဲမှာ အစွန်းထွက်တဲ့စကားလုံး တစ်ခုမှမပါ။ ထို့ကြောင့် စာကို တာတာ့ပေးဖတ်ရန် ဆုံးဖြတ်လိုက်၏။

"ကဲ .. ရော့ .. ဖတ်ကြည့်"

တာတာက စာကိုဖတ်ကြည့်နေသည်။

စာဖတ်အပြီးတွင် ပြောလိုက်သည်။

"ရည်းစားစာတော့မဟုတ်ဘူး အစ်ကိုကြီး"

"မဟုတ်ပါဘူးဆို၊ ကြာဖြူဆိုတာ ငါ့သူငယ်ချင်း၊ ငါ့သူငယ်ချင်းက ငါ့ဆီစာရေးလိုက်တာ၊ တွေ့ပြီ မဟုတ်လား"

"ရည်စားစာ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီစာရေးလိုက်တဲ့အစ်မကြီးက အစ်ကိုကြီးကို ကြိုက်နေတယ်"

"ဘာ ..."

"ဟုတ်တယ်၊ ကြာဖြူဆိုတဲ့အစ်မကြီးက အစ်ကိုကြီးကို တစ်ဖက်သတ်ကြိုက်နေတာ"

"တာတာ နင်ရှုးနေသလားဟင် စိတ်မှကောင်းသေးရဲ့လား၊ ကြာဖြူကိုလည်း နင်မြင်ဖူးတာ မဟုတ်ဘူး၊ စာထဲမှာရော ဘာပါလို့လဲ၊ ငါ့အမေအကြောင်း ရေးထားတာလေ၊ ကြာဖြူက သူဆရာမ လုပ်နေတဲ့ ကျောင်းအကြောင်းရေးထားတာ၊ စာထဲမှာ ဒါပဲပါတယ်"

www.burmeseclassic.com



"ဟုတ်ပါတယ်၊ စာထဲမှာတော့ အဲဒါတွေပဲပါတာပါ၊ ဒါပေမဲ့ တာတာက မိန်းကလေးချင်းဆိုတော့ သိနေတယ်နော၊ ကြာဖြူဆိုတဲ့အစ်မကြီးက အစ်ကိုကြီးကို ကြိတ်ပြီးချစ်နေတာ၊ သိလား"

"တာတာ ...နင်ခုတလော ချစ်တယ်ကြိုက်တယ်ဆိုတဲ့ အကြောင်းတွေ ရည်းစားအကြောင်းတွေ တော်တော်စိတ်ဝင်စားနေပါလား။ ခုလည်း ငါ့ကို အလကားသက်သက် လာရစ်နေပြန်ပြီ၊ နင် ရည်းစားထားချင်နေပြီ ထင်တယ်၊ ဟုတ်လား။ ငါ တိုင်ပြောလိုက်ရမလား၊ အန်တီ့ကိုတိုင်ရမလား၊ ဆရာကြီးကို တိုင်ရမလား"

"ဟာ ... အစ်ကိုကြီးကလည်း ..."

တာတာ့မျက်နှာ ငိုမဲ့မဲ့လေး ဖြစ်သွားသည်။

"အမေ့အကြောင်း စာထဲမှာဖတ်ရလို့ ငါစိတ်ညစ်နေတာပါ တာတာရယ်"

"ဒါဆို အစ်ကိုကြီး ရွာကိုပြန်တော့မှာလား ဟင်"

"အဲဒါ စဉ်းစားနေတာပေါ့"

"မပြန်ပါနဲ့ အစ်ကိုကြီးရယ် အစ်ကိုကြီးအမေကို ဒီမှာခေါ်ထားလိုက်ပါလားဟင်"

"ဘယ်ဖြစ်မလဲ တာတာ၊ အမေက ရွာကနေ ခွာမှာမဟုတ်ဘူး"

"မပြန်ပါနဲ့ အစ်ကိုကြီးရယ် ..."

"တာတာ ... ငါပြန်တာ မပြန်တာ နင့်အတွက် ဘာထိခိုက်သွားလို့လဲ"

"တာတာ အစ်ကိုကြီးကိုမပြန်စေချင်လို့ပေါ့၊ အစ်ကိုကြီးကို ခင်လို့ပေါ့"

"အေးပါဟာ လောလောဆယ်လည်း ပြန်လို့ မဖြစ်သေးပါဘူး မပြန်သေးပါဘူး တာတာရယ် ...ငါ အမေ့ဆီ စာပြန်ရေးလိုက်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



အာကာဟိန်း ချော့လွှတ်လိုက်တော့လည်း တာတာမျက်နှာငယ်ငယ်နှင့် ပြန်သွားလေသည်။

အာကာဟိန်းက တာတာ့ကိုကြည့်ရင်း သက်ပြင်းချလိုက်သည်။

တာတာဆိုတဲ့ မေတ္တာရာဟိန်းဟာ ငါ့ကို လိုတာထက်ပိုပြီး ခင်တွယ်နေပါလား။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၁၄ )

သည်ကနေ့ တရားစခန်းတွင် တရားဝင်နေသော ဒေါက်တာသက်သက်ခင်ကိုကြိုဆိုရန် မဟာစည်သာသနာ့ရိပ်သာသို့ မောင်းပို့ရပါသည်။ ကားပေါ်တွင် တာတာနှင့်ဒေါ်နှင်းနွယ်စိုးတို့ ပါလာကြသည်။

ဒေါက်တာသစ်လွင်ဟိန်း၏မိခင် ဒေါက်တာသက်သက်ခင်မှာ အသက်ကြီးပြီဖြစ်၍ ဆေးကုသည့်အလုပ်ကို မလုပ်တော့ပဲ တရားကျင့်ကြံရင်းဖြင့်သာ အချိန်ကုန်နေသူဖြစ်သည်။

ဝေယံဟိန်း သည်အိမ်ရောက်တာ နှစ်လကျော်ပြီဖြစ်သော်လည်း ဒေါက်တာသက်သက်ခင်ကို မမြင်ဖူးသေးပါ။

တရားစခန်းကိုရောက်တော့ ဒေါက်တာသက်သက်ခင်က အသင့်စောင့်ကြိုနေတာတွေ့ရသည်။

တာတာက သူ့အဘွားဆီပြေးသွားကာ ဖက်ပွေ့နမ်းရှုံ့လိုက်လေသည်။

“ဘွားဘွား...”

တာတာနှင့်ဒေါ်နှင်းနွယ်စိုးက ဒေါက်တာသက်သက်ခင်ကိုတွဲ၍ ကားနားသို့ ခေါ်လာကြသည်။ ဒေါက်တာသက်သက်ခင်မှာ ခြောက်ဆယ်ကျော် ခုနစ်ဆယ်တွင်းအရွယ် အဘွားအိုတစ်ဦးဖြစ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီသူငယ်လေးက ဘယ်သူလဲကွဲ့"

ဒေါ်သက်သက်ခင်က အာကာဟိန်းကိုကြည့်ရင်း မေးလိုက်သည်။

"ကိုနိုင်ကြီးနေရာမှာခေါ်ထားတဲ့ ယာဉ်မောင်းအသစ်ပါ မေမေ၊ ကိုနိုင်ကြီး မဆုံးခင်ကတည်းက ခေါ်ထားတာပါ၊ အာကာဟိန်းတဲ့"

"ဪ... ဪ... ကောင်းပါတယ်ကွယ်၊ ဒါနဲ့.. မောင်နိုင်ကြီး အသုဘကိစ္စကိုရော ကောင်းကောင်းမွန်မွန် လုပ်ပေးလိုက်ရဲ့လား စိုးစိုး"

"လုပ်ပေးပါတယ် မေမေ၊ မသေခင်ကလည်း လိုလေသေးမရှိအောင် ကိုကိုလေးက ကုပေးခဲ့ပါတယ်၊ ကိုကိုလေးက ကိုနိုင်ကြီးကို ဆွေမျိုးသားချင်းလို သဘောထားနေတာပဲ၊ ရက်လည်ဆွမ်းကျွေးလည်း လုပ်ပြီးပြီ၊ သလည်ဆွမ်းကျွေးလည်း လုပ်ဦးမှာပါ မေမေ"

"အေးကွယ်... မောင်နိုင်ကြီးဟာ ငယ်ငယ်ကတည်းက အိမ်မှာနေလာတော့ အိမ်သားတစ်ပိုင်းဖြစ်နေပြီ၊ ခမျာမှာ ဆွေမျိုးသားချင်းမရှိတော့လည်း ကိုယ်ကပဲ လုပ်ပေးရမှာပဲ၊ အင်း... ဒီသူငယ်အသက် ဘာရှိဦးမှာလဲ၊ မေမေတို့နဲ့ယှဉ်ရင် အပုံကြီးငယ်သေးတာပဲ၊ အင်းပေါ့လေ ဒါကြောင့်လည်း အမှည့်တဝင်းဝင်း အကင်းတပြုံ့ပြုံ့လို့ ပြောကြတာကိုး"

ဒေါ်သက်သက်ခင်က တစ်လမ်းလုံး တရားစကားများကို ပြောလာပေ၏။

"တာတာကျောင်းပိတ်ရင် စိုးတို့မိသားစု အမေရိကားကို သွားဖို့စီစဉ်ထားတယ် မေမေ၊ မေမေလည်း လိုက်ခဲ့ရမယ်နော်"

"မေမေ မလိုက်တော့ပါဘူးကွယ်"

"ဟင်... ဘွားဘွားကလည်း လိုက်ခဲ့ပါ၊ ဘာဖြစ်လို့လဲ"

"ဘွားဘွားတို့အရွယ်က ခရီးထွက်လို့ကောင်းတဲ့အရွယ် မဟုတ်တော့ပါဘူး ငါ့မြေးရယ်၊ ဘွားဘွားပါလိုက်ခဲ့ရင် ဘယ်သူအိမ်စောင့်မလဲ၊ ဘွားဘွား အိမ်စောင့်ရင်း နေခဲ့ပါမယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘဘကြီးနဲ့ မတွေ့ချင်ဘူးလား ဘွားဘွားရဲ့၊ ဘဘကြီးကို ဘွားဘွား မတွေ့ရတာ ကြာပြီဆို"

"အေး ... သားကြီးဇာနည်နဲ့မတွေ့ရတာ အနှစ်နှစ်ဆယ်ကျော်ပြီ၊ သူ့သားနဲ့သမီးဆိုရင် မြင်တောင် မမြင်ဖူးသေးဘူး၊ ဓာတ်ပုံထဲမှာပဲ မြင်ဖူးတာ၊ ဒီတော့ ငါ့မြေးတို့အမေရိကားရောက်ရင် ဘဘကြီးကို မြန်မာပြည် တစ်ခေါက် ပြန်လာခဲ့ပါဦးလို့ပြော၊ သူ့ကလေးတွေလည်းပျော်ရအောင် လာမယ့်သင်္ကြန်မှာ လာဖြစ်အောင်လာခဲ့ပါလို့ ဘွားဘွားက မှာလိုက်တယ် လို့ပြော၊ ဟုတ်ပြီလား"

သူတို့စကားများကိုနားထောင်ရင်း အမေရိကားကိုအလည်အပတ် သွားဖို့စီစဉ်နေကြောင်း သိလိုက်ရလေသည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၁၅ )

"မောင်အာကာရေ ...မင်းကို မမစိုးက ခေါ်ခိုင်းလိုက်တယ်၊ လာခဲ့ပါဦးတဲ့"

တာတာ့ကို ကျောင်းပို့ခဲ့ပြီး နားနေစဉ် ဒေါ်ရွှေမြင့်က လာပြောခြင်း ဖြစ်သည်။

အာကာဟိန်း အိမ်ကြီးဆီကို ထွက်လာခဲ့၏။

ညှော်ခန်းထဲတွင် ဒေါ်နှင်းနွယ်စိုးက ဆိုင်စောင့်နေသည်။

"အန်တီ ...ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

"ဟုတ်တယ် မောင်အာကာ ဆေးရုံကို ပြေးလိုက်ပါဦးကွယ်၊ ဒီမှာ လုပ်စရာလေးတွေ ပေါ်လာလို့"

"ဟုတ်ကဲ့ အန်တီ"

"ပတ်စ်ပို့ လုပ်ဖို့ပါ"

"ပတ်စ်ပို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းလုပ်ဖို့ မဟုတ်ပါဘူး၊ ဆေးရုံမှာ ကိုရွှေဝင်းကိုဝင်ခေါ်ပြီး ပတ်စ်ပို့ရုံးကို ပို့ပေးဖို့ပါ၊ ရုံးခန်းက ကိုရွှေဝင်းကို မင်းသိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... သိပါတယ် အန်တီ"

"အန်တီတို့နိုင်ငံခြားသွားဖို့ ပတ်စ်ပို့လုပ်ရမယ်လေ၊ ကိုရွှေဝင်း လိုက်လုပ်ပေးလိမ့်မယ်၊ မင်းက ကိုရွှေဝင်းကို ပတ်စ်ပို့ရုံးလိုက်ပို့ရုံပဲ၊ ဒီမှာ အန်တီတို့ရဲ့ မှတ်ပုံတင်တွေနဲ့ အိမ်ထောင်စုဇယား၊ တခြားအထောက်အထား တွေလည်းပါတယ်၊ ဒါကိုယူသွားပြီး ကိုရွှေဝင်းကိုပေးလိုက်"

"ဟုတ်ကဲ့ပါ အန်တီ"

ဒေါ်နှင်းနွယ်စိုးက ပလတ်စတစ်အမာသားဖြင့် လုပ်ထားသော ဇစ်ပါသည့် အိတ်တစ်လုံးကိုပေးသည်။ ပလတ်စတစ်မှာ အကြည်သားဖြစ်၍ အတွင်းမှ စာရွက်စာတမ်းများကို မြင်နေရ၏။

အာကာဟိန်း ဆေးရုံသို့ ကားမောင်းထွက်ခဲ့လေသည်။

✠ ✠ ✠

ပတ်စ်ပို့လုပ်ရန်ပေးလိုက်သော အထောက်အထားများထဲတွင် မှတ်ပုံတင်များလည်း ပါသည်။ ဒေါက်တာသစ်လွင်ဟိန်း၊ ဒေါ်နှင်းနွယ်စိုး နှင့် မေတာရာဟိန်းတို့၏ မှတ်ပုံတင်ကတ်ပြားများ။

မှတ်ပုံတင်။ မှတ်ပုံတင်ဆိုသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ တွင် ပိုင်ရှင်တို့၏သွေးအမျိုးအစားကိုလည်း ထည့်သွင်းမှတ်တမ်းတင် ထားသည်မဟုတ်ပါလား။

အာကာဟိန်း ရင်ခုန်မြန်လာသည်။ ဒေါက်တာသစ်လွင်ဟိန်း၏ သွေးအမျိုးအစားကိုသိရဖို့မှာ ဤတစ်ကြိမ်သာ အခွင့်အရေးရှိသည်။ သူကံကောင်းလွန်း၍သာ ဒီအခွင့်အရေးကို မမျှော်လင့်ပဲရလိုက်ခြင်းဖြစ်ပါ သည်။

အာကာဟိန်းက ကားကို လမ်းဘေးကပ်၍ လူသူရှင်းလင်းသော တစ်နေရာမှ သစ်ပင်အောက်တွင် ရပ်လိုက်သည်။

ဒေါ်နှင်းနွယ်စိုးပေးလိုက်သော အိတ်ကိုဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ ဒေါက်တာသစ်လွင်ဟိန်း၏မှတ်ပုံတင်ကတ်ပြားကို ရွေးထုတ်လိုက်သည်။

ကတ်ပြားပေါ်မှ သွေးအုပ်စုဟု ရိုက်နှိပ်ထားသောစာတမ်းနှင့် တည့်တည့်မှာ မင်ဖြင့်ရေးဖြည့်ထားသည့် သွေးအမျိုးအမည်ကို ကြည့်လိုက်ရာ ...

"ဟာ ..."

အာကာဟိန်းမျက်လုံးများ ပြာဝေသွားကာ ကမ္ဘာလောကကြီး တစ်ခုလုံး ခြာခြာလည်သွားလေတော့သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၁၆ )

ယနေ့သည် မေတာရာဟိန်းတို့ တက္ကသိုလ်ပထမနှစ်များ၏ စာမေးပွဲနောက်ဆုံးနေ့ဖြစ်သည်။

နောက်တစ်ပတ်ဆိုလျှင် တာတာတို့မိသားစုသုံးယောက် အမေရိကန် နိုင်ငံသို့ အလည်အပတ်ခရီးထွက်တော့မည်။ တစ်လလောက် ကြာမြင့်မည် ဖြစ်၏။

"အစ်ကိုကြီး ..."

မေတာရာဟိန်းက ကားနောက်ခန်းမှလိုက်ပါလာရင်း အာကာဟိန်းကို ခေါ်လိုက်သည်။

"ဘာလဲ ... တာတာ"

"တာတာ နိုင်ငံခြားသွားနေရင် အစ်ကိုကြီး တာတာ့ကို လွမ်းမှာလားဟင်"

အာကာဟိန်းက သက်ပြင်းချလိုက်သည်။ တာတာ့အပြုအမူ အပြောအဆိုများက သူ့အပေါ်တွင် တစ်နေ့တခြား လွန်ကဲလာပြီ။ သံယောဇဉ် မကင်းသည့်အရိပ်အယောင်များကို တာတာ သိသိသာသာ ပြလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တာတာ့ကိုရော ဆရာကြီးနဲ့အန်တီစိုးကိုရော သတိရနေမှာပေါ့ တာတာရယ် တာတာတို့မရှိတော့ အစ်ကိုကြီးလည်း ကားမမောင်းရလို့ ပျင်းပြီး သတိရနေမှာပါ"

"တာတာတော့ ခုကတည်းက ကြိုလွမ်းနေပြီ အစ်ကိုကြီးရယ်"

"နင် ဟိုရောက်ရင် မြန်မာပြည်ကိုသတိရဖို့တောင် အချိန်ရမှာ မဟုတ်ပါဘူး တာတာ"

"အစ်ကိုကြီး ..."

"ဟေ ..."

"တာတာမရှိတုံး ရွာပြန်မသွားနဲ့နော်"

အာကာဃဟိန်း ဘာမျှပြန်မဖြေဖြစ်။ သက်ပြင်းကိုနောက်တစ်ကြိမ် ချမိပြန်သည်။

"နော် ... အစ်ကိုကြီး၊ အစ်ကိုကြီးအမေကို ဒီမှာခေါ်ထားပါလား ဟင်"

"မဖြစ်ပါဘူး၊ ငါ့အမေက ရန်ကုန်ကိုလာနေမှာမဟုတ်ဘူး"

"အစ်ကိုကြီး ရွာကိုမပြန်ပါနဲ့နော်"

"ဘာလဲ ... နင်က ငါ့ကို တစ်သက်လုံး ကားမောင်းခိုင်းမလို့လား"

"မဟုတ်ပါဘူးအစ်ကိုကြီးရယ် ... အစ်ကိုကြီးကို ဒက်ဒီ့ဆေးရုံမှာ အလုပ်တစ်နေရာရအောင် တာတာပြောပေးပါ့မယ်"

"ကောင်းပါပြီ တာတာရယ် ... ငါလည်း ရွာမပြန်သေးပါဘူး၊ ရန်ကုန်လာတာလည်း ပိုက်ဆံရှာဖို့လာတာပါ၊ တစ်နှစ်တောင်မပြည့်သေး ပါဘူး၊ ငါ နင်တို့အိမ်မှာပဲ ဆက်ပြီးနေရဦးမှာပါဟာ ..."

"ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်၊ တာတာ အမေရိကားကနေ အစ်ကိုကြီးအတွက် ဘာလက်ဆောင်ဝယ်ခဲ့ရမလဲဟင်"

"အမေရိကားလိုနေရာမျိုးက ဘာလက်ဆောင် မှာရမယ်ဆိုတာ ငါနားမလည်ပါဘူး တာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အစ်ကိုကြီးအတွက် ဘာလက်ဆောင်ဝယ်ခဲ့ရရင် ကောင်းမလဲဆိုတော့"

"ဘာလက်ဆောင်ပဲဖြစ်ဖြစ် နှင်ဝယ်လာတဲ့ဟာဆိုရင် ငါကျေနပ်ပါတယ် တာတာရယ်"

"တကယ်နော် ... အစ်ကိုကြီး"

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၇ )

သည်လိုနှင့် တာတာတို့မိသားစု နိုင်ငံခြားသွားရမည့်ရက်ကို ရောက်လာခဲ့သည်။

ဒေါက်တာသစ်လွင်ဟိန်းတို့ မိသားစုသုံးယောက်ကို အာကာဟိန်းနှင့် ဒေါ်သက်သက်ခင်တို့က မင်္ဂလာဒုံလေယာဉ်ကွင်းသို့ လိုက်ပို့နှုတ်ဆက်ပါသည်။

ကွင်းထဲမဆင်းခင် တာတာက သူ့ကို အကြာကြီးလက်ပြ နှုတ်ဆက်သွားသည်။

သွားပေတော့ တာတာရေ နိုင်ငံခြားကပြန်လာလို့ အိမ်မှာငါ့ကို မတွေ့ရင် နင် စိတ်မကောင်းမဖြစ်ပါနဲ့။ ငါ နင့်ကို အပြီးအပိုင် နှုတ်ဆက်ခဲ့ပါတယ်ဟာ ...

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၁၈ )

ဒေါက်တာသစ်လွင်ဟိန်းမိသားစု နိုင်ငံခြားသို့ထွက်သွားပြီး နောက်တစ်နေ့တွင် အာကာဟိန်းသည် ဟိန်းဆေးရုံသို့သွားကာ လုပ်ဆောင်စရာကိစ္စများကို အားလုံးလုပ်ဆောင်လိုက်သည်။

မန်နေဂျာဦးသိန်းညွန့်ကို အကျိုးအကြောင်းရှင်းပြကာ လိုအပ်သော အကူအညီများကို တောင်းခံလိုက်သည်။

ပြီးပါပြီ။ အာကာဟိန်း ရန်ကုန်မြေမှထွက်ခွာသွားရန်သာ ရှိပါတော့သည်။

✠ ✠ ✠

"ဘွားဘွား . . . ကျွန်တော်ဝင်ခဲ့ပါရစေ ခင်ဗျာ"

"မောင်အာကာ . . . လာလေကွယ်၊ ဘာပြောစရာရှိလို့လဲ ငါ့မြေး"

အာကာဟိန်းက ဒေါက်တာဒေါ်သက်သက်ခင်ရှေ့မှ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ကျွန်တော် နယ်ကိုပြန်မလို့ပါ ဘွားဘွား၊ ဘွားဘွားဆီမှာ ခွင့်တောင်းတာပါ၊ ကျွန်တော့်ကို အလုပ်ကထွက်ခွင့်ပြုပါ ဘွားဘွား"



www.burmeseclassic.com

www.burmeseclassic.com



"အလို ချက်ချင်းကြီးပါလား၊ ဘယ်လိုဖြစ်လို့လဲ ငါ့မြေးရယ်"

"နယ်မှာကျန်ခဲ့တဲ့ ကျွန်တော့်အမေက ကျန်းမာရေးမကောင်းပါဘူး ဘွားဘွား၊ တလောက စာလာတော့ အိမ်မှာ အမေ့ကိုတစ်ယောက်တည်းပစ်ထားလို့မဖြစ်တော့ဘူးဆိုတာ သိလိုက်ရလို့ပါ"

"မောင်အာကာ့မှာ တခြားမောင်နှမညီအစ်ကို မရှိဘူးလားကွဲ့"

"ကျွန်တော်က အမေ့ရဲ့တစ်ဦးတည်းသောသားပါ ဘွားဘွား၊ ကျွန်တော့်မှာ အဖေလည်း ... အဖေလည်း မရှိပါဘူး"

"အေးလေ .. ဒါဆိုတော့ အမေကို ပြုစုဖို့လိုတာပေါ့"

"ကျွန်တော်ထွက်သွားလို့ ဘွားဘွားအတွက် အခက်အခဲမတွေ့ရအောင် စီစဉ်ခဲ့ပါတယ် ဘွားဘွား၊ ဆေးရုံက မန်နေဂျာဦးသိန်းညွှန့်ကို ကျွန်တော်ရွာပြန်မယ့်အကြောင်း သွားပြောပြီးပါပြီ၊ ကျွန်တော့်နေရာမှာ သင့်တော်တဲ့ ဒရိုင်ဘာတစ်ယောက်ပို့ပေးဖို့လည်း ပြောခဲ့ပါတယ်၊ ဦးသိန်းညွှန့်က မနက်ဖြန်ပဲ သူကိုယ်တိုင်လာပြီး စီစဉ်ပေးမယ်လို့ ပြောပါတယ်"

"ဩော် မောင်အာကာက အကွက်မြင်သားပဲ၊ ကျေးဇူးတင်ပါတယ် ငါ့မြေးရယ်၊ ဒါနဲ့ ရွာပြန်ရောက်တော့ ဘာလုပ်ကိုင်စားဖို့ စိတ်ကူးသလဲကွဲ့၊ အဆင်ပြေပါ့မလားကွယ်"

"ကျွန်တော် အရင်က လိုင်းကားမောင်းခဲ့တာပါ၊ ဒါပေမဲ့ ရွာပြန်ရောက်ရင် ကျွန်တော်ကားမမောင်းတော့ပါဘူး ဘွားဘွား၊ ကျွန်တော့် သူငယ်ချင်းရှိတဲ့ရွာမှာ ကျောင်းဆရာသွားလုပ်ဖို့ စိတ်ကူးထားပါတယ်၊ အမေ့ကိုလည်း ကျွန်တော်ဆရာလုပ်မယ့်ရွာကို ခေါ်သွားဖို့ စီစဉ်ထားပါတယ်"

"ကျောင်းဆရာလုပ်မယ် ... ဟုတ်လား၊ ကျောင်းဆရာလုပ်မယ်ဆိုတော့ ... မင်းက ..."

"ကျွန်တော်ဘွဲ့ရပြီးသားပါ ဘွားဘွား၊ သိပ္ပံဘွဲ့ယူထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလို ... မောင်အာကာ့ကို ဘွဲ့ရတစ်ယောက်လို့ ဘွားဘွား မထင်မိဘူးကွယ်၊ ဒီလိုဆိုတော့ မင်းဆုံးဖြတ်ချက်မှန်တယ်လို့ ဘွားဘွား ထောက်ခံတယ်ဟေ့၊ ဘွဲ့ရပညာတတ်တစ်ယောက်ဟာ ဘာလို့ကားမောင်း နေရမှာလဲ မောင်အာကာ၊ ကားမောင်းမယ့်လူတွေ အများကြီးရှိပါတယ် ကွယ်၊ ပညာတတ်တစ်ယောက်ဟာ ကိုယ့်ပညာနဲ့လျော်ညီတဲ့ ပညာတတ် အလုပ် ကိုပဲ လုပ်ရမှာပေါ့၊ နယ်မှာကျောင်းဆရာလုပ်တာဟာ ရန်ကုန်မှာ ကားမောင်းသလောက် ဝင်ငွေကောင်းချင်မှကောင်းမယ်၊ ဝင်ငွေကောင်း သည်ဖြစ်စေ မကောင်းသည်ဖြစ်စေ ပညာတတ်ဟာ ပညာတတ် အလုပ်ကိုပဲ လုပ်ရမယ်ကွဲ့၊ ကျောင်းဆရာအလုပ်ဆိုတာလည်း မွန်မြတ် တဲ့အလုပ်ပါပဲ ငါ့မြေးရယ်"

"ကျွန်တော် ဘွားဘွားကို ကန်တော့ခဲ့ပါတယ် ဘွားဘွား၊ ညနေ ကားအမီ ကျွန်တော့်ကို သွားခွင့်ပြုပါ"

အာကာဟိန်းက ဒေါ်က်တာဒေါ်သက်သက်ခင်ကို ထိုင်ကန် တော့လိုက်သည်။

"ဘုန်းကြီးပါစေ ... သက်ရှည်ပါစေ ... ဘေးရန်ကင်းရှင်းပါ စေ ... မိခင်ကြီးကို လုပ်ကျွေးပြုစုခွင့်ရပါစေကွယ် ..."

ဒေါ်က်တာသက်သက်ခင်က ဆုပေးလိုက်သည်။

ဒေါ်က်တာသက်သက်ခင်နှုတ်မှ ငါ့မြေး ... ငါ့မြေးဟုခေါ် လိုက်တိုင်း အာကာဟိန်းမှာ ကြက်သီးတဖြန်းဖြန်း ထသွားရပါသည်။ တကယ်တော့လည်း ကျွန်တော်ဟာ ဘွားဘွားရဲ့မြေးပါပဲ ဘွားဘွား ရယ်...

ဒါပေမဲ့ ဒါတွေကို ကျွန်တော့်ရင်ထဲမှာပဲ မျိုသိပ်ထားလိုက်ပါ တော့ မယ်ဘွားဘွား ...

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

( ၁၉ )

အိမ်ကြီးထဲမှထွက်လာခဲ့ပြီး အပြင်သို့အရောက်တွင် အာကာဟိန်းက အိမ်ကြီးကို တစ်ဖန်ပြန်လှည့်ကြည့်လိုက်သည်။

နှုတ်ဆက်ခဲ့ပါတယ် ကျွန်တော့်အဖေ ကျွန်တော့်အဘွားနဲ့ ညီမလေး တာတာတို့ရယ် . . .

အာကာဟိန်းသည် ဒေါက်တာသစ်လွင်ဟိန်း၏ မှတ်ပုံတင်ကတ်ပြားပေါ်မှတစ်ဆင့် ဒေါက်တာသစ်လွင်ဟိန်း၏ သွေးအမျိုးအစားကို သိခွင့်ရခဲ့ပါသည်။

*အတွင်းမှ ဒေါက်တာသစ်လွင်ဟိန်း၏ မှတ်ပုံတင်*
*ကတ်ပြားကို ရွေးထုတ်လိုက်သည်။*
*ကတ်ပြားပေါ်မှ . . . သွေးအုပ်စုဟု ရိုက်နှိပ်ထား*
*သော စာတမ်းနှင့်တည့်တည့်မှာ မင်ဖြင့်ရေးဖြည့်*
*ထားသည့် သွေးအမျိုးအမည်ကို ကြည့်လိုက်ရာ. .*
*"ဟာ . . . "*



www.burmeseclassic.com

www.burmeseclassic.com



*အာကာဟိန်းမျက်လုံးများ ပြာဝေသွားကာ ကမ္ဘာလော*
*ကကြီးတစ်ခုလုံး ခြာခြာလည်သွားလေတော့သည်။*

သိလိုက်ရသောအချက်အလက်သည် အာကာဟိန်း၏ စဉ်းစားဆင်ခြင်ဉာဏ်များကို ထုံထိုင်းသွားစေခဲ့ပါသည်။

သူသိလိုက်ရသည့် ဒေါက်တာသစ်လွင်ဟိန်း၏ သွေးအမျိုးအစားမှာ "အေ"ဖြစ်ပါသည်။

ဦးနိုင်ဦးရဲ့ သွေးအုပ်စုကလည်း ... အေ။

ဒေါက်တာသစ်လွင်ဟိန်းရဲ့ သွေးအုပ်စုကလည်း ... အေ။

သူ့ရဲ့သွေးအမျိုးအစားက "အေဘီ"ဖြစ်ပါသည်။ အမေဒေါ်ခြူးပွင့်ရဲ့ သွေးအမျိုးအစားက "ဘီ"။

... ... ... ... ...

**"အေဘီ"သွေးရှိသူ၏မိဘနှစ်ပါးသည် တစ်ဦးက**
**"အေသွေးပိုင်ရှင်" တစ်ဦးက"ဘီသွေးပိုင်ရှင်"**
**ဖြစ်ရပေမည်။**

**အမေဒေါ်ခြူးပွင့်က "ဘီသွေးပိုင်ရှင်"ဖြစ်ရာ..သူ့**
**ဖခင်ဖြစ်သူသည် မလွဲမသွေ "အေသွေးပိုင်ရှင်"**
**သာ ဖြစ်ရပေမည်။**

**အမေမခြူးပွင့်နှင့်** တစ်ရက်တည်းမှာငြိစွန်းခဲ့ဖူးသော ယောကျ်ားသားနှစ်ယောက်စလုံး၏ ဖသွေးအမျိုးအစားများက "အေ"ချည်းဖြစ်နေရာ သူ့အနေဖြင့် မည်သူ့ကို သူ့ဖခင်အစစ်လို့ သတ်မှတ်ရပါတော့မည်လဲ။

ဖခင်ကို နေမင်းနှင့်ပမာနှိုင်းမြဲအတိုင်း နှိုင်းရပါလျှင် အာကာဟိန်း၏ ဘဝတွင် နေနှစ်စင်း သာခဲ့ဖူးပါသည်။ သို့သော် ထိုနေနှစ်စင်းကား သူ့အတွက် တစ်ခြမ်းပဲ့နေသော နေများသာ ...

အာကာဟိန်း ရန်ကုန်သို့လာခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ အောင်မြင်သည်ဟု မဆိုသာပါပေ။ သူသိလိုသောအချက်ကို တိတိကျကျ ခွဲခြားသိခွင့် မရခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သူကျေနပ်ပါသည်။ သူ့ဖခင်ဖြစ်နိုင်ချေရှိသောသူနှစ်ယောက်လုံးနှင့် အနီးကပ်နေခွင့်ရခဲ့သည်။ ဦးနိုင်ဦးကို သူပြုစုပေးနိုင်ခဲ့သည်။ အာကာဟိန်း ကျေနပ်ပါပြီ။

တာတာ ‥ ညီမလေးရေ ‥ အစ်ကိုကြီး တာတာ့ကိုနှုတ်ဆက်ခဲ့ပါတယ်ကွယ်။ ညီမလေးမရှိတုန်း ထွက်သွားတဲ့အကွက် အစ်ကိုကြီးကိုခွင့်လွှတ်ပါ။

တကယ်တော့ ညီမလေးရေ … ညီမလေး အစ်ကိုကြီးကို ခင်မင်တယ်၊ တွယ်တာတယ်ဆိုတာဟာ တို့နှစ်ယောက် မောင်နှမတွေဖြစ်နေနိုင်လို့ပါကွယ်။ မောင်နှမဆိုတဲ့သွေးက စကားပြောလို့ ညီမလေး အစ်ကိုကြီးအပေါ်မှာ ဒါလောက်ခင်တွယ်နေတာပါ။

ဒါတွေကို ဘာမျှသိရှာတဲ့ညီမလေးက အဓိပ္ပာယ်အကောက်လွဲနေတာပါကွယ်။ ဒီအဖြစ်တွေကို အမှန်အတိုင်းဖော်ထုတ်ဖို့ကလည်း မဖြစ်နိုင်တာမို့ အစ်ကိုကြီး ပြန်သွားပါပြီ။ အစ်ကိုကြီးကို ခွင့်လွှတ်ပါတော့ ညီမလေးရေ …။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၅ )

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခြူးပွင့် ညကမက်တဲ့အိပ်မက်ထဲမှာ ... သားလေး ရှာကိုပြန်လာတယ်တဲ့။

"အမေ ..."

အာကာဟိန်း၏ အားပါးတရအော်ခေါ် နှုတ်ဆက်လိုက်သောအသံကိုအကြားတွင် ဒေါ်ခြူးပွင့်က လှည့်ကြည့်လိုက်သည်။ အိမ်ပေါ်ကိုလှမ်းတက်လာတဲ့ သားလေးကိုအမြင်တွင် ဒေါ်ခြူးပွင့်က ဝမ်းသာသွားလေသည်။

ထိုနေရာမှာပင် အိပ်မက်က လန့်နိုးသွားခဲ့၏။

အိပ်မက်ထဲမှာ "သား"လို့ ပြန်ခေါ်လိုက်တဲ့အသံက အိပ်ရာမှလန့်အနိုးတွင် ... နှုတ်ကယောင်ပြီး ထွက်လာလိုက်သေးသည်။

ဒေါ်ခြူးပွင့်ပြန်ပြီး အိပ်မပျော်တော့။

အိပ်မပျော်တော့တဲ့ အတူတူ စောစောစီးစီးဆွမ်းထချက်နေလိုက်သည်။

ဆွမ်းချက်ရင်းက သားလေးအာကာဟိန်း မျက်နှာကိုပဲ တစ်ရစ်ဝဲဝဲမြင်ယောင်နေလေသည်။

သားလေးရန်ကုန်ကိုထွက်သွားတာ လေးလရှိသွားပြီ။ ဒေါ်ခြူးပွင့်သားလေးကို တစ်ရက်မှမမေ့ပဲ တမ်းတနေခဲ့ရသည်။

ဆွမ်းကျက်တော့ ... မနက်ရောင်နီလာနေပြီ။

ဒေါ်ခြူးပွင့်က ဘုရားစင်တွင် ဆွမ်းတော်ကပ်လိုက်သည်။

ပြီးတော့ သောက်တော်ရေချမ်းများကို လဲသည်။

ဘုရားကိုဝတ်ပြုရန် ယောဂီတဘက်ကလေးကို ပခုံးပေါ်တင်ပြီး ဘုရားစင်ရှေ့မှာ ထိုင်လိုက်ရုံရှိသေး ...

"အမေ ..."

အာကာဟိန်း၏ အားပါးတရအော်ခေါ် နှုတ်ဆက်လိုက်သောအသံကိုအကြားတွင် ဒေါ်ခြူးပွင့်က လှည့်ကြည့်လိုက်သည်။ အိမ်ပေါ်ကိုလှမ်းတက်လာတဲ့သားလေးကိုအမြင်တွင် ဒေါ်ခြူးပွင့်က ဝမ်းသာသွားလေသည်။

အလို ... အိပ်မက်ထဲက အတိုင်းပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခြူးပွင့်က အိပ်မက်ကို နောက်တစ်ခေါက် ပြန်မက်နေသလား ထင်လိုက်မိသေး၏။

"အမေ . . ."

အာကာဟိန်းက နောက်တစ်ခွန်းခေါ်ကာ အမေ့ဆီပြေးလာမှပင် ဒေါ်ခြူးပွင့် သတိဝင်လာလေ၏။

"သား .. သားလေး .. မင်းတကယ်ပြန်လာတယ်၊ တကယ် ပြန်လာတာလားဟင် သားလေး"

"တကယ်ပြန်လာတာပေါ့ အမေရဲ့၊ သားကိုမြင်နေတာတောင် တကယ်ပြန်လာသလားလို့ မေးနေရသေးလား"

"မင်းပြန်လာတယ်ဆိုပြီး ညက အိပ်မက်မက်လို့ပါကွယ်၊ သားကို မြင်လိုက်တော့ အိပ်မက်လားလို့ အမေထင်မိလို့ပါသားရဲ့"

"ကျွန်တော် တကယ်ပြန်လာတာပါ အမေ၊ အပြီးပြန်လာတာပါ"

"အပြီးပြန်လာတာ ဟုတ်လား၊ ဝမ်းသာလိုက်တာ သားရယ် ဒါနဲ့ မင်း ရန်ကုန်မှာ"

"ရန်ကုန်ကအကြောင်းတွေ အမေ့ကို ပြောစရာအများကြီးရှိတယ် အမေ၊ စာနဲ့ရေးလို့မကောင်းလို့ အမေနဲ့တွေ့မှ ပြောမလို့ပါ"

"ပြောစမ်းပါ ဦးသားရယ် အမေနားထောင်ပါ့မယ်"

"ရန်ကုန်မှာ ဒေါက်တာသစ်လွင်ဟိန်းအိမ်အထိ ရောက်သွားတာ တော့ အမေ့ဆီစာရေးထားလို့ အမေသိပြီးပြီနော်"

"သိပြီးပါပြီသား . . ."

"ဒေါက်တာသစ်လွင်ဟိန်းက သူနဲ့စေ့စပ်ခဲ့တဲ့ ဒေါ်နှင်းနွယ်နဲ့ အိမ်ထောင်ကျနေတယ် အမေ၊ သူတို့မှာ သမီးလေးတစ်ယောက်ရှိတယ် နာမည်က မေတာရာဟိန်းတဲ့"

"မေတာရာဟိန်း"



www.burmeseclassic.com

www.burmeseclassic.com



"အမေ့ရဲ့ ကိုကိုလေးက နှင်းနွယ်စိုးကို မချစ်ဘူးလို့ပြောခဲ့ပေမယ့် ခုအချိန်မှာ သူတို့အိမ်ထောင်ရေးကတော့ အဆင်ပြေနေပါတယ် အမေ"

"ဒီလိုပဲဖြစ်ရမှာပေါ့ သားရယ် ..."

"ဒေါက်တာသစ်လွင်ဟိန်းအမေ ဒေါက်တာဒေါ်သက်သက်ခင်လည်း ရှိပါသေးတယ် အမေ၊ ဒေါက်တာမင်းဟိန်းကတော့ ဆုံးသွားပြီတဲ့"

"ဩော် ..."

"ဒေါ်ထားထားခင်ဆိုတာလည်း ဆုံးသွားပြီတဲ့ အမေ"

"ဒါပေါ့ကွယ် ... အမေတို့တောင် ဒီအရွယ်ရောက်ပြီကိုး၊ သူတို့အသက်တွေလည်း ကြီးကြပြီလေ"

"အံ့ဩစရာအကောင်းဆုံးတစ်ခုကိုပြောမယ် အမေ"

"ဘာများလဲ သား"

"ဦးနိုင်ဦးလေ ... ကိုနိုင်ကြီးဆိုတဲ့ ဦးနိုင်ဦး ..."

"ကိုနိုင်ကြီး ဘာဖြစ်သလဲ သား"

"ဦးနိုင်ဦးက အဲဒီအိမ်မှာ ခုအချိန်အထိ ရှိနေသေးတယ် အမေ"

"ဟင် ... ဟုတ်လား"

"သားလည်း အိမ်အလုပ်သမားတစ်ယောက်ဟာ နှစ်ရှည်လများ အိမ်တစ်အိမ်ထဲမှာ မြဲနေမယ်မထင်လို့ ဦးနိုင်ဦးနဲ့တွေ့ရမယ်လို့ မျှော်လင့်မထားခဲ့ဘူးပေါ့ အမေရယ် ..."

"ဒါပေါ့ ... သူရော အိမ်ထောင်တွေဘာတွေ ကျရောပေါ့"

"မကျပါဘူး အမေ သေတဲ့အထိ လူပျိုကြီးပါပဲ"

"သေတဲ့အထိ ဟုတ်လား"

"ဟုတ်ပါတယ် အမေ၊ သားရောက်သွားတဲ့အချိန်မှာ ဦးနိုင်ဦးဟာ အိပ်ရာထဲလဲနေပါပြီ၊ ရောဂါကျွမ်းနေပါပြီ၊ သား အဲဒီအိမ်ရောက်သွားရတာကြောင့် ဦးနိုင်ဦး ကားမမောင်းနိုင်တော့လို့ပါ အမေ၊ သားနဲ့ဦးနိုင်ဦး တစ်ပတ်ကျော်ကျော်လောက် အတူနေလိုက်ရတယ် အမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ‥ ဘုရား ‥ မင်းအတွေ့အကြုံတွေက အိပ်မက်ဆန်လှ ချည်လား သားရယ်"

"တကယ့်အိပ်မက် အတိုင်းပါပဲ၊ သားလေ ‥‥ ဦးနိုင်ဦးကို ပြုစုပေးခဲ့ ပါတယ်၊ သေတဲ့အချိန်အထိ သားလက်ပေါ်မှာပဲ သေသွားခဲ့တာပါ အမေ"

"သား ‥ ကိုကိုလေးတို့ ကိုနိုင်ကြီးတို့ကို မင်း ဘာစကားတွေ ပြောခဲ့သေးလဲဟင်"

"နှစ်ယောက်စလုံးကို ဘာစကားမျှ မပြောခဲ့ပါဘူး အမေ၊ သူတို့ နှစ်ယောက်လုံးကို တွေ့ခွင့်ရတာနဲ့ သားကျေနပ်သွားလို့ ဘာစကားမျှ မပြောခဲ့ ပါဘူး အမေရယ်"

"အေး ‥‥ တကယ်တော့ ဘာများရော ပြောစရာရှိမှာလဲ ငါ့သားရယ် ‥‥ အမေ့အဖြစ်ကမှ မရှင်းလင်းခဲ့တာကို၊ ပြီးတော့ အမေ့ကို လည်း သူတို့ အမှတ်ရတော့မယ် မထင်ဘူး"

သွေးအမျိုးအစားနဲ့ အဖြေရှာဖို့ကြိုးစားခဲ့ရာတွင် နှစ်ယောက်စလုံး အသွေးချင်းတူနေ၍ ခွဲခြားမရခဲ့ပုံကိုတော့ အမေ့ကို ပြောပြမနေတော့ပါ။

"ရန်ကုန်သွားတုန်းက သားအဖေဆိုတဲ့ ဒေါက်တာသစ်လွင်ဟိန်း ကိုမြင်ရအောင် သွားခဲ့တာပါ အမေ၊ ဟိုရောက်တော့ မမျှော်လင့်ပဲ ဦးနိုင်ဦးကို တွေ့ရတယ်၊ ဦးနိုင်ဦးကို ပြုစုခွင့်ရခဲ့လို့ သားကျေနပ်ပါတယ်၊ ဒေါက်တာ သစ်လွင်ဟိန်းကိုလည်း လူတကာလေးစားတဲ့ ဆရာဝန်ကြီးတစ်ယောက်အဖြစ် မြင်ခဲ့ရလို့ သားဝမ်းသာရပါတယ် အမေ"

"မင်းစိတ်ထဲမှာ ရှင်းသွားပြီလား ငါ့သား"

"ဟုတ်ကဲ့ အမေ ကျွန်တော်အဖေအစစ် ဘယ်သူဆိုတာ မခွဲခြား နိုင်ခဲ့ပေမယ့် အဖေနှစ်ယောက်လုံးကို မြင်ခဲ့တွေ့ခဲ့အတူနေခဲ့ရလို့ သား ကျေနပ်ပါပြီ၊ သားရင်ထဲမှာလည်း ရှင်းသွားပါပြီ အမေ၊ အဲဒါကြောင့် အလုပ်က ထွက်ခွင့်တောင်းပြီး အမေ့ဆီကို ပြန်လာတာပါ၊ သားလေ အ



www.burmeseclassic.com

www.burmeseclassic.com



အနားက ဘယ်တော့မှ ခွာမသွားတော့ပါဘူး၊ အမေနဲ့ပဲ အတူနေပါတော့မယ် အမေ"

အာကာဟိန်းက ဒေါ်ခြူးပွင့်ရင်ခွင်ထဲ ခေါင်းတိုးဝှေ့ရင်း ပြောလိုက်လေသည်။

"ဝမ်းသာလိုက်တာ သားလေးရယ်"

ဒေါ်ခြူးပွင့်က အာကာဟိန်းကို ပြန်ဖက်ထားကာ မျက်ရည်များလည်လာလေသည်။

"အာကာ . . ."

အိမ်ပေါက်ဝမှအသံကြောင့် သားအမိနှစ်ယောက်လုံး လှည့်ကြည့်လိုက်ကြသည်။

အပေါက်ဝတွင်ရပ်နေသော မကြာဖြူ။

"ဟင် . . . ကြာဖြူ နင်ရွာပြန်ရောက်နေတာလား"

"ဟုတ်တယ် ပညာရေးမှူးရုံးမှာ အစည်းအဝေးရှိလို့လာတာ၊ မနက်ဖြန်ပြန်မှာ၊ ရွာထိပ်မှာပန်းရောင်းတဲ့ဒေါ်တလုပ်မက နင့်ကို မနက်ဝေလီဝေလင်းကြီးမှာ တွေ့လိုက်တယ်ပြောလို့ လာကြည့်တာ၊ နင် တကယ်ပြန်ရောက်နေတာကိုး"

"ဟုတ်တယ် သမီးရေ၊ သမီးသူငယ်ချင်းက ရန်ကုန်ကနေ အပြီးပြန်လာတာ၊ အမေနဲ့ပဲ အတူနေတော့မယ်တဲ့လေ"

"ဟုတ်လား အာကာ၊ ကောင်းတာပေါ့ဟယ်"

"ကဲ ကဲ သူငယ်ချင်းနှစ်ယောက်စကားပြောကြဦး၊ ဒေါ်လေး ဘုရားဝတ်ပြုလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဒေါ်လေး"

အာကာဟိန်းက ကြာဖြူရှိသည့်အိမ်ရှေ့ဖက်ကို ဆင်းသွားသည်။

ဒေါ်ခြူးပွင့်က ဘုရားစင်ဖက်သို့ မျက်နှာမူလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်နှစ်ယောက်ပြောတဲ့စကားများကိုကြားနေရ၍ ဒေါ်ခြူးပွင့်က ဘုရားမရှိခိုးသေးပဲ နားစွင့်နေမိသည်။

"နင်ပြန်လာပြီဆိုတော့ ဘာဆက်လုပ်မလဲအာကာ၊ ကားပြန်မောင်းမှာလား"

"ငါ ကားမမောင်းချင်တော့ပါဘူး ကြာဖြူ၊ နင်တို့ရွာမှာ ကျောင်းဆရာဝင်လုပ်ရင် ရတယ်ဆို၊ ငါ ဆွဲခန့်ဆရာအနေနဲ့ပဲ နင်ရှိတဲ့ရွာကို လိုက်ခဲ့မယ်လေ"

"ကောင်းတာပေါ့၊ တို့ကျောင်းမှာ ဆရာလိုနေတာနဲ့ အတော်ပဲ၊ ဒါပေမဲ့ နင်လိုက်လာရင် ဒေါ်လေးမခြူးပွင့် တစ်ယောက်တည်းကျန်နေဦးမှာပေါ့ဟယ်"

"အမေ့ကိုပါ တစ်ခါတည်း ခေါ်ခဲ့မှာပေါ့ ခြူးပွင့်ရဲ့"

"ဒေါ်လေးမခြူးပွင့်ကိုပါ တစ်ခါတည်း ခေါ်လာမယ်၊ ဟုတ်လား၊ အင်း ... နင်တစ်ယောက်တည်းဆိုရင်တော့ နေဖို့ထိုင်ဖို့ မခက်ပါဘူး၊ ကျောင်းမှာပဲ နေလို့ရတယ်လေ၊ ကျောင်းမှာနေတဲ့ တခြားဆရာတွေလည်း ရှိတာပဲ၊ ဒေါ်လေးမခြူးပွင့် လိုက်လာမယ်ဆိုရင်တော့ နေစရာရှာရလိမ့်မယ်"

"နင်ကလည်းဟာ ဘာ ထူးထူးထွေထွေ နေစရာရှာနေရမှာလဲ၊ ရွာရောက်ရင် နင်နဲ့ငါနဲ့မင်္ဂလာဆောင်မယ်၊ အိမ်တစ်အိမ်ငှားပြီး နင်ရယ် ငါရယ် .. အမေရယ် .. နေကြမှာပေါ့"

အာကာဟိန်းစကားကြောင့် ဘုရားဝတ်ပြုရန်ဟန်ပြင်နေသော ဒေါ်ခြူးပွင့် မျက်လုံးပြူးသွားလေသည်။

"ဘာ ... မင်္ဂလာဆောင်မယ်၊ ဟုတ်လား ... မင်္ဂလာဆောင်ရအောင် နင်နဲ့ငါနဲ့ ဘာဖြစ်သေးလို့လဲ၊ နင် ငါ့ကိုဘယ်တုန်းက ရည်းစားစကားပြောဖူးလို့လဲ"

အလို သားလေးက ကြာဖြူကို ရည်းစားစကားတောင် မပြောရသေးဘူးဆိုပါလား။ တော်တော်ဟုတ်တဲ့ ငါ့သားပဲ။ ရည်းစားစကားမပြောပဲ မင်္ဂလာဆောင်ဖို့ ကျော်ပြောနေသေးတယ်၊ ဘယ်လို ကလေးပါလိမ့်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"အခုပြောလိုက်ပြီလို့ပဲ မှတ်လိုက်ပေါ့ဟာ၊ နင်နဲ့ငါနဲ့က အထွေအထူးပြောစရာမှ မလိုပဲ"

"အောင်မယ် ... ကြည့်စမ်း လူကိုများ အပေါ်စားမှတ်လို့"

"အား ..."

ကြာဖြူက တစ်ခုခုလုပ်လိုက်ဟန်တူသည်။ အာကာဟိန်းဆီက "အား"ခနဲ အော်သံကြားလိုက်ရ၏။

"တကယ်ပါဟာ.. အရင်တုန်းက ငါ့စိတ်ထဲမှာ ငါ့အဖေကို မြင်ဖူးချင်တဲ့စိတ်က လွှမ်းနေလို့ အဖေကိစ္စအတွက်ပဲ အားခဲနေမိတာပါ၊ နင့်ကိုချစ်နေတာ ဟိုးငယ်ငယ်လေးကတည်းကပါ"

"သွား ... ပိုပြီ"

"ခုတော့ ... ငါ့အဖေနဲ့ပတ်သက်လို့ ငါ့စိတ်တွေ ရှင်းသွားပြီ၊ အဖေ့ကို မြင်ဖူးခဲ့လို့ ကျေနပ်သွားပါပြီ ကြာဖြူရယ် ..."

"တကယ်လား"

"တကယ်ပါ ကြာဖြူရယ် ငါ နင့်ကိုချစ်တယ်ဆိုတာ ယုံပါနော်"

"အို ... ဖယ်စမ်းပါ၊ စကားကို ရိုးရိုးပြောပါ၊ ဟိုမှာ ဒေါ်လေး ကြည့်နေတယ်"

မကြာဖြူက ဒေါ်ခြူးပွင့်ကို လက်ညှိုးထိုးပြရင်း ပြောလိုက်ရာ ဒေါ်ခြူးပွင့်က ဘုရားစင်ဖက်မျက်နှာပြန်ပြုကာ အမြန်လက်အုပ်ချီလိုက်ရလေသည်။

ဒါတောင် အာကာဟိန်းဆက်ပြောလိုက်သောစကားကို ကြားဖြစ်အောင် ကြားလိုက်ရသေး၏။

"အမေ မမြင်ပါဘူး၊ အမေက ဘုရားရှိခိုးနေပါပြီ"..တဲ့။

ဆောင်းလရောင်

www.burmeseclassic.com